
www.burmeseclassic.com



# ပျိုး

# အလိုက်တော်တန်သင့်ရုံပခုံးပွင့်ကိုကုံး

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ပျူစာပေ)
အမှတ်- ၅၂၀(က)၊ အင်း၀ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ တော/မ်နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
**မျက်နှာဖုံးပန်းချီ**
**သိန်းရွှေကြည်**
**အတွင်းဖလပ်**
ကိုကြီးပေါက် - 09 420243327
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ
တန်ဖိုး - ၁၀၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ပျူစာပေ
၀၉ ၅၀၃၀၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊
၀၁ ၈၅၀၀၆၉၆

၈၉၅.၈၃
ပျူ
အလိုက်တော်တန်သင့်ရုံပ ခံပွင့်ကိုကိုး
ပျူစာပေ ၊ ၂၀၁၄။
၂၄၈ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) အလိုက်တော်တန်သင့်ရုံပ ခံပွင့်ကိုကိုး

## အခန်း (၁)

ဘောစင်မှာလက်ဆေးနေသော ကျွန်မ၏အစိမ်းရောင်ဝတ်စုံ နောက်ကျောဘက်မှ ကြိုးများအား အကူသူနာပြုဆရာမလေးက ခပ်သွက်သွက်လေး ဖြည်ချပေးလိုက်သည်။ အဝတ်လဲခန်းထဲရောက်တော့ အားလုံးက ယခုပြီးစီးခဲ့သည့် ခွဲစိတ်မှုအကြောင်း စမြုံ့ပြန်ပြောနေကြ၏။

လူငယ်ကောင်လေးတစ်ဦး ရှုန်ထက်သောအရာတစ်ခုနှင့် အထိုးခံရကာ အရေးပေါ်အနေအထားဖြင့် ကျွန်မတို့ဆီရောက်လာခြင်းဖြစ်သည်။ ဒါဟာ ကျွန်မတို့ မကြာခဏ ကြုံတွေ့နေရသော ရဲမှုခင်းဖြစ်ရပ်မျိုးတွေပါပဲ။ ကံကောင်းတာက ယခုလူငယ်လေးသည် အစာအိမ်ကိုကပ်ကာ ထိသွားခြင်းမို့ ရုပ်ထိသွားသည့် အစာအိမ်နံရံကို ပြန်ချုပ်ကာ သွေးကြောလေးတွေဆက်ပေးလိုက်ခြင်းဖြင့် အဆက်မပြတ် သွေးထွက်နေမှုကို တားဆီးနိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ကိုယ်ပိုင်အခန်းလေးထဲမှာထိုင်ပြီး ခွဲစိတ်မှုမှတ်တမ်းကို အသေးစိတ်ပြန်ရေးချလိုက်သည်။

"မမ ကျွန်တော် ညနေဂျူတီချိန် မဝင်နိုင်ဘူးဗျာ၊ ရန်ကုန်က ရောက်နေတဲ့ မေမေတို့ ပြန်တော့မှာနဲ့ဆိုတော့"

"ရတယ်လေ တို့လည်းရှိဦးမှာပါ၊ ခွဲထားတဲ့လူနာကိုလည်း မေ့ဆေးပြယ်တဲ့ထိ စောင့်ကြည့်ရဦးမှာနဲ့ဆိုတော့"

"မဟုတ်ဘူး မမ၊ ကျွန်တော့်ဂျူတီကို ဒေါက်တာကိုလွင်နဲ့ လဲပြီးခဲ့ပါပြီ၊ မမကိုက သတင်းလာပို့တာပါ"

"ဪ အေး အေး ဒီလိုဆိုလည်း ကောင်းပါပြီကွယ်"

BURMESE CLASSIC

ဒေါက်တာဇော်ထိုက်က ကျွန်မကို ခေါင်းညိတ်နှုတ်ဆက်လျက် ထွက်သွားသည်။ ဒီဆရာဝန်လေးက ကျွန်မအတွက် အားထားရသောသူ ဖြစ်သည်။ အသက်ကလည်း သုံးဆယ်ပြည့်ခါနီးလေး၊ ရုပ်ရည်ကလည်း ယောကျ်ားပီပီသသ မျက်နှာလေးထောင့်စပ်စပ်မို့ ကြည့်ကောင်းသည့် အမျိုးအစားထဲတွင် ပါသည်။ အိမ်ထောင်မကျသေးသည့် ထိုဆရာဝန် လူပျိုလေး၏ညနေပိုင်း ပြင်ပလူနာဌာနမှာ တာဝန်ကျသည့်နေ့များဆိုရင်ဖြင့် လူနာတွေ တိုးမပေါက်လို့ ကျန်သူများပါ ဝင်ကူကြည့်ပေးရတတ်သည်။

အဓိကကတော့ အပျိုလေးတွေ အပျိုကြီး အပျိုလတ်တွေ ခေါင်းကိုက်ဗိုက်နာလို့ဆိုပြီး မမြင်တွေ့နိုင်သည့်ရောဂါမျိုးစုံဖြင့် လာရောက်ပြသကြသည်။ ဒီမြို့မှာ တာဝန်ကျသည့်ခြောက်လအတွင်း လူနာအရေအတွက်အများဆုံးရှာနိုင်သည့် ဆရာဝန်လေးလည်း ဖြစ်သည်။





"မမရေ လူနာ မေ့ဆေးပြယ်နေပါပြီ"

"သွေးတိုင်းပြီးပြီလား"

အခန်းဝမှာပေါ်လာပြီး သတင်းလာပို့သော ဆရာမလေး ထွေးယဉ်ကို ကျွန်မ အပြုံးလေးဖြင့် ပြန်မေးရင်း လူကိုယ်တိုင်လည်း ထလိုက်လာခဲ့ရသည်။ ဒီနေ့လည်း ကျွန်မ ဂျူတီမရှိပေမယ့် အပြန်နောက်ကျဦးမှာပါပဲ။ ဆေးခန်းချိန်အမီတော့ ရောက်မှာပါလေ။

ကျွန်မ အိမ်ပြန်ရောက်တာနှင့် ခဏတဖြုတ် အနားယူပြီး ဆေးခန်းထိုင်ရန် ပြင်ရသည်။ ဝန်ထမ်းအိမ်ရာမှာမနေဘဲ ကိုယ့်ဘာသာ အပြင်အိမ်ငှါးသက်သက် ငှားရမ်းနေခြင်းကြောင့် လွတ်လပ်စွာ ကျယ်ကျယ်ဝန်းဝန်း နေခွင့်ရ၏။ မောင့်စိတ်ကြိုက်ငှားထားသော နှစ်ထပ်အိမ်လေးက ကျွန်မတို့မိသားစုသုံးယောက်အတွက် ပျော်ရွှင်ငြိမ်းချမ်းစွာဖြင့် လုံခြုံနွေးထွေးစေသည်။

မောင်သည် ယောကျ်ားသားတစ်ယောက်ဖြစ်သော်လည်း မအားသပ်သည့်ကျွန်မကိုယ်စား သမီးကို အကောင်းဆုံးအဖော်မွန် ပေးနိုင်ခဲ့သည်။ နိုင်ငံခြားမှာ ဘွဲ့လွန်သွားတက်နေတုန်းအချိန်တွေမှာရော ဆေးရုံနှင့်ဆေးခန်း ပြေးလွှားနေရသည့်အချိန်များမှာပါ မောင်ဟာ ကျွန်မအတွက်လည်း မရှိမဖြစ်သည့် အဖော်မွန်ကောင်းတစ်ယောက်ပါပဲ။

မောင်က သမီးလေး တစ်နှစ်ကျော်အရွယ်တွင် ရန်ကုန်နှင့်နွေလေးမြို့များ၌ Cafe & Bakery ဆိုင်လေးများဖွင့်ကာ စီးပွားရေးလုပ်ခဲ့သည်။ ထိုတုန်းက ကျွန်မက ဖောင်ကြီးသင်တန်းဆင်းကာစ ဆေးရုံ



www.burmeseclassic.com

www.burmeseclassic.com



မှာ အလုပ်ဝင်ဖို့အတွက် စောင့်နေဆဲအချိန်ပေါ့။

ထိုတစ်လလောက်အချိန်လေးပဲ သမီးနှင့်ကျွန်မ ရင်အုပ်မကွာ ရှိနေနိုင်ခဲ့ကာ နောက်ပိုင်း မောင့်စီးပွားရေးလေး အထိုင်ကျလာပြီး ကျွန်မလည်း ဆေးရုံမှာ အလုပ်စဝင်ခဲ့ရပြန်တော့ သမီးဟာ မောင်ရယ် နှစ်ဖက်အဘိုးအဘွားတွေရယ်နှင့်သာ များသောအားဖြင့် အချိန်ကုန်ဆုံး ခဲ့ရသည်။

နိုင်ငံခြားမှာ အချိန်အတိုင်းအတာတစ်ခုထိ သွားရောက်နေထိုင် ရင်း အရယူလာခဲ့ရသော ဘွဲ့ဒီဂရီတွေကြောင့်လည်း သမီးဟာ ကျွန်မ ထက်စာရင် အနေပိုနီးကပ်သော မောင့်ကိုသာ ပိုမိုတွယ်တာတာ ဖြစ်မှာ ပါ။ ခုဆို သမီးအသက်က ရှစ်နှစ်ကျော် ဒုတိယတန်းသို့ပင် ရောက်နေပြီ။ မောင်နှံများ တပူးတွဲတွဲရှိနေမိရင် သားအဖနှစ်ယောက်လုံး ထမင်းမေ့ ဟင်းမေ့ ဆော့ကစားသောင်းကျန်းတုန်း။ တစ်ခါတစ်ရံ သူတို့နှစ်ယောက် တည်းသာ ရှိနေသလိုလိုနှင့် ကျွန်မပင် မောင့်ကိုမနာလိုဖြစ်လာမိသည်ထိ။

"ထွေး ရောက်ပြီနော် မမလေပြည်"

ကျွန်မနှင့်အတူ ဆေးခန်းအကူလုပ်ပေးသော ဆေးရုံမှ သူနာ ပြုဆရာမလေး ထွေးထွေးငယ်က ညှော်ခန်းဝမှာပေါ်လာပြီး သတင်းပို့၏။ အတွေးထဲမျောနေသော ကျွန်မလည်း အဆင်သင့်ပင် ထလာခဲ့လိုက် သည်။ ကျွန်မ ဆေးခန်းလေးက အိမ်ရှေ့ခြံဝင်းထဲမှာပင် အခန်းဖွဲ့လျက် ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ပိတ်ချိန်နောက်ကျမှာတို့ သွားရေး လာရေးတို့အတွက် စိတ်မပူရပါ။





ဝန်ထမ်းအိမ်ရာထိ ပြန်ရသော ထွေးငယ်ကလည်း ဒီမြို့ခံမို့ ဆိုင်ကယ်ကိုလည်း ကျွမ်းကျင်စွာ စီးနင်းတတ်သည့်အတွက် သိပ်တော့ မပူရပါ။ ကျွန်မက လူနာများကို လူတန်းစားမရွေး တစ်စိတ်တစ်သဘော ထဲဖြင့် ကုသပေးသောကြောင့် ဒေါက်တာလေပြည်သွေးဆိုရင် ဒီမြို့လေး မှာ မသိသူမရှိ။

အောက်ခြေလူတန်းစားများအတွက် ဈေးနှုန်းကိုတစ်စားသတ် မှတ်ပေးထားကာ အခမဲ့ကုသပေးသည်များလည်း ရှိပေမယ့် အထက် တန်းလွှာများကိုတော့ သူတို့နှင့်တန်ရာတန်ကြေးကိုပဲ ကျွန်မ တောင်း သည်။ လူနာတွေကို အဆင့်အတန်းခွဲခြားတာဆိုလို့ ထိုတစ်နေရာသာ ရှိပါသည်။

ကုသိုလ်လည်းရရမယ် ဝမ်းလည်းဝရမယ့်အလုပ် မဟုတ်လား။

ညဆေးခန်းသိမ်းတော့ ကိုးနာရီပင်ခွဲတော့မည်။ နယ်မြို့လေး များရဲ့ထုံးစံအတိုင်း ညကိုးနာရီလောက်ဆိုတာနှင့် လမ်းမပေါ်မှာ လူခြေ တိတ်ဆိတ်လျက် တချို့ဆိုင်ခန်းလေးများသာ မီးရောင်ရှိတော့သည်။

"ထွေးငယ်လည်း တစ်ယောက်တည်း ပြန်ပြန်နေတာ တကယ် ဆို မမ စိတ်မချဘူး"

မြို့လယ်မှာရှိသော ကျွန်မအိမ်နှင့် ဆေးရုံနားမှာပဲရှိသော ဝန်ထမ်းအိမ်ရာသို့ ငါးမိနစ်စွန်းစွန်းလောက်လေး ဆိုင်ကယ်မောင်းသွား လိုက်ရုံနှင့် ရောက်တတ်ပေမယ့် လမ်းတစ်လျှောက်မှာ မိန်းမလေး တစ်ယောက်တည်းဆိုတော့ ကျွန်မ စိတ်ပူမိတာတော့ အမှန်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမြို့လေးကလူတွေ ဘယ်လောက်ပဲ တစ်ယောက်ကိုတစ်ယောက် မျက်မှန်းတန်းမိနေကြပြီး ခင်မင်နေကြပါစေဦး၊ စိတ်ဖောက်ပြန်ကာ ရာဇဝတ်မှုပြုချင်သည့်သူတွေလည်း နည်းမှာမှမဟုတ်တာလေ။

"ထွေးက ဘာမှမဖြစ်ပါဘူး မမလေပြည့်ရယ်၊ လမ်းက နည်းနည်းလှူပြတ်ပေမယ့် ထွေး သွားရဲပါတယ်၊ ဟိုးငယ်ငယ်တည်းက သွားလာနေတဲ့လမ်းတွေပဲလေ"

ကျွန်မကသာ စိတ်ပူနေတာ ထွေးငယ်ကတော့ ဆေးအေးစွာပင် ပြောဆိုလျက် သူမဆိုင်ကယ်လေး ရပ်ထားရာဆီ ကျွန်မနှင့်အတူ ယှဉ်တွဲလျှောက်လာသည်။ အသက်နှစ်ဆယ်စွန်းစွန်းလောက်လေးပဲ ရှိဦးမည့် အသားညိုချောလေးမို့ ချစ်ခင်နှစ်သက်သူတွေလည်း ရှိမှာပါပဲ။

"ဒါနဲ့ ထွေးငယ်မှာ ရည်းစားတွေဘာတွေ မရှိဘူးလား"

ကျွန်မ မေးခွန်းကြောင့် ထွေးငယ် မျက်လုံးလေးများ ဝိုင်းစက်လျက် နောက်တော့ ညီညာသော သွားတန်းလေးများပေါ်အောင် ရယ်မောလိုက်ရင်း

"ဘာဖြစ်လို့ အဲဒီလိုကြီး မေးတာလဲဟင်"

"ထွေးငယ်တစ်ယောက်တည်း ပြန်ပြန်နေတာထက်စာရင် အဖော်လေးနဲ့ဆိုတော့ မမ ပိုပြီးစိတ်သက်သာရာရမလားလို့ပါကွယ်"

"ဒါဆိုရင် မမရေ ရှေ့လျှောက်ဆက်ပြီး ရင်မောဖို့သာ ပြင်ထားတော့၊ ထွေးငယ်က ခုထိတစ်ကိုယ်တည်းသမားမို့လေ"

ရယ်မောစနောက်လျက် ဆိုင်ကယ်ပေါ်တက် ထွက်ခွာသွားသော





ထွေးငယ်ကိုကြည့်ရင်း ကျွန်မ သက်ပြင်းချမိသည်။ ထွေးငယ်က တစ်ယောက်တည်း စိတ်လွတ်လက်လွတ် ပျော်ပါးစွာ နေနိုင်သလောက် ကျွန်မကတော့ ထိုအရွယ်တုန်းက သမီးလေးကို မွေးဖွားပြီးခဲ့ပြီ။

သမီးသည် ကျွန်မထံသို့ မထင်မှတ်စွာ မမျှော်လင့်စွာ (ပွင့်ပွင့်လင်းလင်း ဝန်ခံရပါလျှင် ကျွန်မ မလိုချင်စွာ) ရောက်ရှိလာခဲ့သော ရတနာလေးတစ်ပါးဖြစ်၏။ ကျွန်မ၏ဆေးကျောင်းသူဘဝ နောက်ဆုံးအချိန်တွင် သမီးကို ကျွန်မ ကိုယ်ဝန်ဆောင်ခဲ့ရခြင်းဖြစ်သည်။

ဘာတွေပဲဖြစ်ခဲ့ ဖြစ်ခဲ့ပါလေ ခုချိန်မှာတော့ မောင်ရယ် သမီးလေးရယ် ပါဝင်နေသည့် ကျွန်မရဲ့မိသားစုဘဝလေးကို ကျွန်မ အလွန်တန်ဖိုးထားမြတ်နိုးနေမိပါပြီ။

■ ■ ■

"မောင်ရေ အဆင်ပြေရဲ့လား။ သမီးက မိန်းမကိုမမေးဘူးလားဟင်"

မောင်တို့သားအဖ ရန်ကုန်သို့ရောက်နေသည့်နေ့တိုင်း ဆေးရုံသွားခါနီးဆို ကျွန်မ သူတို့ဆီ ဖုန်းခေါ်ပြီးမှ သွားတတ်၏။ ဒီနေ့မနက်လည်း မောင့်ထံသို့ ကျွန်မ ဖုန်းခေါ်လိုက်ပြီး သတိတရဖြစ်နေမိသော သမီးကို အရင်ဆုံးမေးမိသည်။

"မင်းကလေ သမီးကိုပဲ မေးနေတယ်၊ ငါ့ကိုကျတော့ရော"

"မောင့်ကိုအဆင်ပြေလားလို့ မေးသွားပဲလေ"

"ဩော် အေး ကျေးဇူးတင်တယ်နော်၊ မင်း သမီးက မင်းကို



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



မမေးပါဘူးဗျာ၊ သူက ဒီမှာ မာမီတို့နဲ့လျှောက်လည်ပြီး ပျော်နေတာ၊ ခြောက် မေ့လို့ သမီးက မင်းအကြောင်း ဟိုးတစ်ရက်တုန်းကတော့ ပြောရှာပါတယ်၊ သမီးတို့က ဒီမှာပျော်နေသလောက် မေကြီးကတော့ တစ်နေ့တစ်နေ့ အလုပ်တွေနဲ့ပဲ နပန်းလုံးနေရမှာနော်တဲ့''

မောင့်ဆီက ဒီစကားထွက်လာတာ သွေးရိုးသားရိုးတော့ မဟုတ်နိုင်ပါ။ ဒီစကားကို သမီးက ပြောတယ်ဆိုတာတောင် ဟုတ်ချင်မှ ဟုတ်ပါလိမ့်မည်။

''ဒါဆိုလည်း မောင်က ပြန်ပြောလိုက်ပေါ့၊ မေကြီး ရှာနေဖွေနေတာတွေအားလုံးက သမီးလေးအတွက်ပဲဆိုပြီးတော့လေ''

''ဟွန့် မပြောပေးနိုင်ပါဘူးဗျာ၊ သမီးလေးအတွက် တကယ်လိုအပ်တာက နွေးထွေးမှုနဲ့ဂရုစိုက်မှုပဲ''

''ဒီစကားကိုတော့ မောင် မပြောသင့်ပါဘူး၊ တကယ်ဆို မိန်းမလည်း သမီးနားမှာ မောင့်လိုမျိုး အချိန်ပြည့်နေပေးချင်တာပေါ့၊ ဒါပေမဲ့ ဆရာဝန်တစ်ယောက်ရဲ့ဘဝဆိုတာ ထင်သလောက်မလွယ်ဘူးလေ၊ ဒါတွေကို မောင် နားလည်မှာပါ''

မောင်က တစ်ခါတလေကျရင် စသလိုနောက်သလိုနှင့် ကျွန်မ၏အလုပ်ရှုပ်ထွေးမှုအပေါ် အမြင်စောင်းတတ်သည်။ မောင့်လိုမျိုး ကိုယ်ပိုင်စီးပွားရေးလေး လုပ်နေတာဆိုရင်တော့ ကျွန်မလည်း ဒီသမီးလေးနားမှာ နေပေးချင်တာပေါ့လေ။

ဒါပေမဲ့ ကျွန်မ ထမ်းရွက်နေရသည့်တာဝန်က လူသားတွေရဲ့





အသက်နဲ့ပတ်သက်နေတာဆိုတော့လည်း အချိန်မရွေး နေရာမရွေး သွားနိုင်လာနိုင်မှ တော်ကာကျတာ မဟုတ်လား။ ဒီနေ့တော့ဖြင့် ပင်ပန်းလို့ အနားယူချင်ပါတယ်ဆိုပြီးတော့ လူနာကိုပစ်ထားလိုက်လို့မရ။ အစိုးမရသော သေခြင်းတရားကို ပြန်လှန်အံတုပေးနေရသော လူသားတစ်ယောက်အဖြစ် ကြီးလေးသော တာဝန်တွေကို ပခုံးမှာထမ်းပိုးထားရတာလေ။

''ကဲပါ မင်းလည်း ဆေးရုံသွားရမှာ နောက်ကျနေပြီမဟုတ်လား သွားတော့ သွားတော့ မောင် ညနေကျမှ တစ်ခါထပ်ဆက်လိုက်မယ်နော်''

''ဟုတ်ပါပြီ မောင်ရယ်၊ သမီးကိုလည်း ဖုန်းဆက်နိုင်းပါဦး၊ အသိုးတွေအဘွားတွေကို မြင်တာနဲ့ ဒီက အမေကို မေ့မနေဖို့လေ''

ဖုန်းလေးကို အိတ်ထဲပြန်ထည့်လိုက်ပြီးသည်ထိ ကျွန်မ စိတ်တွေ မောပန်းနွမ်းလျနေခဲ့သည်။ ကျွန်မက သမီးအပေါ်ချစ်သည့် ချစ်ခြင်းမေတ္တာကို သမီးလေး မခံစားရဘူးဆိုရင် ဘယ်လောက်တောင် ဝမ်းနည်းစရာကောင်းလိုက်မလဲနော်။

ဒါပေမဲ့လည်းလေ တစ်ချိန်ချိန်ကျရင်တော့ ကျွန်မအပေါ် သမီးနားလည်သွားမှာပါ၊ လောကမှာ ကိုယ့်သားသမီးကိုမချစ်တဲ့ မိခင်ဆိုတာ မှမရှိတာပဲလေ။

■ ■ ■

ဒီနေ့ကတော့ ကျွန်မအတွက် ဘာမှမပင်ပန်းခဲ့ပါ။ အူအခတ် ရောင်သောလူနာတစ်ယောက်နှင့် လည်ပင်းမှ အကျိတ်ခွဲထုတ်သော လူနာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သာ ရှိသည်။ တကယ်ဆို ဒေါက်တာဇော်ထိုက်နဲ့တင် လွဲပေး ထိုက်ထိုက်တန်တန် အကူသူနာပြုဆရာမကြီး ခွင့်တစ်ရက်ယူထားသော ကြောင့် ကျွန်မ၏ တွဲဝင်လိုက်ရသည်။

"ကျေးဇူးပဲနော် မမလေပြည့်"

ခွဲခန်းမှ ထွက်သည်နှင့် ဒေါက်တာဇော်ထိုက်က ပျူငှာစွာပြော သည်။

"ဘာတွေကျေးဇူးတင်နေတာတုန်း"

"ကျွန်တော့်ကို ကူပေးလို့လေ"

"အဲဒီလိုပြောတာကတော့ တမင် တမင်ရွဲ့လိုက်တာနဲ့တူတယ် နော်၊ အသေးစားခွဲစိတ်မှုလေးတွေလောက်ကို အဲဒီလိုမျိုးပြောတာ ဒေါက်တာ ကိုယ့်ကိုကိုယ် နှိမ့်ချလွန်းရာရောက်နေပါပြီ"

"မလုပ်ပါနဲ့ မမလေပြည့်ရယ် မမနဲ့ယှဉ်လိုက်ရင် ကျွန်တော်တို့ က သင်ယူရမယ့်ပညာတွေ အများကြီးပဲ ကျန်နေသေးတာပါ"

"ဒါကတော့ တို့ကိုယ်တိုင်လည်း သင်ယူရဦးမှာတွေ အများကြီး ပါပဲ၊ ဆေးပညာက ဘယ်တော့မှ ကုန်စင်အောင် တတ်မြောက်သွားတယ် ဆိုတာ မရှိဘူးလေ"

ဒေါက်တာဇော်ထိုက်နှင့်ဒေါက်တာ ကိုကိုလွင်တို့နှစ်ယောက်က အရွယ်လေးတွေ ငယ်ပေမယ့် ကျွန်မအတွက်အားကိုးရသော လက် ထောက်လေးများဖြစ်သည်။ သူနာပြုဆရာမများကလွဲရင် ကျွန်မတို့ဆေးရုံ မှာ ဆရာဝန်မက ကျွန်မတစ်ယောက်တည်းသာ။ ကျန်တာက ယောကျ်ား





လေး ဆရာဝန်တွေချည်း။ အဲဒီထဲမှာမှ ဒီနှစ်ယောက်ကတော့ စေ့စပ် သေချာသူများဖြစ်သည်။

လူနာမှတ်တမ်းချတ်ဒ်ရေးတာအစ စေ့စေ့ပေါက်ပေါက်နှင့် တစ်လုံးချင်းရှင်းပြကာ ကျောင်းမှာဆရာသင်သလိုမျိုး ရေးတတ်သည်။ ဒါကြောင့် သူတို့မှတ်တမ်း ဖတ်လိုက်တာနဲ့တင် ကိုယ်ကိုယ်တိုင် သီရေတာ ထဲဝင်ကြည့်နေရသလို တစ်ခုမကျန် သိနိုင်၏။

ဒီလောက်ဆိုရင်ပင် ကျွန်မ လှည့်ကြည့်စရာမလိုအောင် သူတို့ နှင့်လက်လွှဲထားခဲ့လို့ရပြီ ဖြစ်သည်။ တကယ်တော့ ကျွန်မကလည်း ကိုယ့်အတွေးနှင့်ကိုယ်ပါ။ ဒီရက်ပိုင်းမှာ ခွဲစိတ်ဖို့ချိန်းဆိုထားတာလေးတွေ လည်း မရှိဘူးဆိုတော့ နှစ်ရက်သုံးရက်လောက်ဖြစ်စေ မောင်နဲ့သမီးလေး ဆီ လိုက်သွားချင်သည်။ ဖေဖေနဲ့မေမေကိုလည်း မတွေ့ရတာ အတော် ကြာခဲ့ပြီ။

အရင်က ကျွန်မကိုသည်းသည်းလှုပ်လိုက်ကြည့်လျက် သူမ လိုချင်သည့်ဘောင်ထဲသို့ သွတ်သွင်းရန် အမြဲကြိုးစားနေတတ်သော မေမေ ပင်လျှင် သူ့မြေးမနှင့်ပျော်ရွှင်ရယ်မောကာ ကျွန်မကို မေ့ချင်ချင်ဖြစ်နေ ပြီနဲ့တူပါရဲ့။

"ပန်းလေးတို့ ပြန်မလာကြသေးဘူးနော် မမ၊ ရန်ကုန်မှာ အဘိုးတွေအဘွားတွေနဲ့ ပျော်ပျော်ပျော်နေတယ်နဲ့ တူတယ်"

စေ့ထားသော တံခါးကိုတွန်းဖွင့်ပြီး အခန်းထဲသို့ ဝင်လာရင်း ထွေးငယ်က ရယ်ရယ်မောမောနှင့် ပြော၏။

www.burmeseclassic.com



"ဟုတ်မှာပေါ့ ထွေးငယ်ရယ်၊ သူတို့သားအဖ ကိုယ့်ဆီပြန်လာဖို့တောင် မေ့နေကြပြီနဲ့တူတယ်၊ အဲဒါကြောင့် မေ့နေတဲ့နှစ်ယောက်ကို ကိုယ်ကိုယ်တိုင် ပြန်သွားခေါ်ရင် ကောင်းမလားလို့ စဉ်းစားနေတာလေ"

"ဟင် မမလေပြည် ခွင့်ယူမလို့လား"

တာဝန်ကျနေသည့် နှစ်နှစ်ကျော်အချိန်အတွင်း ဘယ်ခရီးမှလည်းမသွား ဘယ်တုန်းကမှလည်း ခွင့်မယူခဲ့ဖူးသည့် ကျွန်မပါးစပ်က ဒီစကားမျိုးထွက်လာတာဆိုတော့လည်း ထွေးငယ် အံ့သြစွာပြန်မေးမိတာ ဆန်းတော့ မဆန်းပါဘူး။

"စဉ်းစားနေတာပါကွယ်၊ သူတို့သားအဖကလည်း နောက်တစ်ပတ်လောက် နေဦးမှာဆိုတော့ မမ ဒီမှာခွင့်ယူပြီး လိုက်သွားရင် မတွေ့တာ ကြာတဲ့ မိသားစုစုံစုံလင်လင်လေးကို ပြန်မြင်နိုင်မလားလို့ပါ"

"ကောင်းတယ် မမလေပြည်၊ ဒီမှာလည်း ဒေါက်တာဇော်ထိုက်တို့ ဒေါက်တာကိုလွင်တို့က တော်တော်လေး အဆင်ပြေနေပြီပဲနော်"

"မမလည်း အဲဒါကြောင့်ပဲ ခွင့်ယူဖို့ စဉ်းစားတာပါ၊ ကိုယ်လက်လွှဲခဲ့မယ်ဆိုလည်း အလွန်ဆုံး သုံးလေးရက်ပေါ့"

"သွားပေါ့ မမရယ်၊ တစ်ခါတလေမှ စုံကြရတဲ့ မိသားစုတွေ မဟုတ်လား"

ထွေးငယ်က ရန်ကုန်မှ ဖေဖေနှင့်မေမေ့ကိုပါ ရည်ရွယ်ပြောလိုက်ဟန်ပါပဲ။

သို့နှင့်ပင် ညနေဆေးရုံဆင်းခါနီး၌ အပေါ်ထပ်မှာရှိသော





ဆေးရုံအုပ်ကြီးရုံးခန်းသို့ ကျွန်မတက်လာခဲ့လိုက်သည်။

ဒီဆေးရုံမှာ တာဝန်ကျနေတာ ငါးနှစ်ကျော်ပြီဖြစ်သော ဒေါက်တာစိုးနိုင်က အသက်ငါးဆယ်စွန်းစွန်းတော့ ရှိပြီ။ တည်ကြည်ခန့်ညားသောမျက်နှာပေါက်နှင့် သန့်ပြန့်ကာ စမတ်ကျသော ဝတ်စားဆင်ယင်မှုကြောင့် သူ့မျက်နှာကိုမြင်သည်နှင့် လူနာတွေအတွက် အားအင်ဖြစ်စေကာ ယုံကြည်မှုတွေ တိုးပွားလာအောင် စွမ်းဆောင်နိုင်သည်။

"ဆရာ"

ကွန်ပျူတာဖန်သားပြင်ပေါ်ကို ငေးကြည့်လျက် လူနာ၏ကိုယ်ရေးအကျဉ်းကို ဖတ်နေသော ဆေးရုံအုပ်ကြီးက ကျွန်မကို လှည့်ကြည့်သည်။

"အလုပ်ရှုပ်နေတာလား ဆရာ"

"ထိုင်ပါ ဒေါ်လေပြည်သွေး အလုပ်ရှုပ်တယ်တော့ မဟုတ်ပါဘူးဗျာ၊ ခွဲစိတ်မှတ်တမ်းအဟောင်းဖိုင်တွေ ပြန်ကြည့်နေတာပါ၊ ကိစ္စရှိလို့လား"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်မ ခွင့်သုံးလေးရက်လောက် လိုချင်လို့ပါ"

စားပွဲရဲ့ဒီဘက်မှ မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ဝင်ထိုင်လိုက်ရင်းလာရင်းကိစ္စကို ကျွန်မ ချက်ချင်းပြောလိုက်သည်။ ဒေါက်တာစိုးနိုင်မျက်နှာက အနည်းငယ် အံ့အားသင့်သွားပုံပါပဲ။

"ဘာကိစ္စအထွေအထူးတွေများ ဖြစ်လို့လဲ ဒေါက်တ



www.burmeseclassic.com

www.burmeseclassic.com



"ထွေထွေထူးထူးတော့ မဟုတ်ပါဘူး။ မိဘတွေရှိတဲ့ ရန်ကုန်ကို အိမ်ကအမျိုးသားနဲ့သမီးက အလည်သွားတယ်လေ၊ သူတို့ကိုလည်း ပြန်သွားခေါ်ရင်း ကျွန်မလည်း မေမေတို့နဲ့ မတွေ့ရတာကြာတော့ သွားမလားလို့ပါ"

"အင်း ခွဲစိတ်ရက်တွေကတော့ ဒီရက်ပိုင်းမှာ မရှိတော့ဘူးနော်၊ ဂျူတီကိုရော ဘယ်သူနဲ့လွှဲခဲ့မှာလဲ"

ဆေးရုံအုပ်ကြီးစကားကြောင့် ကျွန်မ ဝမ်းသာသွားသည်။ ဒီလိုမေးတယ်ဆိုတည်းက ကျွန်မကိုခွင့်ပေးဖို့ သေချာနေပြီမဟုတ်လား။

"ဒေါက်တာဇော်ထိုက်တို့နဲ့ လွှဲခဲ့ရင် စိတ်ချရပါတယ် ဆရာ"

"ကောင်းပြီလေ၊ ဒီလိုဆို ဒေါ်လေပြည်သွေး လိုချင်တဲ့ခွင့်ကို ကျွန်တော် ပေးလိုက်ပါ့မယ်၊ ငါးရက်လောက် အေးအေးဆေးဆေး နားလိုက်ပါ"

"ကျေးဇူးတင်ပါတယ် ဆရာ"

ဒီလိုခွင့်ရခြင်းအတွက် ကျွန်မ အတော်ဝမ်းသာသွားမိ၏။ သမီးလေးနဲ့မောင်တို့လည်း အကြောင်းမကြားဘာမကြား ကျွန်မ ရောက်သွားလျှင် အံ့အားသင့်သွားကြမှာ သေချာသည်။

အဲဒီနေ့ညနေက အိမ်သို့ပြန်သော ခြေလှမ်းတွေ အလွန်ပင်သွက်လက်မြန်ဆန်နေ၏။ အိမ်အပြန်လမ်းမှာ ရန်ကုန်သို့သွားသော ကားလက်မှတ်တစ်စောင် ဝင်ဖြတ်ခဲ့သေးသည်။ ဒီညထွက်မည့်ကားနှင့်။

ငါးရက်စာအတွက် လိုအပ်သောပစ္စည်းပစ္စယလေးတွေ ထည့်





သည်။ မေမေတို့နှင့် ယောက္ခမအိမ်အတွက် ဒေသထွက်မုန့်လေးတွေ ဝယ်ခြမ်းသည်။ အဝတ်အစားကတော့ တစ်စုံနှစ်စုံလောက်ဆို ရပြီ။ ရန်ကုန်အိမ်မှာလည်း ကျွန်မအဝတ်အစားတွေ ဗီရိုတစ်လုံးအပြည့်ရှိနေသေးတာလေ။

အဝေးပြေးကားက အိမ်ရှေ့ထိ လာခေါ်ပေးမှာမို့ အချိန်နောက်ကျမှာတော့ စိတ်ပူစရာမရှိခဲ့ပါ။ အေးချမ်းစွာပင် ခြံဝထွက်စောင့်နေရုံ။

ပြတင်းပေါက်ဘေးကပ်လျက်နေရာရသည်မို့ အပြင်ရှုခင်းတွေကို ငေးမောလို့ရပေမယ့် လမရှိသည့်ညမို့ မြင်ကွင်းတွေက ရိုးတိုးရိပ်တိတ်သာ။ ခွဲခွာနေခဲ့ရတာ ကြာပြီဖြစ်သော ရန်ကုန်မြေကို နောက်ထပ် နာရီအနည်းငယ်အတွင်းမှာပင် ပြန်ရောက်ရတော့မည်။

ကျွန်မ၏ငယ်ဘဝတစ်လျှောက်လုံး ဆယ်ကျော်သက်အမှတ်တရတွေအားလုံး ကိန်းအောင်းနေသော မြို့ကြီးကို ပြန်လာရတာ တော်တော်လည်း စိတ်လှုပ်ရှားနေမိ၏။ ဒီမြို့လေးမှာ တာဝန်မကျခင်ကလည်း ကိုရှမ်းပြည်တောင်ပိုင်းမှ ဆေးရုံတစ်ခုတွင် တာဝန်ကျနေခဲ့သောကြောင့် ရန်ကုန်သည် ကျွန်မနှင့်အလှမ်းတော်တော်ဝေးဝေးမှာသာ ရှိနေခဲ့သည်။

ခုတော့ တာဝန်ကြောင့်မဟုတ်ပါဘဲ စိတ်လက်ပေါ့ပါးစွာဖြင့် ရန်ကုန်ကို ပြန်လာခွင့်ရခဲ့ပြီ။ အမှတ်တရတွေနဲ့ အနီးစပ်ဆုံးကို ပြန်လာမှာမို့ ရင်ခုန်မိတာကသက်သက် မေ့ဖျောက်ထားချင်သော တချို့ အမှတ်တရများအတွက် နာကျင်ရတာက သက်သက်။

ရန်ကုန်ကားဝင်းကိုရောက်တော့ မနက်ခြောက်နာရီခွဲနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကနေ ကားငှားပြီးသွားလျှင် ကျွန်မတို့ရပ်ကွက်ကို တစ်နာရီနီးပါးလောက်တော့ မောင်းရမည်။ ဒါဆို ခုနစ်နာရီခွဲလောက် ကျွန်မ အိမ်ပြန်ရောက်သွားနိုင်ပါသည်။ မေမေတို့ မနက်စာစားကြသော အချိန်နှင့်ကွက်တိပါပဲ။

တကယ်လည်း ကျွန်မအိမ်ရှေ့တည့်တည့်သို့ ရောက်ရှိချိန်ဟာ မနက်ခုနစ်နာရီနှင့်မိနစ်လေးဆယ်တွင် ဖြစ်သည်။ ဘဲလ်ကိုမနှိပ်သေးဘဲ မောင့်ထံသို့ ဖုန်းခေါ်လိုက်၏။ မောင့်မိဘတွေအိမ်နဲ့ ကျွန်မတို့အိမ်က သုံးအိမ်လောက်သာခြားပေမယ့် မနက်စာကိုတော့ ကျွန်မမေမေလုပ်ကျွေးသော မုန့်တစ်ခုခုကိုသာ သူ လာစားတတ်မြဲဖြစ်သည်။

"ပြော မိန်းမ ဆေးရုံသွားတော့မလို့လား"

"အင်း ဟုတ်တယ် ထွက်ပြေးသွားတဲ့ လူနာနှစ်ယောက်ကို အနီးကပ်ကြည့်ရှုစောင့်ရှောက်ဖို့ လိုက်ခေါ်ရမှာလေ"

"ဘာကိုဆိုလိုတာလဲ မိန်းမရဲ့"

မောင့်အသံက ကြောင်တောင်တောင်။ ကျွန်မ ညှင်းညှင်းလေး ရယ်မောလိုက်မိသည်။

"ဒီနေ့မနက်စာ ဘာနဲ့စားကြလဲ"

"နံပြားနဲ့မလိုင်ရယ် ယောက္ခမကြီးလုပ်ပေးတဲ့ တူနာ ဆန်းဒဝစ်ချ်ရယ်၊ နေပါဦးကွာ အဆက်အစပ်မရှိ မင်းဘာတွေပြောနေတာလဲ"

"ရှယ်ပဲပေါ့ မလိုင်နံပြားလည်း မိန်းမအကြိုက်၊ မေမေ့ရဲ့ တူနာပေါင်မုန့်လည်း မိန်းမအကြိုက် ပြောရင်းနဲ့တောင် စားချင်လာပြီကွာ၊ တံခါးမြန်မြန်လာဖွင့်တော့"





"မင်းဘာတွေပြောနေတာလဲ လေပြည်"

မောင် နည်းနည်းတော့ စိတ်တိုသွားပုံပါပဲ။ ဟုတ်တော့လည်း ဟုတ်ပါရဲ့နော်၊ မနက်စောစောစီးစီး ကျွန်မက မောင့်ကိုစိတ်ရှုပ်အောင် လုပ်နေမိပြီကိုး။

"ကဲပါ မစတော့ပါဘူး။ တံခါးလာဖွင့်ပေးပါဦး မောင်ရဲ့၊ အိမ်ရှေ့မှာ ရောက်နေတာ ဆယ်မိနစ်လောက်ရှိနေပြီ"

"မင်းဘာတွေပြော ဘာလဲ မင်းရန်ကုန်ကို ရောက်လာတာလား"

ထိုစကားဆုံးသည်နှင့် ဖုန်းကိုင်လျက်သား ဝရန်တာထွက်လာသော မောင့်ကို ကျွန်မလှမ်းတွေ့လိုက်ရသည်။ ကျွန်မ ဖုန်းကိုင်လျက်သားနှင့်ပင် မောင့်ကို ဝမ်းသာအားရ လက်ပြနှုတ်ဆက်လိုက်သည်။ ဖုန်းကို ချက်ချင်းချပစ်လိုက်ပြီး မောင် အိမ်ထဲသို့ ခပ်သုတ်သုတ်ဝင်သွားသည်။

စက္ကန့်ပိုင်းအတွင်းမှာပင် အိမ်တံခါးမကြီးပွင့်သွားလျက် မောင့်မျက်နှာကို ကျွန်မ အနီးကပ်မြင်ခွင့်ရလိုက်သည်။

"မောင် နေကောင်းတယ်နော်"

"မင်း ဘယ်လိုရောက်လာတာတုန်း"

"ဟယ် သမီး လာမယ်လည်း ကြိုမပြောဘဲ ဘယ်လိုရောက်လာတာတုန်း"

မောင့်နောက်ကနေ ကပ်လျက်ပါလာသော မေမေက ကျွန်မကို အံ့ဩတကြီး မေးသည်။ ပြီးခဲ့တဲ့နှစ်သင်္ကြန်တုန်းက ဖေဖေရော မေမေပါ



www.burmeseclassic.com

www.burmeseclassic.com



ဘွန်တောဝန်ကျနေသောမြို့မှာ တရားစခန်းလာဝင်ကြတုန်းက နောက်ဆုံး တွေ့လိုက်ရတာဖြစ်ပြီး ခုမှ ပြန်ဆုံကြခြင်းဖြစ်သည်။

"ခုလိုမျိုး မေမေတို့ အံ့ဩသွားအောင်လို့လေ"

"တတ်လည်း တတ်နိုင်တယ်နော် မိလေပြည်"

မေမေက မျက်စောင်းလေးထိုးရင်း ကျွန်မ လက်မောင်းကို ဆုပ်ကိုင်ကာ အိမ်တွင်းသို့ ခေါ်၏။ မေမေ့မျက်စောင်းမှာ ဝမ်းသာမှုတွေ ပြည့်လျှံနေတာ ကျွန်မ အတိုင်းသားမြင်နေရသည်။ မောင်ကတော့ ကျွန်မ ရဲ့ခရီးဆောင်အိတ်ကို အခန်းထဲထိဝင်ပြီး နေရာချထားပေး၏။

"ဒါနဲ့ သမီးရော မောင်"

"မင်းသမီးက မနိုးသေးဘူးလေ"

"ဟုတ်တယ် သမီးရေ သားအဖနှစ်ယောက် ညတုန်းက ဘောလုံးပွဲအတူထိုင်ကြည့်ကြလေရဲ့၊ ကလေးကတော့ ဘယ်နိုးပါဦးမလဲ ကွယ် အိပ်ပါစေ ကျောင်းပိတ်တုန်းလေး အိပ်ရေးဝဝအိပ်ရတာ"

မောင့်စကားကို မေမေက ကြည်နူးစွာ ထောက်ခံသည်။ ကျွန်မ ငယ်စဉ်တုန်းကတော့ စာမှစာ။ စာနှင့်မျက်နှာချင်းခွင့်မပေးခဲ့သော မေမေ သူ့မြေးမလက်ထက်မှာတော့ ထိုစိတ်တွေ ကုန်ဆုံးသွားပြီနှင့်တူသည်။

"ဘယ်လိုပဲဖြစ်ဖြစ် ကလေးကို ညနက်တဲ့ထိ မထားပါနဲ့ မောင်ရယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ညမအိပ်တဲ့အကျင့်ဖြစ်သွားရင် မလွယ်ဘူး နေ့ရှိည အိပ်ချိန်များယွင်းတာက ဦးနှောက်ရဲ့လုပ်ဆောင်မှုတွေကို အများကြီးထိခိုက်စေနိုင်တယ်"





"ကဲပါ တစ်ညတလေလေးကွာ မင်းကလည်း ဒီစာအုပ်ကြီးထဲ ကကို မထွက်တော့ဘူး"

ကျွန်မ ဘဝတစ်လျှောက်လုံး စာအုပ်ကြီးအတိုင်း နေလာခဲ့ရသည်က များသည်လေ။ ဒါကြောင့်မို့ သမီးကိုလည်း စည်းကမ်းတကျ လေးနှင့် နေတတ်ထိုင်တတ်စေချင်သည်။

အင်းလေ စာအုပ်ကြီးအတိုင်း ဘယ်လောက်နေနေ ကံကြမ္မာက ဆိုးဆိုးရွားရွား တစ်ခုခုဖြစ်ဖို့ ကံပါလာရင် ဘယ်လိုမှရှောင်လွှဲလို့မရဘဲ လူတိုင်းကြုံရမှာပါပဲ။

"ဟုတ်ပါပြီ မောင်ရယ်၊ တစ်ရက်တလေ အိပ်ချင်လည်း အိပ် ပါစေ ကဲ မိန်းမလည်း ဗိုက်ဆာလာတာ မေမေ့ရဲ့ပေါင်မုန့်လေး စားလိုက် ဦးမယ်"

ကျွန်မက ပြောပြောဆိုဆို တူနာငါးနှင့်ခရမ်းချဉ်သီးတို့ ဆလပ် ရွက်တို့ညှပ်ကာ မရောနိစ်ဆမ်းထားသော ပေါင်မုန့်ကိုယူစားလိုက်သည်။

"မင်းခွင့်ရတာလား"

"ဟုတ်တယ် ဆေးရုံအုပ်ကို ကိုယ်တိုင်ဝင်ပြောလာတာ၊ အိုးပစ် အိမ်ပစ် လျှောက်လည်နေတဲ့ သားအဖနှစ်ယောက်ကို လိုက်ဖမ်းဖို့ဆိုပြီး တော့လေ"

ကျွန်မက မေမေမကြားအောင် လေသံတိုးတိုးလေးနှင့် မောင့် နားကပ်ပြောလိုက်သည်။ မောင်က ကျွန်မကို မျက်တောင့်နီကြီးနှင့်ကြည့် ၏။ ကျွန်မ ပခုံးလေးတွန့်ကာ ခပ်တည်တည်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေရော ဆေးရုံသွားပြီလား မေမေ"

"အင်း ဟုတ်တယ်၊ ဒီနေ့ ခွဲစိတ်မှုတစ်ခုရှိတယ်လို့ ပြောတယ်"

ဖေဖေက ပုဂ္ဂလိကဆေးရုံကြီးတစ်ခုတွင် ဆေးရုံအုပ်လုပ်နေခဲ့ခြင်းဖြစ်သည်။ အသက်ခြောက်ဆယ်ကျော်ချိန်ထိ သွက်သွက်လက်လက်ရှိနေဆဲ ပါမောက္ခကြီးတစ်ယောက်ကို လိုချင်လှသော ဆေးရုံများကလည်း အလုအယက်ပါပဲ။

ဖေဖေ့ကျွမ်းကျင်မှု၊ လုပ်ငန်းအတွေ့အကြုံတွေနှင့်ယှဉ်လျှင် ကျွန်မရဲ့ပညာလေးက လမင်းကြီးနဲ့ကြယ်ပွင့်လေးတွေလို အကွာကြီးကွာလွန်း၏။ နားမလည်သည့်ခွဲစိတ်မှုများ ခက်ခဲမည်ဟု ကျွန်မ ကြုံတွင်တွက်ဆထားသော ခွဲစိတ်မှုများတွင် ဖေဖေ့ဆီမှ အကြံဉာဏ်ကို ဖုန်းဆက်ပြီး လှမ်းတောင်းယူရမြဲ ဖြစ်သည်။

ဒီဘက်က လူနာအခြေအနေကို ပြောပြလိုက်သည်နှင့် ဖေဖေက လူနာရဲ့ခန္ဓာကိုယ်ထဲကို အတိုင်းသားမြင်နေရတဲ့အတိုင်း ရောဂါအခြေအနေကို အပ်ကျမတ်ကျ ပြောပြနိုင်သည်။ သိရေတာထဲရောက်လို့ ဗိုက်ဖွင့်ကြည့်လိုက်လျှင်လည်း ဖေဖေ ပြောသည့်အတိုင်း တသဝေမသိမ်းတူညီတာတွေသာ မြင်ရ၏။

"စားပြီးရင် မောင်တို့အိမ်ဘက် ကူးလိုက်မယ်လေ၊ နှစ်အိမ်လုံးအတွက် မုန့်တွေဝယ်လာခဲ့တယ်၊ မာမိတို့ကိုလည်း မတွေ့ရတာ တော်တော် ကြာနေပြီနော်"

"မင်းခရီးပန်းလာတာ ခဏနားချင် နားပါဦးလားကွာ"





"ရပါတယ် မောင်ရဲ့၊ ဘာမှမပင်ပန်းပါဘူး"

ယောက္ခမအိမ်ဘက်ကို ကူးလာတော့လည်း ကျွန်မ ထင်ထားတဲ့အတိုင်း အားလုံးက တအံ့တဩ။

"ဟာ သမီး ဘယ်လိုဖြစ်တာတုန်း"

မောင့်ဒယ်ဒီက အိမ်ရှေ့ဧည့်ခန်းမှာထိုင်လျက် ဂျာနယ်ဖတ်နေရင်းမှ ကျွန်မကိုမြင်တော့ အံ့ဩဝမ်းသာသွားပုံနှင့် အိမ်နောက်ဖေးဘက်ကို လှမ်းအော်ပြောလိုက်သည်။ ဟင်းချက်နေရင်းတန်းလန်းနှင့် ထွက်လာခဲ့သည့် မောင့်မာမီကလည်း ကျွန်မနားသို့ ချက်ချင်းရောက်လာခဲ့ပြီး

"ဘယ်လိုဖြစ်လာတာလဲ သမီးလေး၊ တာဝန်နဲ့လာတာလား"

"မဟုတ်ပါဘူး မာမီ၊ သမီး ခွင့်ယူလာတာပါ"

"အမလေးတော် ထူးထူးဆန်းဆန်း၊ ငါတို့သမီးက ခွင့်တွေဘာတွေယူလာတယ်ဆိုပါလား"

ယောက္ခမနဲ့ချွေးမဆိုပေမယ့် မောင့်မိဘတွေက ကျွန်မကို သမီးရင်းတစ်ယောက်လိုပင် ချစ်ခင်သည်။ အဲဒါကလည်း ဟိုးယေင်ယင်လေးတည်းက။ ကျွန်မ မိဘတွေဆိုရင်လည်း မောင့်ကိုသိပ်ချစ်ကြတာပါပဲ။ တစ်ဦးတည်းသောသားနှင့်သမီးမို့ နှစ်ဖက်မိဘတွေဆီက အချစ်မေတ္တာကို လိုလေသေးမရှိ ရကြပါ၏။

"ဟုတ်တယ် မာမီရေ ဒီလိုမှမလာရင် ရန်ကုန်ကိုထွက်လာလို့ရတော့မှာ မဟုတ်ဘူး"

"မညာပါနဲ့ သမီးရယ်၊ ရန်ကုန်ကိုထွက်လာချင်တာထက်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားနဲ့ကလေးကို ပြန်လာခေါ်တာမဟုတ်လား''

ကျွန်မ အဖြေပြန်မပေးဘဲ ခပ်တိုးတိုးလေး ရယ်မောလိုက်မိသည်။ ဘေးနားမှာ ကပ်ထိုင်နေသော မောင်ကလည်း ကျွန်မနားနားသို့ ကပ်ကာ 'မာမီပြောတာ ဟုတ်လား' တဲ့။ မာမီ မမြင်အောင် မောင့်ကို မျက်စောင်းထိုးလိုက်ရသေးသည်။

''ကလေးရော နိုးပြီလား သား''

''မနိုးသေးဘူး ဒယ်ဒီ''

''အေး ကိုးနာရီတောင် ထိုးနေပြီ နှိုးလိုက်ပါတော့ကွာ၊ နေ့လယ်မှ ပြန်အိပ်ချင်အိပ်နိုင်းပေါ့''

''ဟုတ် သမီး သွားလိုက်မယ် ဒယ်ဒီ''

ကျွန်မ ချက်ချင်းပင် ဒီဘက်အိမ်ပြန်ကူးလာခဲ့သည်။ ကျွန်မ အခန်းထဲမှာ အိပ်ပျော်နေသော သမီးကို ခုနကတစ်ခါ ဝင်ကြည့်ပြီးပေမယ့် ခုလည်း ခုတင်ဘေးမှာထိုင်ရင်း သမီးမျက်နှာလေးကို ငေးနေမိသည်။

သမီးဟာ အသားဖြူဖြူ ပါးဖောင်းဖောင်းနှင့် မျက်လုံးကလည်း ဝိုင်းဝိုင်းလေး။ နဖူးပေါ်မှာ ဆံမြိတ်တုတုလေးရှလျက် ဂုတ်ပေါ်ဝဲနေသော ဆံပင်နက်နက်လေးကလည်း ပျော့ပျော့အိအိ ဆံပင်လေးများကို ကျွန်မ ညင်ညင်သာသာ သပ်ပေးလိုက်ရင်း ပါးလေးကိုတစ်ချက်ငုံ့နမ်းလိုက်သည်။

''သမီးလေး ထတော့လေ၊ အိပ်ပုပ်ကြီးလုချည်လား သမီး ကိုးနာရီတောင် ထိုးနေပြီ''

တင်ပါးလေးကိုပုတ်ပြီး ကျွန်မနှိုးလျှင် အိပ်ချင်မူးတူးမျက်လုံး





လေးများ ဖြည်းဖြည်းချင်းပွင့်လာလျက် ကျွန်မကိုမြင်တော့ ငေါက်ခနဲ ထထိုင်လိုက်သည်။ မှေးစင်းစင်း မျက်လုံးလေးများလည်း ဖျတ်ခနဲ ပွင့်အာဝိုင်းစက်သွားရင်း

''မေကြီး ဘယ်လိုရောက်လာတာလဲ''

''မေကြီးက သမီးလေးကို လွမ်းလို့ ကားစီးပြီးလာတာပေါ့''

''ဒါဆို ဆေးရုံကရောဟင်''

လူကြီးတစ်ယောက်လို စပ်စပ်စုစုမေးနေသည့် သမီးပါးမို့မို့လေးအား ကျွန်မ မနာမကျင် လိမ်ဆွဲလိုက်သည်။

''လူနာတွေကို ဦးဦးဖော်ထိုက်တို့ ကုပေးမှာပေါ့ သမီးရဲ့၊ မေကြီးကတော့ သမီးလေးကို သတိရလွန်းလို့ ထွက်လာတာ၊ ဒါနဲ့ သမီးကရော ဒီမှာ တော်တော်ပျော်နေတယ် ဟုတ်လား။ မေကြီးဆီတောင် ပြန်မလာဘူးနော်''

''ပျော်တာတော့ ပျော်တာပေါ့ မေကြီးရဲ့၊ ဒါပေမဲ့ မေကြီးဆီကို ပြန်လာချင်ပါတယ်၊ ဒါပေမဲ့ ဖေကြီးက မပြန်ရသေးဘူး။ ကိစ္စတွေရှိသေးတယ်လို့ ပြောတယ်''

''ဖေကြီးက ဟုတ်လား''

ကျွန်မ အံ့အားသင့်သွားရသည်။ မောင် ဒီတစ်ခါ ရန်ကုန်လာတာ ဘာအလုပ်ကိစ္စမှ မပါတာ ကျွန်မ အသိ။ ဘယ်ကအလုပ်တွေ ပေါ်လာပြန်လို့ပါလိမ့်။ ဒါဆိုရင်လည်း အလုပ်တွေရှိလို့ ပြန်မလာနိုင်သေး ကြောင်း ကျွန်မကိုပွင့်ပွင့်လင်းလင်း ပြောသင့်တယ် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ နှစ်ခါထက်မနည်း ဖုန်းတွေပြောဖြစ်ကြရင် ဖေဖေ့ဆေးရုံအကြောင်းတွေ မေမေ့ဟင်းလက်ရာအကြောင်းတွေ၊ သမီးနဲ့တော့ ဒီနေ့ ဘယ်ကိုလျှောက်လည်ခဲ့တယ်ဆိုတာတွေ အားပါးတရ ပြောပြတတ်သည့်သူက အလုပ်ကိစ္စရှိလို့ ပြန်မလာဖြစ်သေးတာကို ဘာလို့များ မပြောပြတာပါလိမ့်။

"မေကြီး ဘာတွေစဉ်းစားနေတာလဲ"

"ဘာမှမဟုတ်ပါဘူး သမီးရယ်၊ ဒီနေ့ ငါ့သမီးလေးနဲ့ ဘယ်တွေသွားရင်ကောင်းမလဲလို့ ကြံတွေးနေတာ"

"ဟက်ပီးဝေါလ်သွားမယ် မေကြီး၊ ဟိုးတစ်ရက်က ဖေကြီးရယ် ဘွားဘွားတွေရယ်နဲ့သွားတာ ဘွားဘွားက သရဲရထား မစီးရဘူးလို့ အတင်းတားလို့ မစီးခဲ့ရဘူး၊ ဒီနေ့ အဲဒါကြီး သွားစီးရအောင်နော် မေကြီး"

"ဟုတ်ပါပြီကွာ၊ ညနေကျရင် ဖေကြီးရယ် မေကြီးရယ် သမီးရယ် သွားကြမယ်နော်၊ ခုတော့ ထပြီး မျက်နှာသစ် မုန့်စားတော့ ဟုတ်ပြီလား"

သမီးသည် လိမ္မာရေးခြားရှိသော်လည်း အနည်းငယ် ဂျစ်တိုက်ချင်သည်။ လုပ်ချင်တာမလုပ်လိုက်ရလျှင် မကျေမနပ်ဖြစ်လျက် ရအောင်လို့ ထပ်လုပ်သည်။

သမီးကို မျက်နှာသစ်ရေမိုးချိုးပေးပြီး အနီရဲရဲ ချည်သားဂါဝန်လေး ဝတ်ပေးထားလိုက်၏။ သမီးကိုကြည့်ရတာ ကျွန်မရောက်လာသည့်





အတွက် ထူးပြီးတော့ ပျော်သွားသည့်ပုံတော့မရှိပါ။ ရန်ကုန်မှာအတူရှိနေခဲ့သည့် သူ့အဖေနားသို့သာ ကပ်နေချိန်က များသည်။

သားအဖနှစ်ယောက် ဂိမ်းဆော့နေသည့်ဘေးတွင် ထိုင်နေရင်းနှင့် ကျွန်မ မောင့်ကိုလက်ကုတ်ခေါ်လိုက်၏။

"သမီးရေ တစ်ယောက်တည်းဆော့နှင့်ဦးနော်၊ ဖေကြီး ဒီမှာ မေကြီးနဲ့ စကားပြောစရာလေးရှိလို့"

ကျွန်မ ရှေ့မှထွက်သွားသည့်အခန်းထဲသို့ မောင်လည်း လိုက်ဝင်လာခဲ့သည်။

"မောင် ဘယ်နေ့လောက်ပြန်မယ် စိတ်ကူးထားလဲ"

"မောင်က ဒီမှာသုံးလေးရက်လောက် ထပ်နေဦးမလားလို့"

"အတော်ပဲပေါ့၊ ဦးစိုးနိုင်ကလည်း မိန်းမကို ခွင့်ငါးရက်တောင် ပေးလိုက်တာ မောင်ရဲ့"

"မင်းက ငါတို့နဲ့အတူပြန်မှာလား၊ အရင်ပြန်မှာလား"

မောင်နဲ့ကျွန်မက ဟိုးငယ်စဉ်တည်းက သိကျွမ်းခဲ့သူများမို့ တစ်ခါတလေမှာ နင်နဲ့ငါနဲ့ တစ်ခါတလေမှာ မင်းနဲ့ငါနဲ့ တစ်ခါတလေမှာ ရှင်နဲ့ကျွန်မနဲ့ တစ်ခါတလေတော့လည်း မောင်နဲ့မိန်းမနဲ့ ပါးစပ်ထဲတွေ့ကရာ ခေါ်ပြောသုံးနှုန်းတတ်တာကတော့ အကျင့်ဖြစ်နေပါပြီ။

"ဩော် မောင်ရယ် ဒီထိလိုက်လာပြီးမှတော့ ကျွန်မလည်း ရှင်တို့နဲ့အတူတူပြန်မှာပေါ့၊ နေစမ်းပါဦး မောင့်မှာ ဘယ်ကအလုပ်တွေ ပေါ်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မသကာရှိ မောင့်ဆီမှာ ရန်ကုန်ဆိုင်းသုံးဆိုင်ရဲ့သုံးလစာ စာရင်းတွေပြန်စစ်စရာရှိမည်။ ဒါကလည်း ပြီးခဲ့တဲ့လကတင် တစ်ခါစစ်ပြီးလို့ နောက်သုံးလပြည့်မှ နောက်တစ်ခါ ထပ်စစ်ရမှာဖြစ်သည်။

"ဒီလိုပဲပေါ့ကွာ ငါလည်း မင်းနောက်လျှောက်လိုက်နေရတာနဲ့ ကျောင်းတုန်းက သူငယ်ချင်းတွေနဲ့ အဆက်အသွယ်တွေ ပြတ်နေတာ၊ ခုမှပြန်ပြီး အေးအေးဆေးဆေး တွေ့ကြရတာလေ"

"ရန်ကုန်ရောက်တာပဲ နှစ်ပတ်ကျော်နေပြီ၊ ခုထိ သူငယ်ချင်းတွေ တွေ့ဖို့က နောက်သုံးလေးရက်စာလောက် ကျန်နေသေးတာလား"

"မိန်းမ ဘာဖြစ်နေတာလဲ၊ မောင့်ကိုရစ်နေတာလား"

ဒီယောကျ်ားဟာ တစ်ခါတလေမှာ သိပ်မုန်းဖို့ကောင်းတာပဲ။ သူနဲ့တူတူ လွတ်လွတ်လပ်လပ် တူတူပြန်နေချင်လို့ ဒီက ရန်ကုန်ထိ လိုက်ခဲ့တာကို မိသားစုသုံးယောက် တူတူပြန်မယ်တော့ စိတ်မကူးဘူး။ သူ ဖြစ်ချင်တာတွေပဲ သိပ်သိတဲ့သူ။

"မောင့်ဘာသာ လုပ်ချင်တာလုပ် ဟုတ်ပြီလား၊ နောက်လေးရက်နေရင် မိန်းမတို့သုံးယောက် အတူပြန်ကြမယ်နော်"

မောင် ဘာမှပြန်မပြောတော့ပါ။ ကျွန်မ ပခုံးလေးကို ဖွဖွဖက်လိုက်ရင်း သက်ပြင်းရှည်တစ်ခုချသံ ကြားရသည်။ မောင့်ခါးနှစ်ဖက်ကို တင်းကျပ်နေအောင် ပြန်သိုင်းဖက်ထားလိုက်လျက် ပူချင်ချင်ဖြစ်နေသော မောင့်ဗိုက်ကို အားရပါးရ တစ်ချက်နမ်းရှိုက်လိုက်ပါသည်။

မထိတွေ့ရတာ ကြာပြီဖြစ်သော မောင့်ရင်ဘတ်ကျယ်ကျယ်ကို





ထည်း ကျွန်မ နှုတ်ခမ်းများဖြင့် အနမ်းခြွေလိုက်၏။ အနမ်းတွေ တစ်ပွင့်ပြီးတစ်ပွင့်ပေးဖြစ်နေမိသော ကျွန်မမျက်နှာလေးကို မောင်က လက်နှစ်ဖက်ဖြင့်ပင့်ယူလျက် နှုတ်ခမ်းသားလေးကို စုပ်ယူနမ်းသည်။

ရှိုက်ဖိုမွှေးနေသော ခန္ဓာကိုယ်ဟာ ဟိုးလွန်ခဲ့တဲ့ ကိုးနှစ်ကျော်က အတိုင်းပါပဲလား။ မောင့်ရဲ့တောင့်တင်းသော ကိုယ်ခန္ဓာဖွဲ့စည်းပုံ၊ သန်မာသော လက်များနှင့် မြန်ဆန်ကျယ်လောင်စွာ မြည်နေသော နှလုံးခုန်သံတို့က ကျွန်မကိုကောင်းကောင်းကြီး ဆွဲဆောင်နိုင်ပါသေးသည်။

မရေမတွက်နိုင်အောင် ကြုံတွေ့ဖူးပေမယ့် ဘယ်တော့မှ မရိုးသွားနိုင်သည့် မောင့်လှုပ်ရှားမှုအထိအတွေ့တွေ။ အို ခုချိန်ထိ ကျွန်မ အရူးအမူးပါပဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဒီနေ့ မောင်က ရွှေတိဂုံဘုရားလိုက်ပို့ပြီး မိသားစုသုံးယောက် ဆုံလျက် အပြင်မှာမနက်စာ စားသည်။

"ညနေကျရင် မောင့်ဘော်ဒါတွေနဲ့ ချိန်းထားလို့ သွားမယ် သိလား"

"ဒါနဲ့ မောင့်ဘော်ဒါတွေဆိုတာ"

"မင်းမသိပါဘူး တက္ကသိုလ်တုန်းက သူငယ်ချင်းတွေပါ"

"ဪ"

မောင်နဲ့ကျွန်မက ဆယ်တန်းထိ တစ်ကျောင်းထဲတူတူတက်ခဲ့ပြီး တက္ကသိုလ်ကျမှ ကျွန်မက ဆေးကျောင်းရောက်ကာ မောင်က စီးပွားရေးဘာသာယူထားသောကြောင့် အလှမ်းဝေးသွားကြသည်။ ထို့





ကြောင့်လည်း မောင့်တက္ကသိုလ်မှ သူငယ်ချင်းများကို ကျွန်မ မသိပါ။

မင်္ဂလာဆောင်ပြီးနောက်ပိုင်းမှာ ကျွန်မနဲ့တွဲသွားရင်း လမ်းမှာကြုံလို့ နှုတ်ဆက်ဖူးသော တစ်ယောက်စနှစ်ယောက်စသာ ကျွန်မ မျက်မှန်းတန်းမိသည်။

"နောက်ကျမှာလား မောင်"

"မပြောတတ်သေးဘူး မိန်းမရယ်၊ နောက်ကျမယ်ဆိုလည်း မောင် ဖုန်းဆက်မယ်နော်"

"ဟုတ်ပါပြီ"

ထိုနေ့ညနေ ငါးနာရီလောက်က မောင် ထွက်သွားပြီး ပြန်ရောက်လာချိန်ဟာ ညဆယ်နာရီထိုးကျော်နေခဲ့ပြီ။ မောင့်ကိုတံခါးပြေးဖွင့်ပေးတော့ အရင်ဆုံး ရလိုက်တာက ဘီယာနံ့။ မောင်က အရက်တော့ ရံဖန်ရံခါ မသောက်ပေမယ့် ဘီယာကိုတော့ နှစ်သက်စွာ သောက်တတ်သူဖြစ်သည်။ ဒီနေ့တော့ မောင့်ကိုကြည့်ရတာ ရေချိန်ကိုနည်းနည်းလေး လွန်လာပုံရ၏။

သတိလက်လွတ် ဖြစ်နေခြင်းတော့ မရှိပါ။

"မောင် ဘယ်လောက်တောင် သောက်လာတာလဲ"

"နည်းနည်းလေး များသွားတာပါကွာ"

"ဒါနဲ့များ ကားကိုဘယ်လိုမောင်းလာတာလဲ မောင်ရယ်"

"ငါ အသိစိတ်မလွတ်ပါဘူး မိန်းမရာ၊ ပြီးတော့ ကားက ငါ ကိုယ်တိုင်မောင်းတာ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ မောင့်သူငယ်ချင်း လိုက်ပို့ပေးတာလား"

မောင်က ကျွန်မ ပခုံးကို တွဲဖက်ရင်း အခန်းထဲသို့ဝင်သည်။ ကျွန်မ မေးခွန်းကိုတော့ ပြန်မဖြေသေးပါ။ ခုတင်ပေါ်တွင် အရုပ်ကြိုး ပြတ်ထိုင်ချလိုက်ရင်း ဘေးမှာ မတ်တပ်ရပ်နေသော ကျွန်မကို မမိုတ် မသုန် ငေးကြည့်နေသည်။

"ဘာဖြစ်နေတာလဲ မောင်ရဲ့"

"မောင့်ကို အိမ်ရှေ့ထိ ဘယ်သူပြန်လိုက်ပို့တာလဲ သိလား"

"ဘယ်သိပါ့မလဲ မောင့်သူငယ်ချင်းတွေကို မိန်းမ သိမှာမဟုတ် ပါဘူးလို့ မောင်ပဲပြောသွားပြီးတော့"

မောင်က ခေါင်းကိုခါရမ်းသည်။ ကျွန်မ ပြောတာတွေ မှားယွင်း နေသည့်ပုံစံမျိုးနှင့်။

"အခု အိမ်ရှေ့ထိ လိုက်ပို့တဲ့တစ်ယောက်ကိုတော့ မင်း သိ တယ်"

"ဘာလဲ ဟိုးတစ်ခါက စီးတီးမတ်ရှေ့မှာတွေ့တဲ့ လင်မယား လား"

ကျွန်မနှင့်မတော်တဆ ဆုံဖူးသည့် မောင့်တက္ကသိုလ်တုန်းက သူငယ်ချင်းအတွဲကို မျက်စိထဲ ပြန်မြင်ယောင်လာသည်။

"မဟုတ်သေးဘူး ဒီတစ်ယောက်က မင်းနဲ့တော်တော် ရင်းနှီး တယ်၊ ပြောရရင် ငါ့ထက်တောင်မှပဲ မင်းနဲ့ပိုရင်းနှီးသလား မသိတော့ ပါဘူး"





"ဘယ်သူလဲ မောင်"

ကျွန်မ သိချင်ဇောကြီးစွာ မေးမိပေမယ့် မောင်ကတော့ အပေါ် ဝတ်စကုတ်အင်္ကျီပါးလေးကိုချွတ်ကာ ခုတင်ခြေရင်းသို့ လွှင့်ပစ်လိုက်ပြီး မွေ့ရာပေါ် ပက်လက်လှန်လှဲချလိုက်၏။

"ဘယ်သူလဲဆိုတာ ပြောလေ မောင်"

အင်္ကျီကိုကောက်ယူပြီး အဝတ်စင်မှာ လွှားလိုက်ရင်း ကျွန်မ ထပ်မေးမိသည်။ မောင့်ထံမှ တုန့်ပြန်သံမကြားရတော့ပါ။ တရှူးရှူးနှင့် အသက်ပြင်းပြင်းရှူလျက် အိပ်မောကျနေသောအသံသာ အချက်မှန်မှန် ထွက်ပေါ်နေသည်။

အိပ်ပါစေတော့လေ၊ မနက်မိုးလင်းမှသာ ကျွန်မ သေချာ မေးပါတော့မည်။ သို့သော်

"မောင့်ကို ညက ဘယ်သူပြန်လိုက်ပို့တာလဲ၊ မိန်းမနဲ့လည်း တော်တော်ရင်းနှီးတယ်ဆို"

မျက်နှာသစ်ပြီး ရေချိုးခန်းထဲမှ ထွက်လာသော မောင်က ကျွန်မကို ဖဝေဖဝါမျက်လုံးများဖြင့် ပြန်ကြည့်သည်။

"မင်းဘာတွေပြောနေတာလဲ၊ မောင့်သူငယ်ချင်းတွေကို မင်း မသိဘူးလို့ ပြောခဲ့ပြီးပြီ မဟုတ်လား၊ ခုမှ ဘာကိုတော်တော်ရင်းနှီးတာ တုန်း"

"ဟွန် မောင်ကလည်း မောင်ပဲ ညကပြောတာလေ"

"ညက ငါဘာပြောလို့လဲ၊ သူငယ်ချင်းနဲ့တွေ့ပြီး ဆောက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြာရာကနေ နည်းနည်းလက်လွန်သွားတာတော့ မှတ်မိတယ်၊ ဒီကောင်ပဲ ပြန်လိုက်ပို့ပေးတာလေ''

''တော်ပြီ မမေးတော့ဘူး၊ မောင်ဟာလေ နည်းနည်းလေး မူးလာတာနဲ့ မဟုတ်တာတွေကို စပြီးပြောတော့တာပဲနော်၊ ဘာတဲ့ ငါ့ထက် စာရင် မင်းနဲ့တောင် ပိုရင်းနှီးနေမလား၊ မသိဘူးလေး ဘာလေး''

ကျွန်မက မဲ့ကာရွဲ့ကာ ပြောတော့ မောင့်မျက်နှာတစ်ချက်ပျက် သွား၏။ သို့သော် ချက်ချင်းပင် ရယ်မောလိုက်ရင်း ကျွန်မ နဖူးလေးကို ဖွဖွတစ်ချက်နမ်းသည်။

''ဆောရီးကွာ မောင့်မိန်းမ တော်တော်ဦးနှောက်ခြောက်သွား မှာပဲနော်''

''ဟွန်း ခုမှ အပိုတွေပြောနေတယ်၊ ခြော် ဒီနေ့ မောင့် အကြိုက် ဈေးထိပ်က မုန့်ဟင်းခါးကို ဘူးသီးကြော်မွမွလေးနဲ့ မှာလိုက် တယ် သိလား''

''အဆင်ပြေတာပေ့ါကွာ ဒါနဲ့ မင်း သမီးကိုနှိုးဦးလေ''

''အမယ်လေး တော့်သမီးက အစောကြီးတည်းက သူ့အဘွား နဲ့တောင် ဈေးလိုက်သွားပြီး ပြန်လာပါပြီရှင်''

''ဟုတ်လား ငါ့သမီးက ဒီနေ့ကျ တယ်ဖွဲ့ကောင်းပါလား''

''ရှင်သာ အမူးပြေအောင် ပျားရည်တစ်ခွက်ဖျော်ထားတယ် အရင်သောက်လိုက်ဦး''.

''ငါ့မိန်းမလောက် သိတတ်တာ လောကမှာ တကယ်ပဲမရှိဘူးနဲ့





တူပါတယ်ကွာ''

''ဘာလဲ ခုမှသိတာလား''

မောင်က အရက်ပြင်းတွေ မသောက်တတ်တဲ ဘီယာပဲသောက် တတ်ပေမယ့် သူ့လစ်မစ်ကို နည်းနည်းကျော်သွားတာနှင့် မနက်မိုးလင်း ရင် ခေါင်းကိုက်တတ်တာ ကျွန်မ သိနေပြီးသားမို့ ပျားရည်ကို ရေနွေး နွေးလေးနှင့်ဖျော်ကာ ခုတင်ဘေးက စားပွဲပေါ်မှာ အဆင်သင့်တင်ပေး ထားရသည်။

မောင်က ပျားရည်ကို တစ်ကျိုက်တည်းနှင့်မော့သောက်ချပစ် လိုက်ပြီး ကျွန်မဘက်သို့ လှည့်ကြည့်ပြုံးပြ၏။ မောင်ကတော့ ဘာမှမဖြစ် သလို အရင်အတိုင်း ပုံမှန်ဆက်ဆံနေပေမယ့် ဘာဖြစ်လို့များ ကျွန်မစိတ် ထဲမှာ မောင်တစ်ခုခုဖြစ်နေတယ်လို့ ထင်နေမိတာလဲ မသိ။

အတူတူနေလာသည့်နှစ်က လင်သက်မယားသက်ကို ဘေးဖယ် ထားဦး တစ်ယောက်ကိုတစ်ယောက် သိခဲ့ကြတာ ကလေးဘဝသုံးနှစ် သားလောက်တည်းကမို့ တစ်ယောက်အရိပ်အကဲကို တစ်ယောက်က တီးမိ ခေါက်မိဆိုတာထက် ပိုနေခဲ့ပြီ။

''မောင် ဒီနေ့ အပြင်ထွက်ဖြစ်ရင် မနက်ဖြန်ညနေကားနဲ့ လက်မှတ်သုံးစောင်ဖြတ်ထားလိုက်ပါဦးနော်၊ မိန်းမကတော့ သမီးကိုခေါ် ပြီး ခဏနေရင် ဈေးဝယ်ထွက်လိုက်ဦးမယ်''

''မောင် လိုက်ပို့မယ်လေ''

''နေ နေ မောင် သမီးက တစ်ခါတစ်ခါဈေးဝယ်ရင် ကြက်ညှိုး



www.burmeseclassic.com

www.burmeseclassic.com



ထိုးလို့ဆုံးတာ မဟုတ်ဘူး၊ မောင်သာပါနေရင် သူလက်ညှိုးထိုးသမျှ လိုက်ဝယ်ပေးနေမှာ''

''မင်းကလည်းကွာ ဒီသမီးတစ်ယောက်တည်းရှိတာကို ဝယ်ပေးတော့ ဘာဖြစ်သေးတုန်း''

''တွေ့လား ခုကိုပဲ ဖြစ်နေပြီ၊ အဲဒါကြောင့်ကို မောင့်မလိုက်နိုင်းတာ၊ ရတယ် မောင် ကားယူသွားမယ်ဆို မိန်းမတို့ ကားငှားပြီးပဲ သွားလိုက်မယ်''

''ငါ ကားမယူတော့ပါဘူး၊ မင်းတို့သားအမိသာ ကားယူပြီး အေးအေးဆေးဆေး ရန်ကုန်တစ်မြို့လုံးက ဈေးပင်းဖောလ်တွေ ပတ်ခဲ့ကြ''

မောင်က စားပွဲပေါ်မှ ကားသော့ကိုလှမ်းယူပြီး ကျွန်မရှေ့သို့ ချပေးသည်။ ပုံစံက ဆောင့်ကြီးအောင့်ကြီး။ သူ့ကိုမလိုက်ရဘူးပြောလို့ ကျွဲမြီးတိုသွားပုံ။

''ဘာလဲ စိတ်ဆိုးလို့လား''

''မဆိုးပါဘူးဗျာ၊ မဆိုးပါဘူး သဘောရှိ လွတ်လပ်စွာ သွားလာကြပါ''

မောင်က ခပ်တည်တည်လေသံနှင့်ပြော၏။ ဘယ်လိုပဲပြောပြော မောင် ကျွန်မကို စိတ်ကောက်သွားတာ သိတာပေါ့။

ထို့ကြောင့်လည်း ထိုင်နေလျက်ကနေ ရှေ့တွင်မတ်တပ်ရပ်နေသော မောင့်ခါးကို သိုင်းဖက်လိုက်ပြီး





''ငါတို့လူကြီးကြိုက်တဲ့ ကြက်ဆေးတေား ဝယ်လာမယ်နော်၊ စိတ်မကောက်နဲ့တော့''

''ဘာလဲဟ မင်းကိုငါက စိတ်ကောက်တယ်လို့ ထင်နေတာလား ဝေးသေး ငါ ယောကျ်ားကွ၊ ဘယ်တော့မှ စိတ်ကောက်တဲ့အလုပ်မလုပ်ဘူး''

ဖက်တွယ်ထားသော ကျွန်မရဲ့လက်များကို အတင်းဖြုတ်ချရင်း မောင် ရှုးရှူးရှားရှား ပြောသည်။ ကျွန်မကလည်း အဖြုတ်မခံပါ။ တင်းသထက်တင်းကျပ်နေအောင် တိုးဖက်ထားလိုက်ရင်း

''အဲဒါဆို ရယ်ပြ ရယ်ပြပါဆို''

ကျွန်မ အဲဒီလိုပြောရင် တစ်ခါတည်းနှင့် မောင် ဘယ်တော့မှ မရယ်ပါ။ တွန့်းတွန်းတိုက်တိုက် လေးခါငါးခါလောက်လုပ်လိုက်မှ မျက်စောင်းကြီးထိုးပြီး မောင် ရယ်ကျဲကျဲလုပ်တတ်သည်။

မောင်ဟာလေ အထက်တန်းကျောင်းသားဘဝတည်းကနေ ခုချိန်ထိ မပြောင်းလဲသေးသော လူငယ်လေးတစ်ယောက်လိုမျိုး နုပျိုလတ်ဆတ်လျက် အပြုံးများကလည်း အမြဲတမ်း အသက်ဝင်လွန်းလှသည်။ ထိုအရွယ်မှာတည်းက ဂျစ်တစ်တစ်စရိုက်ကြောင့် မိန်းကလေးတော်တော်များများထံမှ စိတ်ဝင်စားမှုတွေကို ရရှိခဲ့သည့် မောင်ဟာ ခုချိန်ထိလည်း ဆယ်ကျော်သက်လေးတစ်ယောက်လို စရိုက်ကျကျ ဆွဲဆောင်မှုရှိနေဆဲပါ။

ကျွန်မဘဝရဲ့ ဆယ်ကျော်သက်ကာလများကတော့ ဆန့်ကျင်



www.burmeseclassic.com

www.burmeseclassic.com



ဘက်ယောက်ျားတစ်ယောက်ကို စိတ်ဝင်စားခွင့်ရဖို့ဝေးလို့ မောင်နဲ့ဆိုရင် မျက်နှာချင်းဆိုင်လို့မရအောင်ကို တစောင်းစေးနှင့်မျက်ချေး အနေအထားမျိုး ဖြစ်ခဲ့သည်။

တစ်ကျောင်းလုံးတစ်ရပ်ကွက်လုံး နှစ်ဖက်မိဘတွေအားလုံး သိလျက် ဘယ်လိုမှ ဖျောင်းဖျလို့မရကြအောင်ထိ မောင်နှင့်ကျွန်မ ကြည့်မရဖြစ်ခဲ့ကြသည်။

ခုတော့လည်း ဆန်းကြယ်လွန်းသည့် ကံကြမ္မာက မထင်မှတ်လွန်းသော အဖြစ်များကို မျက်လှည့်ပြထားခဲ့ပြီ မဟုတ်လား။ ကျွန်မသည် မောင်နှင့်သမီးလေး ပါဝင်နေသော ကျွန်မ၏လက်ရှိမိသားစုဘဝလေးကို အလွန်ပင် မြတ်နိုးတန်ဖိုးထားပါသည်။

■ ■ ■

"သမီး ပန်းလေးကို မေကြီးက ဘာဝယ်ပေးမှာလဲ သိလား"

"ဘာဝယ်ပေးမှာလဲဟင် မေကြီး"

ကျွန်မ လက်ကိုဆွဲလျက် ဈေးဝယ်စင်တာထဲသို့ တက်ကြွသော ခြေလှမ်းများဖြင့် လျှောက်လှမ်းဝင်နေသော သမီးလေးက ကျွန်မကို မော့ကြည့်ရင်း ပြန်မေးသည်။

"လေဒီရှူးလှလှလေးတစ်ရံပေါ့"

အဆင်သင့်တွေ့ရသော ကလေးဖိနပ်ဆိုင်လေးရှေ့တွင်ရပ်ရင်း ကျွန်မက ကြည်ကြည်နူးနူးလေး ပြောလိုက်သည်။ အရောင်အသွေးစုံလင်စွာဖြင့် လှပနေသော ဒီဇိုင်းစုံဖိနပ်လေးများက ရွေးချယ်ဖို့တောင်





ခက်ခဲလွန်းနေ၏။

သမီးက ပန်းနုရောင်လေဒီရှူးအပါးလေးကို လက်ညှိုးထိုးပြလျက် စီးကြည့်မယ် လုပ်၏။ ပန်းရောင်ခြယ်ဆိုသော နာမည်လေးနှင့် လိုက်ဖက်စွာဖြင့် သမီးသည် ပန်းရောင်ကို အလွန်နှစ်သက်၏။ ဖိနပ်လေးက အပေါ်ဘက်မှာ လှပသော ပန်းပွင့်ကြီးဖြင့် တန်ဆာဆင်ထားသည်။ စီးကြည့်လိုက်တော့ သမီးနှင့်ကွက်တိ။

"သမီး ဒါလေးကြိုက်တာ သေချာလား"

"သေချာတယ် မေကြီး"

"ကျန်တာတွေ မကြည့်တော့ဘူးလား"

"လေဒီရှူးထဲကတော့ မကြည့်တော့ပါဘူး၊ ဟိုလေ ဘောလုံးကန်တဲ့ဖိနပ်လိုချင်တယ်"

သမီးက မငိုမရဲအမူအရာမျိုးနှင့် တောင်းဆိုခြင်း မဟုတ်ပါ။ ရဲရဲဝံ့ဝံ့ မလုပ်ပေးရင် မရဘူးနော်ဆိုသောလေသံမျိုးနှင့် ပြောခြင်းဖြစ်သည်။ ကျွန်မမှာတော့ ရင်ဘတ်ဖိမတတ် အံ့သြလျက် မျက်လုံးပြူးသွားရ၏။

"သမီးက ဘောလုံးကန်တဲ့ဖိနပ်ကို ဘာလုပ်ဖို့လဲ"

"သမီးလည်း ဘောလုံးကန်မလို့ပေါ့"

"ဘောလုံးကန်တယ်ဆိုတာ ယောက်ျားလေးတွေ လုပ်တာ သမီးရဲ့၊ မိန်းကလေးဆိုတာ လေဒီရှူးလှလှလေးစီးပြီး လှလှလေးပြင်ပြီး ငြိမ်ငြိမ်လေးနေရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မရဘူးနော် မေကြီး၊ ဖေကြီးကိုတောင် ဟိုးတစ်နေ့တည်းကပြောပြီးသွားပြီ၊ ဖေကြီးက ဝယ်ပေးမယ်တဲ့"

ကလေးကို အလိုလိုက်တာလည်း တော်ရုံပဲ ကောင်းပါတယ်ရှင်ရယ်။ ခုတော့ တစ်ဦးတည်းသောသမီးလေးကို ယောကျ်ားလိုမျိုး ကျားကျားလျားလျား ဖြစ်စေချင်နေသလား မသိတော့။

"ပန်းလေး မဝယ်ရဘူးဆို မေကြီးပြောရင် နားမထောင်ဘူးလား"

ကျွန်မက လေသံမာမာနှင့် ခပ်ကြိတ်ကြိတ် ဆူပူလိုက်သည်။ ထိုအခါ ပန်းလေး သောင်းကျန်းပါတော့သည်။

"မရဘူး မရဘူး ဘောလုံးကန်တဲ့ဖိနပ်မရရင် ဒီလေဒီရှူးကိုလည်း မယူဘူး၊ လုံးဝမယူဘူး၊ မေကြီးဝယ်ပေးတဲ့ ဘာမှလည်း မယူတော့ဘူး"

"ပန်းရောင်ခြယ် အခုဘာလုပ်နေတာလဲ၊ လူကြားထဲမှာ မိန်းကလေးဖြစ်ပြီးမှတော့ သမီး မရှက်ဘူးလား"

"ဟင့်အင်း ဟင့်အင်း ဘောလုံးကန်ဖိနပ်လိုချင်တယ်၊ ဘောလုံးကန်ဖိနပ်မရရင် ကျန်တာတွေလည်း မယူဘူး အီး ဟီး"

ကျွန်မ မထင်ထားစွာပင် သမီးက မျက်လုံးနှစ်ဖက်ကို လက်နှင့်ပွတ်သပ်ရင်း အော်ငိုလိုက်ခြင်းဖြစ်၏။ တော်သေးတာပေါ့ လူသွားစင်္ကြံမှာမဟုတ်ဘဲ ဆိုင်ထဲမှာရောက်နေလို့ပေါ့။ နို့မို့ဆို ဒီကလေးမလုပ်တာနဲ့တင် ကျွန်မ တော်တော်လေး အရှက်ကွဲလောက်သည်။





"သမီး မတိတ်ဘူးလားဟင်၊ သမီး မရှက်ဘူးလား၊ ဟိုးမှာဒီဆိုင်က မမတွေက သမီးငိုတာကို ဝိုင်းကြည့်နေကြတယ်၊ နည်းနည်းမှ မလှဘူးတဲ့"

ကျွန်မစကားကြောင့် သမီး၏အော်ကြီးဟစ်ကျယ် ငိုကြွေးနေခြင်းတွေ အသံတိတ်သွား၏။ သို့သော် မျက်ရည်စက်တွေကတော့ ပါးမို့မို့လေးမှာ စီးကျနေတုန်း။ မောင်က အလိုလိုက်လွန်းသောကြောင့် သမီးသည် လူကြားသူကြားမရှောင် အရှက်ခွဲတတ်နေပြီ။

အိမ်ပြန်ရောက်လို့ကတော့ မောင့်ကိုသေချာပေါက် အပြစ်တင်ထောက်ပြရပါဦးမည်။

"သမီးက ဘာလို့ ငိုနေတာလဲ"

နေရာမှာတင် မတ်တပ်ရပ်လျက် ကျွန်မကို မမိုတ်မသုန် မော့ကြည့်နေသော သမီးနားသို့ လူတစ်ယောက် ရောက်လာကာ ကျွန်မကို ကျော်ပေးပြီး သမီးရှေ့တွင် မျက်နှာချင်းဆိုင် ဆောင့်ကြောင့်ထိုင်ရင်း မေးလိုက်သည်။

ကျွန်မရုတ်တရက်တော့ ကြောင်သွား၏။ ရောင်မျက်မှန်အနက်ရောင်ခပ်ဝိုင်းဝိုင်းနှင့် ထိုအမျိုးသားက သမီးကိုပဲကြည့်ကာ အငိုတိတ်အောင် တစ်ခုပြီးတစ်ခု ပြောနေသည်မို့ ကျွန်မ မနေနိုင်ဘဲ မေးမိတော့သည်။

"ရှင်က ဘယ်သူလဲ မသိဘူး"

"ကလေးက ဒီလောက်လိုချင်နေတာကို ဝယ်ပေးသင့်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ဗျာ''

သူက ကျွန်မကိုမော့မကြည့်ဘဲ ကလေးကို ငေးကြည့်ကာ ပြောခြင်းဖြစ်သည်။ သန့်ပြန့်သော အဖြူရောင်စွပ်စွပ် လက်ရှည်နှင့် နက်ပြာမှာ ရွှေရောင်လိုင်းအကွက်စိပ်စိပ်လေးတွေပါသော ပိုးပုဆိုးကို ဝတ်ဆင်ထား သူသည် ဘာသဘောနှင့်ဝင်ပြောခြင်းပါလိမ့်။ သူ့ကြည့်တော့လည်း စမတ် ကျကျ ဝတ်စားလျက် အချိုသတ်ဝင်လုံးသည့်ပုံမျိုးလည်း မတွေ့ရပါ။

တစ်ခုပဲ ကျွန်မစိတ်ထဲမှာ ထူးခြားသွားတာ။ ကျွန်မကိုကျော ပေးပြီးပြောနေသည့် ထိုလူ့ရဲ့အသံကို ကျွန်မ ရင်းရင်းနှီးနှီး သိနေသလို ပါပဲ။

''သူ လိုချင်တဲ့ဘောလုံးကန်ဖိနပ်ကို ကျွန်တော် ဝယ်ပေးပါရစေ စိတ်ထဲမှာ အနှောင့်အယှက် ဖြစ်သွားရင်လည်း ဆောရီးပါဗျာ၊ ကျွန်တော် တောင်းပန်ပါတယ် ဆောရီးနော်''

ဆောရီးချင်းထပ်အောင် ပြောနေသော လူကို ကျွန်မစိတ်ထဲမှာ ဒေါသထောင်းခနဲ ဖြစ်သွားရသည်။ သူနဲ့လည်း ဘာမှမဆိုင်ပါဘဲ

မသိရင် ကျွန်မက ကလေးကို တမင်ညှစ်ပြီး မဝယ်ပေးချင်လို့ ဒါမှမဟုတ် ဘောလုံးကန်ဖိနပ်တစ်ရံစာလောက်တောင် ပိုက်ဆံမရှိလို့ လို့ ထင်နေသလား မသိပါ။

''ဒီမှာ''

ကျွန်မ၏ခပ်မာမာခေါ်သံကြောင့် သမီးရှေ့တွင် ဆောင့်ကြောင့် ထိုင်နေရာမှ ထိုလူက မတ်တပ်ထရပ်၏။





''ဟင်''

မျက်နှာပေါ်မှ အပြုံးက အပြစ်ကင်းစင်လျက် ခံဗ်မင်နှစ်လို ဖွယ်။ ထိုလူက တပ်ထားသော နေကာမျက်မှန်ကို ခေါင်းပေါ်သို့ လှန် တင်လိုက်၏။

လွန်ခဲ့သောနှစ်ပေါင်းများစွာက မျက်နှာတစ်ခုကို ကျွန်မ ခုတော့ သေချာဖမ်းမိသွားသည်။ ယော်ရုပ်ပျောက်လျက် ရင့်ကျက်နေသော သူ့ မျက်နှာကို ကျွန်မချက်ချင်း မှတ်မိသွားချိန်မှာပဲ ကိုယ်တွင်းမှာလည်းပတ် နေသော အောက်စီဂျင်တွေ ပြတ်လပ်သွားသူတစ်ယောက်လို အသက်ရှူ သို့မရအောင် မွန်းကျပ်ခဲ့သည်။ မျက်လုံးတွေ ပြာဝေပြီး ဘေးနားမှ ဆင်တစ်ခုကို အားပြုရပ်လိုက်ရ၏။ ကျွန်မ ဖြစ်သွားသောပုံကြောင့် သမီး က လက်ချောင်းထိပ်လေးများကို ဖွဖွလေးကိုင်လှုပ်ရင်း 'မေကြီး ဘာဖြစ် တာလဲဟင်' တဲ့။

သမီးရှေ့မှာ မူပျက်သွားသော ကိုယ့်ကိုယ်ကိုယ် ပြန်ထိန်းလိုက် ရင်း

''နင် ဒီကိုပြန်ရောက်နေတာလား''

''ငါပြန်ရောက်နေတာ တစ်လကျော်ပြီ''

''ဪ''

ကျွန်မ ဘာဆက်ပြောရမှန်း မသိပါ။ သမီးအတွက်ရွေးချယ် ထားသော ပန်းနုရောင်ဖိနပ်လေးကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေမိသည်။

''ငါတို့ တစ်နေရာရာသွားစားရအောင်လေ၊ သမီးလေးဗိုက်ဆာနေ



www.burmeseclassic.com

www.burmeseclassic.com



ပြီ မဟုတ်လား"

"ဟုတ် ဆာနေပြီ"

ကျွန်မကိုခေါ်ဖို့မလွယ်မှန်းသိတော့ ချက်ချင်းပင် သမီးကိုချုပ်လိုက်ပုံက မြန်ဆန်လွန်းသည်။

"လာပါ တစ်ခုခုစားကြတာပေ့ါ၊ ပြန်ဆုံတဲ့ အထိမ်းအမှတ်လေ"

ပြန်ဆုံတဲ့အထိမ်းအမှတ် ဟုတ်လား။ ကျွန်မတို့နှစ်ယောက်ကြားမှာ ဘာပျော်စရာအဆုံးသတ်တွေများ ရှိခဲ့လို့ ကျွန်မက ပြန်ဆုံတဲ့အထိမ်းအမှတ်အနေနဲ့ တစ်ခုခုလိုက်စားရမှာလဲ။

စိတ်ထဲက ပြောချင်နေတာ အဲဒီအတိုင်းပါပဲ။ သို့သော် သမီးရှေ့မှာ မပြောသင့်သည့်စကားများမို့ ကျွန်မ မျိုသိပ်ထားလိုက်သည်။

"လာလေ လေပြည် ငါတို့တစ်ဆိုင်ဆိုင်မှာ ထိုင်လိုက်ရအောင်ပါ"

"ဟုတ်တယ် မေကြီး၊ ဗိုက်တွေကဆာနေပြီ၊ ဘွားရဲ့နန်းကြီးသုပ်က ဘယ်နားရောက်သွားမှန်းတောင် မသိဘူး"

အိမ်က ထွက်လာခါနီး မောင့်မာမီကျွေးလိုက်သော နန်းကြီးသုပ်ကို သမီးက ရမယ်ရှာပြောသည်။

"နင် အလုပ်တွေဘာတွေ ရှိမှာပေ့ါ"

ကျွန်မက အနုနည်းနှင့် သူ့ကိုငြင်းလိုက်ခြင်းဖြစ်သည်။ သို့သော် ကျွန်မ မအောင်မြင်ပါ။

"ဗိုက်အရမ်းဆာနေပြီ မေကြီး၊ သွားရအောင်ပါနော် နော်"





နော်"

သမီးက နှုတ်ခမ်းလေးစူပြီး ချစ်စဖွယ်ဂျစ်တိုက်သည်။

"ကလေးကလည်း ဗိုက်ဆာနေတာကို လိုက်ကျွေးလိုက်ပါ"

လုပ်ပြန်ပြီ။ မသိရင် ဗိုက်ဆာနေတဲ့ ကိုယ့်သားသမီးကိုယ် ရက်ရက်စက်စက် ပစ်ထားသော အမေကျနေတာပဲ။

"သမီးကို ငါဘာသာကြိုက်သလောက် ကျွေးနိုင်တယ်၊ ဒါပေမဲ့ နင်နဲ့အတူတော့ မဟုတ်ဘူး"

"ငါ နင်နဲ့စကားပြောပါရစေ လေပြည်"

သူ့မျက်နှာက တောင်းပန်တိုးလျှိုးဟန် ညှိုးနွမ်းနေသည်၊ ခုချိန်မှ ကျွန်မရှေ့မှာ ဖြူနီးဆိုပြန်ပေါ်လာပြီး လမ်းကြုံတွေ့သည့်ပုံနှင့် စကားပြောပါရစေ တောင်းဆိုနေတာ ဘာသဘောလဲ။

"ငါကတော့ နင့်ကို ဘာမှပြောစရာ မရှိဘူး"

"အဲဒီလောက်ထိ မလုပ်ပါနဲ့ လေပြည်ရယ်"

ကျွန်မ သူ့ကိုခပ်စိမ်းစိမ်းကြည့်လျက် သမီးလက်ကိုဆွဲပြီး ထွက်သွားရန် ခြေလှမ်းစသည်။ သို့သော် သူက ကျွန်မလက်မောင်းတစ်ဖက်ကို ချုပ်ဆွဲထားလိုက်သောကြောင့်

"နင်ဘာလုပ်တာလဲ"

"ငါ့ကိုနင်နဲ့ စကားပြောခွင့်တော့ ပေးပါဟာ"

"ငါ့သိက္ခာကို နင်နှစ်ခါပြန်စော်ကားဖို့ မကြိုးစားပါနဲ့၊ နင် ဆက်ဆိုလာရင် ငါ ဘာလုပ်မိမယ်ဆိုတာ ငါ့ကိုယ်ငါလည်း အာမခံဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်ထားသော ကျွန်မ လက်များကို သူ ဖြည်းဖြည်းချင်း လွှတ်ချပေးလိုက်သည်။

"နင် တစ်ခုခုလုပ်မှာကိုကြောက်လို့တော့ မဟုတ်ဘူး၊ နင့်သိက္ခာကို ငါက နှစ်ခါပြန်စော်ကားတယ်လို့ နင်ထင်နေတဲ့အတွက် ငါ ရှောင်လိုက်တာပဲ"

ချာခနဲ လှည့်ထွက်လာခဲ့သော ကျွန်မ မျက်ဝန်းများမှ မီးလို ပူလောင်မှုတွေ အရောင်ဟပ်နေခဲ့မှာ သေချာပါသည်။ စားသောက်ဆိုင်တစ်ခုထဲ ဝင်ထိုင်ရင်း ဘေးဘီကိုမျက်ခြည်မပြတ်ကြည့်နေသလောက်တော့ နောက်ကနေ သူ လိုက်ပါလာခြင်းမရှိ။

စားသောက်ဖွယ်ရာများ ရောက်လာတော့ သမီးက မစားသေးဘဲ

"ခုနက ဦးဦးက ဘယ်သူလဲဟင်"

"မေကြီးနဲ့လည်း မသိပါဘူး သမီးရယ် လူမှားနေတာပါ"

သမီးက ဘာမှတော့ ထပ်မမေးပေမယ့် မယုံကြည်နိုင်သလို မျက်နှာမျိုးလေးနှင့် မုန့်ကိုဖြည်းညင်းစွာ စားသည်။ အသက်ရှစ်နှစ်ဆိုတာ သူငယ်နုပ်စားလေးတစ်ယောက်လိုတော့ လိမ်လည်လို့မရတော့မှန်း ကျွန်မ သိပါသည်။

ဒါပေမဲ့ ကျွန်မ ခံစားခဲ့ရတာတွေကို ပြောပြဖို့အတွက်လည်း သိပ်ကိုငယ်ရွယ်လွန်းနေသေးတာ မဟုတ်လား။

"သမီးပဲ ဒီဆိုင်က ဘာဂါကြိုက်တယ်ဆို၊ ဗိုက်ဆာတယ်လည်း





ပြောသေးတယ်"

"ကြိုက်ပါတယ်"

"ဒါဆို ဘာလို့ စိတ်မပါသလို စားနေတာလဲ၊ အစားအသောက်ကို အဲဒီလို မစားရဘူးလို့ မေကြီး ပြောထားတယ် မဟုတ်လား"

ကျွန်မ စကားဆုံးတော့ သမီးက တွေတွေငေးငေး မဟုတ်တော့ဘဲ စိတ်ပါလက်ပါ စားလာ၏။ ထို့အတွက်တော့ ဝမ်းသာရပါသည်။ သမီးရဲ့စိတ်ထဲမှာ တစ်ခုခုကို မယုံကြည်နိုင်ဘဲ ကျွန်မကိုအထင်လွဲစိမ်းကားသွားမှာမျိုး စိုးရိမ်နေခဲ့မိတာလေ။

"သမီးအတွက် လေဒီရှူးလေး စားပြီးရင် သွားပြန်ဝယ်ပေးမယ်နော်"

"ဟုတ် မေကြီး၊ ဟိုလေ သမီး ဘောလုံးကန်ဖိနပ် မယူတော့ဘူးနော်"

ရုတ်တရက် လိမ္မာသွားသော သမီးကို ကျွန်မ တအံ့တဩ ကြည့်မိသည်။

"ဘာဖြစ်လို့လဲ သမီးရဲ့၊ ခုနကတော့ အသည်းအသန် ပိုနေပြီးတော့"

"သမီးကြောင့် မေကြီး မသိတဲ့လူတစ်ယောက်နဲ့ ရန်ဖြစ်ရတယ်ထင်လို့ပါ"

သမီးရဲ့အဖြေစကားကြောင့် ကျွန်မ ပျာပျာသလဲ ဖြစ်သွားရသည်။ စိတ်ထဲမှာလည်း အနည်းငယ် လှုပ်ရှားသွားသည်။ နောက်တော့



www.burmeseclassic.com

www.burmeseclassic.com



သမီး မျက်လုံးများကို တည့်တည့်စိုက်ကြည့်လိုက်ပြီး

"မေကြီး ပြောတာကို သေချာနားထောင်နော်၊ ခုနက လူနဲ့ မေကြီးနဲ့က ရန်ဖြစ်ကြတာ မဟုတ်ဘူးနော် သမီး၊ ပြီးတော့ အဲဒါဟာ သမီးနဲ့လည်းမပတ်သက်ဘူး။ မေကြီး ပြောတာကို နားလည်လား"

"ဟုတ်ကဲ့ မေကြီး"

မျက်လုံးလေး ဝိုင်းဝိုင်းစက်စက်နှင့် ချစ်ဖို့ကောင်းသော သမီးက ခေါင်းလေးညိတ်ကာ ကျွန်မ စကားကို အလွယ်တကူ လက်ခံပါသည်။

"ကောင်းပြီ ဒီလိုဆို မုန့်စားလို့ပြီးတာနဲ့ သမီးလိုချင်တာတွေ အားလုံး မေကြီး ဝယ်ပေးမယ် ဟုတ်ပြီလား။ ဘောလုံးကန်ဖိနပ်ကလွဲ လို့ပေါ့"

သမီးက ပြုံးရွှင်စွာဖြင့် ခွက်ထဲမှ အအေးကို အကုန်စုပ်သောက် လိုက်သည်။ ဘယ်လိုပဲဖြစ်ဖြစ် သားအမိနှစ်ယောက်တည်း လွတ်လွတ် လပ်လပ် ထွက်လာသည့်နေ့ကျမှ တိုက်တိုက်ဆိုင်ဆိုင် အဖြစ်တွေနှင့် လာတိုးနေသည်။

တစ်ခုတော့ ကျွန်မ ကံကောင်းသွားပါသည်။ မောင့်ကိုခေါ်မလာ မိခဲ့သည့်အတွက်ပေါ့။

■ ■ ■



## အခန်း (၃)

နောက်တစ်နေ့ညနေမှာ ကျွန်မတို့မိသားစုသုံးယောက် နယ်မြို့ လေးဆီ ပြန်လာခဲ့ကြ၏။ မြို့ကို ရောက်တော့ မနက်စောစောပိုင်း။ ကိစ္စမရှိပါ။ ဒီတစ်နေ့လုံး ကျွန်မ အေးအေးဆေးဆေး နားလို့ရပါသေး သည်။

မနက်ဖြန်မှ ခွင့်ရက်စေ့မှာဖြစ်သည်။

တစ်နေ့လုံး အိမ်မှာသုံးယောက်သား အေးအေးလူလူ အနား ယူကြပြီး ညနေဘက်လောက်မှာ ကျွန်မ ဘေးအိမ်သို့ ထွက်ခဲ့လိုက်သည်။ ဘယ်သူမှမရှိသည့်အိမ်ကို စောင့်ကြည့်ပေးထားဖို့ အကူအညီတောင်းခဲ့ တာဆိုတော့ ရန်ကုန်ပြန်လက်ဆောင်လေးတွေနှင့် ကျေးဇူးတင်စကား သွားပြောရသေးသည်။

သူများအိမ်မှာ အကြာကြီးထိုင်ပြီး အလာပ သလာပ မပြော



www.burmeseclassic.com

www.burmeseclassic.com



တတ်သည့်အကျင့်အတိုင်း ဆယ့်ငါးမိနစ်လောက်နေတော့ ကျွန်မ ပြန်လာခဲ့လိုက်သည်။

"မမလေပြည် ပြန်ရောက်နေပြီလား"

ခြံထဲဝင်ခါနီး ခြေလှမ်းများ နောက်ဘက်မှ လှမ်းနှုတ်ဆက်သံကြောင့် တွန့်သွားသည်။ လှည့်ကြည့်လိုက်တော့ ဒေါက်တာဇော်ထိုက်။

"သြော် ဒေါက်တာဇော်ထိုက်ပါလား၊ တို့က မနက်ကပဲ ပြန်ရောက်တာလေ၊ မနက်ဖြန်တော့ ဆေးရုံပြန်ဆင်းမယ်"

"ဆေးရုံကလူတွေအတွက် ဘာလက်ဆောင်တွေ ပါလာခဲ့လဲ မမ"

"မမေ့ပါဘူးရှင် ပါလာပါတယ်၊ မနက်ဖြန်ကျ ယူခဲ့ပါ့မယ်"

ကျွန်မက ရယ်ရယ်မောမောနှင့်ပြောပြီး အိမ်ဘက်ကို မျက်နှာလှည့်လိုက်လျှင် ခြံဝနားမှာရပ်လျက် ကျွန်မရှိရာဆီ လှမ်းကြည့်နေသော မောင်နှင့်တည့်တည့်တိုး၏။

"ကျွန်တော်လည်း ဂျူတီပြီးလို့ ထွက်လာခဲ့တာလေ၊ ဒီနားက စာအုပ်ဆိုင်မှာ လိုချင်တာလေးတွေ ရှိလို့ လာရာတာ သွားဦးမယ်နော် မမ"

ဒေါက်တာဇော်ထိုက်က ယဉ်ကျေးပျူငှာစွာ ထွက်ခွာသွားသည်။ သူ့ကိုနှုတ်ဆက်ပြုံးပြလိုက်သော အပြုံးတို့က နှုတ်ခမ်းထက်မှာ မပြယ်သေးခင်ပင် မောင့်နားသို့ ကျွန်မ ရောက်သွား၏။

"အဲဒါ မင်းတို့ဆေးရုံက လူနာများအောင် လုပ်နေတယ်ဆိုတဲ့





ကောင် မဟုတ်လား"

မောင့်အသံက ခပ်မာမာ။ ဘာကိုများမကျေမနပ် ဖြစ်နေပြန်ပြီလဲ မသိ။

"ဟုတ်တယ်လေ မောင်ရဲ့၊ သူက အရွယ်လေးလည်းကောင်း သဘောကောင်း အပြောကောင်းဆိုတော့ မြို့က မိန်းကလေးတွေ သည်းသည်းလှုပ်နေတာပေါ့"

"ဟွန့် အဲဒီလိုမျိုး မိန်းမတွေသည်းသည်းလှုပ် ကြိုက်တယ်ဆိုတဲ့ ကောင်တွေအားလုံးက ယုံချင်စရာကိုမရှိတာ"

ရုတ်တရက်ဆိုသလို မောင့်ကို နားမလည်နိုင် ဖြစ်သွားရ၏။ ဒေါက်တာဇော်ထိုက်နဲ့ ဘာရန်ငြိုးမှလည်းမရှိပါဘဲ တမင်သက်သက်ကြီး တိုက်ခိုက်လိုက်သော စကားတွေမဟုတ်လား။

"မောင် ဘာဖြစ်လို့ အဲဒီလို ပြောတာတုန်း၊ ဒေါက်တာဇော်ထိုက်က မောင်နဲ့ဘယ်တုန်းက ဘာတွေများဖြစ်ဖူးထားလို့လဲ မောင်ရယ်"

အမှန်အတိုင်း ဝန်ခံရလျှင် ကျွန်မသည် မှန်ကန်သည်ဟုထင်လျှင် ကိုယ့်မိတ်ဆွေသူငယ်ချင်း လုပ်ဖော်ကိုင်ဖက်အပေါ်မှာ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် အထင်သေးအမြင်သေး ဖြစ်နေခြင်းတွေကို လက်မခံနိုင်သူမျိုး ဖြစ်သည်။

"ငါ ကြည့်လို့မရဘူး၊ မင်းတို့က လယ်ဗယ်တူတွေလည်း မဟုတ်ဘဲ သိပ်ရောရောနှောနှော ဆက်ဆံနေတာမျိုးကို ငါလက်မခံချင်ဘူး"

မောင့်လေသံတွေက မာကျောအေးစက်လျက် အပြစ်ရှာအပြစ်



www.burmeseclassic.com

www.burmeseclassic.com



ရှာ ရန်လုပ်နေသလို ခံစားလိုက်ရသည်။

ဟုတ်တယ် ဒါဟာ တကယ့်ကို ဘလိုင်းကြီးပါပဲ။ ကိုယ် သေချာ မသိသူတစ်ယောက်ကို စော်ကားလိုက်တယ်ဆိုတာထက် ကျွန်မကို စော်ကားသလို သိက္ခာချလိုက်သလို ပြောဆိုပုံမျိုးတွေကို မောင် မလုပ်သင့်ပါ။

ကျွန်မ မောင့်နားကနေ လှည့်ထွက်ခဲ့လိုက်သည်။ ကျွန်မရဲ့ ပေါက်ကွဲမှုအတိုင်းအတာကို မောင် သိမှာပါ။

"ဟေး လေပြည်သွေး မင်း အဲဒီနားမှာ ရပ်နေလိုက်နော်"

ကျွန်မ နည်းနည်းမှ ရပ်မနေပါ။ အိမ်ထဲရောက်သည်ထိ ဆက် လျှောက်သွားလိုက်သည်။ ဧည့်ခန်းမှာ တီဗွီကြည့်နေသော သမီးကိုကျော် လျက် အိပ်ခန်းထဲထိ မရပ်မနား တက်သွားလိုက်တော့ မောင်လည်း နောက်ကနေ ထပ်ချပ်မကွာ လိုက်ပါလာခဲ့၏။

"ရှင် ဘာအချိုးချိုးတာလဲ"

"ငါ့ကို နင် ဘယ်လိုလေသံနဲ့ ပြောနေတာလဲ"

"ရှင့်ကို ရန်မဖြစ်ချင်လို့ အေးအေးဆေးဆေး ပြောနေခဲ့တာ တွေ များပြီ။ ရှင်သဝန်တိုတာကို နားလည်ပါတယ်၊ ဒါပေမဲ့ တရားလွန် လာတာကိုတော့ လက်ခံမပေးနိုင်ဘူး"

"ဒြော် ပြောစမ်းပါဦး ငါဘယ်မှာများ တရားလွန်နေလို့လဲလို့ ကိုယ့်မိန်းမကိုယ် ဗီလောက်လေးတောင် မထိန်းသိမ်းရတော့ဘူးလား"

"ဘာပြောတယ် နင်က ငါ့ကိုထိန်းသိမ်းရအောင် ငါက ဘယ် နေရာမှာများ ဆိုးရွားလေလွင့်နေလို့လဲ"





"တောက် ဒီမိန်းမတော့ကွာ"

သူက ကျွန်မရှေ့တည့်တည့်တွင် ရပ်နေရာမှ လက်တစ်ဖက် မြောက်တက်သွားသည်။ ကျွန်မ အသားများပင် တဆတ်ဆတ်တုန်သွား လျက်

"နင်က ငါ့ကို ဘာလုပ်ချင်လို့လဲ၊ လုပ်ကြည့်လိုက်လေ၊ လုပ် ကြည့်လိုက်စမ်းပါ"

မျက်နှာကို သူ့ရှေ့တည့်တည့် ထိုးခံပေးပြီး ခြေကိုတစ်လှမ်းချင်း တိုးလာလျှင် သူလည်း နောက်သို့ တစ်လှမ်းချင်းဆုတ်သွားလိုက်တာ နံရံနှင့်ကျောအပ်မိသည်ထိ။

"မင်း လွန်မလာနဲ့နော် လေပြည်"

"ပြောကြည့်ပါဦး ကျွန်မက ဘာလွန်တယ်ဆိုတာလေး"

မောင့်ပခုံးနှစ်ဖက်ကို ကျွန်မလက်များဖြင့် ဆုပ်ကိုင်ထားလိုက် ပြီး နံရံမှ မခွာနိုင်အောင် အားကုန်ဖိထားလိုက်သည်။ ကျွန်မထက် ခေါင်းတစ်လုံးစာလောက်မြင့်နေသော မောင့်ကိုမှီစေရန် ခြေဖျားကို ထောက်လိုက်၏။ မောင့်မျက်နှာနှင့် ကျွန်မမျက်နှာ အလွန်နီးကပ်ကာ တစ်ယောက်မျက်လုံးများထဲကို တစ်ယောက်က ထိုးဖောက်ဝင်ရောက် တော့မတတ် ကျွန်မ တိုးကပ်သွားလိုက်သည်။

"ပြောလေ ကျွန်မ ဘာလွန်တာလဲလို့"

မောင့်နဖူးပြင်ကို အနမ်းတစ်ချက်ပေးလျက် မေးလိုက်သော ကျွန်မ လေသံမှာ ဒေါသတွေပျောက်ကွယ်နေကြပြီ၊ အသက်ရှူအောင့်ထား



www.burmeseclassic.com

www.burmeseclassic.com



ဟန်ရှိသော ခပ်တောင့်တောင့် ဖြစ်နေသည့် မောင့်ပုံစံဟာ ထိုအနမ်းကြောင့် ဖြေလျော့ကျသွားသည်။ ကျွန်မ လက်များကို ပခုံးနှစ်ဖက်အစား မောင့်လည်တိုင်ကို ဖက်တွယ်ထားစေလိုက်၏။

"မောင် သဝန်တိုတတ်တာ မိန်းမ သိသားနဲ့ကွာ"

ဟုတ်တယ်။ မောင် သဝန်တိုတတ်တာကို ကျွန်မ သိပ်သိတာပေါ့။ ဘယ်သူကမှ ကျွန်မလောက်သိမှာ မဟုတ်ပါဘူး။

"သဝန်တိုတယ်ဆိုတာ နည်းနည်းပဲဆိုရင်တော့ ချစ်ဖို့ကောင်းပါတယ် မောင်ရယ်၊ ဒါပေမဲ့ အားလုံးကိုလိုက်ပြီး ပတ်ရမ်းနေမယ်ဆိုရင်တော့ အဆင်မပြေဘူးပေါ့"

ဒီကနေ စာတမ်းတွေရေးတင်ပြီး ဟိုမှာ တစ်လကျော်လောက်သွားနေထိုင်ရင်း မာစတာဘွဲ့ယူလာခဲ့စဉ်တုန်းကလည်း ဒီအတိုင်းပါပဲ။ စာမေးပွဲချိန်ကလွဲရင် ကျန်အချိန်တော်တော်များများတွင် ဖုန်းကို ပိုက်ဆံမပေးရသည့်အလား အဆက်မပြတ်ခေါ်ကာ စကားတွေပြောနေတတ်သည်။ အကြောင်းပြချက်ကတော့ ရေခြားမြေခြားမှာ ကျွန်မ တစ်ယောက်တည်း အားငယ်နေမှာစိုးလို့တဲ့။

အင်းလေ တကယ်လည်း အဲဒီအချက်ပါချင် ပါမှာပေါ့။ ဒါပေမဲ့ မောင့်နောက်ကွယ်မှာ တခြားသူတွေနဲ့(အထူးသဖြင့် အမျိုးသားများ) မဆက်ဆံ မခင်မိအောင် မောင် အချိန်ပြည့်ဖုန်းဆက်ကာ စကားတွေပြောနေမှန်း ကျွန်မ သိပါသည်။

ပြော် မောင်ရယ် ကျွန်မကလေ မောင့်နားမှာရှိနေပြီး သမီး





လေးကိုလည်း သိပ်ချစ်တဲ့ ဇနီးကောင်းတစ်ယောက် မိခင်ကောင်းတစ်ယောက်အဖြစ်ပဲ တစ်သက်လုံး နေချင်ခဲ့တာပါ။

"မောင့်မိန်းမက ရှစ်နှစ်အရွယ် ကလေးတစ်ယောက်အမေမှန်းလုံးဝမသိရအောင်ကို သိပ်လှနေတယ်လေ၊ မောင် ဘယ်လိုမှ စိတ်မချဘူးကွာ၊ မောင့်ခံစားချက်ကို နားလည်ပေးပါနော်"

"ပြောပြီးသားပဲ မောင်ရယ်၊ ယုတ္တိရှိတယ်ဆိုရင် လက်ခံပေးပါ့မယ်လို့"

မောင် သက်ပြင်းကိုလေးတွဲစွာချသည်။ နောက်တော့ ကျွန်မခန္ဓာကိုယ်လေးကို လွတ်ထွက်သွားမှာစိုးသည့်အလား လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာ ဖက်လျက် ကျွန်မပခုံးပေါ်တွင် မေးတင်ရင်း စကားလေးတစ်ခွန်း တိုးတိုးဖွဖွ ရေရွတ်၏။

"မိန်းမရဲ့အချစ်ဦးက မောင်သာဆို သိပ်ကောင်းခဲ့မှာနော်"

"မောင်ရယ်"

ကျွန်မကို စော်ကားသည်ဟု မထင်ရက်တော့ပါ။ မောင်သည် ကျွန်မကို ချစ်လွန်းလို့ တစ်ဖက်စွန်းထိ ရောက်လောက်အောင် သဝန်တွေတိုလျက် ညဘက်အိပ်မပျော်လောက်သည်ထိ ရူးရူးမူးမူး ဖြစ်ခဲ့သူဖြစ်သည်။

အချစ်ဦးမဟုတ်ပေမယ့် မောင်ဟာ ကျွန်မဘဝရဲ့တစ်ဦးတည်းသော အချစ်ရဆုံး ပွဲကိုင်တစ်ယောက်ပါပဲ။ မောင့်ကိုလည်း ကျွန်မအသက်ထက်မက ချစ်မြတ်နိုးရပါတယ်ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံထဲသို့ ဝင်လိုက်သည်နှင့် ကျွန်မက အားလုံးကို ပြုံးရွှင်စွာ နှုတ်ဆက်လျက် လက်ထဲမှ မုန့်ထုပ်တွေကို မြှောက်ပြရွှင်မြူးနေသလောက် ကျွန်မကိုမြင်လိုက်သည့်သူအားလုံးရဲ့အမူအရာများကတော့ လေးပင်ထိုင်းမှိုင်းကာ တစ်ခုခုကြောင့် ဝမ်းနည်းနေကြသလိုလို။

"ဘာဖြစ်နေကြတာလဲ ထွေးငယ်"

အနားသို့ရောက်လာသော သူနာပြုဆရာမလေးကို ခပ်တိုးတိုးမေးလိုက်သည်။ သူလည်း မျက်နှာမသာယာကြသူများထဲမှာ တစ်ယောက်အပါအဝင်ပဲ မဟုတ်လား။

"ဟိုလေ မမကတော့ မကြားရလောက်သေးပါဘူး၊ ထွေးတို့လည်း ဒီသတင်းကို မနက်ဆေးရုံလာတော့မှ ကြားတာ"

"ဘာလဲ ဘာသတင်းလဲ ထွေးငယ်"

ထွေးငယ် ပုံစံက တကယ့်ကို ဝမ်းနည်းစရာ သတင်းစကားတစ်ခု ပြောတော့မည့်သူလို မှိုင်တွေနေ၏။ ခဏငြိမ်သက်နေပြီးမှ တစ်လုံးချင်းပြောသည်။

"မမအတွက် ပို့စ်တင်ကျလာပြီတဲ့"

"ဟင်"

ကျွန်မအတွက်လည်း တော်တော်အံ့သြစရာကောင်းသည့် သတင်းတစ်ခုပါပဲ။ ရုတ်တရက် အံ့သြမင်တက်သွားမိသည်ထိ ဖြစ်ရသည်။ ကျွန်မကိုယ်တိုင်လည်း ပြောင်းရွှေ့ခွင့်မတင်ထားပါဘဲ ဒီအမိန့်ကို အထက်က ချမှတ်လိုက်ခြင်းပါ။





"သေတော့ မသေချာသေးပါဘူး မမရယ်၊ ဟိုကပြော ဒီကပြောနဲ့ ပြန့်နေတာပါ"

"အေးလေ သေချာရင် မမကို ဆရာကြီး ခေါ်ပြောမှာပါ၊ ကောလဟာလလည်း ဖြစ်နိုင်တာပဲ"

ကိုယ်ကပင် ပြုံးပြုံးလေးနေလျက် ထွေးငယ်၏ပခုံးလေးကို ဖွဖွပုတ်ပြီး ပြန်လည်အားပေးခဲ့ရသေးသည်။ သို့သော် ထိုသတင်းသည် ကောလဟာလ မဟုတ်မှန်း နောက်ထပ်နာရီဝက်အကြာတွင် ကျွန်မအတည်ပြုခဲ့ရ၏။

"ဒေါက်တာရေ ကျွန်တော်လည်း ဒီပြောင်းမိန့်ကြောင့် စိတ်မကောင်းဖြစ်ရသူတွေထဲမှာ တစ်ယောက်အပါအဝင်ပါပဲ"

နေသားကျနေပြီးသား နေရာတစ်ခုကနေ နောက်ထပ်ဒေသသစ်တစ်ခုမှာ အခြေချဖို့ဆိုတာ ဟိုးအစကနေ ပြန်စရမှာမို့ ကျွန်မအတွက်လည်း စိန်ခေါ်မှုတစ်ရပ်ပါပဲ။ အမိန့်စာကို ကျွန်မလက်ထဲသို့ လှမ်းပေးရင်းပြောလိုက်သော ဆေးရုံအုပ်ကြီးစကားက ကျွန်မကိုလည်း ထပ်တူထပ်မျှ စိတ်မကောင်းဖြစ်စေပါသည်။

ကာလအပိုင်းအခြားတစ်ခုထိ အတူတကွ ချစ်ချစ်ခင်ခင်နေလာကြသည့် ကိုယ့်မိသားစုလို ဖြစ်နေကြပြီးမှ ခွဲခွာရမည်ဆိုတော့ ဘယ်သူမဆို အနည်းနဲ့အများတော့ ဝမ်းနည်းစိတ်မကောင်းဖြစ်မိကြမှာပါပဲ။

"ကျွန်မ နေရာဝင်မယ့် ဆာဂျင်က ဘယ်နေ့လောက် ရောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



လဲဆရာ''

''သူကတော့ နောက်ထပ် တစ်ပတ်လောက်နေမှ ရောက်မယ်လို့ လှမ်းအကြောင်းကြားထားတယ်၊ မန္တလေးကနေ ပြောင်းလာမှာလေ''

''ဟုတ်ကဲ့ ဒီလိုဆို သူမရောက်ခင်အတွင်း တာဝန်လွှဲပေးသွားလို့ရအောင် ကျွန်မ ပြင်ဆင်ထားလိုက်ပါ့မယ်''

''ကောင်းပါပြီ ဒေါက်တာ''

ဆေးရုံအုပ်အခန်းထဲက ထွက်ခွာလာခဲ့သော ကျွန်မ ခြေလှမ်းတွေမှ အားအင်မဲ့နေခဲ့သလိုလို။ ဒီသတင်းကို မောင်ကြားရင် ဘာများပြောဦးမလဲ မသိပါ။ အခု ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့်နေရာက မြို့ပြဒေသမဟုတ်။ သွားရေးလာရေး အနည်းငယ်ခက်ခဲသော တောင်တန်းဒေသနယ်ဆေးရုံလေးတစ်ခု ဖြစ်သည်။

ထိုဒေသလေးတွင် ခွဲစိတ်ဆရာဝန်လိုအပ်ချက်ကြောင့် ကျွန်မကို စေလွှတ်ခြင်း။ ရာထူးကတော့ ဒုဆေးရုံအုပ်။ သမီးရဲ့ပညာရေးနှင့် မောင့်လုပ်ငန်းများကြောင့် မိသားစုလိုက်ပြောင်းရွှေ့ဖို့ကတော့ ခက်ခဲပါလိမ့်မည်။

သက်ပြင်းသဲ့သဲ့လေးတစ်ခု ချလိုက်မိပါသည်။

■ ■ ■

''ဘာပြောတယ်၊ မင်း အဲဒီဘာလမ်းပန်းဆက်သွယ်ရေးမှ မကောင်းတဲ့မြို့ကို ရာထူးတိုးပြောင်းမိန့်ကျတယ် ဟုတ်လား''

ကျွန်မ ထင်ထားသည့်အတိုင်းပင် မောင် တအံ့တဩ အော်





ဟစ်လိုက်၏။

''မိန်းမလည်း လုံးဝထင်မထားဘူး မောင်ရယ်''

''မင်းအလုပ်ထွက်လိုက်တော့ကွာ''

''အို မောင်ကလည်း မဖြစ်နိုင်တာ၊ ဆရာဝန်အလုပ်ကို သိပ်နှစ်သက်လွန်းလို့ မိန်းမ ဘယ်လောက်တောင် ကြိုးစားခဲ့လဲ မောင်သိရဲ့သားနဲ့၊ အလုပ်ထွက်ရမယ်ဆိုတာ မဟုတ်သေးပါဘူး''

''ဒီလိုဆို မင်းက အဲဒီ ဘာမှမဖွံ့ဖြိုးသေးတဲ့ဒေသကို သွားပြီးဆေးကုမယ်ပေါ့''

''မဖွံ့ဖြိုးသေးတဲ့ဒေသကလူတွေက သနားစရာပါ မောင်ရယ်၊ ဘယ်ဒေသကိုမဆို သွားရောက်. တာဝန်ထမ်းဆောင်နိုင်ပါတယ်ဆိုပြီး တော့လည်း ကတိပြုခဲ့ကြရတာလေ''

''ဒီကထွက်ပြီး အပြင်ဆေးရုံတွေမှာ မင်းထိုင်လို့ရပါတယ်ကွာ။ ပွင့်ပွင့်လင်းလင်း ပြောရရင် ဒီမှာထက် အဆပေါင်းများစွာ မင်းငွေတွေ တောင် ဝင်လာဦးမှာ''

မောင်ကတော့ စီးပွားရေးသမားပီပီ စီးပွားတွက်တွက်ဖြစ်၏။ ကျွန်မက ခေါင်းကိုဖြည်းညင်းစွာ ခါရမ်းလိုက်သည်။

''မဟုတ်သေးဘူး မောင်၊ မိန်းမကိုယ်တိုင်ကိုက အဲဒီလို ဒေသက လူတွေကို လိုက်ကုသပေးချင်ခဲ့တာ၊ မောင်ပြောသလို အပြင်ပုဂ္ဂလိကဆေးရုံတွေမှာထိုင်ရင် ငွေတွေတော့ တောက်တောက်လဲ ဝင်မှာပေါ့။ ဒါပေမဲ့ ဖိအားတွေအောက်မှာ အလုပ်လုပ်ရမှာ၊ မိန်းမက ဆေးကုတဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကို စိတ်ကြည်ကြည်နူးနူးနဲ့လုပ်ပြီး ပီတိကိုစားချင်တာ''

မောင် ဘာမှပြန်မပြောတော့ဘဲ သမီးဘေးမှ ကုလားထိုင်တွင် သွားထိုင်သည်။ သမီးကတော့ ကျွန်မတို့နှစ်ယောက် အချေအတင် ဖြစ်နေကြသည်များကို မျက်လုံးလေးအဝိုင်းသားနှင့် နားထောင်နေခဲ့၏။

''ဒီလိုသာဆို မောင်တို့တွေ ဘယ်အချိန်ထိ ခွဲနေကြရမှာလဲ''

မောင့်အသံမှာ ဆွေးမြေ့ရိပ်တွေ အလုံးအရင်း နေရာယူထား၏။ ကျွန်မသည် မောင့်ကို ဖက်ငိုလိုက်ချင်သောစိတ်အား ထိန်းချုပ်ရင်း တံတွေးကို တစ်ချက်မြိုချလိုက်၏။

''မကြာပါဘူး မောင်ရဲ့၊ ဒီမှာတောင် နှစ်နှစ်ကျော်လောက်ပဲ နေခဲ့ရတာပဲ၊ အဲဒီမှာလည်း ကြာမယ် မထင်ပါဘူး''

ဒီအချိန်မှာ အကောင်းဆုံးက မောင့်ကိုနှစ်သိမ့်အားပေးတာပါပဲ။ မောင့်ကိုနှစ်သိမ့်အားပေးခြင်းဟာ သမီးကိုလည်း နှစ်သိမ့်ရာရောက်စေတာပဲ မဟုတ်လား။

''ဒီလိုဆို သမီးတို့က တခြားတစ်နေရာကို ထပ်သွားနေဦးမှာလား မေကြီး၊ သမီး ကျောင်းပါထပ်ပြောင်းရမှာပေါ့နော်''

''သမီး ကျောင်းတော့ပြောင်းရမယ်၊ ဒါပေမဲ့ မေကြီးနဲ့တော့ ခဏတဖြုတ် တူတူနေလို့ မရတော့ဘူး။ ရန်ကုန်အိမ်မှာ ဘွားဘွားတို့ ဘိုးဘိုးတို့ ဖေဖေတို့နဲ့ ပြန်သွားနေပြီး ရန်ကုန်မှာပဲ ကျောင်းပြန်တက်ရမှာလေ၊ ငါ့သမီးက ရန်ကုန်ကျောင်းမှာတက်ရတာကို ပိုပျော်တာ မဟုတ်ဘူးလား''





သမီး ဘာမှပြန်မဖြေပါ။ သားအဖနှစ်ယောက်လုံး နှုတ်ဆိတ်လျက် ထိုင်နေကြတာကို ကျွန်မ ဘယ်လိုအင်အားနဲ့မှ ဆက်မကြည့်နိုင်တော့သောကြောင့် စောစောစီးစီးပင် အိပ်ရာထဲ ဝင်ခွေနေလိုက်သည်။

မောင်တို့နဲ့ခွဲရမှာကို ကျွန်မ နှလုံးသားက ဘယ်လိုမှခံနိုင်ရည်မရှိပေမယ့် ကျွန်မကပါ ငိုပြနေလျှင် သမီးလေးဆိုလည်း ပိုဆိုးသွားဖို့ပဲရှိသည်။

ခဏနေတော့ ကျွန်မ နံဘေးသို့ မောင်ရောက်လာပါသည်။ တစ်ဖက်သို့စောင်းအိပ်နေသော ကျွန်မ ပခုံးစွန်းလေးကို နောက်ကနေ သိုင်းဖက်ထားပေး၏။ အဲဒီနွေးထွေးမှုလေးနှင့် ကျွန်မ အခိုက်အတန့်တော့ ခွဲခွာရပါလိမ့်မည်။

''သမီးရော မောင်''

''ခုပဲ မောင် သိပ်ခဲ့ပါပြီ''

ပြောစရာ စကား ကုန်ခမ်းနေသူလို ကျွန်မ နှုတ်တို့ဆွံ့အနေမိ၏။ ဒီတိုင်းဖြန့်ချထားသော ကျွန်မ ဆံပင်ရှည်များကို မောင်က ထိသည်ဆိုရုံလေး နမ်းရှိုက်လိုက်ရင်း

''အဲဒီကို မောင်ကိုယ်တိုင် လိုက်ပို့မယ်နော်''

မောင်နဲ့ဝေးရမှာမို့ ရင်ထဲမှာ ကျယ်ကျယ်လောင်လောင် ငိုကြွေးနေမိတာတွေကို ဒီအတိုင်း ရင်ထဲမှာပဲထားလိုက်ပါသည်။

ခဏတာလေး ဝေးကြတာပါကွယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့က ကျွန်မရဲ့ဆေးရုံက နောက်ဆုံးအလုပ်ဆင်းသောနေ့။ စာရင်းအင်းကိစ္စတွေ အပြတ်ရှင်းလင်းကာ တခြားလိုအပ်သည့်ကိစ္စများကို ဒေါက်တာကိုလွင်တို့နှင့် မှာခဲ့ပြောခဲ့ရှင်းလင်းခဲ့သည်။ ကျွန်မကို နှုတ်ဆက်လက်ဆောင်အနေနှင့် ဆေးရုံမှဝန်ထမ်းများစုကာ လက်ဆောင်တစ်ခု ဝယ်ပေးကြသည်။ ပါကင်ပေပါ အပြာရင့်ရောင်လေးနှင့် ထုပ်ပိုးထားသော လေးထောင့်ဘူးလေးတစ်ခု။

အထဲမှာက နာမည်ကြီးတံဆိပ်နှင့် မိန်းမပတ်နာရီ ရွှေရောင်လေးဖြစ်သည်။

"လှလိုက်တာ အားလုံးရဲ့ စေတနာကိုလည်း ကျေးဇူးတင်ပါတယ်"

"မမကမှ ဒီဆေးရုံလေးအပေါ်မှာ တကယ့်ကို စစ်မှန်တဲ့ စေတနာတွေ ထားခဲ့တာပါ၊ ဒီလက်ဆောင်လေးနဲ့ ဖော်ပြရတာက မလုံလောက်နိုင်ပါဘူး"

ထွေးယဉ်က ကျွန်မလက်နှစ်ဖက်ကို ဆုပ်ကိုင်ပြီး လှိုက်လှိုက်လှဲလှဲ ပြောသည်။ ခင်မင်ပြီးသား ဒီလူတွေနဲ့ ဒီဆေးရုံလေးကို ခွဲခွာသွားရမှာ ကျွန်မရင်ထဲ တကယ်မကောင်း။ သို့သော် နိုင်ငံ့ဝန်ထမ်းဆိုတာ ဒီလိုပါပဲ။ ကျရာနေရာမှာ တာဝန်ထမ်းဆောင်ရမှာပဲလေ။

"မမလေပြည် ခဏလေးနော်"

လေးပင်သော ခြေလှမ်းများဖြင့် ဆေးရုံကော်ရစ်ဒါအတိုင်း လျှောက်လာနေမိသော ကျွန်မနောက်ကနေ အပြေးလေးလိုက်လာသည်





ဒေါက်တာဇော်ထိုက်။

"ဘာဖြစ်လို့လဲ ဒေါက်တာ"

"ကျွန်တော် မမလေပြည်အတွက် သီးသန့်ဝယ်ထားတဲ့ လက်ဆောင်ပါ၊ လက်ခံပါနော်"

စက္ကူအိတ် အထုပ်တစ်ထုပ်။

"ဘာတွေလဲ တမင်သက်သက် ,ပိုက်ဆံအပိုကုန်အောင်လို့ကွယ်"

"မမ အခုတာဝန်ကျတဲ့မြို့လေးက တော်တော်အေးတယ်လို့ ကြားတာနဲ့ သားမွှေးကုတ်အင်္ကျီလေးတစ်ထည် ဝယ်လာခဲ့တာပါ၊ ဒီလောက်နဲ့တော့ အပန်းမကြီးပါဘူးဗျာ၊ မမက ကျွန်တော်တို့ကို သင်ပေးသွားခဲ့တာတွေ အများကြီးပါ"

ဒေါက်တာဇော်ထိုက်လက်ထဲမှ အထုပ်ကိုလှမ်းယူလိုက်ရင်း ကျွန်မခေါင်းထဲကို အတွေးတစ်ခုက ဝင်ရောက်လာခဲ့လျက် ပြုံးရယ်လိုက်မိသည်။

မောင်သာ ဒီလက်ဆောင်အကြောင်း မေးလာခဲ့ရင် အချေအတင်မဟုတ်တောင် တစ်ခွန်းထက်ပိုသောစကားမျိုးတွေ ပြောရတော့မှာ ကျိန်းသေ၏။

"မင်းကိုဆေးရုံက ဘာလက်ဆောင်တွေပေးလိုက်တာတုန်း"

"နာရီလေးပါ မောင်ရဲ့၊ မိန်းမလိုချင်တဲ့ပုံလေးပဲ တစ်ထပ်တည်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို လက်ထဲက အထုပ်ကရော"

"အင်း ဒါကတော့ မောင် သဘောကျမယ်မထင်ဘူး"

မောင့်မျက်ခုံးတွေ နားခေါင်းထိပ်မှာ စုကျုံ့လျက် ကျွန်မကို စူးစူးရဲရဲ ကြည့်သည်။

"ဒါက ဒေါက်တာဖော်ထိုက် ပေးလိုက်တဲ့ သားမွေးအနွေးထည်ပါ"

"မင်းကို သူတစ်ယောက်တည်းက သီးသန့်ပေးတာလား"

"အင်း"

မောင့်မျက်နှာ တစ်ဖက်သို့လှည့်သွားသည်။ ကျွန်မသည် လက်ထဲမှ အထုပ်များကို စားပွဲပေါ်သို့ တင်လျက် မောင့်ခါးကို သိုင်းဖက်လိုက်၏။

"မောင်ရယ် ဖော်ထိုက်က မိန်းမရဲ့တပည့်လေးပါ၊ မောင်က အဲဒီလိုကြီး လိုက်ပြီးသဝန်တိုနေတာတော့ မကောင်းဘူးပေါ့"

"အခု ငါက ဘာပြောနေလို့လဲ"

"မောင့်ပါးစပ်က ဘာမှမပြောပေမယ့် မောင့်မျက်နှာကြီးက အဲဒီလိုကြီး စူပုပ်နေတော့ ဒီက မောင့် မိန်းမလေးက ဘယ်လိုနေရမှန်း မသိဘူးပေါ့လို့"

ကျွန်မက ခပ်ချွဲချွဲလေး ပြောလိုက်သည်။ မောင့်မျက်နှာက ပြုံးချင်လျက် ဆက်တည်ထားရဆဲဆဲ မျက်နှာပေးမျိုး ပြုံးစိစိ။

"လွှတ်စမ်း ကလေးကလားနဲ့ မာမီတို့တွေ့သွားရင် မကောင်းဘူး"

"ဩော် ဟုတ်သား မေ့သွားလို့ပါကွယ်"

ကျွန်မက လျှာလေးတစ်လစ်ထုတ် ဖက်လေးပုပြလျက် မောင့်ကို ဖက်ထားသော လက်များကိုဖြည်ချပေးလိုက်၏။

မောင့်မာမီတို့ မနေ့ကပဲ ရောက်လာကာ သမီးကို ရန်ကုန် အပြန်ခေါ်သွားကြမည်ဖြစ်သည်။ မောင်ကတော့ ကျွန်မနှင့်အတူ နေခဲ့လျက် တာဝန်ကျရာ နေရာထိ လိုက်ပို့ပေးဦးမှာ။

"မိန်းမတို့သမီးလေးကိုပါ ခေါ်ပြီး ညကျရင် ဘုရားတက် လမ်းလျှောက်ထွက်ရအောင်နော် မောင်"

"အင်း ကောင်းသားပဲ၊ ထမင်းစားပြီးရင် သွားကြတာပေါ့"

သမီးလေးရယ် မောင်ရယ်နှင့် အချိန်အတိုင်းအတာတစ်ခုထိ ခွဲခွာနေရမယ့်အတွက် ကျွန်မမှာ သူတို့နှစ်ဦးနှင့်ပတ်သက်ပြီး ပျော်ရွှင်ကြည်နူးဖွယ်ရာလေးတွေသာ ဖန်တီးသွားချင်ခဲ့သည်။

ကျွန်မတို့အိမ်နှင့်ဘုရားက ဆယ့်ငါးမိနစ်လောက် လမ်းလျှောက်လိုက်ရင် ရောက်နိုင်သော နေရာ၌ဖြစ်၏။ သမီးကို အလယ်ကထားပြီး ဘေးတစ်ဖက်စီကနေ ကျွန်မနှင့်မောင်က သမီးလက်လေးကိုတွဲပြီး အေးအေးဆေးဆေး လမ်းလျှောက်ဖြစ်သည်။

ရွှေရောင်ပြိုးပြက်လက်ကာ သပ္ပါယ်လှန်းသည့် စေတီကို ဖူးမြော်လိုက်ပြီး စောင်းတန်းတစ်ခုမှာ ထိုင်ဖြစ်ကြသည်။ သမီးကတော့ ရင်ပြင်တော်ပေါ်မှာ တစ်ကိုယ်တည်း ပြေးလွှားဆော့ကစားနေ၏။







www.burmeseclassic.com

www.burmeseclassic.com



"မိန်းမကို မောင်ပြောစရာရှိတယ်"

"ပြောလေ မောင်ရဲ့"

"ရန်ကုန်ကို မိန်းမလိုက်လာတုန်းက မောင့်သူငယ်ချင်းတစ်ယောက်နဲ့ချိန်းထားတယ်ဆိုပြီး မောင် အပြင်သွားခဲ့တယ်နော်"

"မှတ်မိတာပေါ့၊ ညကျ ဘီယာမူးပြီးတောင် ပြန်လာသေးတာပဲဟာ"

"အဲဒီနေ့က တွေ့ခဲ့တဲ့ သူငယ်ချင်းက ညည်းဦးမောင်ပဲ"

"ဘာ"

ကျွန်မ ဆတ်ခနဲ မတ်တတ်ထရပ်မိတော့မတတ် ဖြစ်သွားရပြီးမှ ကိုယ့်အခြေအနေကိုယ် ပြန်ထိန်းလိုက်၏။ သြော် ဒါကြောင့်လည်း ထိုတစ်ညတုန်းက မောင့်ပါးစပ်ကနေ ဒီသူငယ်ချင်းက မင်းနဲ့တောင် ပိုရင်းနှီးသေးတယ်လို့ ပြောခဲ့တာကိုး။

"မောင် ဘာဖြစ်လို့ သူနဲ့သွားတွေ့ခဲ့တာလဲ"

"ရန်ကုန်ကို သူ ပြန်ရောက်နေတာ သိပ်မကြာသေးဘူး၊ နိုင်ငံခြားမှာပဲ ကျောင်းပြီးအောင် ဆက်တက်ပြီး အခု ဒီမှာ ပို့စ်တင်ပြန်လာဝင်တာတဲ့လေ၊ မောင့်ကိုတွေ့ချင်တယ်လို့ တခြားသူငယ်ချင်းတွေကတစ်ဆင့် ပြောနိုင်းခဲ့လို့ပါ"

မောင်သည် တခြားမည်သည့်ယောကျ်ားနှင့်မဆို ကျွန်မကိုရဲ့ရွံ့စွာ သဝန်တိုတတ်သော်လည်း သူနှင့်တော့ ဘယ်သောအခါမှ ပါးစပ်က ထုတ်ပြောပြီး သဝန်တိုလေ့မရှိခဲ့ပါ။ ဘာကြောင့်လဲဆိုတော့





"မင်းကို သူက ချစ်နေတုန်းပဲလို့ မောင် ထင်တယ်"

"ကျွတ် မောင် ဘာတွေသာပြောနေတာလဲ၊ သူ့ဟာသူ ချစ်ချစ်မချစ်ချစ် မိန်းမနဲ့မဆိုင်ဘူးလေ၊ သူလည်း အိမ်ထောင်သည် မိန်းမမှာလည်း မောင်ရယ် သမီးလေးရယ်နဲ့ ပြည့်စုံနေခဲ့ပြီပဲ"

"သူက မင်းရဲ့အချစ်ဦး ဖြစ်ခဲ့တာ မဟုတ်လား"

"မောင်ရာ ဘာဖြစ်လို့ အဲဒီကိစ္စကိုပဲ အမြဲတမ်း ခြေဦးလှည့်နေခဲ့တာလဲ"

"မောင်က မိန်းမရဲ့အချစ်ဦးဖြစ်ချင်ခဲ့တာလေ၊ ဘယ်တော့မှလည်း ပြန်မဖြစ်နိုင်တော့တဲ့ အဲဒီလိုအရာကို သူက ပိုင်ဆိုင်ခွင့် ထာဝရရနေတာမဟုတ်လား"

ကျွန်မ စိတ်ညစ်ညူးစွာဖြင့် မောင့်မျက်နှာကို ခပ်စူးစူးလေးကြည့်မိသည်။

"ဒီမှာ မောင်၊ ခုလက်ရှိ အချိန်မှာ ကျွန်မက မောင့်ရဲ့တရားဝင်ဇနီးမယားတစ်ယောက်၊ မောင့်ကိုပဲ ချစ်ခင်တွယ်တာမိတဲ့ မိန်းမတစ်ယောက်၊ အဲဒီအဖြစ်ကို မောင်က ဂရုမစိုက်ဘဲ မောင့်တစ်ယူသန်အစွဲတစ်ခုနဲ့ ဘာမှမဟုတ်တဲ့ကိစ္စတစ်ခုကိုပဲ ထပ်ခါထပ်ခါ ပြောနေမယ်ဆိုရင်တော့ မိန်းမ တကယ်စိတ်ဆိုးမိတော့မယ်"

"ဆောရီးပဲကွာ၊ မောင် ဒီစကားတွေ မပြောသင့်ဘူး"

"တကယ်ဆို အဲဒီလူကိုတောင် မောင် သွားမတွေ့ခဲ့သင့်ဘူး"

"ကဲပါလေ မောင်တို့ အလွမ်းသယ်ကြရအောင်ပါ၊ ဒီစကားတွေ



www.burmeseclassic.com

www.burmeseclassic.com



မပြောတော့ဘူးနော်''

မောင်က ချက်ချင်းပဲ မျက်နှာကို ပြုံးရယ်ပစ်လိုက်လျက် ကျွန်မ ပခုံးလေးကို ဖက်လိုက်သည်။

''အောင်မာ ရှင်က ဟိုထိလိုက်ပို့မယ့်လူလေ၊ အလွမ်းသယ်ရမှာ ကျွန်မ သမီးလေးကိုရှင့်''

ကျွန်မက မောင့်လက်ထဲမှ ရုန်းထွက်ကာ တစ်ယောက်တည်း ဆော့ကစားနေသော သမီးနားသို့ ထထွက်လျက် ခတ်ပုံလေးတွေ အတူ ရိုက်ဖြစ်သည်။

ကျွန်မ အမြဲတမ်း စိတ်ကူးယဉ်ခဲ့ရတာ ဒီမိသားစုလေး အတူတကွ ရှိနေခွင့်ရဖို့ပါပဲ။

■ ■ ■

## အခန်း (၄)

ဆေးရုံမှာ ကျွန်မနေရာအစားဝင်မည့် ဒေါက်တာကျော်သူ မနေ့ကပဲ အလုပ်စဆင်းသည်။ မနက်ပိုင်းမှာ ဆေးရုံသို့သွားပြီး တာဝန်လွှဲပြောင်းပေးခဲ့ကာ နေ့လယ်မှာတော့ သမီးလေးနှင့် မောင့်မာမိတို့ကို အဝေးပြေးကားဝင်းထိ လိုက်ပို့ဖြစ်သည်။

''သမီး ဘွားဘွားတွေစကား နားထောင်ရမယ်နော်၊ မေကြီးလည်း ပိတ်ရက်ရရင် ချက်ချင်းပြန်လာခဲ့မယ် သိလား''

သမီးသည် မထုံတက်တေး မျက်နှာလေးနှင့် ကျွန်မကို ငေးစိုက်ကြည့်နေသည်။ ကျွန်မကတော့ ငိုချင်နေသည့်စိတ်ကို မနည်းထိန်းသိမ်းထားရ၏။ သမီးက တစ်ခါတလေ လူကြီးလေးတစ်ယောက်လိုပါပဲ၊ ကျွန်မတို့ထက်တောင် တည်တည်ငြိမ်ငြိမ် နေနိုင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားလေး မျက်စိရှေ့မှ ပျောက်ကွယ်သွားသည်ထိ ကျွန်မ ငေးမောကြည့်နေမိသည်။

"ပြန်ရအောင် လေပြည်ရေ၊ မောင်တို့လည်း အထုပ်အပိုးတွေ ပြင်ဆင်ရဦးမှာ"

မနက်ဖြန် မနက်ကားနှင့်သွားရမည့် မြို့လေးဆီကို ကျွန်မ စိတ်တွေ ချက်ချင်းပြေးလွှားသွား၏။ အေးချမ်းသော မြို့ငယ်လေးတစ်မြို့ပါပဲ။ ဒီအညာမြို့လေးလို ပူပြင်းခြောက်သွေ့ခြင်းတွေကနေ ကင်းဝေးလျက် အေးအေးချမ်းချမ်းနှင့် ရာသီဥတုကောင်းမွန်သော မြို့လေးဖြစ်သည်။

ဖွင့်လှစ်လိုက်တာ မကြာသေးတာ ဆေးရုံသစ်တွင် တာဝန်ထမ်းဆောင်ရမည့်အတွက် ကျွန်မစိတ်တွေကိုလည်း ကြိုတင်ပြင်ဆင်ထားလိုက်၏။ ဒေသသစ်ကို စတင်ခြေချမည့်အချိန်တွင် ဘေးနားမှာ မောင် ပါဝင်နေမည့်အတွက်တော့ ကျွန်မ အားရှိရပါသည်။

နောက်တစ်နေ့မနက် ကားပေါ်မှာ နေရာယူပြီးတာနှင့် ကျွန်မ စိတ်တို့ကို ရွှင်ရွှင်လန်းလန်းပဲ ထားလိုက်သည်။ နာရီပေါင်းများစွာ စီးနင်းရမည့် ကားပေါ်မှာ ဖတ်ရှုရန် စာအုပ်တစ်အုပ်ကို အဆင်သင့်ထည့်လာခဲ့သည်မို့ ကျွန်မရဲ့အချိန်တွေကို ချုံ့နိုင်ပါလိမ့်မည်။

ခရီးအတူတူထွက်တိုင်း ဘေးနားမှာ အိပ်ပျော်ပြီး ပါလာသည့် မောင့်ကိုလည်း အနှောင့်အယှက် မဖြစ်စေတော့ဘူးပေါ့။

ကင်ဆာရောဂါဝေဒနာနှင့် ပတ်သက်သည့်စာအုပ်တစ်အုပ် ပြီး





ဆုံးသွားချိန်မှာတော့ ကျွန်မတို့ စီးလာသော အဲကွန်းကားကြီးဆီကနေ ဖယ်ခွာလျက် ဘီအမ်ယာဉ်လေးကို ပြောင်းစီးရ၏။ စကောထဲထည့်လှိမ့်ထားသော ဖီးဖြူသီးတွေလို ကားက ဆောင့်လိုက်လိမ့်လိုက် ကွေ့ကောက်သွားလိုက်ဖြစ်နေသည်မို့ မောင့်မျက်နှာက ညှိုးနွမ်းနေသည်။

"မောင် စိတ်ညစ်နေပြီလား"

"ငါ့မိန်းမတော့ ပင်ပန်းရပြီလို့ တွေးနေတာပါ"

"ဘယ်တတ်နိုင်မလဲနော်၊ ဒီမြို့လေးကို ဒီနည်းနဲ့မှ ရောက်မယ်ဆိုတော့လည်း သူများတွေတောင် စီးနိုင်သေးတာ မိန်းမက ဘာလို့ မစီးနိုင်ရမှာလဲ"

"သူများတွေက သွားနေလာနေကျမို့ ဖြစ်မှာပေါ့၊ မောင့်မိန်းမက ဒါမျိုးတွေမှ မကြုံဖူးတာကို"

"အကဲမပိုပါနဲ့ရှင်"

ကျွန်မက မျက်စောင်းလေးရွယ်လျက် ပြောမိသည်။ တကယ်တော့လည်း ခရီးလမ်းက အတော်ကြမ်းတမ်းသည်မို့ ဗိုက်ထဲက အစာတွေတောင် ပြန်အန်ထွက်တော့မတတ်ပါ။ ထိုလမ်းကို သုံးနာရီလောက် ဖြတ်သန်းပြီးသည့်နောက်မှာတော့ ကျွန်မတို့ဆင်းရမည့် ကားရပ်နားစခန်းတစ်ခုကို ရောက်ရှိသည်။

အဲဒီကနေ လှမ်းကြည့်ရင် ကျွန်မ တာဝန်ကျသည့်မြို့လေးကို ခပ်လှမ်းလှမ်းမှာ မြင်နေရပြီ ဖြစ်သည်။ ညမှောင်မှောင်မှာမို့ ပတ်ပန်းကျင်မြင်ကွင်းတွေကို သဲသဲကွဲကွဲ မမြင်ရသော်လည်း သစ်ပင်အုပ်တွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



သာသာယာယာရှိသော မြို့လေးဆိုတာတော့ ကျွန်မ ခန့်မှန်းကြည့်လို့ရပါသည်။

"မောင်ရေ ထတော့၊ ဟိုမှာ မြို့ကို လှမ်းမြင်နေရပြီ"

ပခုံးကို ကျွန်မ ကိုင်လှုပ်နှိုးတော့မှ မောင်က အိပ်ချင်မူးတူးပုံနှင့် ပြတင်းပေါက်အပြင်ကို လှမ်းမျှော်ကြည့်သည်။

"ဘယ်နှနာရီလဲ"

"ဆယ်နာရီထိုးနေပြီ မောင်"

"ဒီလိုဆို ငါတို့နေဖို့က ဘယ်လိုလုပ်မှာလဲ"

"တာဝန်ခံဆရာလေးကို မိန်းမ ဖုန်းဆက်ထားပါတယ်"

ဒီမြို့လေးမှာတော့ ကျွန်မတစ်ယောက်ဟည်း နေရမှာမို့ ဝန်ထမ်းအိမ်ရာမှာသာ နေထိုင်မည့်အကြောင်း သတင်းပို့ထားခဲ့ပြီး ဖြစ်သည်။ ကားစိုက်မည့်အချိန်ကိုလည်း ခန့်မှန်းခြေနှင့်တွက်ချက်ပြီး ဖုန်းဆက်ခဲ့ပြီးပြီမို့ သူတို့ဘက်ကလည်း တစ်ခုခုတော့ စီစဉ်ထားမှာပါ။

"ဆေးရုံက ဒီမြို့အဝင်နားမှာပဲ မောင်ရဲ့၊ ဝန်ထမ်းအိမ်ရာနဲ့ဆေးရုံက လမ်းမကြီးအတိုင်း တည့်တည့်သွားလိုက်ရင် ရောက်တယ်တဲ့"

ခရီးဆောင်သေတ္တာများကို ဘေးတွင်ချလိုက်ပြီး ကျွန်မက မောင့်ကိုပြောပြသည်။ ကားရပ်နားစခန်းကတော့ သူ့ဆီဆိုက်ရောက်လာသည့် ကားများထဲမှ ဆင်းလာသော ခရီးသည်များဖြင့် ပြည့်နှက်ကာ စည်စည်ကားကားပါပဲ။

"ဒေါက်တာလေပြည်သွေးလား မသိဘူး"





ရည်မွန်သော အမျိုးသားတစ်ယောက်က ကျွန်မကို လာရောက်မေးမြန်းသည်။

"ဟုတ်ပါတယ် မောင်လေးကို ဆေးရုံက လွှတ်လိုက်တာလား"

"ဟုတ်တယ်ဗျ၊ ဒေါက်တာ ပါလာမယ့်ကားကို ကျွန်တော်လာစောင့်နေတာပါ၊ အိမ်ကိုလိုက်ပို့ပေးဖို့လေ"

"ကျေးဇူးတင်ပါတယ်ကွယ်၊ တို့ကလည်း ခုပဲ ဒီနားကလူတွေကို မေးမြန်းပြီး လာတော့မလို့ပါ"

"ကျွန်တော့်ကို ဆရာကြီးက တာဝန်ပေးထားတာပါ၊ မမကို ဖုန်းထဲမှာတောင် ပြောပြထားတယ်လို့ ထင်နေတာလေ"

"တို့ကို မပြောပြထားပါဘူး၊ ရပါတယ် ဘယ်လိုပဲဖြစ်ဖြစ် အခုအဆင်ပြေသွားပြီပဲ"

"ဟုတ် ဒါနဲ့ တွေ့ရတာ ဝမ်းသာပါတယ်နော်၊ ကျွန်တော်က ဒေါက်တာလင်းအောင်ပါ"

"ကောင်းပါပြီကွယ်"

ကျွန်မ အထုပ်တစ်ထုပ်ကို တားမြစ်နေသည့်ကြားက သူပါဝင်ကူဆွဲပေးသည်။ ဒေါက်တာလင်းအောင်က ဆိုင်ကယ်နှင့်လာခဲ့ခြင်းဖြစ်သည်။ ဆေးရုံမှ အလုပ်သမားလေးတစ်ယောက်က နောက်ထပ်ဆိုင်ကယ်တစ်စီးနှင့်၊ ကျွန်မနှင့်အတူ အမျိုးသားပါလာမည်ဆိုတာကြိုတင်အကြောင်းကြားထားသည်မို့ ဝန်ထမ်းအိမ်ရာသို့ အသွားကတော့အဆင်ပြေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင်မှပဲ ဒေါက်တာလင်းအောင်နောက်မှ ထိုင်လိုက်လာသော ကျွန်မကို ဟိုဘက်ဆိုင်ကယ်ပေါ်ကနေ မကြည်ကြည့်နှင့် လှမ်းကြည့် နေခဲ့သော မောင့်ကြောင့် ကျွန်မမှာ လက်သီးလေးဆုပ် နှုတ်ခမ်းလေးကိုက် ပြလိုက်ရသေးသည်။

မောင်ဟာလေ သဝန်တိုစရာမရှိ ကြံဖန်တိုနေပြန်ပါပြီ။

အိမ်ကလေးတွေက ပျဉ်ထောင်သွပ်မိုးအိမ်လေးများ ဖြစ်၏။ အိမ်ခန်းလေးက အတော်သင့် ကျယ်ဝန်းကာ အိပ်ခန်းနှစ်ခန်းဖွဲ့ပြီးသား ပါဝင်တာမို့ အဆင်ပြေလှသည်။ မိသားစုလိုက်နေထိုင်လို့ အဆင်ပြေအောင် စီမံပေးထားခြင်းပါပဲ။ တစ်ယောက်တည်းနေမည့် ကျွန်မအတွက်တော့ ကျယ်ဝန်းနေသည့် အိမ်ခန်းတစ်ခုပါ။

"အိမ်လေးက ကျယ်သားပဲနော်"

"ဟုတ်တယ်နော် မောင်၊ ဆောက်ပြီးတာ မကြာသေးဘူးဆိုတော့လည်း အသစ်အတိုင်းပဲပေါ့"

မောင်နှင့်ကျွန်မက အိမ်လေးကို လှည့်ပတ်ကြည့်မိကြသည်။ နေလို့ထိုင်လို့ အတော်အဆင်ပြေမည့်ပုံပါပဲ။ ဒီအိမ်လေးတစ်ခုတည်းနဲ့တင် ဒီမြို့လေးကို ရောက်ရှိလာရခြင်းအတွက် ကျွန်မ ကျေနပ်သွားပါပြီ။

"ကျွန်တော့်ကို ခွင့်ပြုပါဦးနော်"

"ဩော် ဟုတ်ပါပြီ၊ ကျေးဇူးတင်တယ်နော် ဒေါက်တာလင်းအောင်"

"ရပါတယ်ဗျာ နောက်လိုအပ်တာလေးတွေရှိရင်လည်း ကျွန်





တော့်ကို ပြောလို့ရပါတယ်၊ ကျွန်တော့်အိမ်က ဟိုးမျက်နှာချင်းဆိုင် ထောင့်ဆုံးအခန်းပါ"

"ကောင်းပါပြီကွယ်"

ဒေါက်တာလင်းအောင် ထွက်သွားတော့ မောင်က ကျွန်မနားသို့ ချက်ချင်းရောက်လာပြီး

"မောင့်မိန်းမကို တစ်ယောက်တည်း ထားခဲ့ရမှာ စိတ်မချဘူးကွာ"

"အို မောင်ကလည်း ဘာစိတ်မချစရာများ ရှိလို့လဲ"

"မသိဘူးကွာ"

"မောင်ရယ် လွယ်လွယ်ကူကူ တွေ့လို့မရတဲ့ အနေအထားတစ်ခုမှာ အဲဒီလို စကားမျိုးတွေကို မပြောစမ်းပါနဲ့"

"မသိတော့ဘူးကွာ၊ ဒီမြို့ကို ဝင်လိုက်တာနဲ့ မောင့်စိတ်ထဲမှာ တစ်မျိုးပဲ၊ မိန်းမနဲ့ပတ်သက်ပြီး တစ်ခုခုကိုမမြင်ရဘဲ ခံစားနေရတယ်၊ ကောင်းတဲ့တစ်ခုခုတော့ မဟုတ်ဘူးပေါ့"

"တော်ပြီကွာ မောင်က ဘာတွေပြောနေမှန်းလဲမသိဘူး၊ ကဲပါ ခြေလက်မျက်နှာဆေးပြီး နားကြရအောင်၊ မိန်းမတော့ တစ်ကိုယ်လုံး ထိုင်းရိုက်ထားသလို နာနေပြီ"

အိမ်နောက်ဖေး ထွက်ခွာလာသော ကျွန်မနောက်ကနေ မောင့် သက်ပြင်းချသံသဲ့သဲ့က ကပ်လျက်ပါလာခဲ့၏။

မောင်က အစိုးရိမ်လွန်တတ်သည့် နေရာမှာလည်း နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မရှိသူပါ။

ပစ္စည်းပစ္စယတွေကို မနက်မိုးလင်းမှသာ အစီအရီနေရာချ ရှင်းလင်းတော့မည်ဟူသော ဆုံးဖြတ်ချက်နှင့် ကျွန်မ စိတ်ကိုလျှော့ချကာ အိပ်ရာထက်လှဲလိုက်သည်နှင့် တန်းခနဲ အိပ်ပျော်သွားတော့သည်။

မနက်မျက်လုံးနှစ်လုံးပွင့်လို့ ကြည့်မိချိန်မှာ ခုနစ်နာရီခွဲကျော် နေခဲ့ပြီ။ အင်း ဒီနေ့က အလုပ်တော့ဆင်းစရာ မလိုသေးသည်မို့ ကိုးနာရီလောက်မှသာ သတင်းပို့ရန် ဆေးရုံဘက် သွားပါဦးမည်။ ညအမှောင်ထဲမှာ လှမ်းမြင်ခဲ့ရသော ဆေးရုံအဆောက်အဦးက အဝါရောင်ဖျော့ဖျော့ တစ်ထပ်တိုက်တန်းရှည်ရှည်လေး ဖြစ်၏။

ပါလာသည့်ပစ္စည်းများ နေရာချပြီးချိန်မှာ ရှစ်နာရီခွဲအတိ။ မောင့်ကိုကြည့်လိုက်တော့ နှစ်ခြိုက်စွာ အိပ်မောကျနေဆဲပင်ဖြစ်သည်။ မောင့်ကိုနှိုးမနေတော့ဘဲ ရေမိုးချိုးပြင်ဆင်ကာ ဆေးရုံဘက် လျှောက်ခဲ့လိုက်၏။

ဆေးရုံအုပ်ရုံးခန်းကို သွားရောက်သတင်းပို့ရမှာဖြစ်ပေမယ့် ပထမဆုံးအကြိမ် ထိတွေ့ဖူးသော နေရာစိမ်းမို့ ဘယ်ဘက်ကိုသွားလို့ သွားရမှန်းမသိဘဲ ကျွန်မ ယောင်လည်လည်ဖြစ်နေသည်။ အဝေးက ကြည့်လျှင် မြင်ရသည့်ဆိုင်းဘုတ်ဖြူဖြူလေး တပ်ထားသော အခန်းတစ်ခုဆီ ကျွန်မ တည့်တည့်လျှောက်သွားလိုက်သည်။

ဒါ ဆေးရုံအုပ်အခန်းမဟုတ်တောင် ဆရာဝန်တစ်ယောက်ယောက်၏အခန်း ဖြစ်နိုင်သည်လေ။ ညက လာကြိုသော ဒေါက်တာ





လင်းအောင်ကိုလည်း အရိပ်အယောင်ပင် မမြင်တွေ့ရပါ။

"ဟင်"

ဆိုင်းဘုတ်ပေါ်မှာ ရေးထိုးထားသော နာမည်ကိုဖတ်ပြီး ကျွန်မ ရင်ဘတ်ကိုလက်နှစ်ဖက်နှင့်ပင် ယောင်ယမ်းဖိလိုက်မိသည်။ ဒါဟာ ဘယ်လိုမှ မဖြစ်နိုင်ပါ။ ဒီလောက်ထိ ကျယ်ပြောတဲ့ လောကကြီးမှာ မတွေ့ချင်သည့်လူနှင့်မှ တည့်တည့်ကြီး ရေစက်လာဆုံရတာမျိုး။

"ဒေါက်တာ သည်းဦးမောင်" ဆိုသည့် နာမည်က နှစ်ယောက်ရှိဖို့ ခက်ခဲသည့် နာမည်မျိုးပါ။ ဒီလို ဝေးလံသည့် တောနယ်လေးက ဆေးရုံတစ်ခုမှာ အတူတကွ လာရောက်တွေ့ဆုံသည်ဆိုလျှင်တော့ ဒါဟာ ကံကြမ္မာ၏ရက်စက်မှုသာ ဖြစ်ပါသည်။

"ဩော်"

ရုတ်တရက် အခန်းပြင်ထွက်သွားသော သူနှင့်ကျွန်မ မျက်နှာချင်းဆိုင် တည့်တည့်တိုးမိကြသည်။ ကျွန်မက ရုပ်ပျက်သွားသလောက် သူကတော့ မအံ့သြပုံမျိုး။ အေးလေ ဘယ်အံ့သြပါ့မလဲ။ ဒီနေ့ ဒီရက်မှာ ဒီဆေးရုံကို ကျွန်မ ပြောင်းလာမည်မှန်း သူ ကြိုတင်သိရှိပြီးသား ဖြစ်မှာပေါ့။

သူသည် ရှေ့ပင်းမောလ်မှာ တွေ့စဉ်တုန်းကလိုပင် ရုပ်နှင့်ပုဆိုးကို ဝတ်ဆင်ထားလျက် ငယ်ရုပ်ပျောက်နေခဲ့သည်။ ရင့်ကျက်တည်ငြိမ်နေသည့် တကယ့်လူကြီးအထာ။ ဆရာဝန်တစ်ယောက်အနေနှင့်ဆိုလျှင် လူနာတွေက ရုပ်မြင်တာနှင့် အားကိုးချင်စိတ်ပေါက်လာစေမည့်ရုပ်ရည်



www.burmeseclassic.com

www.burmeseclassic.com



မျိုး။

"ကြိုဆိုပါတယ် ဒေါက်တာ"

သူ့နှုတ်ခွန်းဆက်စကားကို ကျွန်မ တုံ့ပြန်နိုင်သည့်အစွမ်း မရှိပါ။ ကျွန်မ စိတ်ထဲမှာ ယောက်ယက်ခတ်နေခဲ့သည်။ သူနှင့်တူတူ တစ်ဆေးရုံတည်း တာဝန်ကျတာသာ မောင် သိသွားလျှင် ဘာတွေဆက်ဖြစ်မလဲ မပြောနိုင်ပါ။

"ဆရာကြီးအခန်း လိုက်ရှာနေတာနဲ့တူတယ်၊ ဒီတိုင်းတည့်တည့် ညာချိုးလိုက်ရင် ရောက်ပြီ"

သူ့ရှေ့ကနေ မြန်မြန်ထွက်ခွာနိုင်ဖို့ ခြေလှမ်းတွေကို ပြင်ကာ ကျောခိုင်းလိုက်သည်။

"ငါကတော့ နင်နဲ့တစ်ဆေးရုံထဲ တူတူကျလို့ ဝမ်းသာနေတာ"

ကျွန်မ သူ့ကိုဆတ်ခနဲ လှည့်ကြည့်လိုက်မိ၏။ ကျွန်မရဲ့မျက်လုံးတွေမှာ နာကျည်းမှုတွေ လျှံထွက်နေမှာ သေချာပါသည်။

"ငါကတော့ တော်တော်စိတ်ဆင်းရဲနေပြီ"

သူဘာပြောပြော လှည့်မကြည့်မိစေရန် စိတ်ဆုံးဖြတ်လျက် ဆေးရုံအုပ်အခန်းဆီ ထွက်လာခဲ့လိုက်သည်။ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းမှာ အာရုံထဲရောက်နေခဲ့တာက မောင့်မျက်နှာသာ ဖြစ်သည်။ အတိတ်က အဖြစ်တွေကြောင့် အမြဲလိုလို ပြဿနာလုပ် ရန်ရှာကာ သဝန်တိုနေတတ်သော မောင်သည် ကျွန်မနဲ့ တစ်ဆေးရုံထဲမှာ တာဝန်ကျတဲ့သူဟာ မောင် အမြဲတမ်း မမေ့နိုင်ခဲ့သည့် ကျွန်မ၏အချစ်ဦးဆိုတာ





သာ သိသွားခဲ့လျှင် ကျွန်မ ဘယ်လိုလုပ်ရပါ့မလဲ။

ဆေးရုံအုပ်ကို သတင်းပို့ပြီး ပြန်ထွက်လာသည့်အချိန်တိုင်အောင် ကျွန်မ ရင်တွေပူလောင်လွန်းနေသည်။ ဆေးရုံမှာ ကျွန်မအတွက် ရသည့်အခန်းက သူ့အခန်းနှင့် ဘေးချင်းကပ်တွင် ဖြစ်၏။

"မင်း ဘာတွေဖြစ်နေတာလဲ"

ကျွန်မ အခန်းထဲထိ ဝင်လာသော သူ့မျက်နှာက အေးအေးလူလူပင်။

"နင့်ကိုငါ မျက်နှာချင်းမဆိုင်ချင်ဘူး၊ ဘာကြောင့်လဲဆိုတော့လည်း နင် သိမှာပါ၊ နင်နဲ့တူတူ တစ်ဆေးရုံတည်းမှာ ရှိနေတာကိုသာ ငါ့ယောက်ျားသိသွားရင်"

"နေမင်းက ငါနဲ့သာဆို ဘာမှပြောမှာ မဟုတ်ပါဘူး၊ ရန်ကုန်မှာတုန်းကတောင် သူနဲ့တွေ့ဖြစ်သေးတယ်"

ကျွန်မကို စကားဆက်ခွင့်မပေးဘဲ ပြောလိုက်သော သူ့မျက်နှာ အမူအရာက တကယ့်ကို အပူအပင်မဲ့လွန်းနေသည်၊ သူ ကျူးလွန်ခဲ့သော အပြစ်တွေကို မသိသလိုလို မမှတ်မိတော့သလိုလိုနှင့် ခံစားခဲ့ရသော ကျွန်မမှာသာ အရူးမကြီးလို ဖြစ်နေခဲ့ရခြင်းလား။

"နင့်ကိုငါ ရှင်းရှင်းပဲပြောမယ်၊ အဲလိုမျိုး ငါ့နောက်ကွယ်မှာ ငါ့ယောက်ျားနဲ့ နင်တွေ့နေတာကိုလည်း ငါမကျေနပ်ဘူး"

"နင် သိလား လေပြည်၊ နင့်ယောက်ျားက သူ့လက်ထဲမှာ ပိုင်ဆိုင်နေတဲ့အရာတစ်ခုကို ပျောက်ကျသွားမှာကြောက်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင် သူ့ကို ထိခိုက်ပြောစရာ မလိုပါဘူး။ သူက သဝန်တို တတ်တာကလွဲရင် နင့်လိုမယုတ်မာဘူး"

"နင် ဘာလို့ ငါ့ကို အဲလောက် မုန်းနေတာလဲ လေပြည်၊ ရန်ကုန်က ရှော့ပင်းမောလ်မှာတွေ့တုန်းကလည်း အဲလိုပဲ၊ ဘေးမှာ ကလေးပါနေတာကို နင် ဒီလောက်ထိ မပြင်းထန်သင့်ဘူးလို့ ငါထင်တာပဲ"

"နင့်စကားတွေ တစ်ခုမှ ငါ့နားထဲဝင်မှာမဟုတ်ဘူး။ ဒီတော့ ဘာမှဆက်မပြောဘဲ ငါ့အခန်းထဲက နင်ထွက်သွားလိုက်တာ ကောင်းတယ်"

သူက ပခုံးတစ်ချက် တွန့်ပြကာ ကျွန်မရှေ့မှ ထွက်သွား၏။ သူ့ပုံရိပ် ပျောက်ကွယ်သွားတော့မှ ကုလားထိုင်ပေါ်တွင် အရုပ်ကြိုးပြတ် ထိုင်ချလိုက်ပြီး ကျွန်မမှာ သက်ပြင်းချနိုင်တော့သည်။

မလွယ်ပါလားကွယ်။

■ ■ ■

"လေပြည် နင်ဘာလုပ်နေတာလဲ၊ ပြောပြလိုက်လေ"

"မပြောပြနိုင်ပါဘူး"

ဘေးကနေ မွန်မွန် လက်ကုတ်လျက် တီးတိုးတိုက်တွန်းလိုက်သော်လည်း ကျွန်မကတော့ခပ်တည်တည်သာ ငြင်းဆန်ပစ်လိုက်၏။

"ဘာဖြစ်လို့ မပြောပြနိုင်တာလဲ"

ဒီတစ်ခွန်းနဲ့ပါဆို နေမင်းဆီကနေ ဒီစကားထွက်လာတာ သုံးကြိမ်မြောက် ဖြစ်သည်။ ကျွန်မ သက်ပြင်းကို ချမိ၏။





"ပြောပြပြီးပြီပဲလေ၊ ငါက စီးပွားရေးအရ လုပ်တာ၊ အလုပ်အပ်တဲ့သူက နှုတ်ပိတ်ထားစေချင်ရင် မပြောပါနဲ့လို့ တောင်းဆိုထားပြီးရင် ငါကလည်း ကတိပေးပြီးရင် ဘယ်တော့မှ သိရဖို့ မမျှော်လင့်နဲ့တော့"

"နင်တော့နော် လေပြည်၊ လုပ်တော့ဖြင့် မဖြစ်စလောက် Online Delivery လေး။ ပြောလိုက်တဲ့စကားက သေလောက်တယ်"

"လုပ်ငန်းသေးလို့ အထင်သေးမယ် မကြံနဲ့၊ ငါက ဘာပဲလုပ်လုပ် ပေါ့ပျက်ပျက်တော့ လုပ်မှာမဟုတ်ဘူး၊ လာ မွန်မွန် သွားမယ်၊ သူ့ကိုဆက်ပြောနေရင် ငါတို့ကျောင်းနောက်ကျတော့မယ်"

မွန်မွန့်လက်ကိုဆွဲရင်း နေမင်းရှေ့ကနေ မြန်မြန်သွက်သွက် ထွက်ခဲ့၏။ နောက်ဘက်ဆီမှ တက်ခေါက်သံတစ်ချက် ကြားလိုက်ရသေးသည်။

"နေမင်းအကြောင်းလည်း သိရဲ့သားနဲ့ လေပြည်ရယ်၊ ဘာလို့ ခေါင်းမာနေတာလဲ"

"မမာလို့ရမလားဟ၊ ယောလေးက ပန်းစည်းပေးဖို့ စပြောကတည်းက သူ ပို့မှန်း နေမင်းကို လုံးဝမပြောဖို့ ကတိအထပ်ထပ် တောင်းထားခဲ့တာ၊ ငါကလည်း တန်ရာတန်ကြေးယူပြီး လုပ်ပေးထားတာ"

ကျွန်မ စကားများကို မွန်မွန်က မျက်နှာငယ်လေးနှင့်နားထောင်နေပါသည်။ ကျွန်မကို နေမင်းက တစ်ခုခုချောက်တွန်းမှာ သူမ စိတ်ပူနေပုံပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"မွန်မွန်နော် နင့်ကိုလည်း တစ်ခါတည်းမှာထားမယ်၊ ငါ့ကို စိုးရိမ်တာသိပေမယ့် ပန်းစည်းပို့ခိုင်းတာ ယောလေးမှန်း ဟိုကောင့်ကို လုံးဝ သွားမပြောရဘူးနော်"

မွန်မွန်က ခေါင်းညိတ်ကာတိပေး၏။ ယောက်ျားလေးတစ်ယောက်ရဲ့ မွေးနေ့မှာ သူ့ကိုတိတ်တခိုးချစ်ရသူ မိန်းကလေးက ပန်းစည်းပို့ခိုင်းခြင်းလိုမျိုး အဖြစ်အပျက်လေးတွေ၊ ငွေကြေးယူပြီး လုပ်ပေးခြင်းမျိုး ဆိုပေမယ့် စိတ်ထဲမှာ ကြည်နူးမိသည်။

ပြီးတော့ ကိုယ့်မှန်ဖိုးနဲ့ကိုယ် လိုချင်တာလေးတွေလည်း ဝယ်လို့ရသည်။ ဒီအလုပ်လေးက ပညာရေးကိုလည်း မထိခိုက်၊ အိမ်ပြင်ထွက်ပြီး တစ်နေကုန် လုပ်ရခြင်းမျိုးလည်းမဟုတ်၊ စိတ်မပါဘဲလည်း အတင်းလုပ်စရာမလို၊ ကျွန်မချစ်သော ပန်းကလေးတွေနဲ့လည်း နေထိုင်ခွင့်ရသည်။

ပန်းကလေးတွေက လှပပြီး ဆွဲဆောင်မှုရှိသည်။ ပန်းစည်းပြုလုပ်နည်းလေးတွေကို အင်တာနက်ထဲမှာရှာဖွေ ဖတ်ရှု လက်တွေ့လုပ်ကြည့်ပြီး တော်တော်တန်တန် ကျွမ်းဝင်လာတော့မှ ဒီအွန်လိုင်းဝန်ဆောင်မှုလေးကို ကျွန်မ စတင်ခဲ့ခြင်းဖြစ်သည်။

ပန်းအလှပြုပြင်တာ ကျွမ်းကျင်သည့်သူတစ်ယောက် ဖြစ်ချင်ခဲ့သည်။ အချိန်ပေးပြီး သင်တန်းတွေတက်ချင်သော်လည်း မေမေက ခွင့်မပြုခဲ့ပါ။ ဒီနှစ်ကဆယ်တန်းရောက်ပြီဆိုတော့ စာကိုသာ ဖိဖိစီးစီး လုပ်စေချင်သည်။ ဒီပစ္စည်းပို့သည့်အလုပ်လေးကိုတောင် မေမေ မသိ





အောင် ခိုးလုပ်ရခြင်းဖြစ်၏။

ကျွန်မနဲ့မွန်မွန်တို့ အတန်းထဲရောက်တော့ ယောလေးက အပြုံးလေးနှင့်ကြိုဆို၏။ ကျွန်မ မျက်စိတစ်ဖက် အသာမှိတ်ပြလိုက်ပါသည်။

ကျွန်မတို့နှင့်ရှေ့ဆင့်နောက်ဆင့် ဆိုသလိုပင် နေမင်းလည်း အတန်းထဲ ဝင်လာ၏။ ကျွန်မ ထိုင်နေရာသို့ ဘုကြည့်လှမ်းကြည့်နေသေး၏၊ သူ့ဘုကြည့်ကို သက်တောင့်သက်သာပင် ကျွန်မ ရှောင်လွှဲပစ်လိုက်နိုင်သည်။

"ကဲ နင့်ဟာနင် ကြည့်ချင်သလောက်ကြည့်စမ်း"

သို့သော်

နေမင်း၏ ဘုကြည့်ကြည့်ခြင်းကို ရှောင်တိမ်းပြီး မသိချင်ယောင်ဆောင်နေနိုင်ခဲ့သော ကျွန်မသည် ညနေကျူရှင်မှ အပြန်မှာ မျက်နှာထားတင်းတင်းနှင့် စောင့်ကြိုနေသော မေမေ့ကိုတော့ ရင်ဆိုင်ခဲ့ရပါသည်။

မေမေ့မျက်လုံးများကို ကျွန်မ ခပ်မြန်မြန်ပင် အကဲခတ်ကြည့်လိုက်၏။ ဘာမှန်းမသိသေးပေမယ့် ကျွန်မကို တစ်ခုခုတော့ ရှုပ်ပွမှာ ကျိန်းသေနေသည့် မျက်နှာထားမျိုး အသေအချာပါပဲ။

"ခုတလော ဒေါ်လေပြည်သွေးတစ်ယောက် ကျွန်မဆီက မုန့်ဖိုး သိပ်မတောင်းပါလားဆိုပြီး အံ့သြနေတာ၊ လက်စသတ်တော့ စီးပွားရေးတွေ အကြီးအကျယ် လုပ်စားနေတာကိုး"

ဒမေမေ့အသံက မတိုးမကျယ်ပေမယ့် ကျွန်မ ရင်ထဲမှာတော့ အတော်ယောက်ယက်ခတ် သွားသည်။ မေမေမသိအောင် အွန်လိုင်းကနေ



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေပို့ပေးနေတာ ခုတော့ အားလုံးပေါ်ကုန်ပြီနဲ့ တူသည်။

မေမေ့ကိုတန်ပြန်မကြည့်ရဲတော့ဘဲ မျက်လွှာကိုချထားရ၏။ ပါကောရောင်စိုလက်နေသော ကြမ်းပြင်က မနက်ပိုင်းမှာ မေမေ တိုက် ချွတ်ထားမှန်း သိသာပါသည်။

ဘာမှမလုပ်ရပါဘဲ ထိုင်နေရတာမျိုးကို မေမေ မနှစ်မြို့တတ် ပါ။ မနက်စောစော ကျောင်းချိန်အမီ ချက်ပြုတ်ပြီးစီးလျှင် တစ်အိမ်လုံး ကို သန့်ရှင်းတောက်ပြောင်သွားအောင် မေမေ စွမ်းဆောင်နိုင်ပါသည်။

အဝတ်လျှော် မီးပူတိုက်တာကအစ ကျွန်မလုပ်စရာမလို အထက်တန်းအဆင့်၏နောက်ဆုံးအတန်းမို့ စာကိုသာ အာရုံစိုက်စေချင် သည့်စေတနာဖြင့် လိုလေသေးမရှိအောင် ကျွန်မကိုထားပါသည်။

"ပြောစမ်း ဘာတွေလုပ်နေတယ်ဆိုတာ"

ထိုင်ခုံလက်တန်းကို တင်းတင်းကျစ်ကျစ် ဆုပ်ကိုင်ရင်း မျက်နှာ ချင်းဆိုင်မှာ မေမေ့မျက်လုံးများကို ရင်ဆိုင်ကြည့်လိုက်သည်။

ထိုအကြည့် ထိုမျက်လုံးများအောက်တွင် ကျွန်မ ဘယ်တုန်းက လိမ်ညာ၍မရခဲ့ပါ။

"အွန်လိုင်းကနေ ပစ္စည်းလေးတွေ ပို့ပေးတာမျိုးပါ မေမေ အချိန်လည်း သိပ်မပေးရဘဲ လူလည်း မပင်ပန်းပါဘူး"

"ပန်းစည်းတွေကို ကျုပ်မသိအောင် ညည်း ဘယ်မှာသွားလု သတုန်း"

"မွန်မွန့်အိမ်မှာပါ၊ ဒါပေမဲ့ မေမေ ပန်းစည်းမဟုတ်ဘဲ တင်





လက်ဆောင်ပစ္စည်းတွေဆိုရင် ရှော့ပင်းမောလ်တွေကနေ အဆင်သင့် ဝယ်ပြီး ပို့ပေးလိုက်ရုံပါပဲ"

ကျွန်မ၏အားတက်သရော ဖြေရှင်းချက်တွေကို မေမေကတော့ ကျေနပ်ပုံမရပါ။ မေမေ့မျက်ခုံးနှစ်ခုက နှာခေါင်းထိပ်အလယ်တွင် စုကျုံ့ နေဆဲဖြစ်၏။

ဟင် နေဦး နေဦး မေမေ့မေးခွန်းက ဆန်းသည်။ ပန်းစည်းတွေ ကို ဘယ်မှာလုပ်သလဲ တဲ့။

ပန်းစည်း ပန်းစည်း ပန်းစည်း ကြာကြာမစဉ်းစားလိုက်ရပါ။ မေမေ့ကို လက်ထောက်ချသူ ဘယ်သူဘယ်ဝါမှန်း ကျွန်မ သိသွားပါပြီ။

အခုချက်ချင်းပင် ပြေးထွက်သွားပြီး နေမင်းကို ပြောဆိုပစ် ချင်စိတ်များ ရင်ထဲပြည့်နှက်လာ၏။

"တောက်"

"ဟမ် မိလေပြည် မအေကို ညည်းက ဘာတက်ခေါက်တာ တုန်း"

"မဟုတ်ဘူး မေမေ၊ မေမေ့ကိုခေါက်တာမဟုတ်ပါဘူး၊ ပြောတဲ့ သူကို တွေးမိလို့ စိတ်တိုသွားပြီး သတိလက်လွတ်ဖြစ်သွားတာပါ"

ကျွန်မမှာ ကပျာကယာပင် လက်အုပ်ချီတောင်းပန်ရသေး၏။

"အဲဒါက ဘာစကားတုန်း၊ ပြောတဲ့သူက နင့်ရှေ့မှာထိုင်ပြီး ပြောနေတာလေ၊ ငါ့ကိုမခန့်လေးစားနဲ့ ကဲ"

ဂေါက်ခနဲ မြည်သံနှင့်အတူ ကျွန်မခေါင်းထူပူသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ကိုခေါက်တာ မဟုတ်ပါဘူးဆို၊ တိုင်တဲ့သူကို ခေါက်တာ၊ မေမေ့ဆီ တိုင်ပြောတဲ့သူကို ခေါက်တာပါဆိုနေမှ"

ခေါင်းကိုလက်နှင့်ပွတ်ရင်း ရှုံ့မဲ့မဲ့မျက်နှာပေးနှင့် ကျွန်မ ဆက်လက်အလွန့်တက်နေမိသေး၏။

မေမေကတော့ မျက်နှာထားတင်းတင်းနှင့်ပင်

"ဒီနေ့ကစပြီး အင်တာနက် ထဲဝင်ဖို့ မကြိုးစားပါနဲ့၊ ကွန်ပျူတာ အသုံးပြုချိန်ကို ငါကိုယ်တိုင် သတ်မှတ်ပြီး စောင့်ကြည့်မယ် ဒါပဲ"

ပြောပြီးဆိုပြီးတာနဲ့ နောက်ဖေးဘက်ဆီ မေမေ ဝင်သွား၏။

"နေမင်း အကျင့်ပုပ်စုတ်ကောင် သင်းကို ဒီတိုင်းမထားဘူး ဟင်း ဟင်း"

■ ■ ■

"နင်ကတော့ ဘယ်လိုခံစားချက်မျိုးနဲ့ နေမင်းကို သဘောကျတာလဲ မသိဘူး၊ ငါ့မျက်စိထဲမှာ ဒီကောင့်လောက် ထောင့်မကျိုးတာ မရှိတော့ဘူး"

ကျွန်မရဲ့မဲ့ကာရွဲ့ကာ ပြောနေသံကို ယောလေးက ငြိမ်သက်နားထောင်နေသော်လည်း ဘာဖြေရှင်းချက်မှတော့ ပြန်မပေးပါ။ မွန်မွန်ကတော့ ခေါင်းတခါခါ။

မုန့်စားကျောင်းဆင်းချိန်မို့ အတန်းထဲမှာ လူသိပ်မရှိ။ အာလူးကြော်တစ်ထုပ်ကို သုံးယောက်အတူ ဝေစားရင်း စကားဝိုင်းကို ကျွန်မက ဦးဆောင်နေခြင်းဖြစ်၏။ အဓိက ပြောဖြစ်တာကတော့ နေမင်း မကောင်း





ကြောင်း၊ မနေ့က မေမေ့အဆူခံခဲ့ရသည့်အကြောင်း။

"ငါ စိတ်မကောင်းပါဘူး လေပြည်ရယ်၊ ငါ့ကြောင့်နဲ့ သက်သက်မဲ့ နင့်အမေဆီမှာလည်း အဆူခံရ၊ နေမင်းနဲ့လည်းပြဿနာတက်ရနဲ့ ငါ ဘယ်လိုလုပ်ပေးရမလဲ၊ ငါပိုနိုင်းတာပါလို့ နေမင်းကို သွားပြောလိုက်ရမလား"

"ဟာ မဟုတ်တာပဲ၊ ဘာလို့ဖွင့်ပြောရမှာတုန်း၊ ကိုယ်က မိန်းကလေးလေ၊ အောက်တာပေါ့ဟ"

ကျွန်မ ခါးခါးသီးသီး ငြင်းဆန်ရင်း အာလူးကြော်တစ်ဖက် ကောက်ဝါးလိုက်သည်။

"နင့်အမေက အင်တာနက်မသုံးရဘူးဆိုတော့ နင့်အလုပ်က ဘယ်လိုဆက်ဖြစ်မှာတုန်း"

မွန်မွန်က စိုးရိမ်တကြီး မေးနေပြန်ပါသည်။ ထိုမေးခွန်းကို ကျွန်မ မတုံ့ပြန်နိုင်ခဲ့ပါ။ စိတ်ပျက်လက်ပျက် သက်ပြင်းတစ်ခုချဖြစ်သည်။

"ငါလိုချင်တဲ့ ဟန်းဆက်လေး ဝယ်လို့ရတဲ့ထိတော့ ပိုက်ဆံရှာချင်သေးတာ"

"ဟုတ်တယ် ငါတို့ အဲဒီကိစ္စကို အရင်ဆုံး စဉ်းစားပြီးမှ နေမင်းကို နင်တစ်ခုခုလုပ်ချင်တဲ့အကြောင်း ဆက်ဆွေးနွေးကြတာပေါ့"

ယောလေးရော မွန်မွန်ပါ ကျွန်မ၏အွန်လိုင်းဝန်ဆောင်မှုကလေး ပိတ်ပစ်လိုက်ရမှာကို စိတ်မကောင်းဖြစ်နေကြဟန်ရှိသည်။ ဆယ်ကျော်သက် သူငယ်ချင်းအုပ်စုလေးမှာ အတွေးတွေကလည်း ဆယ်ကျော်



www.burmeseclassic.com

www.burmeseclassic.com



သက်အတွေးတွေပါပဲ။

ဘာအပူအပင်မှမရှိ။ စားစရာသောက်စရာ အဆင်သင့်။ ကျောင်းသွားရန် မီးပူထိုးပြီးသား ယူနီဖောင်းအဆင်သင့်။

"ငါတို့ရပ်ကွက်ထိပ်နားမှာ အင်တာနက်ကဖေးဆိုပြီး ဆိုင်လေးတစ်ဆိုင်ဖွင့်ထားတာ ရှိတယ်မဟုတ်လား။ ကျောင်းအပြန်ဖြစ်ဖြစ် ကျူရှင်အပြန်ဖြစ်ဖြစ် တစ်ရက်တစ်ခါလောက် မေးလ်တွေ ဝင်စစ်မယ်ဆိုရင်တော့ အဆင်ပြေနိုင်တယ်"

"ဟုတ်တယ် ငါတို့ မေ့နေတာပဲ၊ နင်စဉ်းစားမိလို့ တော်သေးတယ် လေပြည်ရယ်"

လောလောဆယ် ကျွန်မ၏အလုပ်သေးသေးလေးအတွက် ထိုအင်တာနက်ဆိုင်လေးတွင်သာ ဆက်လုပ်ရန် အတည်ပြုရွေးချယ်လိုက်၏။

မုန့်စားဆင်းချိန်ပြီးဆုံးသော ခေါင်းလောင်းထိုးသံကြောင့် အမှိုက်များထပစ်ရင်း ယောလေးက သူမနေရာ သူမ ပြန်သွားထိုင်၏။ ဘောလုံးကန်ပြီး ပြန်လာပုံရသော နေမင်းက ချွေးများစိုနေလျက် အတန်းထဲဝင်လာသည်။

အနိုင်ရသူတစ်ယောက်၏အပြုံးမျိုးဖြင့် ကျွန်မကိုတစ်ချက်လှမ်းကြည့်၏။ ရင်ထဲမှ ဒေါသများကို အတင်းမြိုချလျက် ကျွန်မလည်း ခပ်တည်တည်ပင် ပြန်စိုက်ကြည့်ပစ်လိုက်သည်။

အတန်းပိုင်ဆရာမ အတန်းတွင်း ဝင်လာပြီး စားပွဲခုံကို စာအုပ်





ထပ်ကြီးဖြင့် **တဖြန်းဖြန်း** ရိုက်ချကာ ဆူညံနေသော အတန်းကိုထိန်းလိုက်သည်။ နေရာမကျသေးသူများ ကိုယ့်နေရာကိုယ် အပြေးပြန်ထိုင်လျက် အတန်းငြိမ်သက်အောင် ကိုယ့်ပါးစပ်လေးတွေ ကိုယ့်ဘာသာ ပိတ်ထားလိုက်ကြသည်။

"မနေ့က ဆရာမ မှာလိုက်တဲ့ လူစာရင်းတွေရပြီဆိုရင် ကိုယ့်အသင်းလူစာရင်းကို အသင်းခေါင်းဆောင်တွေက ဆရာမစားပွဲမှာ အခုလာအပ်ပေးပါ"

မနက်ဖြန် စနေနေ့မှာ ကျောင်းစိုက်ပျိုးရေးနေ့အဖြစ် သတ်မှတ်ကာ သစ်ပင်စိုက် ဝါသနာပါသူများစာရင်းကို အသင်းလေးသင်း ခေါင်းဆောင်များအား ကောက်ခိုင်းထားခြင်း ဖြစ်၏။ စာရင်းတွင် ပါဝင်သူများက မနက်အစောပိုင်း ခုနစ်နာရီလောက် ကျောင်းကိုအရောက်လာပြီး သစ်ပင်ပျိုးပင်လေးများ စုပေါင်းစိုက်ပျိုးကြရမည် ဖြစ်သည်။

ဆရာမထံသို့ မနေ့က ကျွန်မကောက်ထားသော လူစာရင်း နာမည်စာရွက် သွားရောက်အပ်နှံလိုက်၏။ ဆရာမက အသင်းလေးသင်း၏ စာရွက်များစုံသောအခါ ထိုထဲမှ နာမည်များကို အတည်ပြုသဘောမျိုး ထပ်မံရေရွတ်ပြပါသည်။

အပြာ၊ အဝါ၊ အနီ ပြီးတော့ ကျွန်မ ခေါင်းဆောင်သော အစိမ်းအသင်း၊ တစ်သင်းကို ငါးယောက်သာ ရွေးရသည်။

အသင်းခေါင်းဆောင်များက မပါလို့မရသည့်မို့ ကျွန်မနာမည်က ထိပ်ဆုံး၊ ပြီးတော့ မွန်မွန် အာကာထက်၊ နိုင်လင်းနှင့် နေမင်း။



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

သူ့နာမည် ခေါ်လိုက်သံကြောင့် နေမင်းထံမှ အာမေဋိတ်သံ အကျယ်ကြီးထွက်ကျလာ၏။ သစ်ပင်စိုက်မည့်လူစာရင်းမှာ သူ့နာမည် ပါနေလိမ့်မည်လို့ သူ ဘယ်တုန်းကမှ တွေးထားမိပုံမပေါ်။

"နေမင်း ဘာဖြစ်လို့လဲ"

"ဗျာ ဘာ ဘာမှမဖြစ်ပါဘူး ဆရာမ"

နေမင်း အူလည်လည်အသံနှင့် ဆရာမကို မတ်တပ်ရပ်ပြန် ဖြေသည်။ အတန်းပိုင်ဆရာမက စိတ်နည်းနည်းဆတ်ကာ ပြတ်သားတတ်သူမို့ ကျွန်မတို့တစ်တန်းလုံးက ချစ်ကြောက်ရိုသေရပါသည်။ ထို ဆရာမကို နေမင်း ပြန်ပြီးစောဒကတက်ရဲပုံမရတာ အသေအချာပါပဲ။

မထိုင်ချင့်ထိုင်ချင် ပြန်ထိုင်လျက် ကျွန်မဘက်ကို ပေစောင်း စောင်းလှမ်းကြည့်လိုက်သေးသည်။ နှုတ်ခမ်းနှစ်ဖက်မဲ့ကွေးလျက် ခပ်တည် တည်ပင် ကျွန်မ မျက်နှာလွှဲပစ်လိုက်၏။

ကျောင်းဆင်းတော့ ကျွန်မတို့ထက်အရင် ကျောင်းရှေ့ရောက် နှင့်နေသော နေမင်းတို့အဖွဲ့ ရှေ့မှဖြတ်သွားစဉ် ကျွန်မ ခြေလှမ်းများကို တုန့်ခနဲ ရပ်တန့်ပစ်လိုက်ပြီး

"မနက်ဖြန် မနက်ခုနစ်နာရီ အရောက်နော်၊ မလာရင် သိ တယ်မဟုတ်လား"

ကျောင်းသားကိုယ်တိုင် နေမကောင်းဖြစ်တာကလွဲလို့ တခြား ကျောင်းပျက်တော့မည်ဆိုလျှင် မိဘကစာနှင့်သာ ပျက်ခွင့်ပြုလျက်





မိဘစုဝင်တစ်ဦးဦးက လာရောက်ခွင့်တိုင်မှသာလျှင် ခွင့်ပြုချက်ပေးတတ် သော အတန်းပိုင်ဆရာမ၏ စည်းစနစ်ကျပုံကို ကျွန်မတို့တစ်ခန်းလုံး သိပြီးဖြစ်သည်။

ထို့ကြောင့် နေမင်းမှာ ဘာစောဒကတက်ပိုင်ခွင့်မှ မရှိပါ။

"တောက် နင် တော်တော်စိတ်ယုတ်တဲ့ မိန်းမ"

"နင့် ဝေဖန်စရာမလိုပါဘူး။ အသင်းတွေခွဲတော့ ငါ့အသင်းထဲ ကျလာတဲ့ နင့်ကိုယ်နင်ပဲ သနားရမှာ သိလား"

"ဘာခေါင်းဆောင်လဲ ကိုယ့်စိတ်ကိုယ့်သဘောပဲ သိတဲ့ဟာမ"

"နင်ကရော ကျောင်းမိတ်ရက်ဆို နောက်ကျတဲ့ထိ သေနေပြီး ကျောင်းကောင်းရာကောင်းကျိုးကိစ္စတွေမှာ ဘယ်တုန်းကများ ပါဖူးလို့ တုန်း"

"လေပြည် နင် နင်နော် ငါလုပ်လိုက်ရ"

နေမင်း လက်တစ်ဖက်က လေထဲမြောက်တက်သွားသည်။

"လုပ်ကြည့်လေ၊ လုပ်ကြည့်လိုက်ပါလား"

ကျွန်မကလည်း လက်နှစ်ဖက်ကို ခါးတွင်ထောက်လျက် ခေါင်း မော့ရင်ကော့ကာ ပြန်ရန်တွေ့၏။ မွန်မွန်က ကျွန်မ လက်ကိုလာဆွဲလျက် မျက်နှာလေး အပျက်ပျက်နှင့်

"လာပါတော့ လေပြည်ရယ်၊ ဆရာမ တွေ့သွားရင် နင် ပြဿနာ တက်လိမ့်မယ်နော်"

"အေး ဆရာမတွေ့သွားရင် ငါ မျက်နှာပျက်ရမှာမို့ သွားတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ နင်သတိထားနေပါ နေမင်း"

"ဟား ဟား ဟား ကြောက်မ ကြောက်ရင်ကြောက်တယ် မပြောဘူး။ လေကြီးလေကျယ်နဲ့ ဟား ဟား"

လှည့်ထွက်လာပြီဖြစ်သော ကျွန်မ ခြေလှမ်းတွေ ရပ်တန့်လျက် နောက်ပြန်ပေစောင်းစောင်း လှည့်ကြည့်မိသည်။

"တွေ့လား မွန်မွန် နင်လုပ်တာနဲ့ ငါက ကြောက်မဖြစ်ရော နေမင်း နင်တော့ဟာ"

နေမင်းဆီ ပြန်သွားရန် ပြင်နေသော ခြေလှမ်းတွေက မွန်မွန် ၏ မလွှတ်တမ်း ဆုပ်ကိုင်ထားသော လက်တစ်ဖက်ကြောင့် လိုရာမရောက် ဖြစ်နေရ၏။

"လာပါ လေပြည်ရယ်၊ ငါ တောင်းပန်ပါတယ်ဟာ၊ ပြန်ရအောင်ပါ နော် လာပါဟာ"

မွန်မွန်ကလည်း မလျှော့သော ဖွဲလုံ့လဖြင့် အတင်းဆွဲခေါ်လေသောကြောင့် ကျွန်မလည်း သမင်လည်ပြန်တန်းလန်းကြီးနှင့် ပေစောင်းစောင်းကြည့်လျက် တရွတ်တိုက်ပါလာခဲ့၏။

တစ်လမ်းလုံးလည်း နေမင်းကိုရော ဆွဲခေါ်လာသည့် မွန်မွန့်ကိုပါ ကျွန်မ ပြောဆိုလို့ မဆုံးတော့။

"နင့်ကြောင့်ပေါ့ မွန်မွန်ရာ မဟုတ်ရင် ဒီကောင်နဲ့ငါ တစ်ပွဲ တစ်လမ်းလောက်တော့ နွှဲဖြစ်ပြီ"

"တော်ပါ လေပြည်ရယ် ယောကျ်ားလေးနဲ့မိန်းကလေးယှဉ်ရင်





ကိုယ်ကပဲ သိက္ခာကျရမှာမဟုတ်လား"

"အို ငါကတော့ အဲဒါတွေ မသိဘူး၊ ဒီကောင့်ကို ငယ်ငယ်တည်းက နည်းနည်းမှ ကြည့်မရတာဘဲ သိတယ်၊ နေမင်းဆိုတဲ့ကောင်က နည်းနည်းမှ ထောင့်ကျိုးတဲ့ကောင် မဟုတ်ဘူး။ ယောလေးကိုလည်း အံ့ဩပါရဲ့၊ ဒီလိုကောင်မျိုးကို ဘယ်နားကြည့်ပြီး သဘောကျနေလဲ မသိဘူး"

"နင်ကသာ ယောလေးကို အပြစ်တင်နေ၊ နေမင်းရဲ့ဂျစ်ကန်ကန်လေးကိုပဲ ကြိုက်ပါတယ်ဆိုတဲ့ မိန်းမတွေများ ပုံနေတာပဲ"

"မပြောချင်တော့ပါဘူး။ အဲဒီမိန်းမတွေများ နှာခေါင်းသာမပါရင် နေမင်းချီးတောင် စားကြမလား မသိဘူး"

ကျွန်မ ကိုယ့်တာသာပြောလျက် သဘောတကျ ရယ်မောလိုက်မိသည်။ ငါကတော့ နှာခေါင်းရော မျက်လုံးရော ဦးနှောက်ရောပါ စိတ်မကောင်းပါဘူး နေမင်းရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"နင် လာသားပဲနော် နေမင်း"

"မလာလို့ ဘယ်ဖြစ်မလဲ၊ ငါ့ကျောင်း ငါ့အတန်း ငါ့အသင်း အတွက်ပဲ လာရမှာပေါ့"

ကျောင်းရှေ့သို့ ကျွန်မထက်ပင် စောစီးစွာရောက်နေသော နေမင်းကို ကျွန်မ ခပ်ရွဲ့ရွဲ့ပင် မေးလိုက်သည်။ သူကတော့ မနေ့ကလို မျိုး မလိုတမာမှုမျိုး မပြပါဘဲ မျက်နှာထားပြုံးချိုစွာဖြင့်ပင် ကျွန်မကို ပြန်ဖြေနေသေး၏။

အဲဒါလည်း ကျွန်မကိုရွဲ့နည်းတစ်မျိုးမှန်း သိပါသည်။ သူ ကျောင်းကိုမလာဖြစ်ရင် ဆရာမဆီက အဆူခံရမည်။ ထိုအခါ သူ ကြည့် မရသော ကျွန်မအတွက် ဝမ်းသာစရာသတင်း ဖြစ်မည်။ အဲဒီလို မဖြစ်





ရအောင်လို့ကို သူ တမင်သက်သက် စောစောစီးစီး ကျွန်မထက်ပင် ကြိုရောက်နေလျက် အရွဲ့တိုက်ပြလိုက်ခြင်းပဲပေါ့။

"လာလေ ကျောင်းရှေ့မှာ ဘာလုပ်နေတာလဲ၊ အထဲဝင်ရ အောင်"

ခက်တော့နေပါပြီ။ သူကပင် ပြန်ပြီး ကျွန်မကို ကျောင်းထဲသို့ ဝင်ရန် လောဆော်နေပြန်၏။

"နင် စိတ်တော့ မှန်ပါတယ်နော်"

"ငါက အားလုံးပုံမှန်ပဲ၊ နင်သာ ကြောင်တောင်တောင်နဲ့ ငါ့ကို ဘာတွေလာပြောနေမှန်း မသိတာ"

"နင် တစ်ခုခုတော့ ငါ့ကိုလုပ်ကြံထားပြီ မဟုတ်လား"

ကျွန်မ သူ့ကိုစေ့စေ့ကြည့်လျက် မသင်္ကာစွာပင် မေးလိုက် သည်၊ သူကတော့ ကျွန်မမေးခွန်းအား အလွန်ရယ်မောစရာကောင်းသော ဟာသတစ်ခု ကြားရသလိုမျိုး ဟက်ဟက်ပက်ပက် ရယ်မောလိုက်ရင်း

"နင်ကလေ အမြဲတမ်း နင့်စိတ်နဲ့နှိုင်းပြီးပဲ ပြောတတ်တယ်နဲ့ တူတယ်နော်၊ ငါက နင့်ကို ဘာလုပ်ကြံရမှာတုန်းဟ၊ တကယ်တော့ ငါက ငါ့အသင်းခေါင်းဆောင်ကြီးကို လေးစားလွန်းလို့ စောစောစီးစီးထပြီး လာခဲ့ရတာ"

သူ ဒီလောက် မျက်နှာချိုသွေးနေပြီဆိုရင် မကောင်းတဲ့အငွေ့ အသက်တစ်ခုခုကို ကျွန်မ သေချာပေါက်ခံစားရပြီ ဖြစ်၏။ ဒီပြုံးချိုချို ပြောနေသော မျက်နှာမှာ ကျွန်မအတွက် ကံဆိုးခြင်းတွေပဲ အမြဲတမ်း



www.burmeseclassic.com

www.burmeseclassic.com



မြင်ယောင်နေမိခဲ့တာ ဟိုးငယ်ငယ်လေးတည်းကပါ။

"ဟေး ဒီနှစ်ယောက် ကျောင်းထဲမဝင်သေးဘဲ ဘာရပ်လုပ်နေကြတာမှန်း၊ ရန်ဖြစ်နေကြပြန်ပြီလား"

"အာ မဟုတ်ပါဘူး ဆရာမရဲ့၊ ကျွန်တော်က အစောဆုံးရောက်နေတော့ လေပြည့်ကိုတောင် ပြန်စောင့်နေရတာလေ၊ သူက ခုမှ ရောက်လာတာ"

ကျွန်မတို့ ချစ်ကြောက်ရပါသော အတန်းပိုင်ဆရာမ ဒေါ်တင်တင်လတ်။ နေမင်းကတော့ သူ့ကိုယ်သူ ပနာယူလျက် ချက်ချင်းပင် အဖြေပြန်ပေး၏။ ကျွန်မမှာတော့ သူ့စကားနောက်မှာ အလိုက်သင့်လေး ခေါင်းငုံ့နေရသည်။ နှစ်ယောက်သား စောစောစီးစီး ကျောင်းရှေ့တွင် စကားများနေမှန်းသိပါက ဆရာမရဲ့ဆုံးမကြိမ်းမောင်းခြင်းကို ခံရမှာမလွဲ။

ဒါကိုတော့ ကျွန်မတို့နှစ်ယောက်လုံး ကြောက်ပါသည်။

"လာလေ ကျောင်းထဲဝင်တော့ ဘယ်သူ့ကို ထပ်စောင့်စရာ ရှိသေးလို့လဲ"

"မရှိတော့ပါဘူး ဆရာမ"

နှစ်ယောက်သား ဆရာမနောက်ကနေ ကုပ်ကုပ်ကလေး ငြိမ်သက်စွာ လိုက်ခဲ့ရသည်။ ဆရာမက ဒီနေ့သစ်ပင်စိုက်ပွဲပြီးစီးတာနှင့် ပြန်ရမည်မို့ ဆွဲခြင်းတောင်း မပါခဲ့ပါ။

ရှေ့မှ တည်ငြိမ်စွာ လျှောက်သွားနေသော ဆရာမနောက်ကနေ ကျွန်မတို့နှစ်ယောက်မှာတော့ တစ်ဦးကိုတစ်ဦး အသံတိတ်မျက်စောင်း





ထိုးရင်း လိုက်ပါလာခဲ့ရ၏။ ဒီနေ့ကျမှ မွန်မွန်ကလည်း နောက်ကျလိုက်တာ။

နေမင်းနှင့်လေပြည့်တို့နှစ်ယောက်ကို ဆရာမက သရက်ပင်ပျိုလေးတစ်ပင် အတူတကွ စိုက်ပျိုးခိုင်း၏။ ကျောင်းနောက်ဘက်မှ မြေကွက်လပ်တွင် ဖြစ်သည်။ နေမင်းက ပျိုးပင်လေးထည့်မည့် မြေနေရာကို တူရွင်းဖြင့်ဆွလျက် မြေဩဇာအိတ်ထဲ အပင်ငယ်လေးထည့်ကိုင်ထားသော ကျွန်မကို မော့ကြည့်သည်။

"နင်က သစ်ပင်စိုက်တတ်လို့လား"

"သစ်ပင်စိုက်တာများ ဘာခက်တာမှတ်လို့၊ ဟောဒီလို အပင်လေးကို မြေကြီးထဲထည့် ပြီးရင် ပြန်ဖုံး အပေါ်က ရေလောင်းလိုက်ရင် ပြီးပြီပေါ့"

ကျွန်မက ဟန်နှင့်ပန်နှင့် နမူနာပါ သရုပ်ပြလိုက်၏။

"ဟာ နင့်လက်ပေါ်မှာ ဘာကြီးလဲ ကြည့်လိုက်စမ်း လေပြည့်"

"ဘာ ဘာလဲ ဟာ အမယ်လေး"

တူးထားသဖြင့် ပွနေသည့် မြေကြီးများအား ကျွန်မလက်နှင့်ဖြန့်လည် မြေဖို့ပေးစဉ် လက်ဖမိုးပေါ် တွယ်ကပ်ပါလာသော တီကောင်။ တွန့်လိမ်လျက် ရွေ့လျားနေပုံက တကယ့်ကိုအသည်းယားစရာ။ မိုးအသယ်ပိုင်းလောက် ရောက်နေပြီမို့ သူတို့တွေကို နေရာတော်တော်များများမှာ မြင်နေတွေ့နေရပေမယ့် ခုလို ကိုယ့်လက်ပေါ်မှာ မြင်လိုက်ရတော့ အတွင်းကလီစာတွေကို လက်နှင့်ကုတ်ခြစ်နေသလို အသည်းယားလှ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ပင်ပျိုလေးရှေ့တွင် ဆောင့်ကြောင့်လေး ထိုင်နေရာမှ ကျွန်မ ခုန်ထလျက် လက်ကိုလည်း အားကုန်ခါချပစ်မိ၏။

"နင် နင်လုပ်တာမဟုတ်လား နေမင်း"

"ရာရာစစဟာ နင့်လက်ပေါ် သူ့ဘာသာ တီကောင်တက်တာလည်း ငါလုပ်တာဖြစ်ရောပဲလား ဟား ဟား"

နေမင်းကတော့ ကျွန်မ ဖြစ်နေပုံကိုကြည့်ပြီး လက်ညှိုးတထိုးထိုးနှင့်ခွက်ထိုးခွက်လန် အော်ရယ်နေဆဲ။

"နင်တော်တော်ယုတ်မာတယ် သိလား"

"ခက်တော့နေပြီ၊ အဲဒီ တီကောင်ကို ငါမြင်လည်းမမြင်ဖူးဘူး တော်ဒါလည်း မဟုတ်ဘူး။ သူကလည်း နင့်လက်ဖမိုးပေါ် သူတက်ပါ့မယ်လို့ ငါ့ကိုကြိုမပြောထားဘူးဟာ အဲဒါ ခက်တော့တာပဲ"

"နင် နင်နော်"

"ဟဲ့ ဒီနှစ်ယောက် ဘာဖြစ်နေပြန်ပြီလဲ"

အသံစာစာလေးနှင့်အတူ ကျွန်မတို့နှစ်ယောက်နားသို့ မွန်မွန် ရောက်လာသည်။

"လာပါပြီဗျာ ဖျန်ဖြေရေးဆရာမကြီး"

နေမင်းရဲ့လှောင်တောင်တောင်အပြောကြောင့် မွန်မွန်က မျက်စောင်းတစ်ချက် ဒိုင်းခနဲထိုးလိုက်ရင်း

"ဆောရီးဟာ ညက စာကျက်နောက်ကျသွားတာနဲ့ မနက်





စောစော မနိုးဘူးဖြစ်သွားတယ်"

"ရပါတယ်ဟာ လာ ငါတို့ဘာသာ တခြားတစ်ပင် ထပ်စိုက်မယ်၊ ဒီလိုကောင်နဲ့ အတူစိုက်နေပျိုးနေရတာ ပူလောင်လွန်းလို့"

ပြောပြောဆိုဆိုနှင့် မွန်မွန့်လက်ကိုဆွဲလျက် နေမင်းရှေ့မှ ကျွန်မ ခပ်သွက်သွက် ထွက်ခဲ့သည်။ ဒါကိုတောင်မှ လှမ်းပြောဖြစ်အောင် သူ လှမ်းပြောလိုက်သေး၏။

"ခုတော့ ငါတို့ပူလောင်ပေမယ့် ငါတို့သားသမီးမြေးမြစ်တွေ အတွက် အရိပ်ရအောင် လုပ်ပေးတာပဲဟာ ကာယိလ်တူတူ ရပါတယ်ဟာ"

ပြောင်စပ်စပ် စကားတွေ မထီမဲ့မြင် အမူအရာတွေက နေမင်း ရဲ့ကိုယ်ပိုင်အမှတ်အသားတွေပါပဲ။ ဂျစ်ကန်ကန် ဖွတ်တရွတ်နှင့် ဘာကိုမှ သိမ်ဂရုမစိုက်တတ်ခြင်းဟာလည်း ငယ်စဉ်ကလေးဘဝကအတိုင်း နည်းနည်းမှ မပြောင်းလဲ။

လေးနှစ်အရွယ်လေးမှာပဲ သူ့ကစားစရာကို သူ့ဆီက ခွင့်ပြု ချက်မတောင်းဘဲ ကျွန်မ ယူကိုင်၍ဆိုကာ လက်နှစ်လုံးခန့်ထူသော ဓာတ်ခဲ ကြီးဖြင့် ကျွန်မနဖူးကို ကောက်ထုခဲ့ဖူးသည်။ အဲဒီကတည်းက ကျွန်မ နေမင်းဆိုသည့်နာမည်ကြားတာနဲ့ကို စိတ်ထဲက အလိုလိုရွံမုန်းနေခဲ့မိခြင်း ဖြစ်သည်။

မိဘတွေက ငယ်သူငယ်ချင်းတွေမို့ သူတွေကိုယ်တွေကို ငယ်စဉ် ကတည်းက ခင်မင်ရင်းနှီးစွာ ဆက်ဆံပေါင်းသင်းစေချင်ခဲ့ပေမယ့် သူတို့ ဆင်သလို ဖြစ်မလာဘဲ ကျွန်မတို့နှစ်ယောက်က တကယ့်ကို တကောင်းစေး



www.burmeseclassic.com

www.burmeseclassic.com



နှင့်မျက်ချေး။

ခုလည်း ထုံးစံအတိုင်း ကျွန်မ သူ့ကိုလှည့်ကြည့်လှည့်ကြည့် ပေစောင်းပေစောင်းနှင့်ပင် နောက်ပြန်ကြီး လမ်းလျှောက်နေမိ၏။

"ဘုန်း"

"အင့်"

"အမေ့"

"ဟာ မတော်လို့ဗျာ ဆောရီး ဆောရီး"

ကျွန်မ ရင်ဘတ်နှင့်မျက်နှာချင်းဆိုင်မှလူ၏ သန်မာသော လက်မောင်းတို့ တည့်တည့်ကြီး ဝင်တိုက်မိသည်။ အောင့်မျက်သွားသော နေရာကို လက်နှင့်ဖိရင်း ကျွန်မ မျက်စိမျက်နှာပျက်စွာ ဆောင့်ကြောင့်လေး ထိုင်ချလိုက်မိ၏။ ထိုလူကလည်း ကျွန်မနှင့်တည့်တည့်တွင် ဆောင့်ကြောင့်ထိုင်လိုက်ပြီး နာကျင်မှုကြောင့် ငုံ့ထားသော ကျွန်မမျက်နှာကို အတင်းလိုက်ကြည့်လျက်

"အရမ်းနာသွားလား ဆောရီးပါဗျာ တကယ် ဆောရီး ငါကလည်း နည်းနည်းလောသွားတယ်"

တကယ်ဆို နောက်လှည့်ကြည့်လျက် လျှောက်လာမိသော ကျွန်မ အမှားပါ။ သို့သော် သူက မှားပါတယ်လို့ အရင်စပြောပြီး တောင်းပန်နေလေတော့ ကျွန်မလည်း ထိုလူ့မျက်နှာကို မော့ကြည့်လိုက်မိ၏။

"ဩော် ဟိုတက်အခန်းကို ကျောင်းဖွင့်စတုန်းက အသစ်ပြောင်းလာခဲ့ပြီး ကျောင်းသူများကြားမှာ တဟုန်ထိုး နာမည်ကြီးနေသည့် ရုပ်ဖြောင့်ဖြောင့်ကောင်ပါလား။ နာမည်က ဘာပါလိမ့်။

"ရပါတယ် ဘာမှမဖြစ်ဘူး"

ကျွန်မရဲ့ခပ်ပြတ်ပြတ် မပြောချင်ပြောချင်အသံကြောင့် သူ့ရဲ့ ခပ်ထူထူနှင့် ညီညာမည်းနက်သော မျက်ခုံးနှစ်ဖက်မြင့်တက်သွားသည်။

"နင်က အေခန်းကမဟုတ်လား"

"ဘာဖြစ်လို့လဲ"

"မြင်ဖူးနေလို့ပါ"

ကျွန်မ သူ့ကိုဘာမှပြန်မပြောတော့ဘဲ နာကျင်မှုလျော့ပါးသွားပြီဖြစ်သောကြောင့် ထိုင်နေရာမှ မတ်တပ်ပြန်ရပ်လိုက်သည်။

"ရရဲ့လား လေပြည်"

မွန်မွန်အသံက တိုးတိုးညင်းညင်း။ ဟိုတစ်ယောက်ကို တစ်ချက်တစ်ချက်လှမ်းကြည့်လိုက်သော မျက်ဝန်းတွေကလည်း ရှိုးတိုးရှန့်တန့်။

ဟင်း ဒီမိန်းမလည်း ဒီကောင့်ကို ကြွေလုလုတွေထဲမှာ တစ်ယောက်အပါအဝင်ပဲနဲ့ တူပါရဲ့။

"ငါ ဘာမှမဖြစ်ဘူး၊ သွားမယ်"

"ငါတကယ် မတော်လို့နော်"

ကျွန်မ နောက်ပါးကနေ ကပ်လျက်ပါလာသော သူ့အသံ။ ဒီတစ်ယောက်ကတော့ နေမင်းနဲ့များ ကွာပါ့။ အလကားနေရင်းကို ယက်တိုက်တောင်းပန်နေတော့တာပဲ။







www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ မွန်မ နင်ဒီကောင့်ကို ငြိနေတာလား"

"နင်ကလည်း သူ့မငြိတဲ့ မိန်းမ ငါတို့ကျောင်းမှာရှိသေးလို့လား"

"ဟယ် ပြောရက်တယ်၊ ငါလေ ငါရှိသေးတယ်၊ သူ့နာမည် တောင် မသိဘူး"

ကျွန်မ ကိုယ့်ကိုကိုယ် လက်ညှိုးငေါက်ငေါက်ထိုးလျက် မျက်လုံးကြီးပြူးပြီးပြောလျှင် မွန်မွန်ကတော့ မျက်စောင်းထိုးလိုက်ရင်း

"အေးလေ နင်ကတော့ တစ်နေ့တစ်နေ့ နေမင်းနဲ့ရုန်ဖြစ်ရတာ နဲ့တင် ပြီးနေတာဆိုတော့ သူ့နာမည် ဘယ်သိနိုင်ပါ့မလဲ မှတ်ထား သည်းဦးမောင် တဲ့"

"ဘာတဲ့ ဘာတဲ့ ဘယ်လို"

သေသေချာချာ ကြားလိုက်ပါလျက် မကြားလိုက်သလိုမျိုး ကျွန်မမှာ ရင်ဘတ်ကို လက်နှင့်ဖိရင်း ပြန်မေးမိရသည်။

"သည်းဦးမောင် တဲ့"

"အမယ်လေးတော် တင်တင်စီးစီး သူ့နာမည်ခေါ်မယ့်အစား ငါ့လျှာငါ ကိုက်ဖြတ်ပစ်လိုက်ချင်တယ်"

"အကဲပိုရန်ကော မိလေပြည်ရယ်"

"အေးပေါ့ ကျောင်းကမိန်းမတွေကတော့ ဒီနာမည်နဲ့တင် အူလှုပ်သည်းလှုပ် ဖြစ်နေကြမှာပေါ့၊ ဒီလို ကသိကအောင့်နာမည်မျိုး ပေးနိုင်တဲ့ သူ့မိဘတွေကိုတော့ ငါ တကယ် ချီးကျူးတယ်"

ပျိုးပင်လေးများ စုပေါင်းထားသည့် နေရာကနေ ကုံကော်ပျိုးပင်





လေးတစ်ပင်ယူလျက် ကျောင်းလမ်းမကြီးဘေးတစ်ဖက်တွင် စိုက်ပျိုးရင်း ကျွန်မနှင့်မွန်မွန်တို့ သည်းဦးမောင်ဆိုသည့် ကိုလူချောအကြောင်း ရေပက်မဝင်ပြောနေကြခြင်း ဖြစ်သည်။

"ဒါနဲ့ နင် ညနေကျရင် ယောလေးတို့အိမ် လာမှာမဟုတ်လား လေပြည်"

"လာမှာပေါ့ဟ၊ ငါတို့ ယှန်ပုံအဆွဲပြိုင်ဖို့ ပြောထားကြတာပဲဟာ"

"ဟုတ်ပါပြီ လာမယ်ဆိုလည်း ပြီးရော လောင်းကြေးထဲမှာ ပုံတင်မကဘူးနော် Chemistry အခန်းဆယ့်ငါးခန်းလုံးက အီကွေးရှင်းတွေပါ ကျက်လာနိုင်မှ အကင်အဝစားရမှာ"

"ဟာ ဟာ စိန်လိုက်လေ"

မွန်မွန့်ကို ရယ်ရယ်မောမောလေး ပြန်စနောက်ရင်း နေမင်းနှင့် ပြဿနာဖြစ်လို့ ပူလောင်နေသော ရင်အစုံအကြောင်းကို ကျွန်မ ကောင်းကောင်းမေ့ထားလိုက်နိုင်ခြင်းက ဘယ်လောက်ကောင်းလိုက်သလဲ။

စာအတွက်လည်း မပူပါဘူး။ စာမေးပွဲကြီးဖြေဖို့ သုံးလသာလိုတော့သည့် ဒီလိုအချိန်မှာ ကျွန်မအတွက် ဘာသာရပ်ခြောက်ခုလုံးကို အားလုံးနီးပါး ကျက်မှတ်ပြီးသားဖြစ်နေခဲ့ပြီ။ ဒါကြောင့်လည်း အနားယူရင်း ပိုက်ဆံလေးလည်းရသည့် Online Delivery လေးကို ကျွန်မ လုပ်နေခြင်း။ ဒီညနေ ယောလေးတို့အိမ်ကပြန်လျှင် အင်တာနက်ဆိုင်ထဲ တစ်ချက်ဝင်ကြည့်ပြီး အမှာစာအသစ်တွေ ရောက်နေလား ဘာလား စစ်ဆေးလိုက်ဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေမသိအောင် ခိုးလုပ်ရမှာဆိုတော့ ရင်နည်းနည်းတုန်မိ၏။ မေမေက ကျွန်မကို ဖေဖေ့လိုမျိုး ဆရာဝန်တစ်ယောက် ဖြစ်စေချင်သည်။ ကျွန်မကိုယ်တိုင်ကလည်း ဝါသနာပါသည်မို့ ဒါက သိပ်ကြီးမားသော ပြဿနာတော့မဟုတ်ပါ။ စာနှင့်ပတ်သက်လာလျှင် မျက်နှာသာမပေးတတ်သော မေမေ့ကြောင့် ကျွန်မမှာ ဟိုးငယ်စဉ်တည်းက ကျောင်းစာအုပ်တွေနှင့် အဖော်လုပ်ရင်း ကြီးပြင်းလာရခြင်း ဖြစ်၏။

နေမင်းဖေဖေနှင့်ကျွန်မဖေဖေက ဆေးကျောင်းမှာ တတွဲတွဲနှင့် တွဲရသည်ထိ အတူတူ။ တစ်ယောက်တစ်နယ်စီ တာဝန်ကျရင်း ကျွန်မတို့သုံးနှစ်အရွယ်တွင်မှ ရန်ကုန်မှာ ပြန်ဆုံကြခြင်းတဲ့။ ထိုစဉ်မှစကာ အဖေချင်းပါမက အမေတွေပါ ခင်ခင်မင်မင်နှင့် မိသားစုနှစ်ခု နှစ်အိမ့်တစ်အိမ် နေလာကြခြင်း။

မိဘတွေက နှစ်ပေါင်းများစွာကြာအောင် ချစ်ခင်ရင်းနှီးစွာ ပြောမနာဆိုမနာ နေလာပေမယ့် တစ်ဦးတည်းသော သားနှင့်သမီးမှာတော့ မျက်နှာချင်းဆိုင်လို့မရလောက်သည်ထိ တစ်ယောက်ကိုတစ်ယောက် ကြည့်မရဖြစ်နေရသည်။

"ဟဲ့ လာကြ အမှတ်တွေကတော့ မတိမ်းမယိမ်းပါပဲ"

ကျန်းမာရေးပင်စင်ယူထားသော အငြိမ်းစားအထက်တန်းပြ ဆရာမ ယောလေးမေမေထံမှာ ကျွန်မတို့သုံးယောက်၏အဖြေလွှာများကို အစစ်ဆေးခံယူစဉ် ယောလေးမေမေမှ ခပ်ပြုံးပြုံးနှင့်ပြောလိုက်သော စကားပါ။





"ပုံခွဲတဲ့နေရာမှာတော့ ယောလေးရော လေပြည်ပါ ကြိုးစားထားပေမယ့် မွန်မွန့်လက်ရာကိုမမီကြဘူး၊ သမီးယောလေးက အညွှန်းတစ်ခုတောင် ကျန်ခဲ့သေးတယ်၊ အီကွေးရှင်းကတော့ လေပြည်ကလွဲရင် နှစ်ယောက်လုံး မှားကြတယ်၊ မွန်မွန်က နှစ်ခု ယောလေးက တစ်ခု"

ယောလေးမေမေထံမှ ကိုယ့်စာအုပ်ကိုယ် အသီးသီး ပြန်ယူလိုက်ပြီး ကျွန်မတို့သုံးယောက် ဆုံးဖြတ်ရခက်နေခဲ့၏။

"နှစ်ခုလုံးမှာ အမှတ်ပြည့်ရတဲ့သူမှ မရှိဘဲ၊ ဘယ်သူ့ကိုနိုင်တယ်လို့ ပြောမှာတုန်း"

မွန်မွန်က စကားစလာသည်။

"ပုံခွဲမှာ မွန်မွန်က တော်လို့ အကောင်းဆုံးရပေမယ့် လေပြည်ကလည်း မှားတာမှမဟုတ်တာ၊ အီကွေးရှင်းမှာလည်း လေပြည်ပဲ အကုန်မှန်တာလေ၊ ဒီလိုဆို ငါတို့နှစ်ယောက်က လေပြည်ကို ဝယ်ကျွေးရမှာ မဟုတ်ဘူးလား"

ယောလေးကတော့ သူမ၏အရိုးခံစိတ်အတိုင်း ခပ်အေးအေး ပြော၏။ မွန်မွန်က ယောလေး၏ပေါင်ကို လိမ်ဆွဲလိုက်ပြီး

"နင့်ကို ဘယ်သူက ရိုက်စစ်နေလို့တုန်း၊ ဒီတိုင်း အားလုံးသရေဆိုပြီး လုပ်လိုက်ရင် ငါတို့ပိုက်ဆံကုန်စရာ မလိုတော့ဘူးမဟုတ်လား"

"မွန်မွန် နင်ကလေ တော်တော်အကြံပက်စက်ပါလား။ လေပြည်က ငါတို့သုံးယောက်ထဲမှာ အစေ့စပ်အသေချာဆုံးဆိုတာ သိသာနေပြီး



www.burmeseclassic.com

www.burmeseclassic.com



သားပဲ၊ နင်က တမင်လျှော်ပစ်ချင်တယ်ပေါ့လေ''

''နင်တို့နှစ်ယောက် စကားများမှာလား။ ငါ့ကိုအကင်လိုက်ဝယ် ကျွေးမှာလား။ နှစ်ခုထဲက တစ်ခုမြန်မြန်ရွေး''

ကျွန်မက လက်နှစ်ဖက်ကို ခါးတွင်ထောက်လျက် မိန့်မိန့်ကြီး မေးလိုက်သည်။ မုတ်ဆိတ်မွေး ပွတ်သလိုတောင် လက်မနှင့်လက်ညှိုး ကို အသုံးပြုပြီး မေးစေ့ကို ပွတ်ပြလိုက်သေး၏။

''အဲဒီပုံကြီး စိတ်ညစ်လွန်းလို့ လိုက်ကျွေးဆိုလည်း ကျွေးပါ့ မယ်ဟယ်၊ ရှေ့ကသာ မြန်မြန်ကြွပါတော့''

မွန်မွန်က မျက်စိမျက်နှာရှုံ့မဲ့လျက်ပြောတော့ ယောလေးက ရယ်ကာမောကာနှင့် ကျွန်မကို လက်ကုတ်သည်။

''ငါတို့ မွန်မွန်တော့ အီကွေးရှင်းနှစ်ခုများလို့ တော်တော်ရင်နာ နေမှာပဲနော် ဟင်း ဟင်း''

''ယောလေး နင်ကတော့ လေပြည်ကို တော်တော်ချစ်နေတယ် ပေါ့လေ''

''ချစ်ရတာပေါ့ဟ နေမင်းဆီကို ငါပို့ခိုင်းတဲ့ ပန်းစည်းလေး မွေးနေ့မှာပို့ပေးထားတာ၊ ငါဆိုတာကိုလည်း နေမင်းနဲ့ရန်အဖြစ်ခံပြီးတော့ တောင် လျှို့ဝှက်ပေးထားသေးတာလေ''

''ဩော် အေး အေး ဒါနဲ့ပဲ လေပြည်က နင့်ကျေးဇူးရှင်ကြီး လုံးလုံး ဖြစ်သွားတယ်ပေါ့လေ မပြောလိုက်ချင်ဘူး''

''တော်ပါတော့ မွန်မွန်ရယ် ငါလည်း အိမ်မှာနန်းကြီးသုပ်တွေ





အဝစားလာလို့ ဗိုက်တင်းနေတာနဲ့ အကင်လည်း သိပ်အများကြီးစားနိုင် မှာမဟုတ်ပါဘူး။ နင့်ဗိုက်ဆံလည်း သိပ်ကုန်စရာ မရှိလို့ စိတ်မပူနဲ့နော်''

''ငါက ဗိုက်ဆံကုန်မှာစိုးလို့ ပြောနေတာ မဟုတ်ပါဘူး''

''ဒါဆို ဘာလဲ''

''စိတ်ရင်းထဲကကို နင့်မကျွေးချင်တာ ရှင်းပြီလား''

''ဩော် မိန်းမ တော်တော်စိတ်ပုပ်ပါလား''

ကျွန်မက မွန်မွန့်ကို လိုက်ရိုက်လျှင် မွန်မွန်က ယောလေးလက် ကိုဆွဲပြီး ခပ်သောသောလေး ပြေး၏။ ကျွန်မတို့ရပ်ကွက်လမ်းများက လူခြေတိတ်ဆိတ်သည့်မို့ သုံးယောက်သား လွတ်လပ်စွာပင် ကလေးများလို ပြေးလွှားနေမိသည်။

''အို အမေ့''

''ဟာ သွားပါပြီ''

ရှေ့ကပြေးနေသော မွန်မွန်နှင့်ယောလေးက လက်ချိုးလေးကို ဖြတ်ကျော်ပြီး တခြားဘက်သို့ ရောက်သွားချိန်မှာမှ ကျွန်မက ထိုလမ်း ချိုးလေးတည့်တည့်သို့ ရောက်လာခြင်းဖြစ်သည်။ ဒါကြောင့်လည်း အဲဒီ လမ်းချိုးလေးထဲမှ ကွေ့ထွက်လာသော ပြိုင်ဘီးလေးနှင့်မျက်နှာချင်းဆိုင် တိုက်မိကြခြင်း။

အလန့်တကြားနှင့် ပါးစပ်မှ အာမေဋိတ်သံထွက်သွားပြီး လမ်း ဘေးမြက်ခင်းပြင်ပေါ်သို့ ကျွန်မ ဖင်ထိုင်လျက် လဲကျသွားသည်။ ကျွန်မ အသံကြားမှ ဟိုနှစ်ယောက်လည်း ပြန်လှည့်ကြည့်ရင်း အနားသို့ အပြေး



www.burmeseclassic.com

www.burmeseclassic.com



လေးရောက်လာ၏။

"လေပြည် ဘယ်လိုဖြစ်တာတုန်း"

ယောလေးက လဲကျနေသော ကျွန်မထံ လက်တစ်ဖက်ကမ်းပေးရင်း ပြုံးပြုံးပျာပျာ မေးသည်။

စက်ဘီးပေါ်မှ လူကတော့ ကျွန်မကို ရှောင်လိုက်စဉ် သူပါလဲကျသွားသည်မို့ ကုန်းရုန်းပြန်ထရင်း သူ့ဖြိုင်ဘီး နက်ပြာရောင်လေးကိုလည်း ပြန်ထောင်လိုက်၏။

"ဟင် နင်"

သူက ကျွန်မကိုတွေ့တော့ မျက်လုံးများပြူးသွား၏။ ကျွန်မနှင့်မွန်မွန်လည်း သူ့အတိုင်းပင် အံ့ဩတကြီး။ တစ်နေ့တည်းမှာ လူနှစ်ယောက် နှစ်ခါပြန် ဝင်တိုက်မိကြတယ်ဆိုတာ တော်တော်လေး ကြုံတောင့်ကြုံခဲပဲ မဟုတ်လား။

"နင် ဘယ်နားထိသွားပြန်ပြီလဲ"

အနားရောက်လာသော သူက ကျွန်မကိုကြည့်ပြီး မနက်ကကျောင်းမှာဖြစ်ခဲ့သည့်အတိုင်း စိတ်ပူပန်သည့်လေသံမျိုးနှင့် မေးလာပြန်သည်။

"ငါကလည်း သတိမထားမိလိုက်ဘူးဟာ၊ ဒုတိယမ္ဗ် တောင်းပါနော်"

"ငါများတာပါ လမ်းချိုးကို အတင်းဖြတ်ပြေးမိတာကိုး"

ဒီတစ်ခါတော့ ကျွန်မက အပြစ်ဝင်ယူလိုက်ပါသည်။





"ငါကလည်း တကယ်ဆို ဘဲလ်တီးပြီးမှ လာသင့်တာပါ၊ ဆောရီးဟာ"

"နင့်မှာ ဆောရီးတွေ တော်တော်ပေါတာပဲနော်"

"အဟဲ အဲ့လိုတော့လည်း မဟုတ်ပါဘူး"

သူက မည်းနက်နေသော ဆံပင်တိုတိုကို လက်နှင့်တစ်ချက်သပ်လိုက်ရင်း ရယ်ကျဲကျဲပြော၏။

"နင်က ဒီရပ်ကွက်ထဲမှာပဲ နေတာလား"

မွန်မွန်က စပ်စပ်စုစု ဝင်မေးသည်။ သူက ချက်ချင်းပင်ခေါင်းပြန်ခါလျက်

"ငါက ဒီမှာမနေဘူး။ ဟိုးဘက်နှစ်ရပ်ကွက်ကျော်မှာနေတာ၊ ဒီကို ငါ့အိမ်က ကီစွရှိလို့ ခိုင်းလိုက်တာနဲ့ ရောက်လာတာ"

"သြော် ဒါကြောင့် မမြင်ဖူးတာကိုး"

"နင် တကယ်အဆင်ပြေတယ်နော်"

သူက ကျွန်မကိုကြည့်လျက် ထပ်မေးပြန်သည်။

"ပြေတယ် ဘာမှမဖြစ်ဘူး"

"ဒါဆို ငါ့ကိုခွင့်ပြုဦးဟာ"

"ငါတို့ အကင်သွားစားမလို့ လိုက်ခဲ့ပါဦးလား"

မွန်မွန်က စကားရောဖောရော ဝင်လုပ်သည်။

"မလိုက်တော့ပါဘူး ငါကျူရှင်သွားရဦးမှာမို့လို့လေ"

"အေး အေး ဒါဆိုလည်း ပြီးရော"



www.burmeseclassic.com

www.burmeseclassic.com



သူမ ဖိတ်ခေါ်တာ မအောင်မြင်၍ မှန်မှန် ဆတ်တောက်တောက် ပြန်ဖြေသည်။ သည်းဦးမောင်ကတော့ စက်ဘီးလေးကိုနင်းပြီး ကျွန်မတို့နားမှ ခပ်သွက်သွက်ပင် ထွက်သွား၏။

"ကောင်မ နင်တော်တော်ကဲပါလား အတင်းကို ရောနေတော့တာပဲ"

တစ်ချိန်လုံး ပါးစပ်ပိတ်ထားသော ယောလေးက နင်းထွက်သွားသော စက်ဘီးလေးကို မြင်ကွင်းမှပျောက်ကွယ်သွားသည်ထိ ငေးမောနေသော မှန်မှန့်အား ပြစ်တင်လိုက်၏။ ဒါတောင် မှန်မှန်တို့က မနာခပ်ပြုံးပြုံးနှင့်ပင်။

"ဒီလိုမျိုး စကားပြောကြည့်တော့လည်း ရုပ်ချောရုံတင်မကဘူး အပြောအဆိုလေးကလည်း တော်တော်လေး ညက်ညောမှန်း သိလာရတယ်"

ယောလေးက ကျွန်မကိုလှမ်းကြည့်ရင်း ပခုံးတွန့်ပြ၏။ မှန်မှန်ဘာဖြစ်နေတာလဲဆိုသည့် သဘောမျိုး။

"ဒီမိန်းမက ခုန သည်းဦးမောင်ကို ကြိတ်ကြွေနေတာလေ"

"ဟယ် တကယ်"

"ဘာဖြစ်လို့လဲ ငါ့ဟာငါ ကြွေတာကြွေလို့ မရဘူးလား။ နင်နေမင်းကို အသည်းအသန်ဖြစ်သလိုမျိုး ဖြစ်နေတာလည်း မဟုတ်ဘူး ချောချောမောမောလေးမို့ စိတ်ဝင်စားရုံသက်သက်ပဲ"

"အေး ကြွေကြ ကြွေကြ ငါကတော့ သွားတော့မယ်"





ကျွန်မတစ်ယောက်တည်း ခပ်သွက်သွက် ထွက်သွားလို့ သူမတို့နှစ်ယောက် နောက်ကနေ ကပ်ပါလာသော်လည်း ပါးစပ်များကတော့ အငြိမ်နေကြတာမဟုတ်ပါ။ တစ်ယောက်ကိုတစ်ယောက် စောင်းကြချိတ်ကြနှင့်ပင် အကင်းဆိုင်ရောက်သည်ထိ။

■ ■ ■

နှင်းဆီပန်းအနီရောင် ဆယ့်တစ်ပွင့်ကို ပေပါပန်းနုရောင်လေးနှင့် သေသပ်လှပစွာ ထုပ်ပိုးလိုက်တော့ ချစ်စရာပန်းစည်းလေးတစ်ခု ရှက်စိရှေ့မှာ ပုံပေါ်လာ၏။ ပို့စ်ကဒ်ဟန်းမိတ် ခရမ်းရောင်လေးတွင် အင်္ဂလိပ်လို နင့်ကိုငါချစ်တယ်ဆိုတဲ့ စကားလုံးပါတာလေးအား ပန်းစည်းလေးတွင် ချိတ်တွဲလိုက်၏။

တော်တော်လည်း ကဗျာဆန်တာပါပဲ။ ကျွန်မကတော့ သူများအကာတွေ ချစ်ကြကြည်နူးကြဖို့ ဒီအလုပ်လေး လုပ်ပေးရတာကို ဝမ်းသာနေမိသည်။

ဒီတစ်ခါ ပန်းစည်းနှင့်ပို့စ်ကဒ်ပို့ပေးရမည့်နေရာက သိပ်တော့ဝေးပါ။ ကျွန်မတို့ရပ်ကွက်နားမှာတင် ဖြစ်သည်။ တစ်ခါတလေ ပို့ပေးရသည့်နေရာတွေက ကျွန်မ မရောက်ဖူးသော ဝေးလံသည့်နေရာတွေမို့ အမေ့ကိုလစ်ပြီး ထွက်ရတာ သိပ်အဆင်မပြေလှ။ ဒီတစ်ခါကတော့ သမ်းစရိတ်လည်းမကုန်ရပါဘဲ ကျွန်မအတွက် ငွေအသားတင်ကျန်၏။

ကျွန်မထံသို့ အမှာစာပေးပြီး ပစ္စည်းပို့ခိုင်းသည့်သူကတော့ ညိုက်သည့် စာထဲမှာ သူ့ကိုယ်သူ မိတ်ဆက်မထားသောကြောင့် ကျွန်မ

www.burmeseclassic.com



လည်း မသိရပါ။ ကျွန်မအတွက် ကျသင့်ငွေကို ဘဏ်မှတစ်ဆင့် လွှဲလိုက်မည်တဲ့။ ဘယ်လိုပဲဖြစ်ဖြစ် အဆင်ပြေပါသည်။

ဒီနေ့က ပို့ရိုင်းသည့် ကောင်မလေး မှာထားသော ဒီဇင်ဘာ ၃၀ ဖြစ်သည်။ မနက်ရှစ်နာရီလောက်အရောက်ပို့ပေးရမှာမို့ ပန်းစည်းလေးကို ခြောက်နာရီလောက်တည်းက ကျွန်မ ထလုပ်ဖြစ်၏။ မေမေကတော့ အခန်းထဲမှာ ကျွန်မစာကျက်နေသည်ဟု ထင်နေမှာမလွဲ။

မနေ့က ကျောင်းအပြန်မှာ ပို့စ်ကဒ်ဝင်ဝယ်ခဲ့ပြီး ပန်းတွေကိုတော့ မနက်စောစောလမ်းထလျှောက်မည်ဟု အကြောင်းပြကာ လတ်လတ်ဆတ်ဆတ်တွေချည်း ရွေးဝယ်ခဲ့ခြင်း ဖြစ်သည်။ လိုသလောက်ကို ခွဲယူထားပြီး ကျန်တာကို ဘုရားစင်မှာ ထိုးပေးလိုက်တော့ မေမေလည်း မရိပ်မိနိုင်ဘဲ ကျွန်မ အောင်မြင်စွာ ပန်းစည်းပြုလုပ်ပြီးစီးနိုင်ခဲ့သည်။

တိုင်ကပ်နာရီလေးက ရှစ်နာရီထိုးရန် ဆယ့်ငါးမိနစ်ကို ပြနေပြီ။ မနက်လမ်းလျှောက်ထွက်သည့် အားကစားဝတ်စုံ ဝမ်းဆက်လေးနှင့်ပင် ကျွန်မ အိမ်ပြင်ထွက်ရန် ပြင်၏။ မေမေ့အရိပ်အချည်ကို လှမ်းအကဲခတ်တော့ ဈေးခြင်းတောင်းကိုင်ပြီး ဈေးသွားရန် အသင့်ဖြစ်နေပြီ။

ကျွန်မ အခန်းပြင်ထွက်ကာ မေမေ့ကို ကိုယ်ထင်ပြလိုက်၏။

"မေမေ ဈေးသွားတော့မလို့လား"

"ဟုတ်တယ်လေ သမီး၊ ဘာမှာမလို့လဲ"

"ဈေးထိပ်က ကောက်ညှင်းပြန်ပေါင်းလေး ဝယ်ပေးခဲ့ပါနော်၊ အဲဒါလေး စားချင်နေတာ နှစ်ရက်လောက်ရှိပြီ"





"ဟုတ်ပြီ ဟုတ်ပြီ မေမေ ဝယ်လာခဲ့မယ်၊ 'ဒီနေ့ ကျူရှင်ကကိုးနာရီခွဲမှာ မဟုတ်လား၊ ခဏနေရင် ရေတွေဘာတွေချိုးပြီး ပြင်ဆင်တော့လေ၊ မေးမယ့်စာတွေလည်း သေချာပြန်နွှေးသွားဦးနော်၊ အေးလေ ကောက်ညှင်းပြန်ပေါင်းလည်း စားသွားရအောင် မေမေ အမီပြန်လာမှာပါ"

မေမေက တစ်ယောက်တည်း အဆက်မပြတ်ပြောရင်းဆိုရင်း အိမ်ပြင်ထွက်သွား၏။ မေမေထွက်သွားသည်နှင့် အခန်းထဲသို့ လှစ်ခနဲပြန်ဝင်ကာ ပန်းစည်းနှင့်ပို့စ်ကဒ်ကို ယူလိုက်သည်။ ဈေးရှိသည့်နေရာနှင့် ကျွန်မ သွားရမည့်ရပ်ကွက်က ဆန့်ကျင်ဘက်တစ်လမ်းစီမို့ လမ်းတစ်ဝက်မှာ မေမေ တွေ့သွားမှာကိုတော့ စိတ်မပူရပါ။

လမ်းမပေါ်ခြေချမိသည်နှင့် ခြေလှမ်းကို ခပ်သွက်သွက်လေး လှမ်းလိုက်သည်။ လူတချို့ကတော့ စောစောစီးစီးကြီး အားကစားဝတ်စုံမှ ခေါင်းစွပ်ကိုဆောင်းလျက် ပန်းစည်းကိုင်ပြီး မပြေးရုံတမယ် သွားနေသော ကျွန်မကို ကွက်ကြည့်ကွက်ကြည့် လုပ်သွားကြ၏။

ဆယ်မိနစ်မပြည့်ခင်မှာပင် ပို့ပေးရမည့်အိမ်လိပ်စာကို ကျွန်မ ရှာဖွေတွေ့ရှိသွားသည်။ အစိမ်းရောင်ကွန်ဒိုတိုက်ခန်းတွဲကြီး၏ အပေါ်ဆုံး ဆယ့်တစ်ထပ်မြောက် Penthouse တွင်ဖြစ်၏။ တံခါးဘဲလ်ကို နှစ်ချက်ဆင့် တီးလိုက်သည်။

ချက်ချင်းပင် အထဲမှ ခြေသံကြားရလျက် တံခါးချပ်လေး ရုတ်ခနဲ ပွင့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် နင် ဘယ်လိုဖြစ်တာလဲ"

"ဟာ ဒါ နင့်အိမ်လား"

တစ်ယောက်ကိုတစ်ယောက် လက်ညှိုးများထိုးလျက် ကျွန်မနှင့် သည်းဦးမောင်တို့ အံ့သြမင်သက်မိသွားကြသည်။ နားမလည်နိုင်ခြင်းများ စွာဖြင့် မျက်မှောင်ကြီးကျုံ့လျက် ကျွန်မကို ငေးကြည့်နေဆဲဖြစ်သော သည်းဦးမောင်ကို ကျွန်မကပင် အစအဆုံး ရှင်းပြရပါတော့သည်။

"အဲဒါပဲဟေ့ ငါက အွန်လိုင်းဝန်ဆောင်မှုလေး လုပ်တယ်၊ ပစ္စည်းလေးတွေ လိုက်ပို့ပေးတာပေါ့၊ ဟိုတလောက ငါ့ဆီစာတစ်စောင် လာတယ်၊ ဒီနေ့ ဒီအချိန် ဒီလိပ်စာကို ဒါလေးပို့ပေးဖို့"

ကျွန်မက ပန်းစည်းနှင့်ကဒ်ကို သူ့လက်ထဲ ထိုးထည့်ပေးလိုက်၏။ သူ ကြောင်တောင်တောင်နှင့်ပင် လှမ်းယူပါသည်။

"ဘယ်သူက ပို့ခိုင်းတာလဲ"

"ငါ မသိဘူး၊ နာမည်မပါဘူး၊ လိပ်စာမပါဘူး၊ ဒီတိုင်းပဲ အမှာသက်သက်၊ ငါပြောနိုင်တာက ကောင်မလေးတစ်ယောက်ဆိုတာပဲ"

"ဩော် အေး သိပ်ကောင်းတယ်နော်"

"အောင်မာ ငါသိတာ အကုန်လုံးလည်း ပြောပြရသေးတယ်၊ ကဲ ကဲ နင်လက်မှတ်ထိုးပေး"

အင်္ကျီအိတ်ကပ်ထဲမှ ကျွန်မ ထုတ်လိုက်သော မှတ်စုစာအုပ် လေးတွင် သည်းဦးမောင်က လက်မှတ်ထိုးပေး၏။

"ငါက အဲဒါကို သူ့ဆီ မေးလ်နဲ့ပြန်ပို့ပေးရမှာ"





"နင်က သူ့အီးမေးလ်တော့ သိတယ်ပေါ့"

"သိတယ်၊ ဒါပေမဲ့ နင့်ကိုပေးသိခွင့်တော့ သူမပေးထားတဲ့ အတွက် ဆောရီးပဲ၊ ငါမပြောပြနိုင်ဘူး"

"အေးပါ ငါကလည်း အတင်းကြီးမမေးပါဘူး၊ ဒါက နင့်စီး ပွားရေးပဲဟာ"

"ကဲ ငါသွားမယ်၊ အချိန်အကြာကြီး မရဘူး၊ မေမေ ဈေးက ပြန်လာရင် ငါ့မတွေ့ရင် အဆူခံရမှာ"

"နင်က ခိုးလုပ်နေတာလား"

"နင် တော်တော်စပ်စုပါလား"

မျက်ဝန်းလေးထောင့်ကပ်လျက် နှာခေါင်းရှုံ့ကာ ပြောပြီး ကျွန်မ ခပ်မြန်မြန် ပြန်လာခဲ့ရသည်။

တော်ပါသေးရဲ့ ကျွန်မ အိမ်ပြန်ရောက်သည့်ထိ မေမေ ဈေးမှ ပြန်မရောက်သေးပါ။ မေမေ ပြန်လာရင် အဆင်သင့်ဖြစ်နေရန် ရေချိုးခန်း ထဲသို့ အပြေးလေး ဝင်ခဲ့လိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

''မနေ့က သည်းဦးမောင်ရဲ့မွေးနေ့တဲ့ သိလား''

မုန့်စားကျောင်းဆင်းချိန် သုံးယောက်ဆုံသည်နှင့် မွှန်မွှန်က စကားစလာ၏။ ယောလေးက ဘာမှမထူးဆန်းသလို မုန့်စားမပျက်။ ကျွန်မကတော့ မနေ့ကပို့ပေးခဲ့ရသော ပစ္စည်းလေးတွေကို ပြန်မြင်ယောင်လျက် ခုမှ သဘောပေါက်သွားရသည်။

မနေ့က ပန်းစည်းလေးနှင့်ကဒ်လေးက သည်းသည်းလှုပ်နေသည့် ကျောင်းသူတွေ မနည်း။ သည်းဦးမောင် ထိုင်ခုံအံဆွဲထဲမှာ မုန့်တွေသွားထားရတာတို့ ဖုန်းနံပါတ်တောင်းပြီး စာလှမ်းမေးရတာတို့ ရသည့်နည်းလမ်းအားလုံးဖြင့် သည်းဦးမောင်ကို ချည်းကပ်ချင်နေကြသည်။

''ဟဲ့ လေပြည် ငါ ပြောတာ ကြားလား''

''ကြားတယ် ကြားတယ် နင်တို့ကို ငါမပြောရသေးဘူးနော်





ဟိုတစ်နေ့က ငါ့ဆီအမှာစာရောက်လို့ ငါ ပန်းစည်းပို့ပေးရမယ်လို့ နင်တို့နှစ်ယောက်ကို ပြောခဲ့တယ်နော် မှတ်မိလား''

''အင်း မှတ်မိတယ်လေ''

''အေး အဲဒါ ငါ မနေ့က သွားပို့တော့လေ အဲဒီအိမ်လိပ်စာက သည်းဦးမောင်အိမ် ဖြစ်နေတယ်ဟ့ေ၊ ငါလည်း တော်တော်အံ့သြသွားတာ သိလား၊ သူလည်း အဲဒီလိုပဲ''

''ဟယ် ဟုတ်လား ဘယ်သူပို့ခိုင်းတာလဲလို့ရော နင့်ကို မမေးဘူးလား''

ထိုမေးခွန်းကိုမေးသော ယောလေးကို ကျွန်မက မျက်စောင်းထိုးလိုက်ပြီး

''နင့်အကောင်နေမင်းလိုမျိုး မှတ်နေလား၊ ဟိုကလေ ငါ့မှာ ပြောခွင့်မရှိရင် မပြောပါနဲ့တဲ့၊ သူမမေးပါဘူးတဲ့''

''နင်ကလည်း အားနေ ငါ့နေမင်းလေးပဲ တိုက်ခိုက်နေတော့တာပဲ''

ယောလေး မျက်နှာရှုပ်ကာ လေပြည်အား အပြစ်တင်စကားပြောနေစဉ်မှာပင် အခန်းထဲသို့ နေမင်း ဝင်လာခဲ့သည်။ သူ့ခြေလှမ်းများက ကျွန်မတို့ထိုင်နေရာဆီသို့ တန်းတန်းမတ်မတ်။

ဒီကောင် ကျွန်မကို ဘာတွေများ ရစ်ဦးမလို့ပါလိမ့်ဟု စိတ်ထဲကခ်ချဉ်ချဉ်တွေးမိသည်။ ဟုတ်တယ်လေ နေမင်းနဲ့ပတ်သက်လို့ ကျွန်မမှာ တွေးပေးစရာ ဘာအကောင်းမှမှ မရှိဘဲ။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကိုငါ မေးစရာရှိတယ်"

ပုံစံက ခပ်တည်တည်နှင့်။ ကျွန်မကို စကားပြောနေတာ မြင့်မားသော အရပ်ကြီးမိုးလျက် မျက်လုံးများကို စေ့စေ့ကြည့်ပြီး လေသံကတော့ အနည်းငယ် ကျွတ်ဆတ်နေသည်။

"ဘာမေးမလို့လဲ"

ကျွန်မအသံကလည်း သူ့အတိုင်းပင် ခပ်မာမာပြတ်ပြတ်။

"နင့်ကိုတစ်ယောက်ချင်း မေးချင်တာ"

"အောင်မာ လာလာချည်သေး နင်နဲ့ငါကြားမှာ နှစ်ကိုယ်ကြားပြောစရာ ဘာကိစ္စမှမရှိဘူး"

"နင် လာဆိုလာခဲ့လိုက်ရင် ကောင်းမယ်"

တစ်ယောက်မျက်လုံးကို တစ်ယောက်စေ့စေ့ကြည့်လျက် ကျွန်မတို့နှစ်ဦးသားရဲ့အသံတွေမှာ ဒေါသတွေ စွက်လာခဲ့၏။

"လိုက်သွားလိုက်ပါ လေပြည်ရယ်"

ယောလေး၏ ခပ်တိုးတိုး ဖျောင်းဖျသံ။ သူမကို တစ်ချက်လှည့်ကြည့်ပြီး ကျွန်မ မျက်စောင်းထိုးပစ်လိုက်သည်။

"နင်လိုက်ခဲ့နော်  နင်လုပ်နေတဲ့သတင်းတွေ  နင့်အမေဆီရောက်မသွားချင်ရင် ခုချက်ချင်း ငါနဲ့လိုက်ခဲ့လိုက်"

နေမင်းစကားက ကျွန်မကိုချည်ပြီးတုပ်ပြီ။ သူက ဘာသတင်းတွေကို မေမေ့ဆီ ယူသွားပြီး စကားရောင်းစကားဝယ် လုပ်ဦးမလို့ပါလိမ့်။

"ကောင်းပြီ လိုက်ခဲ့မယ်၊ အကြာကြီးတော့ မရဘူးနော်"





"နင်နေချင်ရင်တောင် ငါ မခေါ်ထားဘူး ရှင်းလား"

ယောကျ်ားတန်မဲ့ နှုတ်သီးကောင်းလှချေပါးနှင့် ကျွန်မကို တစ်ခွန်းမကျန် ပြန်ပြောနေသော နေမင်းကို အမြင်ကတ်လိုက်တာလည်း ပြောစရာကိုမရှိတော့။ သူက ကျွန်မကို ဆယ်တန်းဆောင်၏ကော်ရစ်ဒါ ထောင့်ချိုးတစ်ခုနားထိ ရှေ့မှဦးဆောင်လျှောက်သွားသည်။

"နင့်ကိုငါ မနေ့က ဟိုဘက်ခန်းက နှင်းဆီခိုင်ကောင်ရဲ့ကွန်ဒိုမှာ တွေ့လိုက်တယ်၊ ဘယ်လိုဖြစ်တာလဲ လက်ထဲမှာလည်း နှင်းဆီပန်းစည်းကြီးနဲ့လေ"

ကျွန်မ နည်းနည်းတော့ တွန့်သွားသည်။ အွန်လိုင်းက ပစ္စည်းပို့သည့်အလုပ်ကို ကျွန်မ ပြန်လုပ်နေမှန်းသာ နေမင်းက မေမေ့ဆီ ပြန်သွားသတင်းပို့လိုက်လျှင် ကျွန်မဖြင့် တွေးတောင်မတွေးဝံ့တော့။

ဒီတစ်ခါဆိုရင် မေမေက ကျွန်မကို ပါးစပ်လေးလောက်နှင့် ပြောဆိုလို့ ပြီးသွားမှာမဟုတ်။ တစ်ခုခုတော့ ကြီးကြီးမားမား အပြစ်ပေးပါလိမ့်မည်။

"နင်က အဲဒီကွန်ဒိုမှာ သူနေမှ ... ဘယ်လိုသိလဲ၊ ပြီးတော့ ငါ့ကို အဲဒီကွန်ဒိုရှေ့မှာ နှင်းဆီပန်းစည်းနဲ့တွေ့တာနဲ့ပဲ ငါနဲ့သူ့ကို နင်က ဘယ်လိုအကြောင်းပြချက်နဲ့ ဆက်စပ်ပြီး ပြောလိုက်တာတုန်း"

ဘယ်လိုပဲဖြစ်ဖြစ် တတ်နိုင်သမျှတော့ ကိုယ့်ကိုကိုယ် ကာကွယ်ပြောဆိုရမည်သာ။ နေမင်းကလည်း မခေပါ။ နှုတ်ခမ်းလေးကို ခဲကွေးသာ ပြုံးလိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဟာငါ ဘယ်လိုသိသိ နင့်ဘာသာ ဘယ်လိုငြင်းငြင်း အမှန်ကဘာလဲဆိုတာကို နင်ရောငါရော သိနေတာပဲ မဟုတ်လား"

မျက်နှာအမူအရာက သိပ်ကိုသေချာနေတာပါလား။ အဲဒီ အမူအရာနဲ့တင် ကျွန်မ နည်းနည်းတော့ ဖြုသွားသည်။

"အဲဒီတော့ ငါသိချင်တာက နင်နဲ့အဲဒီကောင်နဲ့ ဘယ်လို ပတ်သက်တယ်ဆိုတာပဲ"

"ငါ့ဟာငါ ဘယ်လိုပတ်သက်သက် နင်နဲ့ဘာဆိုင်တုန်း"

"ဆိုင်တာပေါ့ နင်နဲ့ငါက မိဘချင်းသိပ်ရင်းနှီးတဲ့ အိမ်နီးနားချင်းတွေလေ"

"သြော် အကြောင်းပြချက်က သိပ်ကောင်းတယ်နော်၊ အဲဒီနားမှာ လဲသေလိုက် ဟုတ်ပြီလား။ ငါကတော့ နည်းနည်းဆို နည်းနည်းလေးတောင် မပြောပြနိုင်ဘူး"

ချာခနဲ လှည့်ကာ သူ့ရှေ့ကနေ ခပ်တည်တည် ထွက်ခဲ့လိုက်၏။ သူကများ အကြောကြီးနဲ့ လာသေးတယ်။

ဟွန့်။

■ ■ ■

ကျောင်းကအပြန် ကျူရှင်ဝင်ရသေးသည်မို့ ကျွန်မ အိမ်ပြန်ရောက်တော့ ညစာစားချိန်နား ကပ်နေခဲ့ပြီ။ ခြောက်နာရီထိုးပြီး ဆယ့်ငါးမိနစ်။ နောက်ဆယ့်ငါးမိနစ်ဆို ကျွန်မတို့သားအဖသုံးယောက် ထမင်းလက်ဆုံစားကြမည်။ ဒါက ဒီမိသားစုလေးရဲ့နေ့စဉ်အလုပ်။ မိသားစုသုံး





ယောက် အေးအေးဆေးဆေး ဆုံနိုင်တာလည်း ဒီအချိန်လေးပဲ ရှိသလိုတောင် ဖြစ်နေတာလေ။

ဒီည အိမ်ထဲဝင်လိုက်သည်နှင့် ဖိနပ်စင်နားမှာ ဖိနပ်ချွတ်နေရင်း ဧည့်ခန်းထဲကို လှမ်းအကဲခတ်မိသည်။ ဆက်တီကုလားထိုင်တွင်ထိုင်လျက် ဖေဖေရော မေမေပါ ကျွန်မကို စူးစိုက်ကြည့်နေကြ၏။ အိမ်မှာတစ်ခုခုတော့ ထူးထူးခြားခြား ဖြစ်ထားပြီနဲ့တူပါရဲ့။

"ဖေဖေ မေမေ ဘာဖြစ်လို့လဲဟင်"

နှစ်ဦးလုံး ပါးစပ်မဟကြသေးဘဲ ကျွန်မကိုသာ စိုက်ကြည့်နေပြီ။ အခုဖြစ်နေတဲ့ အခြေအနေဟာ ကျွန်မပေါ်မှာမူတည်နေတာတော့ သေချာပါပြီ။

ဖေဖေ့နားက ကုလားထိုင်ဆီ သွက်သွက်လေး လှမ်းသွားရင်း ဝင်ထိုင်လိုက်၏။ နောက်တော့ ဖေဖေ့လက်မောင်းတုတ်တုတ်ကို လက်နှင့်ကိုင်လှုပ်လိုက်ရင်း

"ဘာဖြစ်နေကြတာလဲဟင်"

"သမီး စာမေးပွဲနီးနေပြီဆိုတာ သိတယ်နော်"

ဖေဖေ့ရဲ့တည်တည်တံ့တံ့ အသံက ကျွန်မ ရင်ကိုပိုလို့ တုန်စေတာ အမှန်။

"ဟုတ် သိပါတယ် ဖေဖေ"

"စာတွေရော တော်တော်ကျေနေပြီ ထင်တယ်"

" Revision နှစ်ခေါက်ပြီးပြီလေ ဖေဖေ၊ မေးခွန်းဟောင်းတွေ

www.burmeseclassic.com



လည်း ဖြေပြီးပြီ"

ကေန္တတော့ ကျွန်မကို ဖေဖေကိုယ်တိုင် စာမေးပွဲစစ်တော့မည် နှင့်တူသည်။

"သမီး ဒီရက်ပိုင်း ဖေဖေတို့မသိအောင် ဘာလုပ်သေးလဲ"

ဟင် ဘာမှမဆိုင်သည့် မေးခွန်းကြီး။ ကျွန်မ နည်းနည်းတော့ အဖြေရကျပ်သွား၏။

"ဘာကိုဆိုလိုတာလဲဟင် ဖေဖေ"

"မေမေတို့တားမြစ်ထားတဲ့ ဘယ်လိုကိစ္စမျိုးတွေကို သမီး ကျူးလွန်ထားသလဲ မှန်မှန်ဖြေနော်"

ဖေဖေ့ဘေးမှာ နားထောင်သူအဖြစ် ထိုင်နေသည့် မေမေကပါ ဝင်ပြောသည်။

"သမီး တကယ်နားမလည်ဘူး မေမေ"

"ကောင်လေးတစ်ယောက်နဲ့ သမီး ပတ်သက်နေတယ်ဆို"

"ဟင်"

ဖေဖေ့နှုတ်က ထွက်လာသည့် စွပ်စွဲချက်ကြောင့် ကျွန်မ မျက်လုံးများ ပြူးကျယ်လျက် ခန္ဓာကိုယ်လေးပင် တုန်တက်သွားရသည်။

"ဘယ်ကကောင်လေးလဲ ဖေဖေ"

"ဖေဖေတို့နဲ့ နှစ်ရပ်ကွက်ကျော်လောက်က ကွန်ဒိုမှာနေတယ်ဆို တဲ့ ကောင်လေး"

"ရှင် ဘာဖြစ်လို့ ဘာဖြစ်လို့ ဖေဖေတို့က သမီးကို အဲဒီလို





စွပ်စွဲတာတုန်း"

မျက်လုံးထဲမှာ သည်းဦးမောင်ပုံရိပ်က ပေါ်လာလျက် ကျွန်မ အကြောက်အကန် ငြင်းဆန်ဖို့ ပြင်ဆင်ရပြီ။

"သမီးနဲ့သူနဲ့ လက်ဆောင်ပစ္စည်းတွေ ပေးနေကြတာကို မျက်မြင်တွေ့တဲ့သူက ပြောတာလေ"

ကျွန်မ သူ့ကိုပန်းစည်းပေးခဲ့တာ ကွန်ဒိုတိုက်ရဲ့ဟိုးအပေါ်ဆုံး ထပ် မိုးမျှော်အခန်းလေးတွင် ဖြစ်၏။ ဒါကို မျက်မြင်တွေ့တဲ့သူရှိတယ်ဆို တော့ ကျွန်မ စောဒက တက်ချင်မိသည်။

"ဘယ်သူလဲ ဖေဖေ၊ သမီးတို့နှစ်ယောက်ကို အဲဒီလိုတွေ့လိုက် ပါတယ်လို့ပြောတာ ဘယ်သူလဲ"

ဒေါသတွေနှင့်မေးမိပြီးတော့မှ တရားခံကို ချက်ချင်းသိလိုက် သည်။ ဟိုကောင် ဟိုကောင် နေမင်းကလွဲရင် ဘယ်သူဖြစ်နိုင်ဦးမှာလဲ။

"ဘယ်သူဆိုတာ သမီး မသိချင်စမ်းပါနဲ့"

"မဟုတ်ဘူး ဖေဖေ၊ သမီး သိသွားပြီ ဖေဖေတို့ မပြောချင်ရင် လည်း နေပါတော့"

"နေဦး လေပြည် ညည်းကို ငါတို့က ဒီကိစ္စ ဘယ်ကကြားတယ် ဘယ်သူ့ဆီကဆိုတာမျိုးတွေ ပြန်ပြောပြချင်လို့ စောင့်နေတာမဟုတ်ဘူး၊ ညည်းဆီက တစ်ခုခုကို ပြန်ကြားချင်တာ"

ဖေဖေက လေအေးအေးလေးနှင့်ပြောတတ်သလောက် မေမေ ကတော့ အနည်းငယ် စိတ်ဆတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေတို့ အထင်လွဲနေတာပါ၊ သမီးက စာကလွဲရင် ယောကျ်ားလေးတစ်ယောက်ကို စိတ်မဝင်စားနိုင်သေးတာတော့ အမှန်ပဲ"

"ဒါဆို ငါတို့ကို အဖြစ်မှန် ရှင်းပြလေ၊ ညည်းကို အဲဒီလို တွေ့ခဲ့တဲ့နေ့က ငါဈေးသွားတော့ ကောက်ညှင်းပြန်ပေါင်း ဝယ်လာဖို့ တောင် မှာလိုက်တဲ့နေ့မဟုတ်လား။ ငါ့အလစ်မှာ ညည်းခိုးထွက်တာ ပေါ့လေ၊ မဖြစ်ပါဘူး ဒီကောင်လေးနောက်ကြောင်းကိုလည်း လိုက်ရမယ်၊ ညည်းကိုလည်း နည်းနည်းမှ အလွှတ်ပေးလို့ မဖြစ်တော့ဘူး"

မဖြစ်တော့။ ကျွန်မမှ အဖြစ်မှန်တွေကို ခုချိန်မရှင်းပြလျှင် အခြေအနေက ထင်ထားတာထက် ပိုလို့တင်းမာသွားနိုင်သည်။

"မဟုတ်ဘူး မေမေ၊ မေမေတို့ထင်နေတာတွေ တစ်ခုမှမဟုတ်ဘူး။ မေမေတို့ဆီ လာပြောတဲ့ကောင်စကားကိုပဲ တစ်ထစ်ချ ယုံမနေကြပါနဲ့၊ သမီးပြောပြတာလေးလည်း နားထောင်ပါဦး"

"ကောင်းပြီ၊ သမီးပြောတာကို ဖေဖေတို့ နားထောင်မယ်၊ အမှန်တွေဖြစ်တယ်ဆိုတာကိုတော့ သမီးကိုယ်တိုင် တာဝန်ယူရမယ်နော်"

"ယူတယ် ဖေဖေ"

ဖေဖေနှင့်မေမေက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် လိုက်သည်။ နောက်တော့ ကျွန်မကို ပြိုင်တူလှမ်းကြည့်၏။ ကျွန်မလည်း စကားပြောရန် အားယူရင်း သက်ပြင်းကြီးတစ်ချက် ချလိုက်မိသည်။

"တကယ်တော့ မေမေ့ကို သမီးတောင်းပန်ပါတယ်၊ မေမေ တားမြစ်ထားတဲ့အွန်လိုင်းကနေ ပစ္စည်းပို့ပေးတာကို သမီး ဆက်လုပ်ခဲ့





တယ်"

မေမေ မျက်လုံးများပြူးလျက် ရင်ဘတ်ဖိသည်။

"ဟိုးရပ်ကွက်ထိပ်က အင်တာနက်ဆိုင်မှာ သွားသုံးတာပါ၊ ကောင်မလေးတစ်ယောက်က လိပ်စာပေးပြီး ပန်းစည်းပို့ခိုင်းလို့ မေမေ့ အလစ်မှာ သွားပို့ပေးမိတော့မှ အဲဒီလိပ်စာမှာနေတဲ့သူကို ကျောင်းက တစ်ယောက်မှန်း သမီးသိတာ၊ အဖြစ်အပျက်က ဘာမှမဟုတ်ပါဘူး၊ အခု သမီးပြောသွားတဲ့အတိုင်း ရိုးရိုးရှင်းရှင်းပါပဲ"

"ညည်း ငါ့စကားကို နည်းနည်းမှ နားမထောင်ဘဲ ဆန့်ပြု လိုက်တာပေါ့လေ ဟုတ်လား"

မေမေ ဒေါသထွက်ပါပြီ။

ကျွန်မ ခိုးလုပ်ခဲ့မိတာအတွက် မေမေ ဒီလောက်တော့ ပေါက်ကွဲ သင့်ပါသည်။ ဖေဖေတို့ ပထမထင်နေခဲ့တဲ့ ချွဲချက်ထက်စာရင် ဒါကမှ ခံရသက်သာပါသေးသည်။

"သမီး စာတွေလည်း တော်တော်များများ ကျေညက်နေပါ ပြီ မေမေရဲ့"

"ဘာတွေ စောဒကတက်နေတာလဲ ဟိုနေ့က လမ်းထိပ်မှာ ယောလေးအမေနဲ့တွေ့တော့ ပြောပြတယ်လေ၊ လေပြည်လေးက စာတွေ အားလုံးနီးပါး ပိုင်နေပေမယ့် ပုံပိုင်းတော့ နည်းနည်းအားနည်းတယ်တဲ့ လေ၊ ငါက ညည်းကို ဆရာဝန်တစ်ယောက် ဖြစ်စေချင်တာ သိ တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့ မေမေ၊ ဖေဖေ့လိုတော်တဲ့ ဆာဂျင်တစ်ယောက် ဖြစ်စေချင်တာ မဟုတ်လား"

"အေး သိနေလျက်သားနဲ့ ဘာလို့ ကျောင်းစာအတွက် ပေးရမယ့်အချိန်မှာ အပြင်အလုပ်ကို မိဘမသိအောင် ခိုးလုပ်တာတုန်း"

"သမီးလည်း အနားယူတဲ့သဘောပါ၊ အပိုဝင်ငွေလေးလည်း ရတော့ ကောင်းတယ်လေ"

"အဲဒီလိုပြောရအောင်ရော ငါတို့က နင့်ကို လိုအပ်တာမှန်သမျှ မဝယ်ပေးလို့လား။ စားချင်တာ သောက်ချင်တာ မှန်သမျှ ဘာလိုလေသေး ရှိလဲ၊ အဝတ်အစားဆိုလည်း ညည်းတောင်ပြောစရာမလိုဘူး၊ ဗီရိုထဲ အသင့်၊ မုန့်ဖိုးဆိုလည်း တစ်နေ့ဘယ်လောက်ရတယ်ဆိုတာ ညည်းအသိဆုံး။ လိုတာထက်တောင် ပိုနေသေးတယ်၊ ပြော် ငါ့သမီးလေး စာကိုပဲ အာရုံထားနိုင်ပါစေတော့ဆိုပြီး ဒါကို ဘာအတွက်ကြောင့်များ ညည်းက အပိုဝင်ငွေထပ်လိုအပ်နေတာတုန်း"

မေမေကတော့ ထုံးစံအတိုင်း ပူညံပူညံ လုပ်ပါပြီ။ ကျွန်မ ခေါင်းငုံ့ထားရာကနေ မျက်လုံးလေးတစ်ချက် လှန်ကြည့်ပြီး မဝံ့မရဲ ဖြေလိုက်သည်။

"သမီး ဟန်းဆက်ကောင်းကောင်းတစ်လုံး လိုချင်လို့ပါ မေမေ"

သမီးအပြောကို မေမေ ဘာမှမတုံ့ပြန်နိုင်ဘဲ ရင်ဘတ်ကို လက်နှင့်ဖိကာ ထိုင်ခုံနောက်ကျောကို မှီလိုက်၏။ ဖေဖေက သက်ပြင်းချသည်။

တကယ်တော့ ကိုးတန်းနှစ်တည်းက ကျွန်မကိုဟန်းဖုန်းတစ်လုံး





ဝယ်ပေးထားသော်လည်း မျက်နှာပြင်ကို လက်နှင့်ပွတ်ကာ သုံးရသော ဟန်းဆက်မျိုးနှင့်မဟုတ်ဘဲ ခလုပ်နှိပ်ရသော ဖုန်းမျိုးဖြစ်သည်။ မေမေ့ အကြောင်းပြချက်ကတော့ Touch Screen ဆိုလျှင် တခြားဖျော်ဖြေရေးတွေ အတွက်ပါ လွယ်လွယ်တကူ အသုံးပြု၍ ရနိုင်နေသောကြောင့် မရွေးချယ်စေခြင်းတဲ့။

ဘာပဲပြောပြော ကျွန်မကတော့ ယောလေးတို့ မွန်မွန်တို့လည်း ကိုင်နေသော နာမည်ကြီးတံဆိပ်ဟန်းဆက်များကို ကိုင်ချင်ပါသည်။ ဒီလို ဆို အင်တာနက်ဆိုင်သို့လည်း တကူးတက သွားနေစရာမလိုတော့။ မေမေက ကွန်ပျူတာအသုံးပြုချိန်ကို စောင့်ကြည့်ကန့်သတ်ထားလျှင် သည်း ပြဿနာမရှိ။ တော်တော်လေးကို အဆင်ပြေသွားနိုင်ပါသည်။

"သမီးကို ဖေဖေတို့က မဝယ်ပေးချင်လို့မှ မဟုတ်ဘဲ၊ စာမဟုတ် တဲ့ ပြင်ပဖျော်ဖြေရေးတွေကို သမီး စိတ်အားထက်သန်သွားမှာစိုးရိမ်လို့ ဘားမြစ်ထားရုံပဲ၊ စာမေးပွဲကိုသာ အကောင်းမွန်ဆုံး ဖြေလာခဲ့၊ စာမေးပွဲ ပြီးတဲ့နေ့မှာ ဖေဖေကိုယ်တိုင် သမီးလိုချင်တဲ့ ဟန်းဆက်ကို လိုက်ဝယ် ပေးမယ် ဟုတ်ပြီလား"

"ဖေဖေ တကယ်ပြောနေတာလား"

ကျွန်မက စိတ်ကောက်ချင်ချင် နှုတ်ခမ်းကိုရှုလျက် ပြောလိုက် သည်။

"ဒါပေမဲ့ သမီးလည်း ဖေဖေ့ကို ကတိပေးရမယ်၊ စာမေးပွဲ ပြီးမချင်း အွန်လိုင်းမှာ ပစ္စည်းပို့ပေးတယ် ဘာတယ်ဆိုတဲ့အသုံးမျိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



မကြားချင်ဘူး သဘောတူလား''

ဖေဖေက သူလိုသည့်ဘက်သို့ လေအေးလေးနှင့် သိမ်းသွင်းဆွဲခေါ်သွားနိုင်သူ ဖြစ်သည်။ မေမေကတော့ ဖေဖေ့လိုမဟုတ်။ ပူညံပူညံနှင့်အာချစ်တောက်တောက် ပြောမဆုံးအောင် ပေရှည်တတ်သည်။ ဒီကိစ္စက ဒီနေရာမှာတင် ပြီးသွားတတ်သူလည်း မဟုတ်။ အနည်းဆုံးတော့ နေမင်းတို့မေမေဆီ ဖောက်သည်သွားချတတ်မြဲ။

အမေနှစ်ယောက်က အခင်မင်ဆုံး မိတ်ဆွေသူငယ်ချင်းတွေလို ဖြစ်နေကြပြီဆိုတော့လည်း တစ်မိသားစုအကြောင်းကို ကျန်မိသားစုက စေ့စေ့ငုငု သိနေကြပြီ။

ကျွန်မနဲ့နေမင်းကလွဲလို့ မိသားစုထဲမှာ ကျန်လူတွေကတော့ တကယ့်ကို ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး။

■ ■ ■

''ကလေးက လူတော်လေးရှင့်၊ ဒီကျောင်းကို ဒီနှစ်စက ပြောင်းလာတာ၊ သမီးလေးနဲ့တော့ အခန်းမတူဘူး၊ အတန်းထဲမှာ အဆင့် တစ်နှစ်သုံး အမြဲရတယ်တဲ့လေ၊ နာမည်လေးကလည်း ချစ်စရာလေး သိလား သည်းဦးမောင်တဲ့''

''နာမည်ကလည်း ဘယ်လိုကြီးတုန်းကွ''

နံရံဒီဘက်ကနေ ချောင်းနားထောင်နေမိသော ကျွန်မမှာ ပြုံး မိသေးသည်။ မေမေကသာ ချစ်စရာလေးလုပ်နေသော ထိုနာမည်ကို ဖေဖေကတော့ မျက်မှောင်ကြီးကြုံ့ပြီး ခပ်ရွံ့ရွံ့ တုန့်ပြန်သည်။ ဟုတ်တယ်





လေ အဲဒီနာမည်က ဘယ်မှာချစ်စရာကောင်းလို့တုန်း။ ရွံစရာကြီး။ ခေါ်ရမှာတောင် ခပ်တွန့်တွန့်။

''ရှင်ကတော့ ဘယ်ခံစားတတ်မှာတုန်း၊ ဒီလို အနုအရွတွေကို''

''မင်းကတော့ တော်တော်ခံစားတတ်တယ်ပေါ့လေ''

''အို ခံစားတာ မခံစားတာထက် သမီးအတွက်စိတ်ချရအောင် ဒီကလေးအကြောင်း လိုက်စုံစမ်းထားတာမဟုတ်လား''

သည်းဦးမောင် အကြောင်းကို မေမေ လိုက်စုံစမ်းလိမ့်မည်ဆိုတာ ကျွန်မ သိပြီးသားပါ။ မေမေက ကျွန်မနဲ့ပတ်သက်လာရင် တကယ့်ကို သည်းသည်းလှုပ်။ အထူးသဖြင့်တော့ ဒီအထက်တန်းစာမေးပွဲကို သူမ ဖြစ်စေချင်သည့်ရမှတ်တွေဖြင့် မအောင်မြင်မှာကို သိပ်စိုးရိမ်နေသည်။

ကျွန်မကတော့ ကိုယ့်ကိုကိုယ် ယုံကြည်မှုအပြည့်ရှိပြီးသား။ အချိန်တန်ရင် စာမေးပွဲကို အေးအေးဆေးဆေး ကောင်းမွန်စွာ ဖြေလိုက်ရုံ အသင့်အနေအထား။ အနည်းဆုံး ဂုဏ်ထူးလေးခုလောက်တော့ပါမှာပင်။

''ဒါနဲ့ နေမင်းတစ်ယောက်တည်း အိမ်ဘက်လာတာတောင် မတွေ့တော့ပါလား''

ဟွန်း ဖေဖေမို့ ဒီကောင့်ကို သတိတရ မေးနေသေးတယ်။ ကျွန်မကတော့ ကျောင်းတက်ချိန် ခုနစ်ဆယ့်ငါးရာခိုင်နှုန်းပြည့်လို့ ကျောင်းသွားစရာမလိုတော့ထဲက ဒီကောင့်မျက်နှာကို မမြင်ရတော့လို့ ပျော်နေခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာ။

"နေမင်းက ဉာဏ်လေးကောင်းပါရဲ့နဲ့ စာလုပ်ချင်စိတ် နည်းပါး တော့ သန္တာတစ်ယောက် စိတ်ညစ်နေတယ်လေ၊ အိမ်မှာပဲ အချိန်ပြည့် ဂိုက်တစ်ယောက်ငှားပြီး စခန်းသွင်းမောင်းနေသတဲ့"

"ဩော် ဒါကြောင့် အိမ်လာလည်တာတောင် မတွေ့ရတော့တဲ့ ပျောက်နေတာကိုး၊ ကောင်းတယ် ကောင်းတယ် တကယ်ဆို ဟိုးခွေ ကျောင်းပိတ်တည်းက အိမ်မှာ သမီးနဲ့တူတူ စာကျက်မှတ်ခိုင်းရင် ကောင်း နဲ့မှာ"

"သားနဲ့သမီးက မတည့်ကြတာလည်း ရှင်သိသားနဲ့တော်၊ ကလေးတွေခမျာ စာကျက်တဲ့ဆီကို မရောက်တော့တဲ့ ထစကားများနေကြ မှဖြင့်"

"အဲဒါလည်း မဟုတ်သေးဘူးကွာ၊ ကိုယ်တော့ သဘောမကျဘူး မိဘတွေက ဒီလောက်နှစ်အိမ့်တစ်အိမ်ဖြစ်နေတာကို သူတို့နှစ်ယောက်က ဘယ်လိုဖြစ်မှန်းကို မသိတော့ပါဘူး"

ဖေဖေက ခေါင်းတခါခါနှင့် ညည်းပြောလေး ပြောသည်။ ကျွန်မ ကတော့ နေမင်းမျက်နှာကို စိတ်ထဲမှာမြင်ယောင်လျက် နှာခေါင်းရှုံ့မိ၏ အမြဲလိုလို တီရှပ်အနက်ရောင်များနှင့် ဂျင်းပင်များသာ ဝတ်တတ်သော ဆံပင်ဘေးနှစ်ခြမ်းရိတ်ထားသည့် အဲဒီကောင်ကို ငယ်ငယ်တုန်းကလည်း ကြည့်မရခဲ့သလို ကြီးလာတော့လည်း အခေါ်အပြောလုပ်ဖို့ စိတ်မပါခဲ့ အမြဲတမ်း ဂျစ်တစ်တစ် မထီမဲ့မြင်နှင့် မုန်းစရာကောင်းလွန်း





သည်။ သည်းဦးမောင်နှင့်များ ကွာပါ့။

"နေမင်းဆိုမှပဲ ဒီနေ့ အိမ်မှာပူတင်းတွေဖုတ်ထားတာ အများ ကြီးပဲ၊ သားလေးအတွက် သွားပို့ခိုင်းလိုက်ရင် ကောင်းမယ်နော်"

မေမေကတော့ စေတနာတွေ ပိုနေပြန်ပါပြီ။ ဟိုးငယ်ငယ်တည်း က ကျွန်မအတွက် မုန့်တစ်ခုဆို နေမင်းဖို့ပါ တစ်ခုပါပြီးသား ဖြစ်သည်။ တစ်အိမ်နှင့်တစ်အိမ် တံခါးမရှိ ခါးမရှိ။ အလယ်တွင် သုံးအိမ်သာ ခြားသည်မို့ နေမင်းကလည်း မေမေ့လက်ရာကို နှစ်သက်သူပီပီ ခဏခဏ ဝင်စားနေကျ။ ခုမှ ဒီကောင့်ကိုစာအုပ်တွေကြားထဲမှာ အန်တီသန္တာ ပိတ်ထားလိုက်လို့ ခြေငြိမ်နေတာနဲ့ တူပါရဲ့။

"သမီးရေ လေပြည် မေမေ့ဆီ ခဏလာဦး"

နံရံကွယ်မှာ စဉ်းစားခန်းဝင်နေရင်းမှ ကျွန်မ ခန္ဓာကိုယ်လေး ဆောင့်သွားသည်။

"ရှင် မေမေ လာပြီ"

မေမေ့နားရောက်သွားသော ပူတင်းဖုတ်ထားသည့် ဗန်းထဲမှ အချို့ကိုလှီးထုတ်လျက် ဘူးတစ်ခုထဲထည့်နေတာ တွေ့ရသည်။ ဖေဖေ ကတော့ အခန်းထဲ ပြန်ဝင်သွားပြီ။

"ဒီပူတင်းကို နေမင်းအတွက် သွားပို့ပေးလိုက်ပါဦး၊ စာကျက် နေတဲ့ကလေးဆိုတော့ တော်တော် စိတ်ပင်ပန်းနေရှာမှာပဲ"

"အာ မပို့ချင်ပါဘူး မေမေကလည်း"

ကျွန်မ မျက်နှာစူပုပ်ကာ ကိုယ်ကိုလည်း တစ်ဖက်သို့ကြည့်ပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"သမီးလည်း နားနေတဲ့အချိန်ပဲဟာ၊ ဟိုမှာ မုန့်သွားပို့ရင်းနဲ့ နေမင်းကို နည်းနည်းပါးပါး အားပေးလိုက်ပါဦး"

"ဘာကိုအားပေးရမှာလဲ မေမေရဲ့၊ သမီးရော သူရော အတူတူ ဖြေရမယ့်ကိစ္စကြီးကို"

"အတူတူဖြေရမှာဆိုပေမယ့် ငါ့သမီးက စာတွေတော်တော်နိုင် နေပြီလေ၊ နေမင်းလေးကတော့ ခုမှ မလှုပ်မယှက် စာလုပ်နေရတာ မဟုတ်လား"

"ဟာ မေမေကလည်း တကယ်ပဲ ဒီကောင့်ကို ဘာမှအား မပေးနိုင်ဘူး။ ပူတင်းပို့ဆို သွားပို့ပေးမယ်၊ အန်တီသန္တာကို ပေးလိုက်ရင် ရပြီ မဟုတ်လား"

ကျွန်မက မေမေ ပြင်ဆင်ပြီး စားပွဲပေါ်တင်ထားပြီဖြစ်သော ဘူးလေးကို လှမ်းဆွဲယူလျက် ချာခနဲ လှည့်ထွက်ခဲ့သည်။

"ဒီကောင်မလေးကတော့လေ မပြောလိုက်ချင်ဘူး"

မေမေ သက်ပြင်းချလိုက်သံကို ကျွန်မ ကြားဖြစ်အောင် ကြား လိုက်သေးသည်။ မေမေတို့က ကျွန်မတို့နှစ်ယောက်ကို ချစ်ချစ်ခင်ခင် နေစေချင်သော်လည်း ကျွန်မတို့နှစ်ယောက်ကတော့ ဘယ်လိုမှ ညှိနှိုင်း လို့မရတော့မည့်သူများလို မုန်းတီးနေမိကြ၏။

"အန်တီသန္တာရေ သမီးလာတယ် အန်တီသန္တာ"

"ဝင်လာတာနဲ့ နားကိုငြီးနေတာပဲ၊ ငါ ဒီမှာ စာကျက်နေတာ





နင်မတွေ့ဘူးလား"

ကျွန်မ တကယ်မတွေ့ပါ။ ရှေ့ကိုပဲကြည့်ပြီး အန်တီသန္တာကို သာ ရှာဖွေနေမိခြင်းဖြစ်သည်။ အခန်းထောင့်ဘက်မှာ စားပွဲတစ်လုံးနှင့် အကျအနထိုင်ပြီး စာလုပ်နေသော နေမင်းကို လုံးဝမမြင်ခဲ့ပါ။

"မတွေ့လို့ပေါ့ နင့်အမေ ဘယ်သွားလဲ"

"မာမီ မရှိဘူး၊ အပြင်ထွက်သွားတယ်"

"ဒါဆို အန်ကယ်ရော"

"ဒယ်ဒီက ဆေးခန်းသွားထိုင်တယ်"

"ဒါဆို နင့်နားမှာ အချိန်ပြည့်ရှိတယ်ဆိုတဲ့ နင့်ဂိုက်ရော"

"အိမ်သာသွားတက်တယ် နေစမ်းပါဦး သူများအိမ်လာပြီး အမေးအမြန်းထူလှချည်လား၊ နင့်မှာ ဘာကိစ္စရှိလို့လဲ"

နေမင်းက မျက်မှောင်ကျုံ့လျက် ကျွန်မကို မလိုတမာလေသံ နှင့်မေး၏။ ကျွန်မလည်း မျက်စောင်းပိတ်ထိုးပစ်လိုက်ရင်း လက်ထဲမှ ပူတင်းဘူးကို သူ့စာအုပ်များဖြင့် ပြည့်နေသော စားပွဲအစွန်းနားလေး တွင် တင်လိုက်၏။

"ဒီမှာ ငါ့အမေက နင့်အတွက်ပူတင်းလာပို့ခိုင်းလို့"

"အဲဒါများ စောစောကမပြောဘူး၊ တစ်အိမ်လုံးကို သန်းခေါင် စာရင်းကောက်သလို လိုက်မေးနေတယ်"

"တစ်ခါတည်း လှယ်ပေးလိုက်၊ ငါ နောက်တစ်ခါ ထပ်မလာချင် ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မလှယ်ပေးနိုင်ဘူး၊ နောက်မှ လာပို့မယ်၊ အခု နင့်ကိစ္စဘာမှ မရှိတော့ဘူးမဟုတ်လား၊ ပြန်တော့လေ"

နဂိုက ကြည့်မရသည့်ကြားထဲက သူ့လေသံနှင့်မျက်နှာပေးက တကယ့်ကို ပါးပိတ်ရိုက်ပစ်ချင်စရာ။ ကိုယ်ကလည်း သူ့အတွက် မုန့်လာပို့ပေးရသေး၊ သူမောင်းထုတ်တာလည်း ခံရသေး၊ ကျွန်မ တက်တစ်ချက်ခေါက်လျက်သာ လှည့်ပြန်ခဲ့ရသည်။

ဒီတစ်သက်မှာ ကျွန်မတို့နှစ်ယောက် ပြေလည်ဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ပါဘူး။

■ ■ ■

## အခန်း (၇)

ဒီနေ့က စာမေးပွဲနောက်ဆုံးနေ့။

ဇီဝဗေဒ ဘာသာရပ်က ကျွန်မအကြိုက်ဆုံးဘာသာရပ်မို့ အကောင်းမွန်ဆုံး ဖြေဆိုနိုင်ခဲ့သည်။ ပုံဆွဲနည်းများကို အထပ်ထပ်အခါခါ လေ့ကျင့်ခဲ့သောကြောင့် တကယ်တမ်း အဖြေလွှာပေါ်တွင် ဘာအမှားအယွင်းမှ မရှိခဲ့ပါ။

ကျောင်းပြင်မှာ စောင့်ကြိုနေသော မေမေ့ထံသို့ အပြုံးလှလှလေးဖြင့် ကျွန်မပျော်ရွှင်စွာ လျှောက်လှမ်းလာနိုင်ခဲ့သည်။

"ဘယ်လိုလဲ သမီး"

"မေးနေရသေးလား မေမေရဲ့"

မေမေ့ခါးကို ဖက်တွယ်ပြီး ကျွန်မ ခပ်ချွဲချွဲပင် ပြောပစ်လိုက်သည်။ တစ်ကိုယ်လုံး လွတ်လပ်ပေါ့ပါးကာ ခြေလှမ်းတွေကလည်း ခက်



www.burmeseclassic.com

www.burmeseclassic.com



ကြွနေ၏။ အချိန်ကြာမြင့်စွာ ထမ်းပိုးထားရသော ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုကို ပစ်ချလိုက်ရသလိုမျိုးပါပဲ။

"ဖေဖေက ဒီနေ့မအားဘူးတဲ့လား"

"ဟုတ်တယ်ကွယ် အရေးပေါ် ခွဲစိတ်ခန်း ဝင်ရမယ်လို့ ပြောတယ်"

"ဟွန်"

ကျွန်မ နည်းနည်းတော့ စိတ်ပျက်သွား၏။ ဒါကို မေမေက ရိပ်မိပုံနှင့် ကျွန်မ ပခုံးလေးကို ဖွဖွလေး ဖက်လိုက်ပြီး

"ဖေဖေမပါလည်း မေမေတို့နှစ်ယောက်ပဲ ဟန်းဆက်သွားဝယ်ကြမလား"

"ဟင် တကယ်ပြောတာလား မေမေ"

"တကယ်ပေါ့ သမီးဖေဖေက ညတည်းက မေမေ့ကို ပိုက်ဆံထုတ်ပေးသွားပါတယ်၊ လိုချင်တာသာ ဝယ်ပါစေတဲ့"

"ဟူး တော်သေးတာပေါ့၊ သမီးက ဒီနေ့ ဟန်းဆက်ဝယ်ရတော့မယ်ဆိုပြီး အားခဲထားတာတွေ ပျက်ပြီလားလို့ အဟင်း"

အဲဒီနေ့က ကျွန်မ နှစ်သက်သော မျက်နှာပြင်ကြီးကြီးနှင့် နာမည်ကြီးမော်ဒယ်ဟန်းဆက်တစ်လုံး ဝယ်ဖြစ်သည်။ မေမေက အင်တာနက်ပါ ချိတ်ခွင့်ပေးသောကြောင့် ကျွန်မမှာ ဝမ်းသာရသေး၏။

"သမီး ဟိုအွန်လိုင်းက အလုပ်လေး ပြန်လုပ်လို့ရပြီလား မေမေ"





"အောင်စာရင်းတွေ မထွက်ခင်ထိ သမီးကြိုက်တာသာလုပ်၊ သင်တန်းချိန်တွေကလွဲပြီးတော့ပေါ့"

"ဟုတ် မေမေ"

ထိုနေ့တစ်နေ့လုံး ဟန်းဆက်အသစ်လေးဖြင့် မွန်မွန်တို့ ယောလေးတို့ဆီ ဖုန်းဆက်ပြီး ကြွားရသည်။

"ငါတို့သုံးယောက် မနက်ဖြန်ဆုံကြမလား၊ တစ်နေရာရာ သွားမယ်လေ"

ယောလေးက စကားစလာသည်၊ ဟုတ်တော့လည်း ဟုတ်ပါရဲ့။ ကျွန်မတို့သုံးယောက်စလုံး စာမေးပွဲကြောင့် ပင်ပန်းခဲ့ရသမျှကို လွတ်လပ်စွာအနားယူဖို့ အချိန်အတိုင်းအတာတစ်ခု ပေးသင့်သည် မဟုတ်လား။

"နီးနီးနားနားပဲ သွားကြမလား၊ ဒါမှမဟုတ် ကမ်းခြေတစ်ခုခုပဲ သွားကြမလား"

"မွန်မွန်နဲ့သုံးယောက်ဆုံပြီး တိုင်ပင်ကြမယ်လေ၊ ချောင်းသာကလည်း မနှစ်က ကျောင်းပိတ်တုန်း သွားပြီးပြီဆိုတော့"

"ကောင်းပြီ ဒီလိုဆို မနက်ဖြန် ငါ့အိမ်မှာပဲဆုံပြီးမှ တစ်နေရာရာမှာ မုန့်သွားစားကြမယ်လေ"

■ ■ ■

"နင်တို့အိမ်တွေက ခွင့်ပြုရင် အဲဒီကိုပဲ သွားကြတာပေါ့"

"ငါတို့ သေချာပြောရင်တော့ ခွင့်ပြုမှာပါ"

မွန်မွန်က အကြံပြုတာကို ယောလေးက ခပ်တွေးတွေးလေးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပြောသည်။ ကျွန်မကတော့ နှုတ်ဆိတ်လျက်။

ခရီးတိုလေးတစ်ခုသွားဖို့ ကျွန်မတို့သုံးယောက် စိတ်အားထက်သန်စွာဖြင့် ဆုံးဖြတ်ပြီးကြပေမယ့် ကျွန်မကတော့ မေမေ မလွှတ်မှာ စိတ်ပူစွာဖြင့် ငြိမ်သက်နေမိသည်။ ကျွန်မတို့သွားဖို့ ရွေးချယ်ထားသည့်နေရာက ရန်ကုန်အထွက် ပဲခူးအဝင်နားလောက်မှာ ဖြစ်သည်။ ဆယ့်သုံးကေလောက် ကျယ်ဝန်းသော မြေပေါ်မှာ စိမ်းလန်းသည့် သစ်ပင်များ ရေကန်များဖြင့် အနားယူဖို့ သင့်တော်သော အပန်းဖြေစခန်းလေး ဖြစ်သည်။

"နင်ကရော ဘယ်လိုလဲ လေပြည်"

"ငါ့မေမေက ခွင့်ပြုပါ့မလားလို့ဟာ"

"ရအောင်ပြောပေါ့ ငါတို့နဲ့တူတူ သွားမှာပဲဟာကို နင်ကလည်း"

"အေးပါ ငါ ကြိုးစားကြည့်ပါ့မယ်"

အိမ်ပြန်ရောက်တော့ မေမေ့ကို ခရီးထွက်ဖို့အကြောင်း မရဲတရဲ စကားစကြည့်သည်။ မေမေက ဘာကန့်ကွက်မှုမှမလုပ်ပါဘဲ ငြိမ်သက်နားထောင်နေသောကြောင့် ကျွန်မ ပြောအားရှိလာကာ ခွင့်ပြုချက်ကို မရမက တောင်းဆိုမိသည်။

နောက်ဆုံးတော့ ကျွန်မ၏နားပူနားဆာသံကို မခံနိုင်ပုံရသည့် မေမေက ခွင့်ပြုလိုက်ပါသည်။ သို့သော် ကန့်သတ်ချက်တော့ ရှိသည်။ မိန်းကလေးတွေချည်းပဲ စိတ်မချသောကြောင့် နေမင်းကိုပါ ခေါ်သွားရမယ်တဲ့။





စိတ်ညစ်လိုက်တာ ဆိုဖွယ်ရာမရှိတော့။ အဲဒီကောင် ပါမည်ဆိုလျှင် ဒီခရီးကိုတော့ မသွားချင်တော့လောက်အောင်ထိ ကျွန်မ စိတ်ဓာတ်ကျသွားသည်။

"အဲဒီလို မလုပ်လို့ မရဘူးလားဟင် မေမေ"

"မရဘူး မွန်မွန်အိမ်က ဒရိုင်ဘာဦးလေးကြီးပါတာကတော့ဟုတ်ပါပြီ၊ ဒါပေမဲ့ သမီးတို့နားမှာ ယောကျ်ားဖော်လေးတစ်ယောက်လောက်ပါဦးမှ အဆင်ပြေမှာပေါ့၊ ပြီးတော့ မေမေက တခြားယောကျ်ားလေးတွေလည်း စိတ်ချတာမဟုတ်ဘူး၊ အဲဒါကြောင့် နေမင်းကိုပါ ရအောင်ခေါ်သွားကြ"

မေမေ့အကြံကို ကျွန်မ သိပါသည်။ နေမင်းဆိုတဲ့ကောင်က ကျွန်မ လုပ်သမျှကိုင်သမျှ တစ်ခုမကျန် မေမေ့ကို ဖော်ကောင်လုပ်ဖောက်သည်ချနေကျမို့ ကျွန်မ သတင်းတွေ အတိအကျပြန်ကြားလို့ရအောင် ထည့်ပေးလိုက်ခြင်းပါပဲ။

"မွန်မွန်ရေ အဲဒီနေမင်းကြီး ပါနေရင် ငါတော့ငွမ်းပြီဟာ"

ဖုန်းထဲကနေ မွန်မွန့်ကို ညည်းပြောလေး ပြောမိသည်။

"တကယ်တော့ နေမင်းပါလည်း ပိုတောင်ကောင်းသေးတယ်၊ ဒါက သူပါလည်း ဘာမှထူးခြားသွားမှာမဟုတ်ဘူး၊ ယောလေးဆို ပျော်လွန်းလို့ ဆွေ့ဆွေ့ခုန်မလားတောင် မသိဘူး"

"ဩော် အေး အဖော်လေးညှိမိပါတယ်၊ တော်တော်အားကိုးရတဲ့ သူငယ်ချင်းတွေပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ စိတ်ဆိုးဆိုးနှင့်ပင် ဖုန်းချပစ်လိုက်သည်။

မနက်မိုးလင်း မျက်လုံးနှစ်လုံးမပွင့်သေးခင် အရင်ဦးဆုံး နား ထဲဝင်လာတာ ထမင်းစားခန်းဘက်ဆီမှ နေမင်း အသံ။

ဒီကောင် စောစောစီးစီး အိမ်မှာ တနင့်တပိုး လာစားပြန်ပြီနှင့် တူသည်။

"နင် ခုမှနိုးတယ် ဟုတ်လား၊ ဒါနဲ့များ"

မျက်နှာသစ်ပြီးစ မနက်စာစားရန် အခန်းထဲဝင်လာသော ကျွန်မကိုမြင်သည်နှင့် နေမင်းနှုတ်က ထွက်ကျလာသော စကားက တစ်စက်မှ ခံချင်စရာမရှိ။

"ငါ့ဟာငါ ဘယ်အချိန်နိုးနိုး၊ နင်နဲ့ဘာဆိုင်လဲ၊ ဒါနဲ့များဆိုတာ ကရော ဘာဆက်ပြောချင်သေးလို့လဲ၊ သူများအိမ်ကို စောစောစီးစီး လာပြီးလည်း စားသောက်နေသေးတယ် စကားကလည်း များသေးတယ်"

"ဟဲ့ သမီး ဘယ်လိုပြောတာလဲ သားကို မေမေ ခေါ်လိုက်တာ ပါ၊ ဒီမနက်စာကို မေမေက ထမင်းသုပ်လုပ်ထားတော့ သားကြိုက်တာကို သတိရလို့ ဖုန်းဆက်ပြီး ခေါ်လိုက်တာ"

မေမေကပါ သူ့ရှေ့ကဝင်ကာနေတာမို့ ကျွန်မ ဘာမှဆက်ပြော လို့မရတော့ဘဲ စားပွဲမှာဝင်ထိုင်လိုက်ရသည်။

"ငါ့ကိုအန်တီက ပြောတယ်၊ နင်တို့နဲ့တူတူ ခရီးထွက်ရင် လိုက်သွားဖို့လေ"

ခေါ်ဖီသောက်နေရင်းမှ မျက်လုံးများကို သူ့ထံသို့ ဖျတ်ခနဲ





မော့ကြည့်လိုက်၏။ ပုံစံကြည့်ရတာတော့ ဒီကောင် ငြင်းမည့်မထင်ပါ။ ကျွန်မတို့နှင့် ရအောင်လိုက်မည့်ပုံပါပဲ။

"နင်က ဘာလိုက်လုပ်မှာလဲ၊ နင်တွဲကျ အပေအတေပုံ နင့် သူငယ်ချင်းတွေလည်း ပါမှာမဟုတ်ဘူး။ ငါတို့က မိန်းကလေးတွေချည်းပဲ သီးသန့်သွားကြမှာ"

"အေး နင်တို့မိန်းကလေးတွေချည်းပဲ ဖြစ်နေတယ်ဆိုလို့လည်း ငါက လိုက်စောင့်ရှောက်ပေးမှာ"

"အော် နင်က မိန်းမထိန်းကြီးပေါ့"

ကျွန်မ သူ မခံချင်အောင်ပြောကာ လှောင်ရယ်ရယ်လိုက်သော် လည်း သူက ခပ်တည်တည်နှင့် ထမင်းသုပ်ကိုသာ ဆက်စားနေသည်။ ကျွန်မ ဘယ်လိုပြောပြော ကျွန်မတို့နှင့်အတူလိုက်မည့် သူ့ဆုံးဖြတ်ချက် ကို ပြင်မည့်ပုံမရပါ။

"ကောင်းပြီလေ နင်လိုက်ချင်လည်း လိုက်ခဲ့ပေါ့၊ ဒါပေမဲ့ ငါတို့နဲ့ လာရောဖို့တော့ မကြိုးစားနဲ့နော်"

"ဝေးသေးတယ်"

မဲ့ကာရွဲ့ကာ ပြန်ပြောလိုက်ပုံက တကယ့်ကို မုန်းချင်စရာ။

ကျွန်မ အောက်နှုတ်ခမ်းလေးများကို ဖိကိုင်လျက် မျက်စောင်း ထိုးမိသည်။ မုန်းစရာကောင်းလိုက်တာ။

■ ■ ■

စိမ်းလန်းစိုပြည်နေသော မြက်ခင်းပြင်ကျယ်ကြီးဟာ မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆုံး လှပပြန့်ပြူးစွာ။ ခြံဝင်းကျယ်ကြီးထဲ ဝင်လိုက်တာနှင့် မျက်စိကို အေးချမ်းသွားစေသည့် ရေပြင်ကျယ်ကျယ်ကိုလည်း လှမ်းမြင်ရသည်။

"လှတော့လှသားပဲ"

ရှေ့ခေါင်းခန်းမှ ဒါရိုက်ဘာဘေးတွင် ထိုင်နေသော နေမင်းက ခပ်တိုးတိုးရေရွတ်သည်။ ဒီနေရာလေးကို ကျွန်မတို့သူငယ်ချင်းသုံးယောက်လည်း နှစ်သက်သဘောကျမိသွား၏။

"နင်တော်တယ် မွန်မွန်၊ ဒီနေရာလေး တော်တော်သာယာတာပဲ"

"အေး ငါလည်း ငါ့အစ်မဝမ်းကွဲတစ်ယောက် သွားတုန်းက ဓာတ်ပုံတွေကြည့်ပြီးတည်းက လာချင်နေတာ၊ ခုလို ငါတို့သုံးယောက် တူတူလာရတော့ ပျော်စရာကြီးနော်"

"အင်း ဟုတ်တယ် ပျော်စရာကြီး"

ရယ်ကျဲကျဲနှင့်ဝင်ပြောသော ယောလေးကို ကျွန်မ မျက်စောင်းထိုးပစ်လိုက်သည်။

"ကောင်မစုတ် နင်ကတော့ အားလုံးထဲမှာ အပျော်ဆုံးပဲ မဟုတ်လား"

ယောလေးက ကျွန်မ စကားကို မသိချင်ယောင်ဆောင်လျက် မွန်မွန့်လက်ကိုဆွဲပြီး ရှေ့မှခပ်သုတ်သုတ် လျှောက်သွားသည်။ ကျန်ခဲ့တာက နေမင်းနှင့်ကျွန်မ။

"နင့်ကိုငါ မေးစရာရှိတယ်"





"ဘာလဲ နင်ပဲပြောထားတယ်နော်၊ ငါတို့နဲ့အရောတဝင် မနေပါဘူးလို့"

"ငါမေးတာကိုသာ နင်ဖြေစမ်းပါ၊ အပိုတွေ မပြောနဲ့"

"နင်က ဘာမေးမလို့လဲ၊ မြန်မြန်မေး ဟိုမှာ ယောလေးတို့ ရှေ့ရောက်နေပြီ"

"ဟိုတစ်ခါ ငါ့ကိုပန်းစည်းပို့ခိုင်းတာ ယောလေး မဟုတ်လား"

"ဟင်"

ကျွန်မ တကာယ့်ကို ကြောင်တောင်တောင် ဖြစ်သွားသည်။ ဒီသတင်းကို သူ ဘယ်လိုသိသွားတာလဲ။ ကျွန်မရော ယောလေးပါ နှုတ်လုံနေခဲ့ပါလျက် မွန်မွန် ပြောတာလည်း ဘယ်လိုမှမဖြစ်နိုင်။ ကျွန်မတို့အပေါ်မှာ မွန်မွန် သစ္စာဖောက်မှာမဟုတ်ပါ။

"နင့်ကိုဘယ်သူက ယောလေးလို့ ပြောလိုက်တာလဲ"

"ဘယ်သူမှ မပြောပါဘူး"

"ဘယ်သူမှ မပြောဘဲ နင် ဘယ်လိုသိလဲ"

"ဒီလိုပဲပေါ့ ငါ့မှာလည်း ဆဋ္ဌမအာရုံရှိတာပေါ့၊ ခုပဲကြည့်လေ ငါ့ကိုမေးပုံကိုက နင်ဘယ်လိုသိလဲတဲ့၊ နင့်စကားထဲမှာကိုက အဖြေက ပေါ်နေပြီပဲ"

သူ့အပြောကြောင့် ကျွန်မ မျက်စိမျက်နှာပျက်သွားရသည်။ ဟုတ်ပါရဲ့ ကျွန်မကိုက စကားပြောမဆင်ခြင်လိုက်မိတာ။

"ယောလေးဆိုတော့ရော ဘာဖြစ်လဲ၊ နင့်လိုကောင်ကို ငါ့သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းချောချောလေးက ကြိုက်တာဂုဏ်တောင် ယူရဦးမှာ မဟုတ်လား”

“ငါ့ကို သူတို့က ကြိုက်တယ်ဆိုတော့ နင်ဘယ်လိုမှ မခံစားရဘူးလား”

“ပေါက်ပေါက်ရှာရှာ ငါက ဘာခံစားရမှာလဲ၊ ဝေ့ါ အန်တောင်အန်ချင်တယ် မသတီလွန်းလို့”

နေမင်းနားကနေ ခပ်သွက်သွက်လေး ထွက်လာခဲ့သော်လည်း ကျွန်မ ရင်တွေတုန်နေမိသည်။ ယောလေးသာ သိသွားရင် ကျွန်မကို သေချာပေါက် စိတ်ဆိုးတော့မှာပါ။

ပုံစံစုံ ဒီဇိုင်းစုံထုလုပ်ထားသော ပန်းပုရုပ်တုတွေကို ငေးမောကြည့်လိုက် ဓာတ်ပုံရိုက်လိုက်လုပ်နေသော ကျွန်မတို့နောက်ကနေ နေမင်းက ထပ်ချပ်မကွာ ပါလာ၏။ ကျွန်မတို့နှင့်နီးနီးနားနားသို့ ကပ်လာခြင်းတော့မဟုတ်ဘဲ သူ့ဘာသာ ပန်းပုရုပ်များကို စိတ်ဝင်တစားကြည့်နေခြင်း။

နောက်တော့ ကန်စပ်နားက လှေပုံစံထွင်းထားသော စားပွဲဝိုင်းထဲမှာ ဝင်ထိုင်မိကြစဉ် ကျွန်မတို့နားသို့ နေမင်းရောက်လာပြီး

“ယောလေး ငါ ဓာတ်ပုံရိုက်ချင်လို့ ကူညီပါလား”

ယောလေးကိုကြည့်နေသော နေမင်းမျက်နှာက ပြုံးချိုနေသည်။ ယောလေးကတော့ ထိုမျက်နှာကို ငေးမောကြောင်ကြည့်လျက် ချက်ချင်း လိုက်သွားရန်ပြင်၏။

“ဘယ်တုန်း နင်မမောသေးဘူးလား၊ ခဏလောက် နားပြီး





တော့မှ တူတူသွားမယ်လေဟာ”

ကျွန်မက မြင်ပြင်းကပ်စွာနှင့် တားမြစ်မိသည်။

“သူက အခုရိုက်ချင်နေတာကို နင်ကလည်း”

မငုံ့မရဲလေး ဖြေလိုက်သော ယောလေးစကားကြောင့် ကျွန်မနှင့် မွန်မွန် ခေါင်းတွေထောင်ထလာသည်။

“ဩော် အေး မိန်းမ မပြောလိုက်ချင်ဘူးနော်၊ တော်တော်ကဲနေတယ် ဟုတ်လား”

ခပ်လှမ်းလှမ်းကိုသွားပြီး ကင်မရာတစ်လုံးနှင့် မြင်ကွင်းချိန်နေသောနေမင်းမကြားအောင် ကျွန်မက တိုးတိုးလေးပြောလိုက်သည်။ ယောလေးကတော့ ကျွန်မတို့နှင့် ပြန်ထိုင်မည့်ပုံ မပေါ်တော့ပါ။

“သူလည်း ဓာတ်ပုံလေးဘာလေး ရိုက်ချင်မှာပေါ့ဟာ၊ ပြီးတော့ ငါတို့သုံးယောက်တွဲပုံကိုလည်း သူ့ကိုပြန်ရိုက်ခိုင်းလို့ ရတာပဲ”

စကားဆုံးတာနှင့် လှစ်ခနဲ ပြေးထွက်သွားသော ယောလေး။ ကျွန်မတို့မှား တားချိန်တောင် မရလိုက်ပါဘဲ နေမင်းနားသို့ သူမ ရောက်သွားသည်။

“ငါတို့ ဒီတစ်ညတော့ ဒီမှာပဲ တည်းလိုက်ကြတာပေါ့၊ ရေစပ်နားက ဘန်ဂလိုလေးတွေက ချစ်စရာလေးတွေ”

မွန်မွန်က စကားစသည်။

“နေမင်းကို ဘယ်လိုလုပ်မလဲ”

“သူ့ဘာသာ တစ်ခန်းတည်းပါစေပေါ့၊ ဒါမှမဟုတ်လည်း ဦး



www.burmeseclassic.com

www.burmeseclassic.com



လေးသောင်းနဲ့တူတူနေပါစေပေါ့''

''ငါလည်း နေတော့နေချင်သားဟ၊ ဒါပေမဲ့ မေမေ့ကိုမပြောခဲ့ဘူး''

''နင့်နေမင်းကို အဖော်စပ်ပြီး ဖုန်းဆက်ခိုင်းပေါ့ဟာ၊ နင့်မေမေက သူပါရင်စိတ်ချတယ်လို့ ပြောထားတာပဲ''

နေမင်းကို အကျိုးအကြောင်း ရှင်းပြပြီး ကျွန်မ မေမေ့ထံ ဖုန်းဆက်ခိုင်းလိုက်သောကြောင့် ညအိပ်နေမည့်အစီအစဉ်ကို အကောင်အထည်ပေါ်သွား၏။ သမီးတစ်ယောက်တည်းသာ မွေးထားသော မေမေ့အတွက် နေမင်းကို တကယ့်သားအရင်းတစ်ယောက်လို ချစ်ခင်နေတာကတော့ ကျွန်မ ဘယ်လိုမှ မတတ်နိုင်သည့်အရာပါပဲ။

တစ်ခါတလေဆို မေမေက ကျွန်မကိုတောင် မယုံကြည်ဘဲ နေမင်း ပြောသမျှကိုသာ အကောင်းအမှန် ထင်တတ်သူဖြစ်သည်။

ကျွန်မတို့ရသော ဘန်ဂလိုလေးက ရေကန်နှင့်အနီးအနားမှာမို့ ညဘက်အပြင်ထွက်ထိုင်ကြရင်း စားကြသောက်ကြသည်။ နေမင်းကတော့ ကန်စပ်နားမှာထိုင်ရင်း ဦးလေးသောင်းနှင့် အဖွဲ့ကျနေ၏။

''နင်တို့ကို ထူးဆန်းတာ ပြောပြရဦးမယ်''

ယောလေးက မှိုရထားသည့်မျက်နှာမျိုးနှင့် စကားစလာသည်။

''ဒီနေ့ ငါ့ကို နေမင်းဆက်ဆံတဲ့ပုံက တစ်မျိုးပဲဟ၊ တော်တော်အရေးပေးသလို ခံစားရတယ်''

ယောလေး ပျော်ပြီးပြောနေသလောက် ကျွန်မမှာတော့ မျက်နှာ





ပူနေမိသည်။ ယောလေးက နေမင်းကို စိတ်ဝင်စားနေသည့်အကြောင်း ကျွန်မနှုတ်က ဝန်ခံသလိုဖြစ်ခဲ့ရတာ မဟုတ်လား။

''သူလည်း ငါ့ကို စိတ်ဝင်စားနေလား မသိဘူးနော် ဟိ ဟိ''

''ကြက်တူရွေးက တော်တော် ငါတို့ယောလေးကတော့ ကဲကဲဖြစ်နေပါရောလား''

မြင်ပြင်းကပ်လာဟန်ရှိသော မွန်မွန်က စိတ်ပျက်စွာ ထအော်သည်။

''နင့်ကို စိတ်ဝင်စားနေရင် နင်ပျော်ရမယ့်ကိစ္စပဲပေါ့၊ ကောင်းပါတယ် နင်တို့နှစ်ယောက် အဆင်ပြေသွားရင် ငါ့ပန်းစည်းကောင်းမှုဆိုတာ မမေ့နဲ့နော်''

''အေး မမေ့ပါဘူး၊ ဒါနဲ့ နင်ကလည်း ပန်းစည်းက ငါပေးတာမှန်း သူမှ မသိတာကြီးကို''

''အေး...လေ ဘယ်လိုပဲဖြစ်ဖြစ် ငါကူညီခဲ့တာတော့ အမှန်ပဲမဟုတ်လား''

ကျွန်မမှာခပ်တည်တည်နှင့်သာ ပြောနေရသည်။ ကိုယ့်အပြစ်ဖြစ်မှာကိုလည်း ကြောက်ရသေး၏။ တော်ကြာနေ ပန်းစည်းက နင်ပေးခိုင်းတယ်ဆိုတာ လေပြည် ပြောပြလို့ ငါသိပြီးပြီလို့များ နေမင်းက ယောလေးကို ပြောလိုက်ရင် ဘယ်လိုလုပ်ကြမလဲ။

စိတ်ချရတာမဟုတ်။ ဒီကောင်က မထင်ရင် မထင်သလိုပြောမှာ။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလေးကို ဘောင်းဘီအိတ်ကပ်ထဲကမှထုတ်လိုက်ရင်း နေမင်းဆီ စာတိုလေးတစ်စောင် ပို့လိုက်သည်။ စားပွဲအောက်မှာ အသာလေး နှိပ်ရိုက်ကာ ပို့လိုက်ခြင်းမို့ ဘေးက သူငယ်ချင်းမနှစ်ယောက် သတိမထားမိလိုက်ပါ။

သူတို့နှစ်ယောက်သား စကားကောင်းနေကြစဉ်မှာပဲ သူတို့နားကနေ ကျွန်မ အသာလေး လစ်ထွက်ခဲ့လိုက်သည်။ ဘန်ဂလိုအနောက်ဘက် ခပ်လှမ်းလှမ်းမှ သစ်ပင်အောက်ကို ကျွန်မရောက်ပြီး မိနစ်အနည်းငယ်အတွင်းမှာပင် နေမင်းပါ ရောက်လာခဲ့၏။

"ငါ့ကိုတကူးတက စာတွေဘာတွေပို့ပြီး ခေါ်တာ ဘာလုပ်ဖို့လဲ"

"နင့်ကို မှာစရာရှိတယ်၊ ယောလေးကို နင် ဘာစိတ်ကူးနဲ့ အရောတဝင်လုပ်နေတာလဲ၊ ရန်ကုန်မှာတုန်းက နင် ငါ့ကို ပြောထားတယ်လေ၊ ငါတို့တွေနဲ့ အရောမဝင်ပါဘူးလို့"

"အဲဒါက ငါ့ကိုပန်းစည်းပေးပြီး စိတ်ဝင်စားနေတဲ့သူက ယောလေးမှန်း မသိသေးလို့ ပြောတာ၊ ခုတော့ ချောချောလှလှ ယောလေးမှန်း သိသွားလို့ ငါရောချင်သွားတယ် ဘာဖြစ်လဲ"

"ငါ့သူငယ်ချင်းကို တစ်ခုခုလုပ်လို့ကတော့ နင်သေပြီသာမှတ်နော် နေမင်း"

"ကြီးကြီးကျယ်ကျယ် လာခြိမ်းခြောက်မနေနဲ့ နင် ခြိမ်းခြောက်တာတွေကို စိတ်ဝင်စားမယ်များ ထင်နေတာလား"





"စောင့်ကြည့်လိုက်လေ"

"ကောင်းပါပြီဗျာ ငါကလည်း နင် အဲဒီလို စိန်ခေါ်လို့ကို လုပ်ဦးမှာ"

"နင် မိုက်ရိုင်းတယ်"

နေမင်းက မထီမဲ့မြင် အပြုံးတစ်ခုကို နှုတ်ခမ်းမှာ ဆင်မြန်းရင်း ကျွန်မရှေ့မှ လှည့်ထွက်သွား၏။

"နင့်ကိုတစ်ခုတော့ သတိပေးလိုက်မယ်နော် ငါ့ဆီကနေတစ်ဆင့် သူ ပန်းစည်းပေးတာကို နင် သိတယ်လို့တော့ ယောလေးရှေ့မှာ ပြောမိစေနဲ့"

"ဒါမျိုးကျ တော်တော်ကြောက်ပါလား"

ဖျတ်ခနဲ နောက်ပြန်လှည့်လာကာ ကျွန်မကို ခနဲ့တဲ့တဲ့ မေးလိုက်သောလေသံက ဝိတ်ရိုက်ပစ်လိုက်ချင်စရာ။

"လေပြည်ရေ လေပြည် နင် ဘယ်မှာလဲ"

"ဟေး လေပြည်"

လေနဲ့အတူ လွင့်ပါလာသော သူငယ်ချင်းမနှစ်ယောက်၏ အသံကျယ်ကျယ်။ သူတို့တွေ ကျွန်မပျောက်လို့ လိုက်ရှာနေကြပြီနဲ့ တူတယ်။

"ငါသွားတော့မယ်"

"နင်တော်တော်ကြောက်တတ်ပါလား လေပြည်၊ ဘာလဲ ငါနဲ့ အတူ မှောင်ကြီးထဲမှာ နှစ်ယောက်တည်းရှိနေတာကို နင့်သူငယ်ချင်းတွေ သိသွားမှာ စိုးရိမ်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



နေမင်းက ကျွန်မ လက်ကောက်ဝတ်တစ်ဖက်ကို ဆုပ်ကိုင်လျက် မထိတရီ မေးသည်။ ဒီကောင် တော်တော်တရားလွန်လာပါပြီ။

"နင် ငါ့လက်ကိုလွှတ်နော်"

"ရှူး တိုးတိုးနေစမ်း၊ ခြေသံတွေကြားလား၊ နင့်သူငယ်ချင်းတွေ ဒီဘက်ကိုလာနေပြီ၊ နင့်အသံပြကြီးနဲ့ အော်နေမှ သူတို့သိသွားမှာ"

လက်ကိုမလွှတ်ပေးဘဲ သစ်ပင်နောက်ဘက် မှောင်ရိပ်ထဲသို့ ဆွဲဝင်ကာ ဆောင့်ကြောင့်ထိုင်ချစေလိုက်၏။

"နင်နဲ့နှစ်ယောက်အတူရှိနေမှန်း သိသွားရင် ယောလေးကို ငါ ဆင်မယ့်ဇာတ်လမ်းတွေ စုတ်ပြတ်သတ်သွားလိမ့်မယ်"

"နင်နော် ငါ့သူငယ်ချင်းကို မဟုတ်ကဟုတ်က လုပ်ကြည့်"

အမှောင်ထဲမှာ နှစ်ယောက်သား လေသံအုပ်အုပ်နှင့် ကြိတ်ပြီး ရန်ဖြစ်နေမိသေးသည်။ ခေါင်းနှစ်လုံးပူးပြီး ဝပ်ထားသည့်မို့ နှစ်ယောက်သားက နီးနီးကပ်ကပ်ဖြစ်နေကာ သူ့အသက်ရှူထုတ်လိုက်သော လေထွက်သက်က ကျွန်မပါးပြင်ကို ဖြတ်သန်းပြီး အဝေးသို့လွင့်ထွက်သွား၏။

ယောကျ်ားလေးတစ်ယောက်နှင့်အနီးကပ်ဆုံး ဒီတစ်ခါသာ ဘဝမှာ ပထမဆုံးအဖြစ် နေဖူးသည်မို့ ကျွန်မ တစ်ကိုယ်လုံး ရှိန်းတိန်း ဖိန်းတိန်းနှင့်ကြက်သီးမွေးညင်းများပင် ထနေမိသည်။

"ကဲ ရပြီ နင့်ဘော်ဒါတွေလည်း ထွက်သွားပြီ၊ မြန်မြန်ဆန်ဆန်သာ လစ်ပေတော့၊ ငါတော့ အခန်းထဲဝင်ပြီး တန်းအိပ်တော့မယ်"

ထိုအခါမှ ကျွန်မလက်ကို သူလွှတ်ပေးကာ မတ်တပ်ထရပ်၏





ကျွန်မမှာတော့ လှိုက်ဖိုသော ခံစားချက်တစ်မျိုးဖြင့် ချက်ချင်းမထနိုင်သေးဘဲ အပေါ်စီးကနေ ငုံ့မိုးကြည့်နေသော နေမင်းကို မျက်တောင်မခတ်ဘဲ ပြန်မော့ကြည့်နေမိသည်။

"ဟဲ့ အရူးမ ဘာလုပ်နေတာလဲ၊ မြန်မြန်သွားပါတော့ဆိုတာကို"

ခပ်ငေါက်ငေါက်အသံနှင့် ဒေါသထွက်နေသော မျက်နှာကိုမြင်တော့မှ ကျွန်မ ငေါက်ခနဲ ထထိုင်ရင်း

"နင် ငါ့ကိုကတိပေးတယ်နော်၊ ယောလေးကို မပြောပါဘူးဆိုတာ"

"ငါကတော့ မပြောပါဘူး"

ဒါပဲပြောပြီး ကျွန်မနားမှ သူ ထွက်သွားသည်။

ဒီနောက်ပိုင်း နွေရာသီကျောင်းပိတ်ရက်မှာ ကျွန်မ ကြားရသည့် သတင်းများက ဝမ်းသာစရာပဲ ခေါင်းစဉ်တပ်ရမလား၊ ဝမ်းနည်းစရာပဲလို့ ပြောရမလား မသိနိုင်အောင်ပါပဲ။

ကျွန်မနှင့်အမြဲလိုလို ရန်ဖြစ်နေတတ်သော နေမင်းက ခုဆို ညနေစောင်းဆိုလျှင် ကျွန်မတို့အိမ်ဘက် ရောက်လာတတ်သည်။ ပါးစပ်ကထွက်သမျှ စကားကလည်း ယောလေးအကြောင်းနှင့်ပတ်သက်တာတွေချည်း။ နောက်ဆုံး မနေနိုင်တော့သည့်အဆုံးမှာ သူတို့နှစ်ယောက်ကို အောင်သွယ်ပေးပါမည်ဟု ကျွန်မမှာ ကတိပြုရတော့၏။

"နင် တကယ်ကြိုက်တာ သေချာတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"နင် စကားမရှည်စမ်းပါနဲ့ဟာ၊ လုပ်မှာသာဖြင့် လုပ်ပေးစမ်းပါ"

အကူအညီတောင်းတာတောင် နေမင်းတို့က အဲဒီလိုလေသံမျိုးနှင့်ဖြစ်သည်။ ယောလေးဘက်ကလည်း နှစ်သက်နေတာမို့ ကျွန်မမှာလည်း လွယ်လင့်တကူပင် အောင်သွယ်ပါမည်ဟု ကတိပြုလိုက်ခြင်းပါပဲ။

■ ■ ■

## အခန်း (၈)

ကျွန်မတို့သုံးယောက် အတူတက်နေသော ကွန်ပျူတာသင်တန်းသို့ ညနေဆိုလျှင် နေမင်း လာကြိုတတ်သည်။ သူ့ခေါင်းစဉ်ကတော့ ယောလေးဆိုပေမယ့် ကျွန်မတို့သုံးယောက်က အတူပြန်သည်မို့ နေ့တိုင်းပင် သူ့မျက်နှာကို မမြင်ချင်မှအဆုံး။

မုန့်ဆိုင်သွားလည်းအတူ၊ ဈေးဝယ်ထွက်လည်းအတူ၊ သင်တန်းတက်လည်းအတူ၊ ဘာမဆို တတွဲတွဲရှိတတ်သည်မို့ နေမင်း ဘယ်ကိုပဲလိုက်လိုက် ယောလေးတစ်ယောက်တည်းနှင့် တွေ့ခွင့်မကြုံဘဲ ဘေးမှာတတွဲတွဲလိုက်ပါနေတတ်သော ကျွန်မနှင့်မွန်မွန်ကိုပါ မျက်နှာချင်းဆိုင်ရမြဲဖြစ်သည်။

နောက်ဆုံး ယောလေးကို ရည်းစားစကားပြောပြီး အဖြေပြန်

www.burmeseclassic.com



ရသွားသည်ထိ ကျွန်မတို့အားလုံးရှေ့မှာပဲ ဖြစ်၏။

ဒါဟာ သူ့ခံစားချက်တစ်ခုကြောင့် တမင်သက်သက် အကွက်ဆင်ခဲ့တာမှန်း ထိုစဉ်တုန်းကတော့ ကျွန်မတို့တွေ လုံးဝမသိခဲ့ပါ။

အဲဒီအဖြစ်မှန်တွေကို ကျွန်မ သိခွင့်ရခဲ့တာ နောက်ထပ်ခြောက်နှစ်အကြာ သူနဲ့ကျွန်မ လက်မထပ်ခင်မှ ဖြစ်သည်။ ကျွန်မအချစ်ဆုံး သူငယ်ချင်းနှစ်ယောက်ထဲမှ ယောလေးက ကျွန်မကို မမြင်ချင် မတွေ့ချင်ဖြစ်သွားခဲ့ချိန်လည်း ဖြစ်၏။

မောင့်ကို ယောလေး မျက်နှာမှမထောက်ဖါဘဲ လက်ထပ်ခဲ့မိသည့် ကျွန်မ မတရားမှန်းသိပေမယ့် အခြေအနေက ထိုသို့သာ ဖြစ်သွားခဲ့သည်။ ခြောက်နှစ်လောက် လက်တွဲခဲ့သော ယောလေးနဲ့မောင်သည် ကျွန်မနှင့် သွယ်ဝိုက်ပတ်သက်သော အနေအထားတစ်ခုကြောင့် လက်တွဲဖြုတ်ခဲ့ရ၏။

ကျွန်မသည်လည်း သုံးနှစ်ကျော်လောက် ချစ်သူအဖြစ် ဆက်ဆံခဲ့သည့် သည်းဦးမောင်နှင့် ဝေးကွာခဲ့ရသည်။

"နင် ဒီလိုပြုန်းစားကြီးသွားမယ်ဆိုတာတော့ မဟုတ်သေးဘူးဦး"

"ငါ ဘယ်လိုမှမတတ်နိုင်ဘူး လေပြည်"

ကျွန်မ မျက်လုံးများကို စိုက်ကြည့်ပြီး ပြောနေပုံက အားမာန်တွေ ပြည့်ဝလျက် ကျွန်မစကားတွေ တားမြစ်မှုတွေက သူ့အတွက်နည်းနည်းမှ တိုးပေါက်ပုံမရ။





လွှန်ခဲ့တဲ့ သုံးနှစ်လောက်တည်းက နိုင်ငံခြားကို ပြောင်းရွှေ့နေထိုင်ကြသော သည်းဦးမောင် မိဘတွေက သားဖြစ်သူကို ဒီတစ်လအတွင်း သူတို့ဆီလိုက်လာရန် အကြောင်းကြားလိုက်ခြင်း။ ဆယ်တန်းကို ဂုဏ်ထူးတွေကိုယ်စီနဲ့ ထူးချွန်စွာ အောင်မြင်ကြလို့ ဆေးကျောင်းတူတူတက်ကြရင်း တစ်စတစ်စ ရင်းနှီးတွယ်တာလာခဲ့သည့် သံယောဇဉ်တွေကို သူ နည်းနည်းမှမထောက်ထားတော့ဘူးတဲ့လား။

ချစ်သူတွေအဖြစ် သုံးနှစ်ကျော်မျှ တရင်းတနှီး ချစ်ခင်ခဲ့ကြတာတွေကိုရော သူ မေ့လိုက်နိုင်သည်တဲ့လား။

"နင်လည်း ဒီမှာ ဘွဲ့ယူပြီးရင် ဟိုမှာဆက်ပြီး အဆင့်ဆင့်တက်လို့ရတာပဲလေ၊ အဲဒီမှာပဲ အခြေချလိုက်ရင် ပိုတောင်အဆင်ပြေသွားဦးမယ်"

"မဟုတ်ဘူး ဦး၊ ငါက ကိုယ့်နိုင်ငံမှာပဲ မဖွံ့ဖြိုးသေးတဲ့နေရာတွေကိုသွားပြီး ဆေးကုသပေးချင်တာ"

သည်းဦးမောင်က နိုင်ငံခြားသွားပြီး တိုးတက်ရာတိုးတက်ကြောင်းရှာဖို့ကို စိတ်အားထက်သန်နေသလောက် ကျွန်မကတော့ ဒီမှာပဲနေပြီး ကောင်းကောင်းမွန်မွန် အသက်မွေးဝမ်းကြောင်း ပြုချင်သည်။ အဲဒီကစပြီး ကျွန်မတို့နှစ်ယောက် အကြီးအကျယ် စိတ်ဝမ်းကွဲကြတာပါပဲ။

သူက ဟိုနိုင်ငံကိုသွားဖို့ စာရွက်စာတမ်းတွေ ပြင်ဆင်နေချိန်မှာပဲ ကျွန်မသည်လည်း မမျှော်လင့်ထားသော ပြဿနာတစ်ခုကို ရင်ဆိုင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ကျွန်မတို့ ရင်ဆိုင်ဖြေရှင်းရမည့် ထိုပြဿနာကို ကျွန်မတစ်ဦးတည်းသာ ရင်ဆိုင်ရမည့် အနေအထားမျိုး သေချာသွားလောက်အောင် သူသည် နိုင်ငံခြားထွက်ဖို့ကိုသာ စိတ်အားထက်သန်နေခဲ့သူ ဖြစ်၏။

"ဦး နင့်ကိုငါ ပြောစရာရှိတယ်"

တုန်ယင်ချင်နေသော အသံကို မနည်းထိန်းသိမ်းထားရင်း ပြောရသည့် ကျွန်မ၏စကားသည် သူ့အတွက်တော့

"ငါ ဒီနေ့တော့ မအားဘူးဟ၊ ဗီဇာကိစ္စတွေလိုက်လုပ်ရဦးမယ်"

"မဟုတ်ဘူး ဦး၊ ငါပြောမှာ သိပ်ကိုအရေးကြီးတယ်"

"ခုချိန်မှာ ငါ ဟိုကိုထွက်သွားနိုင်ဖို့ အချိန်မီလုပ်နေရတယ်ဆိုတာ နင်အသိဆုံးပဲ၊ နောက်မှ ငါ့အလုပ်တွေအားလုံးပြီးသွားရင် ပြောနော် နင်က လိမ္မာပါတယ်"

ကျွန်မဘက်က ဘာစောဒကမှ မတက်နိုင်ခင်မှာပဲ သူက ဖုန်းကိုချသွားခဲ့ပြီ။ သူသည် သားလိမ္မာတစ်ယောက်အဖြစ် တစ်သက်လုံး ကြီးပြင်းလာလျက် မိဘစကားဆို ဘယ်တုန်းကမှ မပယ်ရှားခဲ့ဖူးတာ ကျွန်မ သိပါသည်။

သို့သော် ကျွန်မရင်ဆိုင်နေရသော ဒီကြီးမားသည့် ပြဿနာကြီးကို သူကလွဲလို့ တခြားတစ်ယောက်ကို ဖွင့်ပြောဖို့ရာကလည်း ဘယ်လိုမှ မဖြစ်နိုင်။

ကျွန်မ ဗိုက်ထဲမှာ သူနဲ့ရသော ကလေးလေး ရှိနေပြီတဲ့လေ





ဘယ်လောက် သွေးပျက်တုန်လှုပ်စရာကောင်းလိုက်သော သတင်းစကားမျိုးပါလိမ့်။ လက်ချောင်းတွေ တဆတ်ဆတ် တုန်ယင်အေးစက်လျက် လက်ထဲမှာ ဆုပ်ကိုင်ထားသော ဖုန်းလေးကပါ လှုပ်ရမ်းတုန်ခါနေ၏။ ခုတင်ထက်ကို အရုပ်တစ်ရုပ်ပစ်ချလိုက်သလို ကျွန်မ အသက်မဲ့စွာ ပြုတ်ကျလဲပြိုသွားသည်။

ကျွန်မဟာ သိပ်ကိုမိုက်မဲတဲ့ မိန်းမပါပဲ။ မေမေ့ရဲ့လက်ထဲမှာ ထိန်းထိန်းသိမ်းသိမ်းနှင့် တစ်လျှောက်လုံး ကြီးပြင်းလာခဲ့ရသလောက် ယောကျ်ားတစ်ယောက်ရဲ့အထိအတွေ့မှာတော့ ထိုဘဝတစ်လျှောက်လုံး ထိန်းသိမ်းလာနိုင်ခဲ့သည့် ဂုဏ်သိက္ခာများနှင့် လဲလှယ်ပစ်ခဲ့သည်။ ခုလို အခြေအနေရောက်နေမှတော့ ကျွန်မရဲ့ကိုယ်ကျင့်တရားတွေ သိက္ခာတွေဆိုတာလည်း ကိုယ့်တာသာ ပြန်လည်ရှာဖွေနိုင်ဖို့တောင် ခက်ခဲနေခဲ့ပါပြီ။

ခုချိန်မှာ ကျွန်မရဲ့စကားလုံးတွေဟာ သူ့အတွက် အဲဟန့်အတားတွေ အဖြစ်သာ ရှိနေတော့မှာ၊ သူ့မိဘတွေရှိတဲ့ဆီကို သွားရောက်ရရေးသည်သာ သူ့အတွက်အရေးကြီးဆုံး ဖြစ်နေတော့မှာ။ ဒီလိုအချိန်မှာ ကျွန်မက ရလဒ်ကိုသိသိကြီးနှင့် အရှုံးကိုပေါ်ပေါ်တင်တင် လက်ခံလိုက်ရမှာတဲ့လား။

ခေါင်းတစ်ခုလုံး ရှုပ်ထွေးစွာ ရီဝေမူးနောက်နေသည်။ ဘယ်သူ့ခပြု မိမိမှုဆိုတာလည်း သိပါရဲ့။ ဒါပေမဲ့ ကျွန်မတစ်ယောက်တည်း ရင်ဆိုင်ရမည့် ရှေ့ကိုကြိုတွေးကြည့်တော့ အရာရာဟာ မှောင်မည်းနေသည်။ လိုချင်တောင့်တနေပါလျက် မရနိုင်ကြသောသူတွေဆီ သွားဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဘာဆိုတာမှ အဆင်သင့်မရှိသေးသည့် ကျွန်မထံ လာခဲ့သော ထိုကလေးကိုလည်း စိတ်ထဲမှပေါက်ကွဲမိသည်။

သို့သော် ကျွန်မသည် လူသားတွေ၏အသက်ကို ကယ်တင်ရန် စာတွေကြိုးစားသင်ယူနေသော ဆေးကျောင်းသူတစ်ယောက်။ လူ့လောကထဲတောင် ရောက်မလာသေးသည့် လူသေးသေးလေးတစ်ယောက်ကို ရက်စက်စွာ သတ်ဖြတ်လိုစိတ်တော့ ကျွန်မမှာမရှိတာ အမှန်ပါပဲ။

ဒီရက်တွေမှာ ဟောက်စ်ဆင်းနေသည့် ဆေးရုံကိုလည်း မလာတော့ဘဲ ကျောင်းထွက်မည့်ကိစ္စများဖြင့်သာ အချိန်ကုန်နေသော သူ့ကို ကျွန်မ စိတ်ထဲက ဘယ်လိုမှ ဘဝင်မကျနိုင်ခဲ့။ သုံးနှစ်ကျော်လောက် တတွဲတွဲ ချစ်လာသော ချစ်သူကိုတောင် ဂရုမစိုက်နိုင်တော့လောက်အောင် အလုပ်တွေရှုပ်ပြနေသည့် သူ့ဆီက အချိန်အနည်းငယ်ရဖို့ကို ကျွန်မ မမျှော်လင့်တော့ပါ။

"နင် ဘာတွေဖြစ်နေတာလဲ လေပြည်၊ ဒီရက်ပိုင်း ငါတို့ဆီလည်း ဖုန်းမဆက်ဘူး"

လွန်ခဲ့တဲ့ နှစ်နှစ်က မွန်မွန် နိုင်ငံခြားထွက်သွားပြီးနောက်မှာ ကျွန်မနှင့်ယောလေးသာ အတွဲများခဲ့သည်။ ကျောင်းချင်းမတူပေမယ့် တစ်ရပ်ကွက်တည်းသားချင်းများမို့ အတွဲကတော့ မပျက်ခဲ့ပါ။ ယောလေးနဲ့နေမင်းတို့သည်လည်း ရည်းစားများအဖြစ် အတွဲမပျက်ခဲ့ပေမယ့် နေမင်းရဲ့အချိုးမပြေမှုတွေကိုတော့ ယောလေးထံမှ ကျွန်မ မကြာခဏ ကြားရတတ်သည်။





"ငါ သိပ်စိတ်ညစ်နေတယ် ယောလေး"

"နင့်ဆီမှာ ဘာစိတ်ညစ်စရာရှိလို့လဲ"

ကျွန်မရဲ့ ကြီးမားလွန်းသော အပူကို ယောလေးကိုပြောပြလိုက်ရင် ဖြေရှင်းနိုင်မှာတဲ့လား။ ဟင့်အင်း ရင်ဖွင့်ဖော်သက်သက်သာ ဖြစ်ပါလိမ့်မည်။ ကျွန်မကိုတမြည့်မြည့် လောင်ကျွမ်းနေသော အပူမီးတွေ ယောလေးကိုပါ ကူးစက်သွားကာလွဲလို့ ဘာမှထူးထူးခြားခြား ဖြစ်လာမည် မထင်ပါ။

"ဘာလဲ သည်းဦးမောင် နိုင်ငံခြားထွက်မယ့်ကိစ္စလား"

ယောလေးရဲ့ခန့်မှန်းချက်က အနည်းငယ် နီးစပ်ပေမယ့် ကျွန်မအတွက် တကယ်တမ်း တောက်လောင်နေသော အဖြစ်မှန်တော့ မဟုတ်သေးပါ။ အဖြစ်မှန်ကိုသာ သူမ သိသွားရင် ဘယ်လောက်တောင်မှပဲ ထိတ်လန့်သွားလိမ့်မလဲ။ ကျွန်မကို အပြစ်တင်ပြောဆိုမှာတော့ သေချာပါသည်။

"ဟုတ်တယ် ယောလေး၊ ငါ တကယ်စိတ်ညစ်နေမိတယ်၊ ငါ့ဘဝကြီးတစ်ခုလုံး မှောင်မည်းသွားတော့မလိုပဲ"

"အဲဒီလောက်လည်း မဟုတ်သေးပါဘူးဟာ၊ နင်ပြောနေပုံက တစ်သက်လုံးလမ်းခွဲရမယ့် ချစ်သူတွေကျနေတာပဲ"

"ဘာပဲပြောပြောလေ တစ်မြေစီဝေးသွားပြီးတဲ့နောက်မှာ တစ်ယောက်နဲ့တစ်ယောက်လည်း မြင်ရတွေ့ရတော့တာမှ မဟုတ်ဘဲ၊ ငါတို့နှစ်ယောက်ရဲ့ကံကြမ္မာက ဘယ်လိုဖြစ်လာမယ်ဆိုတာ ဘယ်သူမှသိဘူး



www.burmeseclassic.com

www.burmeseclassic.com



လေ"

"အဲဒါကတော့ နင် တကယ်ပဲ အတွေးခေါင်လွန်းနေတာလို့ ငါ ထင်တယ်၊ ကွဲချင်တဲ့အတွဲက တစ်မြေစီဝေးမှ မဟုတ်ပါဘူး၊ နီးနီးနားနားမှာ အမြဲရှိနေပြီးတော့လည်း ကွဲချင်ကွဲတာပါပဲ"

ယောလေးက သက်ပြင်းလေးတစ်ချက်ချသည်။ ကေန္တတော့ နေမင်းနဲ့ဘာပြဿနာတွေ ဖြစ်လာပြန်ပြီလဲ မသိပါ။

"နင်ရော ဘာတွေဖြစ်နေတာလဲ ယောလေး၊ ဟိုကောင် နေမင်း နင့်ကိုဘာတွေအနိုင်ကျင့်ပြန်ပြီတုန်း"

"နင့်သူငယ်ချင်းကတော့ အမြဲတမ်း ဒီလိုပါပဲဟာ၊ သူ့ကိစ္စလေးတွေရှိရင်တော့ လာပါတယ်"

"နင်တို့နှစ်ယောက်ရော ဘာလုပ်ကြမှာလဲ၊ နှစ်ယောက်လုံးလည်း ကျောင်းတွေပြီးနေကြပြီပဲ"

နေမင်းက စီးပွားရေးအဓိကနဲ့ ကျောင်းပြီးကာ ယောလေးကတော့ နိုင်ငံခြားဘာသာတက္ကသိုလ်ကနေ ဘွဲ့ယူထားပြီး နိုင်ငံခြားညွှန်လမ်းညွှန်လုပ်ဖို့ ကြိုးစားနေသူ ဖြစ်သည်။

"နင် သူနဲ့တွေ့ဖြစ်တယ်မဟုတ်လား၊ တွေ့ဖြစ်ရင် ငါ့ဆီ ဖုန်းဆက်ဖို့ ပြောပေးပါဦး"

"ဟဲ့ နင်တို့နှစ်ယောက်က ဒီလောက်တောင်ပဲလား၊ သူ နင့်ဆီ ဖုန်းတောင်မဆက်ဘူးလား"

ယောလေးက နှုတ်မှမဖြေ။ နှုတ်ခမ်းထက်တွင် အပြုံးရေးရေး





လေးတစ်ခု ထင်လာသည်။ အခုလောက်ဆိုရင်ပဲ ကျွန်မ ကောင်းကောင်း သဘောပေါက်ပါပြီ။ နေမင်းဆိုတဲ့ကောင်ကို ကျွန်မ တစ်ခုခုတော့ ပြောဦးမှာပါ။ သူပဲ ကြိုက်ပါတယ်ဆိုလို့ အောင်သွယ်လုပ်ပေးထားခဲ့သော ကျွန်မမျက်နှာမှမထောက်။ သူလုပ်နေသော အချိုးတွေက တစ်ခုမှ အကောင်းမရှိ။

အင်းလေ လောလောဆယ်တော့ ကျွန်မကိုယ်ကျွန်မတောင် အနိုင်နိုင်ရပ်တည်နေရတာ နေမင်းနဲ့အခြေအတင် ရန်ဖြစ်ဖို့ကို တကယ်ပဲ အားသေးခြင်း ဖြစ်သည်။

"အေးလေ နင်လည်း စိတ်ညစ်မနေပါနဲ့၊ ငါသူ့ကိုတွေ့ရင် သချာကို ပြောပစ်လိုက်မယ်"

"နင် အရမ်းကြီးလည်း ရန်တွေသွားဖြစ်မနေနဲ့နော်၊ တော်ကြာနေ နင့်ကိုငါက သူ့အကြောင်းတွေလာပြီး အတင်းတုပ်တယ်ဆိုပြီး နှိုးရာခံရမှာစိုးလို့"

ပြုံးပြုံးပျာပျာနှင့်တားမြစ်ပြောလိုက်သော ယောလေးအမူအရာကြောင့် ကျွန်မမှာ စိတ်ပျက်မိသေးတော့သည်။ နေမင်းကို သူမ တော်တော်ကြောက်ရှာတာပါလား။ အင်းလေ ကြောက်တယ်ဆိုတာထက် ချစ်တာဖြစ်မှာပါ။

ယောလေး ပြန်သွားတော့ ကျွန်မတစ်ယောက်တည်း ကျန်ခဲ့ပြန်သည်။ တစ်ယောက်တည်းဖြစ်သွားတာနှင့် ကျွန်မအတွေးတို့က ပစ္စုပ္ပန်ကို ချက်ချင်းပြန်ရောက်လာကြသည်။ ကျွန်မသည် တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



နှင့်မနိုင်ဝန်ထမ်းနေရပါပြီ။

သည်းဦးမောင်ကို ခုချိန်မှာ ကိုယ်ဝန်အကြောင်းသွားပြောရင်ရော ယုံပါ့မလား။ ပြောရမလား မပြောရမလားဆိုသော အမေးနှစ်ခုရဲ့အောက်မှာ ကျွန်မအတွေးတွေ ပြေးလွှားရင်း မောပန်းအိပ်မောကျသွားမှပင် ငြိမ်းချမ်းရာရတော့၏။

■ ■ ■

''လေပြည် သမီး ခုတလော ဘာဖြစ်နေတာလဲ၊ မေမေ့ကိုပြောစမ်း တစ်ခုခုမဖြစ်ဘဲနဲ့တော့ ငါ့သမီးက မှိုင်တွေနေမှာမဟုတ်ပါဘူး''

ကျွန်မရဲ့အရိပ်အကဲကို သိတတ်လွန်းသော မေမေ့အား ကျွန်မရှောင်လွှဲလို့မရခဲ့ပါ။ ခုတင်ထက်မှာ ပက်လက်အိပ်လျက် ပူလောင်မှုများဖြင့် ငြိမ်သက်နေသော ကျွန်မနားသို့ မေမေ ရောက်လာကာမေးလိုက်ခြင်း။ ဖုံးဖိထားလိုက်သော်လည်း ကျွန်မ မျက်လုံးများကတော့ ဂနာမငြိမ်စွာ။

''သေချာပါတယ် လေပြည်၊ ညည်းတစ်ခုခုဖြစ်နေတယ် မဟုတ်လား''

မေမေ ကျွန်မကို စူးစိုက်ကြည့်ကာ မေးခွန်းတွေ ထုတ်ပါပြီ။ မေမေရဲ့မျက်လုံးအကြည့်တွေကို မခံနိုင်စွာဘဲ ကျွန်မ ရှောင်လွှဲမိ၏။

''ဘာဖြစ်နေတာလဲ ဆေးရုံမှာ အဆင်မပြေဘူးလား''

''ပြေပါတယ် မေမေ''

''နေမကောင်းလို့လား''





နဖူးထက်သို့ လက်တစ်ဖက်ရောက်လာလျက် မေမေ စိတ်ပူဟန်ဖြင့်မေးသည်။ ကျွန်မ ခေါင်းပဲခါပြရသည်။

''နေကောင်းပါတယ်၊ ခေါင်းကိုက်နေလို့ပါ မေမေ''

''ခေါင်းကိုက်တာကလည်း ငါ သတိထားမိတာကို တစ်ပတ်လောက်ရှိနေပြီ၊ ရောဂါကို မွေးမထားနဲ့လေ သွား အင်္ကျီလဲချည် ဆေးခန်းသွားရအောင်''

ဆေးခန်းသွားမည်ဆိုသောကြောင့် ကျွန်မ အိပ်ရာမှ ဆတ်ခနဲထထိုင်ကာ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ဆေးခန်းကို မေမေနဲ့အတူသွားမိလို့ကတော့ ကျွန်မအကြောင်းတွေအားလုံး ပေါ်ကုန်တော့မှာပေါ့။

''ဆေးခန်းတော့ မသွားချင်ပါဘူး မေမေရယ်၊ သမီး ဆေးလည်းသောက်ထားပါတယ်၊ အခု ခဏအိပ်လိုက်ရင် သက်သာသွားမှာပါ၊ သမီးရောဂါအကြောင်း သမီး သိပါတယ်''

''အမယ်လေး ဆရာဝန်တောင် မဖြစ်သေးဘူး၊ အမေကို လေကြီးလေကျယ်က ပြောပြီ၊ အခုအိပ်မယ်ဆိုလည်း အိပ်လိုက်၊ နိုးလာရင် ဘာစားချင်လဲ မေမေ ဘာလုပ်ပေးရမလဲ''

နူးညံ့နွေးထွေးသွားသော မေမေ့အသံမှာ ကျွန်မ လှိုက်ဖိုခံစားရင်း မျက်ဝန်းတွင် မျက်ရည်များဖြင့် ပြည့်လျှံလာ၏။ အဖြစ်မှန်ကို မေမေ သိသွားလျှင် မိုးကိုမီးတက်ရှို့သလို ဖြစ်သွားတော့မည်။ တစ်သက်လုံး စောင့်ရှောက်လာခဲ့သည့် ကျေးဇူးကိုစော်ကားသလို ဖြစ်တော့မည်။

သို့သော် မေမေမသိအောင် အချိန်အတိုင်းအတာ တယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ထိ ကျွန်မ ဖုံးကွယ်ထားနိုင်မှာလဲ။

"တူနာငါးနဲ့ ပေါင်မုန့်နဲ့ စားချင်တယ် မေမေ"

"အင်း မေမေ လုပ်ထားလိုက်မယ်နော်၊ တစ်ခါတည်း နေမင်းကိုပါ ကျွေးရအောင် များများလေးလုပ်လိုက်မယ်"

မေမေက တစ်ယောက်တည်း ပြောသလိုလို ရေရွတ်ရင်း ကျွန်မအခန်းထဲမှ ထွက်သွားသည်။ မေမေထွက်သွားသည်နှင့် ကျွန်မအတွေးတွေက ပြန်လည်ယောက်ယက်ခတ်လာပြန်သည်။ သည်းဦးမောင်ထံမှ ဖုန်းမလာတာ သုံးရက်ရှိပြီ။ သူ ဘယ်လောက်တောင် အလုပ်တွေများနေလို့ ကျွန်မဆီတောင် ဖုန်းမဆက်နိုင်ရတာတဲ့လဲ။

ခေါင်းတွေမူးနောက်ရီဝေလာသည်။ ရင်ထဲမှာပျို့ချင် အန်ချင်လာသလိုလို။ အစရက်ပိုင်းတွေမှာ အသားဟင်းဆို အနံ့ခံလို့မရအောင် ဆိုးရွားလာသည်။ ဖြစ်နိုင်ရင် ကျွန်မရဲ့အခန်းလေးထဲက မထွက်ဘဲ လူတွေနဲ့ဝေးဝေးမှာသာ ရှင်သန်လိုလှသည်။ စိတ်ဓာတ်ကျ အရှုံးပေးချင်စိတ်တွေ ဝင်ဝင်လာသလို ဖြစ်ချင်ရာဖြစ် ကျွန်မတစ်ယောက်တည်း အဆင်ပြေရင်ပြီးရောဆိုပြီး ဆိုးဆိုးရွားရွားတစ်ခုခု လုပ်ပစ်လိုက်ချင်စိတ်တွေလည်း ပေါ်ပေါ်လာ၏။

တစ်ယောက်တည်း လှဲအိပ်နေရင်းနှင့်မှ ချွေးစေးများပျံလာသည်ထိ ကျွန်မ စိတ်နှလုံးတွေ တုန်လှုပ်ချောက်ချားမိသည်။ ဦး လိုက်လိုက်လှဲလှဲ သတိရမိ၏။ သူကတော့ ကျွန်မ ဖြစ်နေတာတွေ ဘာမှမသိပါဘဲ မြန်မာပြည်ကိုစွန့်ခွာသွားဖို့ ပြင်ဆင်ပြီးစီးနေလောက်ပြီ





ဒိုင်ယာရီစာအုပ်လေးကို ဖွင့်ရင်း ကျွန်မ ခံစားနေရသော ဒုက္ခတွေကို ဦးဆီမှာ ရင်ဖွင့်မိသည်။ ဘယ်လိုပဲဖြစ်ဖြစ် စိတ်တော့ အနည်းငယ် သက်သာရာရသွားပါသည်။

စာအုပ်လေး ပြန်ပိတ်ပြီး စားပွဲပေါ်မှာ ခေါင်းမှောက်ချအိပ်လိုက်၏။ ထိုစဉ်မှာပဲ ကျွန်မနားထဲသို့ နေမင်း၏အသံကျယ်ကျယ်က တိုးဝင်လာခြင်း ဖြစ်သည်။

"ဖုန်းချပြီးတာနဲ့ ချက်ချင်းပြေးလာတာ အန်တီရေ"

"ငါ့သားတို့ကတော့ စားစရာသောက်စရာရှိမှပဲ ပေါ်လာတော့တယ်နော်"

အိမ်မလာတာ ကြာပြီဖြစ်သော နေမင်းကို ပြောလိုက်သည့် မေမေ့ရဲ့ခနဲ့သံ။ သားတစ်ယောက်လိုချင်နေသော မေမေ့အတွက်တော့ နေမင်းဟာ ကျွန်မနဲ့ထပ်တူ ချစ်ခင်ပေးဖို့ အသင့်တော်ဆုံးလို့ မေမေ စိတ်ကူးထားပုံပါပဲ။

"ဟိုတစ်ယောက်ရော အန်တီ"

"အေးကွယ် လေပြည်တစ်ယောက်လည်း ဘာဖြစ်တယ် မသိပါဘူး၊ ခေါင်းကိုက်လို့တဲ့ လှဲနေလေရဲ့"

"သူ ဆေးရုံမဆင်းဘူးလား အန်တီ"

"မင်းဘာသာပဲ သွားမေးကြည့်ပါတော့ကွယ်"

နေမင်းနဲ့ကျွန်မတို့ ဆက်ဆံရေးက ဆယ်တန်းစာမေးပွဲအောင်လို့ အပန်းဖြေခရီးလေး ထွက်တည်းက တော်တော်တော့ ပြောင်းလဲသွား



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ယောလေးကိစ္စကိုလည်း ကျွန်မက အဓိကအောင်သွယ်ပေးခဲ့တာမို့ ကျောင်းတုန်းကလိုတော့ တစ်ယောက်ကိုတစ်ယောက်မြင်တာနှင့် ရန်မထောင်ကြတော့ပါ။

"ဟဲ့ နှင် နေမကောင်းဘူးဆို"

စေ့ထားသော အခန်းတံခါးကို တွန်းဖွင့်ပြီး ခေါင်းလေးပြူလျက် နေမင်း မေးသည်။ ကျွန်မ သူ့ကိုအနိုင်နိုင် ရယ်ပြလိုက်ရင်း

"နည်းနည်းပါးပါး ခေါင်းမူးတာပါဟ"

"ဒါဆိုလည်း ထွက်ခဲ့လေ၊ နှင့်အမေ ပေါင်မုန့်လုပ်တာ ပြီးနေပြီ"

"လာမယ် လာမယ် ငါလည်း နှင့်ကိုပြောစရာတွေရှိတယ်"

ကျွန်မက မျက်စောင်းလေးရွယ်လျက်ပြောတော့ သူက မျက်မှောင်ကျုံ့လျက် ကျွန်မဘာများပြောမှာပါလိမ့်လို့ တွေးနေပုံနှင့်မေးငေါ့ပြသည်။

"စားပြီးမှ အေးအေးဆေးဆေး ပြောမယ်"

"ဘာလဲ ယောလေးအကြောင်းလား၊ သူ ဘာတွေလာပြောပြန်ပြီလဲ"

သူ့အသံက အလိုမကျသံအဖြစ် ချက်ချင်းပြောင်းလဲသွား၏။

"နောက်မှပြောပါမယ်ဆို လာ ငါလည်း ဗိုက်ဆာနေပြီ"

ထမင်းစားပွဲမှာ ထိုင်မိတော့ နှာခေါင်းထဲသို့ တိုးဝင်လာတာက ဆိတ်သားဟင်းအနံ့။ လည်ချောင်းဆီကနေ မသတီစွာ ပျို့တက်လာခဲ့





သည်။

"အော့"

"ဟဲ့ ဘာဖြစ်တာတုန်း"

နေမင်းက အလန့်တကြား မေး၏။ ဖေဖေ့ဆီမှ ဖုန်းလာသောကြောင့် အိမ်ရှေ့ထွက် ဖုန်းပြောနေသော မေမေ အနားမှာမရှိလို့ တော်ပါသေးရဲ့။

"ဆိတ်သားဟင်းနံ့ရလို့"

ဖြေမိပြီးကာမှ မှားသွားပြီဆိုသည့် အတွေးဝင်၏။ ဒါပေမဲ့ နေမင်းက ကျွန်မ ဘာကြောင့်ဒီလိုဖြစ်တယ်ဆိုတာကို မရိပ်မိပါ။

"ခုလေးတင် အန်တီ ဟင်းတွေနွှေးနေတာလေ၊ ဒီလောက်မွှေးနေတာကို နှင်က ဆိတ်သားဟင်းနံ့ရတာပဲ အန်ချင်ရတယ်လို့ ငါတောင် အနံ့ရပြီး ညစာပါစားသွားမလား စဉ်းစားနေတာ"

"နှင်ကတော့ ထာဝစဉ် ဝေါ်ကြီးကျနေတာပဲဟာ"

တူနာငါးနဲ့ပေါင်မုန့်ကိုတော့ ကျွန်မ အဆင်ပြေစွာပဲ စားသောက်နိုင်ခဲ့သည်။

"နှင် ငါ့ကိုပြောစရာရှိတယ်ဆိုတာ ပြောလေ"

"အင်း ပြောမှာပါ၊ နှင်ယောလေးကို ဘာလို့ကောင်းကောင်း ဆက်ဆံတာလဲ"

"ငါ ထင်ပြီးသားပဲ၊ ဒီတစ်ယောက် နှင့်ကိုတစ်ခုခု လာပြောပြီဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"သူပြောတာ မပြောတာထက် နင်ဘာလို့ အဲဒီလိုတွေ ဆက်ဆဲနေတာလဲ၊ နင်ပဲကြိုက်ပါတယ်ဆိုပြီး ငါ့ကိုလာအောင်သွယ်ခိုင်းခဲ့တာမဟုတ်လား"

နေမင်းက ခေါင်းတခါခါနှင့် ကျွန်မကိုမျက်နှာလွှဲသွားသည်။

"နင် ဘာဖြစ်နေတာလဲ၊ ယောလေးကို စိတ်ကုန်သွားလို့လား။ နင်တို့ယောကျ်ားတွေက အချိန်လေးနည်းနည်းကြာလာလို့ လိုချင်တာလေးများ ရပြီးသွားဆိုရင် အဲဒီလိုပဲနော်"

"နင် ငါ့ကိုဘယ်လိုပြောလိုက်တာလဲ လေပြည်"

နကျတော့လည်း၊ သူ့ပုံစံက ကျားရဲတစ်ကောင်လို အားပြည့်မာန်ပြည့်။ ခုပဲ ကျွန်မကိုခုန်အုပ်တော့မလိုလို ကိုယ်ကိုရှေ့သို့ ကိုင်းညွတ်လိုက်သည်။

"ဟဲ့ လန့်လိုက်တာ ဘယ်လိုဖြစ်တာလဲ"

"နင်တွေ့ဖူးတဲ့ ယောကျ်ားတွေနဲ့ ငါ့ကိုယှဉ်ပြီး မပြောစမ်းနဲ့ ငါ နင့်သူငယ်ချင်းဆီက လိုချင်တာ ဘာမှမရှိဘူး၊ ငါ့အကြောင်းပြချက်နဲ့ ငါ သူ့ကိုအောင်သွယ်ဖို့ နင့်ဆီက အကူအညီယူခဲ့တာ၊ နင်မဟုတ်ဘဲ တခြားတစ်ယောက်သာဆို ငါ သူ့ကို ကြိုက်တယ်လို့လည်း ပြောဖြစ်မှာမဟုတ်ဘူး"

"နင်ဘာတွေပြောနေတာလဲ နေမင်း"

"နင့်ကိုငါ ပြောပြချင်ခဲ့တဲ့ စကားလုံးတွေ အများကြီးပဲ၊ ဒါပေမဲ့ မပြောဖြစ်ခဲ့လိုက်ဘူး၊ ယောလေးကို အောင်သွယ်ခိုင်းခဲ့မိတာကတော့





ငါ့ရဲ့အကြီးမားဆုံး အမှားတစ်ခုပါပဲ"

နေမင်းစကားတွေကို ကျွန်မ တစ်ခုမှ နားမလည်နိုင်ပါ။ ကိုယ့်အပူနဲ့ကိုယ် တောက်လောင်နေရသည့်ကြားထဲ သူ ပြောနေသည့်စကားလုံးတွေရဲ့အဓိပ္ပာယ်ကိုလည်း သဘောမပေါက်နိုင်ပါဘဲ စိတ်တွေပိုလို့ရှုပ်ထွေးလာခြင်းသာ အဖတ်တင်၏။

"နင် ငါပြောတာတွေကို နားလည်မှာမဟုတ်ဘူး၊ လေပြည် ဒါပေမဲ့ နင်တစ်နေ့တော့ သိလာလိမ့်မယ်လို့ ငါထင်တယ်"

သူက ပန်းကန်ချပ်ထဲမှ ပေါင်မုန့်ဆင်းဒ်ဝစ်ချ်ကို ကုန်အောင်စားလိုက်ပြီး နေရာမှ ထ၏။ ကျွန်မ သူ့လက်တစ်ဖက်ကို လှမ်းဆွဲထားလိုက်ပါသည်။

"နင် ဘာတွေပြောသွားတာလဲ၊ ယောလေးအတွက် ကောင်းတဲ့အဓိပ္ပာယ်မဟုတ်ဘူးဆိုတာတော့ ငါ ကောင်းကောင်းကြီး သိတယ်"

"ကျွတ် လေပြည်ရယ် နင့်ကိုငါ ရှင်းရှင်းပဲပြောမယ်၊ လူငယ်စိတ်တစ်ခုနဲ့ ငါ ယောလေးကို နင့်အကူအညီတွေယူပြီး အောင်သွယ်ခိုင်းခဲ့တယ်၊ ဒါပေမဲ့ ငါ သူ့ကိုတကယ်ချစ်ခဲ့တာ မဟုတ်ဘူး၊ လက်ထပ်ဖို့လည်း မရှိဘူး ရှင်းပြီလား"

သူ့ကိုဖမ်းဆွဲထားမိသော ကျွန်မလက်တွေ ဖြေလျော့ကျသွားရသည်။ ယောကျ်ားတွေဟာ ဒီပုတ်ထဲက ဒီပဲတွေပါပဲလား။ သူတို့ တကယ်တမ်း ရင်ဆိုင်ရမည့်အရာတွေရှိလာပြီဆို ရှောင်ပြေးချင်ကြတော့တာပဲလား။



www.burmeseclassic.com

www.burmeseclassic.com



"နင် ဆိုလိုတာက ဒီလောက်ထိ နှစ်တွေနဲ့ချီပြီး နင်က ယော လေးကို အပျော်တွဲလာခဲ့တာပေါ့ ဒီလိုလား"

"အပျော်တွဲလာခဲ့တာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အပျော်တွဲတယ်လို့ ပြောရအောင် သူနဲ့တူတူရှိနေတဲ့ တစ်လျှောက်လုံးမှာ ငါ မပျော်ခဲ့လို့ပါ၊ ငါလိုချင်တဲ့အဖြေတွေ လွဲနေခဲ့တယ်၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ငါ့တွက်ကိန်း မှားသွားခဲ့တယ်၊ ပြီးတော့ နင်ခုနက ပြောသလို ယောကျ်ားတွေက လိုချင်တာရပြီးရင် ဒီလိုပဲဆိုတာ ငါ သူ့ဆီက ဘာမှ မလိုချင်သလို သူ ထိနိုက်နစ်နာအောင်လည်း ငါ ဘာမှမလုပ်ခဲ့ဘူး"

"ဩော် ဒီလောက်နှစ်တွေအကြာကြီး နင့်ဘေးနားမှာ ချစ်သူ ဆိုတဲ့ခေါင်းစဉ်ကြီးနဲ့ ထိန်းချုပ်ထားခဲ့ပြီးတော့မှ ခုလိုမျိုးပြောတာကတော့ မဟုတ်သေးဘူး နေမင်း"

"နင့်ကို ယောလေး ပွင့်ပွင့်လင်းလင်း အားလုံးပြောပြသွားတာ မဟုတ်ဘူးနဲ့တူတယ်"

"ဘာကိုလဲ"

နေမင်း နောက်ပြောင်နေခြင်းမဟုတ်မှန်း သူ့အမူအရာနှင့် လေသံ စကားပြောပုံတို့ကိုကြည့်ပြီး ကျွန်မ ခန့်မှန်းနိုင်ပါသည်၊ ဒါဆိုရင် ကျွန်မ သူငယ်ချင်းယောလေးတော့ ရင်ကွဲရတော့မှာပါလား။

"သူ့ကိုလမ်းခွဲဖို့အတွက် ငါ အကြိမ်ကြိမ် ပြောခဲ့ပါတယ်၊ ကြိုးလည်းကြိုးစားခဲ့တယ်၊ ဒါပေမဲ့ သူ့ဘက်က စိတ်ကိုလျှော့ပစ်လိုက်ဖို့ သူကိုယ်တိုင် ဝန်လေးနေတယ်လေ"





"နင်က သူ့ကိုဖြတ်ဖို့ ပြောတယ် ဟုတ်လား၊ နင်တို့ဘာဖြစ် နေကြတာလဲ ငါ တကယ်နားမလည်တော့ဘူး"

"ငါပြောသားပဲ၊ နင် ခုချိန်တော့ နားလည်မှာမဟုတ်ပါဘူးလို့၊ ဒါပေမဲ့ တစ်ချိန်ချိန်ကျရင်တော့ နင်ကောင်းကောင်းနားလည်လာမှာပါ"

သူ အခန်းထဲမှ ထွက်သွားသည်။ ကျွန်မတစ်ယောက်တည်း ခေါင်တောင်တောင်နှင့် ကျန်ရစ်ခဲ့၏။ ထိုမှစကာ ကျွန်မရဲ့စိတ်တုန်လှုပ် ချောက်ချားမှုတွေ ပိုမိုဆိုးရွားလာခဲ့ရခြင်း ဖြစ်သည်။ ယောကျ်ားတစ် ယောက်ကို ယုံကြည်နိုင်ဖို့ တော်တော်လေး ခက်ခဲသွားခဲ့၏။ နှစ်ပေါင်း များစွာကြာအောင် တွဲလာခဲ့သည့် ချစ်သူတစ်ယောက်ကိုတောင် လက်ထပ် ဖို့ စိတ်ကူးထဲမှာမရှိတတ်ကြသည့် ယောကျ်ားတွေပါလား။

ကိုယ့်ဆိုက်ကိုနှင့်ကိုယ် ပိုလို့ ဆိုးရွားသော စိတ်ခံစားချက်တစ်ခု ကသာ ကျွန်မရင်တစ်ခုလုံး အပြည့်အနှက်။ ခုချိန်မျိုးမှာ ဦးကို ကိုယ်ဝန် အကြောင်း သွားပြောမိရင်လည်း သေချာပေါက် ငြင်းဆန်ခြင်း ခံရမှာပါ။ ဦးအကြောင်းကို ကျွန်မ သိပါသည်။ မေမေ့ရဲ့သားလိမ္မာလေး။ သူ့တက် လမ်းကို တားဆီးလာသည့်အရာများအား မလိုတမာစွာ ဖယ်ရှားပစ်တတ် သူမျိုးပေါ့။

ခုလည်း ကျွန်မလွယ်ထားရသော ကိုယ်ဝန်ဆိုတာကို သူ့ အတွက်တော့ အတားအဆီး အဟန့်တစ်ခုအဖြစ်သာ မြင်ယောင်မှာ ကျိန်းသေနေပါသည်။

"ဟဲ့ ဟိုကောင်လေး ဘယ်ရောက်သွားလဲ၊ ခုနကတော့ ညစာ

www.burmeseclassic.com



တောင် စားသွားမယ်လို့ ပြောနေပြီး''

"ဒီကောင်က အမြဲပျော်ယာခတ်နေတာကို မမေကလည်း ခု လည်း ဘာဖြစ်လဲမသိဘူး၊ ထထွက်သွားတော့တာ''

မေမေက ခေါင်းတခါခါနှင့် ပြုံးနေသည်။ နေမင်း ဘာလုပ်လုပ် မေမေ့မျက်လုံးများထဲမှာ အပြစ်လို့မြင်စရာမလိုဘူးလို့ သတ်မှတ်ထား ပုံပါပဲ။

''သမီး မနက်ဖြန်ရော ဘာလုပ်မှာလဲ၊ ဆေးရုံဆင်းမှာလား''

''အင်း ဆင်းမယ် မေမေ''

ဆေးရုံကို မနက်ပိုင်းတစ်ချက်သွားကာ နေ့လယ်ပိုင်းကိုတော့ သည်းဦးမောင်နှင့် တွေ့ဆုံဖို့ ကျွန်မ ဆုံးဖြတ်ထားသည်။ ကျွန်မဘက်က စတင်ပြီးခွဲခွာဖို့ ပြင်ဆင်လိုက်တာ အကောင်းဆုံးဖြစ်ပါလိမ့်မည်။ ကျန်တဲ့ ကိစ္စကတော့ နောင်ခါလာနောင်ခါမှပဲ ရှင်းတော့မည်။ လောလောဆယ် ကျွန်မနားကနေ ထွက်သွားဖို့ ပြင်နေသည့်ယောက်ျားတစ်ယောက်ကို အပြီးအပိုင် သံယောဇဉ်ဖြတ်ဖို့ ကြိုးစားရပါမည်။

■ ■ ■

''နင် တကယ်ပဲ ဆုံးဖြတ်ပြီးပြီပေါ့''

''ဘာကိုလဲ လေပြည်''

အအေးဆိုင်လေးတစ်ဆိုင်မှာ နှစ်ယောက်သား မျက်နှာချင်းဆိုင် ထိုင်ရင်း တစ်ယောက်ကိုတစ်ယောက် မျက်တောင်မခတ်တမ်း ငေးကြည့် နေမိကြသည်။





''တကယ်ပဲ ငါ့ကိုခွဲပြီး နိုင်ငံခြားကို နင်ထွက်သွားတော့မှာလား လို့လေ''

သူ သက်ပြင်းတစ်ချက်ချရင်း မျက်လုံးအကြည့်များကို ကျွန်မ ထံမှနေ၍ ဘေးဘက်မှန်ပြတင်းဘက်ဆီ လွှဲလိုက်သည်။ အပြင်မှာ မိုးဖွဲဖွဲ လေးတွေ ကျဆင်းနေ၏။

''ငါမေးတာ ဖြေလေ''

''အခုအခြေအနေရောက်မှ နင် ငါ့ကိုအဲလိုမျိုးမေးတယ်ဆိုတာ နည်းနည်းတော့ လွန်ပြီကွာ၊ နင့်ကို ခွဲမထားချင်ခဲ့လို့ ငါနဲ့အတူ လိုက်ခဲ့ ဖို့ ခေါ်သားပဲ၊ ငါ့မိဘတွေကလည်း နင်နဲ့ချစ်နေတယ်ဆိုတာ သိပြီးသား ဆိုတော့ ချက်ချင်းပဲ လက်ခံကြမှာလို့လည်း ငါ ပြောတယ်''

''နင်ပြောနေတာတွေက ငါ့အတွက် အဆင်ပြေနိုင်လား၊ အဆင် မပြေနိုင်ဘူးလားဆိုတာ နင် မတွေးဘူးလေ၊ နင် ဖြစ်ချင်တာပဲ နင် ပြောခဲ့တာလေ''

''သဘက်ခါပဲ ငါသွားတော့မယ်၊ နင့်ကို ခုလိုမျိုး စကားအချေ အတင်တွေနဲ့ မခွဲသွားချင်ဘူးဟာ''

သည်းဦးမောင်က စားပွဲပေါ်တင်ထားသော ကျွန်မ လက် ချောင်းလေးများကို တစ်ချက်ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။ မျက်ဝန်းတွေ မှာ နားလည်ရခက်သော ရှုပ်ထွေးမှုတွေကို မြင်နေရ၏။

''ငါ့ကို နောက်ဆုံးလက်ဆောင် မပေးချင်ဘူးလားဟင်''

ဘာကိုဆိုလိုသော မေးခွန်းလဲ။ ဘာကိုလိုချင်နေတာလဲ။ သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ရှိဝေနေသော အသနားခံနေသည့် မျက်ဝန်းတွေကို ကျွန်မ ကောင်းကောင်းနားလည်ပါသည်။ သို့သော် ထိုမျက်ဝန်းတွေကို ရှောင်လွှဲပစ်လိုက်ဖို့လည်း ကျွန်မ အားမွေးထားခဲ့ပြီးပါပြီ။

သူ ဆုပ်ကိုင်ထားသော ကျွန်မ လက်များကို ရုန်းထွက်လိုက်၏။ သူ အံ့သြသွားပုံပါပဲ။

"စိတ်မကောင်းပါဘူး ဦး၊ နှုတ်ဆက်ကြရတော့မယ့်အချိန်မှာ ဘာသံယောဇဉ်မှ မတွယ်ချင်တော့ဘူး"

"နင် ဘာတွေပြောနေတာလဲ လေပြည်"

စိတ်ရှုပ်ထွေးသွားဟန် ခပ်လောလောပြောလိုက်သော သူ့စကားများကို သေးအေးအေးနှင့် တုံ့ပြန်နိုင်သော အင်အားတွေကျွန်မ မွေးမြူထားခဲ့ပြီးပါပြီ။

ကျွန်မကို ခွဲခွာပြီး ဟိုးအဝေးကြီး ထွက်သွားမည့်ယောကျ်ားတစ်ယောက်ကို ကျွန်မ အရထက်ပိုပြီး သံယောဇဉ် မတွယ်သင့်တော့ဘူး မဟုတ်လား။ ကျန်ခဲ့ရမည့် ကျွန်မမှာ ဘာတွေပဲဖြစ်နေပါစေလေ၊ ထွက်သွားမည့်သူကို အေးအေးချမ်းချမ်းနှင့် နောက်ဆံမတင်းဘဲ သွားစေပါတော့မည်။

"နင့်ကိုငါက လမ်းခွဲနေတာ မဟုတ်ဘူးနော် လေပြည်၊ နင်က ငါ့ကိုအရမ်းစိမ်းကားလွန်းနေတယ်"

ကျွန်မ တိတ်တခိုးလေး ပြုံးမိသည်။ မဲ့ပြုံးသာ ဖြစ်ပါ၏။

"ငါ ခုလိုချက်ချင်းကြီးလိုလို ထွက်သွားတာကို နင်စိတ်ဆိုးနေ





တာ မဟုတ်လား။ ငါ နားလည်နိုင်ပါတယ်"

"ဟင့်အင်း နင် ငါ့ကိုဘယ်တော့မှ နားလည်မှာမဟုတ်ဘူး ဦး။ ဘာဖြစ်လို့လဲဆိုတော့ ငါ ရှေ့ဆက်ဘာတွေလုပ်ဖြစ်မယ်ဆိုတာလည်း ငါ့ကိုယ်ငါ မသိသေးဘူး၊ နင့်ကိုလည်း ကတိတစ်လုံး မပေးလိုက်နိုင်ဘူး၊ ငါတို့နှစ်ယောက် လွတ်လပ်စွာပဲ လမ်းခွဲကြတာပေါ့၊ နင်လည်း ငါနဲ့ဝေးနေတဲ့အချိန်မှာ စိတ်လေလွင့်မနေဘဲ စာကိုကြိုးစားလုပ် နင့်ဘေးမှာ နားလည်ပေးနိုင်ပြီး နင့်ကိုကြင်နာနိုင်တဲ့ မိန်းကလေးတစ်ယောက်ယောက် ထပ်တွေ့တော့လည်း ငါ့ကိုငဲ့နေစရာ မလိုဘူးနော်၊ နင့်စိတ်ကြိုက်ဆုံးဖြတ်နိုင်တယ်၊ ဘာလို့လဲဆိုတော့ နင် ပြန်လာတဲ့အချိန်ထိ စောင့်နေပါ့မယ်ဆိုတဲ့ ကတိမျိုး ငါ့ဘက်ကလည်း လုံးဝမပေးနိုင်လို့ပဲ"

တည်ငြိမ်စွာ ပြတ်သားစွာ ပြောလိုက်နိုင်သော ထိုစကားတွေအတွက် ကျွန်မကိုယ်ကျွန်မ အားရသွားမိ၏။ ဘယ်လိုပဲဖြစ်ဖြစ် ဝေးသွားကြရတော့မယ့် လူတွေပဲလေ။ အရင်က ဘယ်လိုပဲသံယောဇဉ်နှောင်တွယ်ပြီး အရင်းနှီးဆုံး အနေအထားနှင့် ပတ်သက်မိခဲ့ပါစေ ခုချိန်မှာတော့ ကျွန်မ ပြတ်သားရတော့မယ် မဟုတ်လား။

ကျွန်မတစ်ယောက်တည်း ရပ်တည်နိုင်အောင် ကြိုးစားမလား။ မဖြစ်နိုင်သည့် မျှော်လင့်ချက်တစ်ခုဖြင့် အသက်ဆက်ရှင်မလား၊ ကျွန်မကတော့ ပထမတစ်ခုကိုသာ ရွေးချယ်ချင်ပါသည်။ အနည်းဆုံးတော့ ကျွန်မကို အပြည့်အဝ အာရုံထားဂရုမစိုက်နိုင်တော့သည့် သည်းဦးအောင်ကို အားမကိုးဖြစ်ဘဲ ကိုယ့်ကိုကိုယ် ရုန်းကန်တတ်လာတော့မည်။



www.burmeseclassic.com

အရှုံးထဲက အမြတ်ဆိုတာ ဒါမျိုးပဲဖြစ်ပါလိမ့်မည်။

"နင်က ပြတ်သားလှချည်လား"

သူ့လေသံတွေ ချက်ချင်းပြောင်းလဲသွား၏။ ကျွန်မအပေါ် နူးညံ့ညင်သာစွာ ပြောဆိုဆက်ဆံတော့မည့်ပုံစံမျိုးတွေ သူ့ဆီမှာ မတွေ့ရတော့။ ကျွန်မ အမြဲတမ်းစိတ်ပျက်ခဲ့ရတာလည်း ထိုပြောင်းလဲမှုများပင်ဖြစ်သည်။ သဘောတော့ ကောင်းပါရဲ့။ သူ့အတွက် ဘာမှမကျန်မှန်း သိသွားရင် ချက်ချင်းပင် ထိုသဘောထားတွေ ပြောင်းလဲသွားတတ်တာမျိုးလေ။

"ဟုတ်တယ် ငါ သေချာစဉ်းစားပြီးပြီ၊ နင်နဲ့ငါက ရေရှည်လက်တွဲဖို့ မဖြစ်နိုင်တဲ့လူတွေပဲ၊ နင်ကလည်း နင်လုပ်ချင်တာကိုပဲ ဖြစ်အောင် လုပ်မယ့်လူ၊ နင့်ရဲ့ အဲဒီစိတ်မျိုးကို တစ်သက်လုံး လက်မခံနိုင်မယ့်လူ ဆိုတော့ လမ်းခွဲဖို့ အသင့်တော်ဆုံးဖြစ်နေတဲ့ ခုလိုအချိန်မျိုးမှာ ပြတ်ပြတ်သားသား လမ်းခွဲလိုက်ကြတာ အကောင်းဆုံးပဲလို့ ငါထင်တယ်"

စကားလုံးတွေကို သေချာရွေးချယ်ပြီး ပြောလိုက်ခြင်းဆိုပေမယ့် ထိုစကားလုံးတွေရဲ့ သက်ရောက်မှုကို ကျွန်မကိုယ်တိုင်လည်း ခံစားရတာပါပဲ။ သုံးနှစ်ကျော်လောက် ချစ်လာခဲ့သော ယောကျ်ားတစ်ယောက်ပြီးတော့ ကိုယ့်ဆီမှာလည်း သူ့ရင်သွေးကို လွယ်ထားရပြီးတဲ့နောက်မှာ နာကျင်ရသည့် ခံစားမှုတွေက ကျွန်မ နှလုံးသားကိုလည်း တန်ပြန်သက်ရောက်တာပါပဲ။

သို့သော် ဘာလို့မှန်းမသိနိုင်အောင်ပဲ သူဟာ ကျွန်မနှင့်ကလေးကို တာဝန်ယူမည့်သူ မဟုတ်ဘူးလို့ ကိုယ့်ဘာသာ ထင်နေမိသည်။





ကလေးတစ်ယောက်ကို တာဝန်ယူဖို့ သူ အသင့်ဖြစ်မနေပါ။ ဗိုက်ထဲက ကလေးလေးကို လောကထဲရောက်မလာအောင် လုပ်ဖို့သာ သူ တားမြစ်လိမ့်မည်လို့ ကျွန်မ ထင်နေမိသည်။ ဆရာဝန်တစ်ယောက်ဖြစ်နေတာတောင်မှပဲ သူက သူ့အတ္တကိုသာ ရှေ့တန်းတင်လိမ့်မည်လို့ ကျွန်မ အမြဲတွေးနေမိ၏။

ကျွန်မ မှားတာလည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ သို့သော် ထိုအမှားအတွက် အပြည့်အဝတာဝန်ယူပြီး တစ်ယောက်တည်းဖြေရှင်းလိုသည့်စိတ်မျိုးကို ကျွန်မ မွေးယူထားခဲ့ပြီး ဖြစ်သည်။

သမီးလေးနှင့်အတူ ကျွန်မတို့သားအမိ ရှော့ပင်းမောလ်မှာ သူနှင့်ပြန်လည် တွေ့ဆုံခဲ့ခြင်းသည် ထိုအအေးဆိုင်လေးမှာထိုင်ကာ လမ်းခွဲစကားကို ကျွန်မဘက်က စတင်ပြောခဲ့ပြီး ပထမဆုံးပြန်တွေ့ကြခြင်းပါပဲ။

သူနှင့်တစ်ယောက်တစ်လမ်းစီ ခွဲထွက်လာပြီးသည့်နောက်မှာ ကျွန်မ ပထမဆုံးလုပ်သော အလုပ်ကတော့ ယောလေးထံ သွားခြင်းပဲဖြစ်သည်။ မနက်က သူနဲ့တွေ့ဖို့ ထွက်မလာခင်လေးတင် ယောလေးထံမှ ဖုန်းဝင်လာကာ ပြောစရာရှိသည်ဆိုပြီး ချိန်းထားကြခြင်း ဖြစ်၏။

သေချာပေါက် နေမင်းအကြောင်းပဲ ဖြစ်မှာပါ။ ပြောလို့မရသည့် အဆုံးမှာတောင် ကိုယ့်ကိုမချစ်တဲ့ ယောကျ်ားတစ်ယောက်။ ကိုယ့်အပေါ် အားလည်းတန်ဖိုးထားခြင်းမရှိသည့် ယောကျ်ားတစ်ယောက်ကို စွန့်လွှတ်ဖို့သာ ဖျောင်းဖျရတော့မှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"နင်လာပြီလား"

အိမ်တံခါးကို လာဖွင့်ပေးသော ယောလေး၏နှုတ်ဆက်သံက ကျွန်မကို မြင်လိုက်မှ ရုတ်တရက် အားအင်ဖျော့တော့သွားသလို တိုးလ လွန်းသည်။

"နင် ဘာတွေဖြစ်နေတာလဲ ယောလေး၊ ငါလည်း နေမင်းကို ဟိုးတစ်နေ့တုန်းက အိမ်လာတဲ့အချိန်လေး ရသလောက်မေးမြန်းကြည့် ပါသေးတယ်"

ထိုနေ့က နေမင်းပြောသွားသည့်အတိုင်း ခရေစေ့တွင်းကျ ပြန်ပြောပြဖို့တော့ ကျွန်မမှာ စိတ်ကူးမရှိတာ အမှန်ပါပဲ။

"ငါ အားလုံးသိပြီးပါပြီ"

"ဟင်"

"ဟုတ်တယ် ငါ အားလုံးသိပြီးပါပြီ"

"နင်က ဘာကိုသိတာလဲ ယောလေး"

"နင်တို့အကြောင်းကိုပေါ့"

ဧည့်ခန်းထဲမှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ဆေ ချင်းကပ်ထိုင်ပြောနေရင်းနှင့်မှ ယောလေးက တစ်ဖက်သို့လှည့်သွာ သည်။ သူမမျက်ဝန်းမှာ မျက်ရည်စတွေများလား မသိ။ ရီရီဝေဝေ ဆွေးမြေ့နေမှန်းကိုတော့ ကျွန်မ ရိပ်စားမိပါသည်။

"နင်ဘာတွေပြောနေတာလဲ၊ နင် နေမင်းနဲ့တွေ့ပြီးပြီလား"

"ဟုတ်တယ် မနေ့ညကပဲ ငါ့ဆီ သူလာသွားတယ်၊ ငါ့





သမ်းခွဲစကားလည်း ပြောသွားတယ်၊ အမှန်ကိုဝန်ခံရရင် သူ ငါ့ကိုလမ်းခွဲ ကားပြောတာ ခုတစ်ခေါက်က ပထမဆုံးမဟုတ်ပါဘူး။ ဘယ်နှကြိမ် မြောက်မှန်းတောင် ငါကိုယ်တိုင် မမှတ်ထားနိုင်တော့လောက်အောင်ပါပဲ၊ ရဲ့ မပြတ်နိုင်တဲ့ သံယောဇဉ်တစ်ခုနဲ့ သူ့ကိုတွယ်ကပ်ထားမိတယ်၊ ငါ့ က်ထဲကနေ လွှတ်မပေးလိုက်ချင်ဘူးလေ၊ သူ့ကိုငါ အထက်တန်း ကျောင်းသူဘဝတည်းက သိပ်ချစ်ခဲ့မှန်း နင်အသိဆုံးပါ လေပြည်"

ယောလေး၏ပါးပြင်မို့မို့ပေါ်သို့ မျက်ရည်စီးကြောင်းလေးတွေ ရစပ် စီးဆင်းလာ၏။ ငိုယိုအော်ဟစ်ပစ်လိုက်ချင်စိတ်ကို ထိန်းချုပ်ထား သောကြောင့် လက်ဖျားတွေ အေးစက်နေခဲ့သည့် ကျွန်မကိုယ်တိုင်တောင် ာလေး မျက်ရည်ကျတာမြင်တော့ ထိန်းမထားနိုင်တော့ဘဲ မျက်ရည် ဲက်ကျမိသည်။

"ဟင် နင်က ဘာလို့ ငိုနေရတာလဲ လေပြည်"

"နင်က ငါ့သူငယ်ချင်းပဲလေ၊ နင်ဘယ်လိုခံစားရမယ်ဆိုတာ ကောင်းကောင်းနားလည်ပါတယ်၊ ငါလေ အခုပဲ သည်းဦးမောင်နဲ့ ခွဲခဲ့ပြီ၊ မသေချာတဲ့အနာဂတ်တစ်ခုကို ငါ ယုတ္တိမရှိ ထိုင်စောင့်မနေ ဘူးလေ"

ယောလေးက ကျွန်မမျက်နှာကိုကြည့်ပြီး သက်ပြင်းလေးချ၏။ မကိုမြင်နေရသည့်အတွက် ဘာလို့များ သူမမျက်နှာပေါ်မှာ စိတ်ရှုပ် ခြင်း အရိပ်အယောင်တွေ ထင်ဟပ်နေရတယ်လို့ ကျွန်မ ထင်နေမိ လည်းမသိပါ။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ငါ့ကိုလမ်းခွဲရအောင်ပြောခဲ့တဲ့ နေမင်းရဲ့ အရေ ကြီးဆုံးအကြောင်းပြချက်တစ်ခုကို နှင့်ကိုပြောပြရမလား။ ငါပဲ သိမ်းထား လိုက်ရမလားလို့ တွေးနေမိတယ်"

"နှင့်စကားကလည်းဟာ လမ်းခွဲတာကိုပဲ သူက ဘာတွေ ကြီးကြီးကျယ်ကျယ်နဲ့အကြောင်းပြချက် ဘယ်နှခုတောင် ပေးသွားလို့လဲ"

"ပေးသွားတာပေါ့ဟာ အများကြီးပါပဲ၊ ငါ့ကိုမချစ်လို့ ရည်းစား စကားပြောတည်းက ချစ်လို့ပြောခဲ့တာမဟုတ်ဘူး၊ သူ့ရဲ့မှားယွင်းတဲ့ အတွေးတစ်ခုနဲ့ မဆင်မခြင် လုပ်လိုက်မိတာပါတဲ့လေ အဟင်း"

ယောလေးက နာကျင်စွာရယ်မောလိုက်သေးသည်။ ပါးပြင် ထက်က မျက်ရည်တွေကို သုတ်လိုက်ပြီးဖြစ်ပေမယ့် မျက်ဝန်းမှာတော့ မျက်ရည်စတွေ တွဲလဲခိုနေဆဲပါ။

"မှားယွင်းတဲ့အတွေးတစ်ခု ဟုတ်လား"

ကျွန်မတို့ အိမ်ကို လာတုန်းကလည်း ကျွန်မကို ပြောသွားသေး သည်မဟုတ်လား။ လူငယ်စိတ်တစ်ခုနဲ့ လုပ်ခဲ့မိတယ်ဆိုတာ။ သူ ဘာ ဆိုလိုချင်တာပါလိမ့်။

"ဟုတ်တယ် သူ့ရဲ့လမ်းခွဲခြင်း အဓိကအချက်ကလည်း အဲ ပဲ၊ သူက တစ်စုံတစ်ယောက်ကို သဝန်တိုစေချင်လို့ ငါ့ကိုတွဲပြချင်ခဲ့တာ တဲ့၊ ဒါပေမဲ့ သူ ထင်သလိုတွေ ဖြစ်မလာခဲ့ဘူးလေ"

"ဟင် နှင် နှင်ဘာတွေပြောနေတာလဲ"

"နှင် လန့်သွားလား လေပြည်၊ ငါဆိုရင် ခြောက်နှစ်လော





အလိမ်ခံပြီး တွဲခဲ့ရတာ၊ ဘယ်လိုအနေအထားမျိုးထိ ထိခိုက်နာကျင်သွား ရတယ်ဆိုတာ နှင် နားလည်နိုင်မှာပေါ့"

"သူ သူ သဝန်တိုစေချင်တယ်ဆိုတာက ဘယ်သူ့ကိုလဲ"

ကျွန်မအသံတွေ တုန်ယင်နေမှန်း ကျွန်မကိုယ်ကျွန်မ သတိ ထားမိလိုက်ပါသည်။

"ဘယ်သူလို့ နှင်ထင်လဲ လေပြည်"

"ငါ ငါ မ မသိဘူးလေ"

"နှင် သိသင့်တယ်လို့ ငါထင်လို့ အခုပြောပြနေတာလေ"

"နှင် ဆိုလိုတာက"

"ဟုတ်တယ် သူချစ်ခဲ့တာက နှင့်ကို သူ သဝန်တိုစေချင်ခဲ့တာ လည်း နှင့်ကိုတဲ့"

ခေတ်လိုက်သလို တစ်ကိုယ်လုံး တုန်တက်လျက် ထိုင်နေရာက နေ ဆတ်ခနဲ ထရပ်လိုက်မိသည်။

"ပြန်ထိုင်ပါဟ ဟင်း ဟင်း နှင်တောင် ခုလောက်ဖြစ်သွား သေးရင် ငါနှစ်ပေါင်းများစွာ ချစ်သူအဖြစ်နဲ့တွဲခဲ့ပြီး သိပ်လည်းချစ်ခဲ့ရ တဲ့ယောကျ်ားတစ်ယောက်က အဲလိုစကားကို ငါ့မျက်နှာပေါ်မှာတင် မျက် တောင်တစ်ချက်မခတ်ဘဲ သိပ်ကိုတည်ငြိမ်လွန်းတဲ့အနေအထားမျိုးနဲ့ အပြောခံခဲ့ရတယ်၊ အမှန်ကို ဝန်ခံရရင် ခုချိန်မှာ နှင်နဲ့မျက်နှာချင်းဆိုင် ထိုင်နေရတာကိုတောင် ငါ့စိတ်ထဲမှာ သိမ်ငယ်နာကျင်နေမိတယ်၊ အဲဒါ နှင့်ကိုငါ အပွင့်လင်းဆုံး ဝန်ခံလိုက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူး ယောလေးရာ၊ သူ တစ်ခုခုတော့ မှားနေပြီ နဲ့တူတယ်"

"ငါလည်း အဲလိုမျိုး မှားယွင်းနေတာပဲဖြစ်ဖို့ မျှော်လင့်ခဲ့ပါ တယ်၊ ဒါပေမဲ့ မဟုတ်ခဲ့ဘူးလေ"

"ငါ ငါ ဘာလုပ်ပေးရမလဲဟင် ယောလေး"

"နင်က ဘာလုပ်ပေးချင်လို့လဲ၊ နင် ဘာမှလုပ်ပေးလို့လည်း မရတော့ပါဘူး။ သူ့ရဲ့ သိပ်ကိုနိုင်လုံပြီး မခံစားနိုင်လောက်အောင် ပြင်းထန် လွန်းတဲ့အကြောင်းပြချက်တွေနဲ့ လမ်းခွဲစကားကို ငါလက်ခံလိုက်ပြီ၊ သူ နဲ့ငါက အခုထက်ပိုပြီး ဘယ်လိုပတ်သက်မှုမျိုးမှ ရှေ့လျှောက်ရှိတော့မှာ မဟုတ်ဘူး"

ပြောစရာ စကားတွေ ကုန်ဆုံးလျက် ခေါင်းကိုသာ ကျွန်မ ဖြည်းလေးစွာ ခါရမ်းနေမိသည်။

"ငါ သူနဲ့တွေ့ပြီး ပြောကြည့်ပါဦးမယ်"

"နင်က ဘာသွားပြောမှာလဲ လေပြည်၊ နင်တစ်ခုခု သွားထပ် ပြောလိုက်ကာမှ ငါ့ရဲ့ ခုမှ အဖတ်ဆယ်ဖို့လုပ်ထားတဲ့ သိက္ခာတွေ ထပ်ကျသွားမှာမျိုးတော့ မဖြစ်စေချင်ဘူး။ နင် ဘာမှသွားမပြောတော့တာ က ပိုကောင်းမယ်လို့ ငါထင်တယ်၊ ပြီးသွားပြီပဲ ထားလိုက်ပါတော့ ငါလည်း ငါ့စိတ်ကိုငါ ရအောင်ဖြေမှာပါ။ တစ်ခုပဲ နင့်ကိုမြင်လိုက်ရတဲ့ အချိန်မှာတော့ ငါ့ရင်ထဲမှာ ဘာမှန်းပြန်ပြောပြဖို့ခက်တဲ့ ခံစားချက်တစ်ခု က တော်တော်ကိုနာကျင်အောင် ထိုးနှက်နေသလိုပဲ"





ကျွန်မပါးပြင်ပေါ် မျက်ရည်တစ်ကြောင်း ထပ်စီးဆင်းလာပြန် သည်။ ချက်ချင်းပင် ထိုမျက်ရည်ကို သုတ်ပစ်လိုက်၏။ နေရာကနေလည်း ထရပ်လိုက်သည်။

"ငါ ပြန်ဦးမယ် ယောလေး၊ နင့်ကိုငါ နားလည်ပါတယ်"

မျက်နှာကို တစ်ဖက်သို့လွှဲပစ်လျက် ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်စွာ ထိုင်လျက်သား ယောလေးကျန်ရစ်ခဲ့သည်။

အိမ်ပြန်လမ်းတစ်လျှောက်ကတော့ ကျွန်မ ခေါင်းတွေ မူးနောက် ရီဝေနေတာသာ အဖတ်တင်ခဲ့၏။ ဦးရဲ့ပုံရိပ်တွေ ရှေ့ဆက်ဖြတ်သန်းရ မည့် ကျွန်မရဲ့မှောင်မည်းနေသော အနာဂတ်တွေ ယောလေး ပြောလိုက် သော နေမင်းအကြောင်းတွေ။

ကြီးပြင်းခဲ့ရသည့် တစ်သက်လုံး ကျွန်မရဲ့အနာဂတ်ကို လင်း လက်တောက်ပမှုများဖြင့်သာ အရောင်ခြယ်လာခဲ့သော ကျွန်မအတွက် ရက်ပိုင်းအတွင်းမှာပင် အရာအားလုံးကို မှောင်အတိကျကုန်သည်။ ဘယ် တုန်းကမှ မထင်ထားခဲ့သော အဖြစ်အပျက်တွေ ကျွန်မဆီမှာစုပြုံပြီး လာဖြစ်ပျက်နေကြပြီ။ မေမေသာ သိသွားခဲ့ရင် ကျွန်မကို သတ်ပစ်မှာ လား မသိပါ။

ဟင့်အင်း ဗိုက်ထဲက ကလေးအကြောင်းကို မေမေသိလို့ နည်း နည်းမှ မဖြစ်ပါ။ ကျွန်မတစ်ယောက်တည်း ရင်ဆိုင်ရမည့်အရေးသည် ကမ္ဘာပျက်မတတ်ပါပဲလား။ သစ်ပင်တစ်ပင်အောက်မှ ခုတ်ခုံဝိုင်းလေး တွင် ခဏဝင်ထိုင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကို အဖြစ်မှန်တွေ မပြောပြဘဲ လမ်းခွဲခဲ့တာ မှားယွင်းသွားပြီလား။ နာရီပိုင်းလေးအတွင်းမှာပဲ ကျွန်မလုပ်ခဲ့တာတွေအတွက် ကိုယ့်ကိုကိုယ် အပြစ်တင်ချင်လာပြန်သည်။ ကျွန်မဟာ သိပ်ကိုမိုက်မဲပြီး ရူးသွပ် လွန်းတဲ့မိန်းမတစ်ယောက်ပါပဲ။

မှတ်ဉာဏ်ကောင်းပြီး စာတော်တာကလွဲရင် ကျွန်မက ခပ်တုံးတုံး မိန်းမတစ်ယောက်ပါပဲ။

ကိုယ်ဝန်ရှိနေမှန်းသာ ဦး သိသွားခဲ့ရင် နိုင်ငံခြားမထွက်တော့ဘဲ ကျွန်မနှင့်အတူ နှစ်ယောက်သား တစ်ယောက်လက်တစ်ယောက်တွဲပြီး အရာရာကို ရင်ဆိုင်ကြဖို့ ပြောလေမည်လား။

အို မဖြစ်နိုင်ပါဘူး။ သူနဲ့ကျွန်မ ရည်းစားဖြစ်ခါစက ကျွန်မတို့ ရပ်ကွက်နားက ကလေးမလေးတစ်ယောက် သူ့ချစ်သူနှင့် အချစ်နယ်ကျွံမိရင်း ကိုယ်ဝန်ရှိလာခဲ့တော့ ထိုသတင်းပျံ့နှံ့သွားရာက ရပ်ကွက်ထဲမှာ မျက်နှာထားစရာမရှိ ဖြစ်ခဲ့တော့ ဖျက်ချပစ်လိုက်ဖို့သာ အကောင်းဆုံးဆိုသည့် မှတ်ချက်မျိုးကို ပေးခဲ့ဖူးသည့် သူက ကျွန်မဗိုက်ထဲက ကလေးကိုလည်း လောကထဲ ခေါ်ဆောင်မလာဖို့ တားမြစ်မှာပါပဲ။

ကျွန်မတစ်ယောက်တည်းနှင့်လည်း ဘယ်လိုမှ အဆင်မပြေနိုင်သော အနေအထား။ ကျွန်မသည် ယခုပဲ တစ်လောကလုံးကို တစ်ယောက်တည်းစိမ်ခေါ်လိုက်နိုင်သည့် အင်အားမျိုးတွေ ဝင်လာလိုက် ခုပဲ ကိုယ့်ကိုကိုယ် သတ်သေပစ်လိုက်ချင်လောက်အောင် စိတ်နှလုံးတွေ နာကျင်ခံစားလိုက်နှင့် ကယောင်ချောက်ချား ဖြစ်နေမိသည်။





ဖခင်မရှိသည့် ကလေးတစ်ယောက်ကို ပတ်ဝန်းကျင်တစ်ခုအလယ်မှာ မွေးဖွားဖို့ဆိုတာ ဘဝတစ်လျှောက်လုံး အမည်းစက်တစ်ခုအဖြစ် စွဲထင်ကျန်နေရစ်မှာမျိုး။

ကျွန်မရဲ့ဂုဏ်သိက္ခာအပြင် ကလေးရဲ့တစ်သက်တာလုံးပါ လောကရဲ့အထင်သေးရှုတ်ချမှုတွေကို ခံယူပြီး ကြီးပြင်းရတော့မှာ။ ခုတော့ ကျွန်မ ဘဝက ဆုပ်လည်းဆူး စားလည်းရူးရတော့မှာပါ။

ရင်ဘတ်ထဲမှာ တုန်ယင်မောဟိုက်မှုက အသက်ရှူဖို့ ခက်ခဲလာခဲ့သည်ထိ။ နဖူးမှ ချွေးစေးများကို သုတ်ဖယ်လိုက်ကာ လက်ဖျားတွေ အေးစက်ဖြူလျော်လာသည်။ မျက်စိတည့်တည့်သို့ ထိုးနေသော နေရောင်ကလည်း ကျွန်မအတွက် စူးရဲလွန်းနေ၏။ မျက်လုံးများကို စုံမှိတ်ချပစ်လိုက်သည်။

တခဏတော့ ကျွန်မ ကမ္ဘာလေး ငြိမ်းချမ်းသွားပါ၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

မှောင်အတိကျနေသော ခဏတာငြိမ်းချမ်းမှုဆီကနေ ကျွန်မ လွတ်မြောက်လာချိန်မှာ နှာခေါင်းထဲသို့ တိုးဝင်လာသည့် အနံ့အသက်က ကျွန်မအတွက် သိပ်ကိုတရင်းတနှီး ရှိနေခဲ့သည်။ ဆေးရုံတွေမှာ သုံးနေကျ ပိုးသတ်ဆေးရည် Surgitol ရဲ့အနံ့။ ထိုအနံ့ကို ကျွန်မ နှစ်သက်ပါသည်။

မျက်လုံးများကို ဖြည်းဖြည်းချင်း ဖွင့်လှစ်လိုက်သည်။ အနားမှာ စိတ်ပူပန်ကြီးစွာဖြင့် ကျွန်မလက်တစ်ဖက်ကို ဆုပ်ကိုင်ကာ ငုံ့မိုးကြည့်နေသော မေမေ့မျက်နှာ။ မေမေရဲ့မျက်နှာအမူအရာတွေက အကြီးအကျယ် ပျက်ယွင်းလျက် တစ်ခုခုကို စိုးရိမ်ထိတ်လန့်နေသလိုလို။

ဟင် ဟုတ်ပါရဲ့။ ကျွန်မ ခဏတာ သတိကင်းလွတ်သွားခဲ့ပါသည်။ ကျွန်မရဲ့အခြေအနေမှန်ကြီးကို ခုချိန်လောက်ဆို ကျွန်မ မိဘ နှစ်ပါးလုံး သိရှိပြီးလောက်ပြီပေါ့။ မျက်ဝန်းမှာ မျက်ရည်တို့ ချက်ချင်း





ရစ်သိုင်းသွားလျက် တစ်ကိုယ်လုံး တုန်ယင်မောဟိုက်လာပြန်သည်။

"လေပြည်"

မေမေ့အသံက နူးညံ့နွေးထွေးမှု မရှိ၊ ပြတ်သားတင်းမာမှုလည်း ကင်းကွာလျက် ကံဆိုးခြင်းများကို ဆိုင်းမဆင့် ဗုံမဆင့် လက်ခံရရှိလိုက်သူတစ်ယောက်လို အင်အား ကင်းမဲ့နေသည်။ မျက်ဝန်းများကတော့ ကျွန်မကို ငေးစိုက်ကြည့်နေလျက် ဘာစကားမှ ဆက်မပြောနိုင်သူတစ်ယောက်လိုမျိုး။ ထိုမျက်ဝန်းတွေမှာ မယုံကြည်နိုင်ခြင်း ဝမ်းနည်းနာကျင်ရခြင်းတွေ ပြည့်လျှံပြီး ဆို့နင့်နေသူတစ်ယောက်လို။

"သမီး ဘာတွေဖြစ်နေတယ်ဆိုတာ မေမေတို့ကို အမှန်အတိုင်း ပြောပြဖို့ အချိန်ရောက်ပြီလို့ ထင်တာပဲ"

"မေမေ"

ကျွန်မ နှုတ်ခမ်းများ တုန်ယင်လာပြီး အာခေါင်တစ်လျှောက်လုံး ခြောက်သွေ့အက်ကွဲနေသလို ခံစားနေရသည်။

"သမီး ရေသောက်ချင်တယ် မေမေ"

မေမေက ရေတစ်ခွက် ခပ်ပေး၏။ ခွက်ထဲမှ ရေသည် ကျွန်မအတွက်တော့ အေးမြခြင်းကို မပေးစွမ်းနိုင်တော့တာ သေချာပါသည်။

"ဘယ်လိုလဲ သမီး၊ ခုလောက်ဆို မေမေ့ကိုအရာရာပြောဖို့ အချိန်ကျပြီလို့ မထင်သေးဘူးလား"

ကျွန်မ သိပါတယ်။ မေမေ ဟန်လုပ်ပြီး တည်ငြိမ်ချင်ယောင်ဆောင်ထားရပေမယ့် သူမ ရင်ထဲမှာ ဘယ်လောက်တောင် တုန်လှုပ်လျက်



www.burmeseclassic.com

www.burmeseclassic.com



နာကျင်ကြေကွဲနေရမယ်ဆိုတာ ကျွန်မ အသိဆုံးပေါ့။

ကျွန်မ ရင်ထဲမှာ သယ်ပိုးထားရသော မနိုင်ဝန်ကြီးကို လွှတ်ချပစ်လိုက်ရန် ကျွန်မစိတ်တွေကိုလည်း လျှော့ချပစ်လိုက်၏။

"မေမေသိပြီးတဲ့အတိုင်းပါပဲ ဟုတ်ပါတယ် သမီးမှာကိုယ်ဝန်ရှိနေခဲ့တယ်"

တစ်လျှောက်လုံး ထိန်းချုပ်ထားရဟန်ရှိသော မေမေ့မျက်ရည်တွေ ကျွန်မ စကားအဆုံးမှာပင် ပါးပြင်တစ်လျှောက် စီးရွှဲသွားခဲ့၏။

ကျွန်မ ခုတင်ဘေးမှာ မတ်တပ်ရပ်နေရာမှ နောက်ဘက်ရှိ ထိုင်ခုံပေါ်သို့ အရုပ်ကြိုးပြတ်လဲကျသွားပြီး

"ဘာတွေဖြစ်ကုန်တာလဲ လေပြည်၊ ငါ နားမလည်တော့ဘူး"

မေမေ ဗလုံးဗထွေးနှင့် ပြောဆိုငိုကြွေးသည်။ ကျွန်မလည်း မျက်ရည်ကို မဆည်နိုင်တော့ပါဘဲ မေမေနှင့်အတူ လိုက်လံငိုမိ၏။

"ဖေဖေရော"

"ညည်းအဖေ ဘာမှမသိသေးဘူး၊ ငါ သူ့ကိုဘယ်ကစပြောပြရမှန်းလည်း မသိတော့ပါဘူး"

မေမေ ဘာမှမသိသည့်ကိစ္စတစ်ခုကို မေမေ ဘာမှပြန်မပြောနိုင်တာ မမှားပါဘူးလေ။

"ငါ့ကိုပြောစမ်း လေပြည်၊ ဘယ်သူလဲ ညည်းဘယ်သူနဲ့ကိုယ်ဝန်ရှိနေတာလဲ၊ ငါ့ကိုမြန်မြန်ပြောစမ်း"

ကျွန်မ ခုတင်နားသို့ မေမေ ဝှန်းခနဲရောက်လာကာ ကျွန်မ





ပခုံးနှစ်ဖက်ကို ကိုင်လှုပ်ရမ်းလျက် မေးသည်။ ကျွန်မစိတ်ကို မနည်းကြီးတင်းခံထားရ၏။ နာမည်တစ်ခုကို ထုတ်ပြောဖို့ ကျွန်မ ဝန်လေးနေခဲ့သည်။ ဘယ်တော့မှလည်း ထုတ်မပြောဖြစ်အောင် ကိုယ့်ကိုကိုယ် တားမြစ်ထား၏။ နောက်နှစ်ရက်ဆိုရင်ပဲ မြန်မာပြည်ကနေ ထွက်ခွာသွားတော့မည့် လူတစ်ယောက်ကို ခုချိန်မှာတော့ ကိုယ်ဝန်အကြောင်းပြပြီး ဆွဲမထားချင်တော့ပါ။

အပြစ်မဲ့သည့် ကလေးလေးတစ်ယောက် လောကကြီးထဲ ဝင်ရောက်ခွင့်ကို တားမြစ်ပိတ်ပင်မည့်လူတစ်ယောက်ရဲ့အမည်ကို ကျွန်မ ထုတ်ဖော်မပြောချင်တော့ပါ။ ဦးနှင့်ချစ်ခဲ့ကြိုက်ခဲ့ကြသည့် သုံးနှစ်လုံးလုံး မေမေ့အဆူအငေါက်ခံရမည်စိုးသောကြောင့် ကျွန်မမှာချစ်သူရည်းစားရှိကြောင်းကိုပင် မေမေနှင့်ဖေဖေကို ထုတ်ဖော်မပြောခဲ့။

သည်းဦးမောင်နှင့်တွဲသွား တွဲလာ သူငယ်ချင်းများအဖြစ်သာ မေမေတို့အပေါ်ယံ သိထားခဲ့သည်။

"နင့်ကိုငါ မေးနေတယ်လေ၊ ဘယ်သူနဲ့ရတာလဲလို့ မိလေပြည် ညည်းမကြားဘူးလား"

မေမေသည် ရင်နှင့်မဆံ့အောင် စိတ်တွေပေါက်ကွဲတုန်ယင်နေပေမယ့် ဆေးရုံတွင်းမှာမို့ ထိန်းသိမ်းကာ ခပ်တိုးတိုး ပြောနေရပုံပါပဲ။ အထူးကုဆေးရုံကြီး၏ အထူးခန်းထဲမှာဆိုပေမယ့် မေမေဟာ အရှက်သိက္ခာကင်းမဲ့စေသည့် ထိုအဖြစ်အပျက်တွေကို အတတ်နိုင်ဆုံး တိုးတိုးထိန်းပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်လည်ရွဲနှင့် ကျွန်မ ပခုံးနှစ်ဖက်ကို ကိုင်လှုပ်ခွဲရမ်းမေး နေသော မေမေ့ကို ကျွန်မ မျက်နှာလွှဲပစ်လိုက်၏။

"မိသားစုကို အရှက်တကွဲဖြစ်စေမယ့် ကိစ္စမျိုးလုပ်ထားပြီးရင်လည်း ညည်း ခုလောက်ထိခေါင်းမမာသင့်တော့ဘူး။ အတတ်နိုင်ဆုံးတော့ အမြန်ဆုံးနည်းနဲ့ မိသားစုအရှက်ရမယ့်အဖြစ်မျိုးကနေ ကယ်ထုတ်ရမှာ မဟုတ်ဘူးလား"

ဟုတ်ပါတယ် မေမေ၊ မေမေပြောတဲ့စကားတွေ အားလုံးက အမှန်တရားတွေချည်းပါပဲ။ မိသားစုကို အလေးမထားလို့·မဟုတ်ပေမယ့် ကျွန်မရဲ့ဆုံးဖြတ်ချက်ကို ကျွန်မ မပြင်နိုင်တော့တာတော့ အမှန်ပင် ဖြစ်သည်။

ဦးအပေါ်မှာ ကျွန်မ အတွေးတွေနဲ့ တစ်ဖက်သတ်ဆုံးဖြတ်ပြီး ပြတ်သားစွာ ပြောဆိုခဲ့ခြင်းဆိုပေမယ့် တကယ်တမ်းမှာ ဦးကိုပြော လိုက်လို့ ငြင်းပယ်ခံရတာထက်စာရင် အခုလို တစ်ယောက်တည်း ခံစား လိုက်သည့်နည်းလမ်းကသာ ကျွန်မအတွက် အကောင်းဆုံးလို့ သတ်မှတ် ခဲ့ပြီးပြီပဲလေ။

"ညည်း ငါမေးတာကို မဖြေတော့ဘဲ ခုလို ခေါင်းမာနေတာ အဖြေတစ်ခုမဟုတ်ဘူး လေပြည်"

စိတ်ထိခိုက်ကြေကွဲမှုတွေနှင့် မေမေ့အသံက တိုးတိုးတိတ်တိတ် ဖြစ်သွားပြန်သည်။ မေမေ့ကိုလည်း သနားမိပါရဲ့။ မလိမ္မာသော ကျွန်မ ကြောင့် ဂုဏ်သိက္ခာနှင့်အရှက်တရားတို့ ကင်းမဲ့ရပြီ။ တစ်သက်လုံး





ကျွန်မကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သမျှ အားလုံး သဲထဲရေသွန်သလို ဖြစ်ခဲ့ရပြီဆိုတော့ မေမေ့လောက် နာကျင်ရသူပင် ရှိတော့မည်မထင်။

"သမီး မပြောချင်ဘူး မေမေ"

"ညည်း မပြောချင်လို့ မရဘူးလေ၊ ဘယ်သူဆိုတာကိုပြောမှ ငါတို့ဘက်ကလည်း လုပ်စရာရှိတာတွေကို လုပ်နိုင်မှာပေါ့"

"သူက သမီးကို တာဝန်မယူနိုင်ဘူး မေမေ၊ သူက မြန်မာပြည် မှာလည်း မရှိတော့ပါဘူး"

"ဘယ်သူလဲ ဘယ်သူဆိုတာကို ညည်း ခုချက်ချင်း ငါ့ကိုပြော စမ်းပါ လေပြည်ရဲ့၊ ငါသေသာသေလိုက်ချင်တော့တာပဲ"

မေမေ ပြန်ငိုပြန်သည်။ ခြောက်သွေ့လုဆဲဆဲ ပါးပြင်တို့ ပြန်လည် စိုစွတ်သွားပြန်၏။

"အခုကိစ္စတွေကို ညည်းအဖေသိလို့ကတော့ ငါလည်း ရင်မ ဆိုင်ရဲတော့ဘူး လေပြည်၊ တကယ်ပြောတာပါ၊ ဖြစ်နိုင်ရင် သေသာသေ လိုက်ချင်တော့တယ်"

မေမေသည် သေချင်သည်ဆိုသည့် စကားကို ဘယ်နှကြိမ် မြောက်မှန်းမသိ အထပ်ထပ် ရေရွတ်သည်။ မေမေ့ထက် အဆပေါင်း မြောက်မြားစွာ သေချင်သည့်သူဟာ ကျွန်မကိုယ်တိုင်ပါပဲလို့တော့ မေမေ့ကို ထုတ်မပြောဖြစ်ပါ။

"ညည်း အခု ငါတို့ဘာဆက်လုပ်ကြမလဲ၊ ဘယ်သူ့လဲဆိုတဲ့ နာမည်တစ်ခုကိုလည်း ညည်း ထုတ်မပြောဘူး၊ ကောင်းပြီလေ ညည်း



www.burmeseclassic.com

www.burmeseclassic.com



မပြောရင်လည်း ဇါ့ဘာသာ သိအောင်လုပ်လို့ရတဲ့ နည်းလမ်းတွေရှိပါတယ်''

ပါးပြင်ပေါ်က မျက်ရည်တွေကို ကုန်စင်သွားသည်ထိ လက်နှင့်ပွတ်သုတ်လျက် မေမေ ခပ်တင်းတင်းဆိုသည်။

ကျွန်မ လိုချင်ခဲ့သည့် အဖြေက ထိုသို့မဟုတ်ပါ။ မေမေ့ကို ကျွန်မ တားမြစ်ရပါလိမ့်မည်။

''အခုကိစ္စကို ဘယ်သူမှ မသိပါဘူး မေမေ''

''ညည်းမှာ ရည်းစားသနာရှိတယ်ဆိုတာလောက်တောင် အိမ်ကိုဖွင့်မပြောထားတဲ့ နဲ့ ခုမှ ဗြုန်းစားကြီး''

မေမေ့နှုတ်တွေ့ဆွဲ့အနေသည်။ ကျွန်မမှာ ကိုယ်ဝန်ရှိနေတယ်ဆိုတာကို သူ့ပါးစပ်ကနေ ခဏခဏ ထုတ်ဖော်ပြောလို့ပုံမရ။

''မေမေ့ကို အမှန်အတိုင်း ပြောပါနော် လေပြည်၊ အားလုံးပြေလည်သွားအောင် မေမေ လုပ်ပေးပါ့မယ်''

မေမေ့ကိုမယုံကြည်လို့ မဟုတ်ပေမယ့် ကျွန်မ သူ့နာမည်ကို ထုတ်ပြောလိုက်ဖို့တော့ စိတ်ထဲမှာ လုံးဝကို သတ္တိမရှိခြင်း ဖြစ်သည်။

''သမီး ခုတော့ မပြောချင်လို့ပါ မေမေ၊ သမီးကို ခဏလေး အိပ်ခွင့်ပြုပါနော်''

''ညည်းက အိပ်နိုင်သေးတယ် ဟုတ်လား လေပြည်၊ ဖျက်ပြောပါ ပြောစမ်းပါ လေပြည်ရဲ့ ဇါ့ရင်တွေ ကွဲထွက်တော့မယ်''

''သမီး အနူးအညွတ် တောင်းပန်နေတာပါ မေမေ၊ သမီးကို





သုံးရက်ပဲအချိန်ပေးပါ၊ သမီး ပြောပြပါ့မယ်၊ အခုတော့ သမီး ခဏလေး အိပ်ပါရစေနော်''

မေမေ့ကိုကျောခိုင်းလျက် ဘေးတစ်စောင်းအနေအထားနှင့် ကျွန်မ မျက်လုံးများကို မှေးမှိတ်ထားလိုက်သည်။ နောက်ထပ်သုံးရက်နေလို့ သည်ဦးမောင် ဆိုတဲ့နာမည်တစ်ခုကို ကျွန်မ ပြောပြခဲ့ရင်တောင်မှပဲ ထိုအချိန်လောက်ဆို မြန်မာပြည်မှာ သူ ရှိနေတော့မည် မဟုတ်ပါ။

အံ့သြစရာကောင်းလောက်အောင် ကျွန်မသည် ဦးကို ဘယ်တုန်းကမှ မချစ်ခင်ခဲ့ဖူးသူတစ်ယောက်လို ခံစားနေရ၏။ ကျွန်မတို့နှစ်ယောက်လုံး စာအတူကျက် အတန်းအတူတက်ခဲ့ကြသည့် သံယောဇဉ်တစ်ခုကို မှားယွင်းစွာအရောင်ဆိုးမိခဲ့ကြခြင်းလား။

ထိုမှားယွင်းစွာ နာမည်တပ်မိခဲ့သော သံယောဇဉ်သည် ခုတော့ ကျွန်မ ဘဝတစ်ခုလုံးကို နာကျင်ခံရခက်အောင် ရိုက်နှက်နေပါပြီ။

ကျွန်မနားကနေ ထွက်ခွာသွားမည့် ဦးအတွက် ကျွန်မမှာ အလွမ်းတွေအစား ပေါ့ပါးခြင်းတွေက နေရာယူထား၏။ ဗိုက်ထဲက ကလေးလေးသာမရှိခဲ့ပါရင် အခုလို အချိန်မျိုးမှာ ကျွန်မသည် အလွမ်းတွေဖြင့် ငိုကြွေးနေမည့်အစား ရယ်မောပျော်ရွှင်နေနိုင်လိမ့်မည်ဟု ကိုယ့်ကိုကိုယ် သင်လာမိသည်။

တကယ်ပဲ ဦးကို ကျွန်မ မချစ်ခဲ့ဘူးလား။ ဦးနောက်တွေ မူးဝေလာပြီကော အရည်ပျော်ကျဆင်းသွားတော့မလို ကျွန်မ အတွေးတွေဖြင့် ဝုံးလည်ရှာလည်လိုက်နေ၏။ အနောက်ဘက်က ကုလားထိုင်ပေါ်ထိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သဲ့သဲ့လေး ရှိုက်ငိုနေသည့် မေမေ့အသံကို ကြားနေရသည်။

အဲဒီ ငိုသံတွေကို ကျွန်မမကြားချင်ပါ။

ကျွန်မအတွက်ကြောင့်နဲ့ မေမေ ငိုကြွေးနေတာမျိုးကိုလည်း မလိုချင်ပါ။ ဘဝတစ်လျှောက်လုံး မေမေ့အလိုကျ နေလာခဲ့ရသည့် ကျွန်မသည် ခုလိုမျိုး မေမေ ငိုကြွေးရမည့် အရှက်တကွဲ အကျိုးနည်းအဖြစ်မျိုးကိုလည်း ဖန်တီးသူတစ်ယောက် ဖြစ်နေခဲ့သည်။

နားနှစ်ဖက်ကို လက်နှင့်ဖိပိတ်လျက် မျက်လုံးများကိုလည်း တင်းကျပ်နေအောင် ပိတ်ပစ်လိုက်သည်။

သွားကြပါတော့ ဘာကိုမှ မကြားချင် မမြင်ချင်တော့ပါ။ ကျေးဇူးပြုပြီး ကျွန်မစိတ်တွေကို ခဏလေး ငြိမ်းအေးခွင့်ပေးပါဦးနော်။

ဦးဆီကနေရော မေမေ့ဆီကနေပါ ကျွန်မ အာရုံတွေကို လွှဲဖယ်ပစ်လိုက်ချိန်မှာတော့ ကျွန်မအတွက် အိပ်စက်ခြင်းက ရောက်ရှိလာခဲ့တော့သည်။

■ ■ ■

"မိန်းမ ဘယ်အချိန်တည်းက ထွက်သွားလိုက်တာလဲ၊ မောင် မနိုးလိုက်ဘူးကွာ၊ ဖုန်းဆက်တော့လည်း လုံးဝလိုင်းမမိဘူး"

"ဆေးရုံမှာ သတင်းသွားပို့တာပါ မောင်ရဲ့၊ မနက်ဖြန်မှ စဆင်းရမှာလေ၊ အခုတော့ မောင်နဲ့ အေးအေးဆေးဆေး နေလို့ရသေးတယ်"

အိမ်တံခါးဝမှာ ထွက်စောင့်နေသော မောင့်လက်မောင်းများကို ကျွန်မ တွဲခိုလိုက်ပြီး ရယ်မောပြောလိုက်ရပေမယ့် မောင် မနှစ်သက်





သော ယောကျ်ားတစ်ယောက်နှင့် ကျွန်မ ဆေးရုံတစ်ရုံတည်းမှာ တာဝန်ကျနေတာသာ သိသွားရင် ဘာတွေများဖြစ်လာမလဲလို့ ကျွန်မ ရင်ထဲမှာ မတည်ငြိမ်နိုင်စွာ တုန်ယင်လှုပ်ခတ်နေရ၏။

"မောင်လည်း ဘာမှမစားရသေးဘူးမလား၊ ဆေးရုံထဲက ညီမလေးတစ်ယောက်က ဈေးထဲမှာ စားသောက်ဆိုင်လေးတွေ ရှိတယ်လို့ ပြောလိုက်တယ် မောင်ရဲ့၊ ဒီကနေဆို ဆယ်မိနစ်လောက် လမ်းလျှောက်သွားရင် ရောက်ပြီတဲ့၊ ဒီနေ့တော့ မိန်းမ မချက်ချင်ဘူးကွာ နော်၊ အပြင်မှာပဲ သွားစားရအောင်၊ ဟိုဟိုဒီဒီလည်း ပတ်ကြည့်ရတာပေါ့"

"ကောင်းသားပဲ မောင်လည်း လိုက်လေ့လာထားတာပေါ့"

ဆယ်မိနစ်ကျော်လောက် လမ်းလျှောက်သွားလျှင် ရောက်နိုင်သည့် နေရာလေးမှာ ငါးရက်ဈေးလေးတစ်ခုကို တွေ့ရသည်။

စားသောက်စရာတွေ ပေါများလှ၏။ ဒီဒေသရဲ့ရိုးရာအစားအစာလေးတွေ။ လုပသော လက်မှုပစ္စည်းလေးတွေ။ လတ်ဆတ်လှပသော အရောင်အသွေးစုံ ပန်းလေးတွေ။ တို့ဟူးနွေးပူပူလေးနှင့် ဟင်းထုပ်တွေကိုလည်း ကျွန်မတို့နှစ်ယောက် ဝယ်စားကြည့်ကြသည်။

တစ်မူထူးခြားသော အရသာနှင့် စားလို့ကောင်းနေတာကတော့ သေချာပါသည်။ အပြန်လမ်းမှာတော့ ဘုရားပန်းထိုးရန် ခရမ်းရောင်ဖွားဖွားစွင့်စွင့် လှပလွန်းနေသည့် ပန်းပွင့်တွေ အစည်းလိုက် ဝယ်ယူလိုက်သည်။ ဟင်းချက်ရန် ဆီတို့ဟူးကိုလည်း မမေ့မလျော့ ဝယ်ရသေးသည်။ မောင်က ကြက်သားကို ဆီတို့ဟူးလေးထည့်ချက်လျှင် နှစ်သက်တတ်သည်



www.burmeseclassic.com

www.burmeseclassic.com



လေ။ ကျွန်မကတော့ သူ့ရဲ့အခန်းအရေးကို သိပ်မကြိုက်လှတာမို့ မောင်စားချင်မှသာ ချက်ကျွေးလိုက်သည်။

ကျွန်မဘာသာဆိုလျှင်တော့ ဆီတို့ဟူးကို ဝယ်ချက်စားဖြစ်မည်မဟုတ်ပါ။

"ဘယ်သွားချင်သေးလဲ မောင်"

"အေးကွာ ဒေသလေးက သွားဖို့လာဖို့ ခက်ခဲပေမယ့် နေလို့တော့ ကောင်းမယ့်ပုံလေးနော်၊ သမီးလေးကြောင့်သာ မဟုတ်ရင် မောင်လည်း မိန်းမနဲ့အတူ လိုက်နေလို့ရမှာကွ"

မြို့လေးက နေလို့ထိုင်လို့ကောင်းပေမယ့် ကျွန်မ ရင်ထဲမှာတော့ ပူလောင်ခြင်းတွေကသာ နေရာယူထားပြီဆိုတာ မောင် ဘယ်သိနိုင်ပါ့မလဲနော်။ အင်းလေ မောင်ကိုယ်တိုင်လည်း ဒီမြို့လေးကို ရောက်နေသည့်လူတစ်ယောက်အကြောင်းကို မသိသေးလို့သာ မြို့လေးမှာ နေချင်တာပါလေ။ အဖြစ်မှန်ကိုသာ သိသွားခဲ့ရင် နေချင်ဦးမည်တဲ့လား။

ပြဿနာတောင် ကြီးထွားသွားနိုင်ပါသေးသည်။

"မနက်ဖြန်တောင် မပြန်ချင်သေးဘူးကွာ၊ ဟိုမှာ သမီးက ကျူရှင်တက်ခိုင်းဖို့ ဘာဖို့လည်း ရှိနေတော့ မေမေတို့နဲ့လည်း မလွှဲထားချင်ခဲ့လို့၊ ဘာပဲဖြစ်ဖြစ် ကိုယ်တို့မိဘတွေလည်း မြေးကိုတယ်လောက်ချစ်တယ်ပြောပြော အသက်ကြီးနေကြပြီ၊ သမီးတာဝန်ကို သူတို့ကိုပဲ အကြာကြီးယူခိုင်းထားနေလို့ မကောင်းဘူးမဟုတ်လား၊ မောင် အကြာကြီး မနေနိုင်တာကို မိန်းမ စိတ်မဆိုးပါဘူးနော်"





"ဩော် မောင်ရယ် ခုလောက် ရှည်ရှည်ဝေးဝေး ပြောနေတာက မိန်းမ စိတ်ဆိုးမှာကြောက်လို့ပေါ့ ဟုတ်လား"

ကျွန်မသည် ဆယ်ကျော်သက်အရွယ်တစ်လျှောက်လုံး နေမင်းဆိုသည့်နာမည်ကြားသည်နှင့် မှန်းတီးမိခဲ့သည့် ကိုယ်ကိုကိုယ် အံ့ဩမိလာသည်။ ကျွန်မ ကြည့်မရလောက်အောင် ဖြစ်ခဲ့သည့် နေမင်းကတော့ ကျွန်မကို ကြိတ်ချစ်နေခဲ့သည်တဲ့လေ။

သည်းဦးမောင် မွေးနေ့အတွက် ကောင်မလေးတစ်ယောက် ပန်းစည်းပို့ခိုင်းခဲ့တုန်းကလည်း ကျွန်မနောက်ကနေ သည်းဦးမောင်အိမ်ရှိရာ အပေါ်ဆုံးထပ်ထိ အသာလေးခိုးလိုက်ကာ ချောင်းခဲ့ဖူးသည်တဲ့။ သည်းဦးမောင်နဲ့ကျွန်မတို့ ချစ်သူတွေဖြစ်သွားပြီးနောက်မှာလည်း တစ်ယောက်တည်းကြိတ်ပြီး အသည်းတွေကွဲခဲ့ဖူးသည်တဲ့လေ။

ထိုအဖြစ်တွေအားလုံးကို ကျွန်မ နည်းနည်းမှမသိရှိခဲ့ခြင်းဟာ ကျွန်မ ညံ့ဖျင်းလွန်းလို့တော့ မဖြစ်နိုင်ပါဘူး။ မောင်က သိုဝှက်သည့်နေရာမှာ တော်လွန်းခဲ့တာပါ။

ကျွန်မကို သိပ်ချစ်ခဲ့သည့် မောင့်အတွက် ခုချိန်မှာ ကျွန်မဘဝတစ်ခုလုံးကို ပေးအပ်ခဲ့ပြီးပြီဆိုပေမယ့်လည်း မလိမ်သင့်သည့် အဖြစ်အပျက်ကြီးတစ်ခုကိုတော့ ယခုအချိန်ထိ ကျွန်မ ဖုံးကွယ်ခဲ့မိသည်။ တန်ဖိုးထားမြတ်နိုးစွာ ချစ်ပေးခဲ့သော သစ္စာပျက်ယွင်းခြင်း တစ်စက်မှမရှိခဲ့သော မောင့်ကိုမှ ကျွန်မဘဝရဲ့အမည်းစက်ကြီးတစ်ခုကိုဖုံးကွယ်ထားခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဟာ ဘယ်လောက်များ ယုတ်မာလိုက်ပါသလဲနော်။ ကျွန်မရဲ့ဂုဏ်သိက္ခာအတွက် မောင့်ရဲ့ယောကျ်ားမာနကို ထိပါးစော်ကားခဲ့သည်။ မောင်ကတော့ ဒါတွေကို ဘယ်သိပ့်မလဲနော်၊ ကျွန်မကို အလွန်ဖြူစင်ပြီး လူတွေရဲ့အသက်ကိုကယ်တင်ပေးနေသည့် မွန်မြတ်သော ဆရာဝန်မတစ်ယောက်အဖြစ်သာ မောင် အထင်ကြီးမြတ်နိုးနေခဲ့သည်။

မောင့်ကို ဖုံးကွယ်ထားခဲ့သည့် ကျွန်မရဲ့တစ်ချိန်တစ်ခါက သိက္ခာမဲ့သည့် လုပ်ရပ်တွေကို ခုချိန် မောင်များသိသွားခဲ့ရင် . . .။

အတွေးနဲ့တင် ကျွန်မ နှလုံးသားတွေ အဆက်မပြတ် ခုန်လှုပ်ကာ လက်ဖျားတွေ အေးစက်တုန်ယင်လာ၏။

"မောင် ခဏထိုင်ရအောင်နော်"

ဒီနားက တောင်ကုန်းအစွန်းလေးမှာ နှစ်ယောက်သား ယှဉ်လျက်သား ရပ်လျက် ဟိုးအဝေးက ရှုခင်းတွေကို ဆိတ်ငြိမ်စွာ ငေးမောနေရင်းမှ ကျွန်မ၏မောလျစွာ ပြောလိုက်သော လေသံကြောင့် မောင်က ပျာပျာသလဲပင် ကျွန်မလက်မောင်းလေးကို တွဲကိုင်လိုက်ပြီး မြက်ခင်းစိမ်းလေးများပေါ်တွင် အသာအယာ ထိုင်စေသည်။

"ဘာဖြစ်တာလဲ မိန်းမ"

"ခေါင်းနည်းနည်း မူးသွားလို့ပါ"

"မိန်းမအောက်ဘက်ကို ငုံ့ကြည့်လိုက်တယ်နဲ့ တူတယ်"

ကျွန်မတို့ရပ်နေသည့် အောက်ဘက်မှာ ချောက်သဖွယ် နက်ဆင်းသွားသည်မို့ မောင်က စိတ်မှန်းနှင့်ပြောလိုက်ခြင်းပါပဲ။ ကျွန်မသည်





အတိတ်ကအဖြစ်အပျက်တွေဆီကို စိတ်ပျံ့လွင့်လျက် မောင့်ကိုအားနာ တုန်လှုပ်စွာ ရုတ်တရက် ဆောက်တည်ရာမရ ဖြစ်သွားလို့ပါလို့ ဘယ်လို စိတ်မျိုးနဲ့ ကျွန်မ ပြောထွက်ပါ့မလဲ။

"သက်သာလား မသက်သာရင် မောင်တို့ ပြန်ကြရအောင်လေ၊ ခရီးပန်းလို့ မိန်းမ အားနည်းနေတယ်နဲ့ တူတယ်"

"လေကောင်းလေသန့်လေး ရှူလိုက်ရင် သက်သာသွားမှာပါ မောင်ရဲ့၊ ဒီနားမှာပဲ ခဏထိုင်နားရအောင်နော်"

"လာ မောင့်ပခုံးမှာ မှီနေလိုက်"

မောင်က ကျွန်မပခုံးစွန်းလေးကို လက်နှင့်အသာသပ်ခေါ်လျက် သူ့ပခုံးတွင် မှီစေသည်။ ထိုနွေးထွေးမှုကြောင့်ပင် ကျွန်မ ဟန်လုပ်ထိန်းထားရသော မျက်ရည်များက ပါးပြင်ပေါ်သို့ ဆက်လက်မထိန်းနိုင်တော့စွာ စီးဆင်းကျလာ၏။

အကျီအစွန်းနားဆီမှ နွေးသောခံစားမှုကြောင့် အဝေးသို့ငေးနေသော မောင့်မျက်လုံးတွေ ကျွန်မထံချက်ချင်းရောက်လာသည်။ ပါးပြင်ထက်မှာ မျက်ရည်များစွာဖြင့် အသံတိတ်ရှိုက်ငိုနေမိသော ကျွန်မကိုမြင်တော့ မောင် အထိတ်တလန့် ဖြစ်သွားပြီး

"ဘာဖြစ်တာလဲ လေပြည်၊ နင်ဘာဖြစ်လို့ ငိုတာလဲ ငါ့ကို ပြောပါဦး"

မောင်သည် လင်ယောကျ်ားတစ်ယောက်လိုမျိုး မှီခိုနိုင်ခွင့်ပေးသော အပြင် သူငယ်ချင်းတစ်ယောက်လိုလည်း ကျွန်မကိုရင်ဖွင့်ဖော်ပြုပေး



www.burmeseclassic.com

နိုင်ပါသေးဓါ။

"ငါ နင့်ကိုမခွဲနိုင်ဘူး မောင်"

"ဟာ"

ရုတ်တရက် ကြားလိုက်ရသောစကားကြောင့် မောင် ဘာပြန်ပြောလို့ ပြောရမှန်းမသိတော့သလို ဆွံ့အသွားလျက် ကျွန်မကို မျက်တောင်မခတ်တမ်းငေးကြည့်နေခဲ့သည်။ နောက်တော့ ကျွန်မ နဖူးပြင်ကို ဖွဖွငုံ့နမ်းလျက် ပါးပြင်ပေါ်မှ မျက်ရည်များကိုလည်း သူ့လက်မဖြင့် အသာအယာ ပွတ်သပ်သုတ်ပေးသည်။

"မောင်က ဘာများဖြစ်သွားတာလဲလို့ကွာ၊ မောင့်မိန်းမလေးက မောင့်ကိုမခွဲနိုင်လို့ ငိုနေတာကိုး အဟင်း"

မောင်က ကျေနပ်စွာပြောလိုက်သော အသံကြောင့် ကျွန်မ ပိုလို့ နာကျင်ကြေကွဲရပါသည်။ တကယ်ဆို ဒီမြို့လေးမှာ သည်းဦးမောင်လည်း တာဝန်ကျနေကြောင်းကို ကျွန်မ ပြောပြလိုက်သင့်ပါသည်၊ ခုတော့ ကျွန်မနှုတ်တို့က ထိုစကားကိုလွယ်ကူစွာ ထွက်ကျမလာ။

"ဆယ်မိနစ်လောက် ထပ်ထိုင်ပြီးရင် ပြန်ရအောင်နော် လေပြည်၊ နင်ချက်ကျွေးတဲ့ ထမင်းကို ငါ မပြန်ခင် စားသွားချင်သေးတယ်"

"အင်းပါ မောင်ရဲ့"

ကျွန်မသည် သာယာလှပသော ဒီနေရာလေးမှာ မောင့်ရင်ခွင်တွင်း မှီနွဲ့ဝင်ရင်း ငြိမ်းချမ်းနေရတာလေးကို မစွန့်လွှတ်နိုင်သေးဘဲ လေးလေးပင်ပင် ပြန်ဖြေမိသည်။ မောင့်ကို သည်းဦးမောင်အကြောင်း





ပြောပြလိုက်ရင် ကိစ္စတွေက အေးချမ်းစွာ ပြီးသွားမှာမဟုတ်မှန်းလည်း ကျွန်မ သိနေသည်။

မောင့်နှုတ်ကနေ ကျွန်မကို ဘာမှမပြောရင်တောင် မောင့်ရင်ထဲမှာ နာကျင်ခံစားကြေကွဲစိတ်မချမ်းခြင်းတွေနှင့် ခေါင်းစဉ်တပ်မရသော ခံစားချက်ဆိုးပေါင်းများစွာကို ပိုက်ကာ နှုတ်ဆိတ်လျက် အိမ်ပြန်သွားမှာ သေချာပါသည်။

မောင့်ကို ထိုသို့မဖြစ်စေလိုပါ။ အရင်က ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ ခုချိန်မှာ ကျွန်မချစ်သော ကျွန်မနားမှာ ထာဝရနေခွင့်ရနေသော တစ်ဦးတည်းသော ယောကျ်ားဟာ မောင်ပဲမဟုတ်လား။ မောင့်ရင်ထဲမှာ ကျွန်မနဲ့ပတ်သက်ပြီး ယုံကြည်မှုများဖြင့်သာ ပြည့်နှက်နေစေချင်ပါသည်။

ဒါပေမဲ့လည်းလေ ကျွန်မကိုယ်တိုင်က အတိတ်ဆိုးတွေကို ဖုံးကွယ်ထားခဲ့မိလေသူဆိုတော့ ကိုယ့်လိပ်ပြာကိုတောင် ကိုယ့်ဘာသာ ပြန်မလုံနိုင်သေးသည့် အနေအထား။

"သွားရအောင်လေ မောင်"

မောင့်ရဲ့ခိုင်မာမြဲမြံသော လက်များကိုတွဲဆုပ်ကိုင်လျက် လျှောက်လှမ်းလာရသော နေ့လယ်ခင်းလေးသည် သာယာလှပလွန်းနေ၏။ တောင်ပေါ်မြို့လေးများရဲ့ ထုံးစံအတိုင်း နေ့လယ်ခင်းဆိုပေမယ့် ပြင်းပြသော နေရောင်ကို မမြင်ရပါဘဲ မှိုင်းအုံ့အုံ့လေးဖြစ်လျက် အလွန်ချမ်းမြေ့လှပါပဲ။

"ဆေးရုံဝင်းက ဆောက်ထားတာ မကြာသေးဘူးဆိုတော့ သစ်



www.burmeseclassic.com

www.burmeseclassic.com



သစ်လွင်လွင်လေးနော်၊ ကောင်းတယ်''

ဆေးရုံဝန်ထမ်းအိမ်ရာဝင်းထဲ စဝင်မိသည်နှင့် မောင်က ဟိုဟို ဒီဒီ ရှုးစမ်းလေ့လာရင်း ပြောလာသည်။

''ဟုတ်တယ်မောင်၊ ဆေးရုံကလည်း ခုတင်နှနစ်ရာဆံ့အဖြစ် တိုးချဲ့လိုက်တာ မကြာသေးဘူးလေ''

မောင့်စကားများကို လိုက်မျောပြီး မောင်နဲ့အတူ ဖြည်းညင်းစွာ လျှောက်လာနေခဲ့မိတာကိုက ကျွန်မ၏မဟာအမှားကြီးတစ်ခုဖြစ်မှန်းမသိ ဖြစ်သွားခဲ့ပါတော့၏။

''ဒါက ဆရာဝန်အိမ်ပဲနဲ့ တူတယ်နော်''

ဆရာဝန်များအတွက် ပေးထားသော အိမ်ခန်းတွေရှေ့မှာ နာမည်နှင့်ရာထူးပါသော ဆိုင်းဘုတ်ပြားလေးတွေ ချိတ်ဆွဲပေးထားလေ တော့ ကျွန်မတို့အိမ်မရောက်ခင် ငါးအိမ်ကျော်လောက်မှ သော့ပိတ်ထား သော အခန်းလေးရှေ့မှာ မောင်က ရပ်လိုက်ရင်း ငြိမ်သက်စွာပြောသည်။

''ဟုတ်မှာပေါ့ မောင်ရဲ့''

''ဘယ်သူများပါလိမ့်''

မောင်သည် ကျွန်မထက် မျက်လုံးပိုလျင်စွာ ဆိုင်းဘုတ်ထဲမှ နာမည်ကို ဖတ်ရှုပြီးခဲ့ပြီမှန်း ကျွန်မ ဘာလို့များ မရိပ်မိခဲ့ပါလိမ့်။

''ဒေါက်တာ သ''

ချက်ချင်းလိုလိုပင် ကျွန်မ မျက်လုံးများပြူးကျယ်ကုန်လျက် တွဲကိုင်ထားမိသော မောင့်လက်များကိုလည်း အယောင်ယောင်အမှားမှား





နှင့်လွှတ်ချလိုက်မိသည်။ မောင့်မျက်နှာကို အလန့်တကြား မော့ကြည့် မိတော့ အံကိုတင်းနေအောင် ကြိတ်ထားကြောင်း ထိတ်လန့်စွာ တွေ့လိုက် ရ၏။

''မောင်''

''ဒီဆေးရုံမှာ သူလည်း တာဝန်ကျနေတာလား''

ကျွန်မ ဘယ်လိုစိတ်မျိုးဖြင့် ခေါင်းညိတ်ရမည်နည်း။ ကျွန်မ သိပြီးဖြစ်ကြောင်း မောင့်ကိုဖုံးကွယ်ထားခဲ့မိကြောင်း ဘယ်လိုမျက်နှာမျိုး ဖြင့် ကျွန်မ ဖွင့်ဟပြောပြရမည်နည်း။ မောင် ခံစားရမှာစိုးလို့ မပြောပြ ခဲ့တာပါဆိုပြီးဝန်ခံရင်ရော ခုချိန်မှာ မောင်က ယုံပေးပါ့မလား။

''မင်းသိရဲ့သားနဲ့ ငါ့ကိုဖုံးကွယ်ထားခဲ့တာလား လေပြည်''

''ဟင် အဲဒါက''

''မင်း တမင်ဖုံးကွယ်ထားခဲ့တာလားလို့ ငါမေးနေတယ်လေ''

တွန့်ဆုတ်နေသော ကျွန်မနှုတ်တို့က ဘာစကားမှ မယ်မယ်ရရ ထွက်မလာ။ အာခေါင်တွေခြောက်ကပ်လာသည်။

''မဟုတ်ဘူး မောင်၊ မလိုအပ်ဘူး ထင်လို့ပါ''

''ဘာ မလိုအပ်ဘူးလို့ မင်းက ထင်တယ် ဟုတ်လား၊ ဘယ်လို အကြောင်းပြချက်နဲ့များ ခုလိုထင်ရတာလဲ ပြောကြည့်ပါဦး''

မောင် ဒေါသထွက်နေပါပြီ။ နီမြန်းလာသော မောင့်မျက်နှာကို မြင်နေရတာ ကျွန်မ နှလုံးခုန်သံတွေ မြန်ဆန်လွန်းရုံသာမက ချွေးများ တွေလည်း အေးစက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင် သိသွားရင်လည်း ခုလိုမျိုး စိတ်ဆိုးနာကျင်ရတာကလွဲရင် ကောင်းတာတစ်ခုမှ မရှိဘူးလေ၊ ဒါကြောင့် မပြောပြခဲ့တော့တာပါ"

"မဟုတ်သေးဘူး လေပြည်"

"အရင်ဆုံး အိမ်ပြန်ရအောင်နော် မောင်၊ လမ်းလယ်ခေါင်ကြီးမှာ မကောင်းပါဘူး"

မောင့်လက်များကို ဖမ်းဆွဲလျက် အိမ်ရှိရာဆီ ကျွန်မ အတင်းဆွဲခေါ်လာခဲ့လိုက်သည်။ အိမ်ထဲတွင် ဝင်ထိုင်မိသည်ထိ မောင့်ရင်ဘတ်တွေ နိမ့်ချည်မြင့်ချည်နှင့်။

"မင်းကိုငါ ဘယ်လိုမှ လက်ခံမပေးနိုင်ဘူး လေပြည်၊ သူနဲ့အတူတစ်ဆေးရုံထဲ ရှိနေမှာကို မင်း သိသိလျက်နဲ့ကွာ ငါ့ကို တောက်"

"ဖုန်း"

"မောင် မောင် ဘယ်လိုလုပ်လိုက်တာလဲ မောင်"

မောင်က ထိုင်နေသည့်ကုလားထိုင်၏လက်ရန်းကို အားနှင့်ဆောင့်ထိုးချပစ်လိုက်သည်။ ကျွန်မ အံ့ဩတုန်လှုပ်စွာဖြင့် မောင့်နားသို့ အပြေးရောက်သွားရ၏။

"မင်း ငါ့ကိုဖုံးကွယ်ထားတယ်ကွာ၊ ငါ တကယ်စိတ်ရခက်တယ် မင်း သိလား။ ဒီမြို့ကို ပြောင်းမိန့်ကျတယ်ဆိုတာကလည်း မင်းပယော မှ ကင်းရဲ့လား ဟင် လေပြည်"

"မောင် မောင် ဘယ်လိုများပြောလိုက်တာလဲ၊ ပြောင်းမိန့်ကျတာကလည်း၊ ရှိသားစွာပဲ ဒီဆေးရုံမှာ သူရှိနေတာကိုလည်း ဒီမရောက်





ခင်မှ ကျွန်မ သိလိုက်ရတာပါ။ မောင့်ထက်မနည်းတဲ့ အံ့ဩတုန်လှုပ်မှုတွေနဲ့ ကျွန်မလည်း ဒီကိစ္စကို လက်ခံခဲ့ရတာပါ"

ပြောနေရင်းနှင့် ကျွန်မ ပါးပြင်မှာ မျက်ရည်စတွေဖြင့် စိုရွှဲစေသွား၏။

"ငါကတော့ မင်း ငါ့ကို မခွဲနိုင်လို့တောင် ငိုတယ်ထိုပြီး ကြည်နူးလိုက်ရတာ၊ မင်းကတော့ ငါ့ကိုဖုံးကွယ်ထားခဲ့တာကိုး"

"မောင်ရယ် ကျွန်မ တောင်းပန်ပါတယ်၊ အဲလိုမျိုး အထင်တော့မလွဲလိုက်ပါနဲ့နော်၊ ကျွန်မ မောင်နဲ့ခွဲရမှာကို တကယ်ကြောက်လို့ငိုတာပါ၊ မောင်နဲ့အဝေးကြီးမှာ ကျွန်မတစ်ယောက်တည်း ဘယ်လိုနေနိုင်မှာလဲ"

"ဟင်း ဟင်း ခုကမင်းတစ်ယောက်တည်းမှ မဟုတ်ဘဲကွ"

"မောင်"

ကျွန်မ နာကျင်စွာဖြင့် အော်လိုက်သံက အတော်လေး ကျယ်လောင်သွားခဲ့ပါသည်။ မောင့်ရဲ့စမ်းပြုံးတို့ဖြင့် နီတွဲနေသော နှုတ်ခမ်းများသည်း ကျွန်မအော်သံကြောင့် တင်းတင်းစေ့ပိတ်သွားကြသည်။ ကျွန်မကိုကြည့်နေသော မျက်ဝန်းတွေက တစ်ခုခုဆုံးရှုံးမှာကို ကြောက်ရွံ့နေသည့် ကလေးတစ်ယောက်၏တပ်မက်မှု မနာလိုစိတ်တွေ ပြည့်နှက်လျက်။

"မောင်ရယ် ကျေးဇူးပြုပြီး မိန်းမကို ခုလိုမျိုးတွေ မစွပ်စွဲပါနဲ့၊ ခုချိန်မှာ မိန်းမရင်ထဲ နှလုံးသားထဲမှာ အပြည့်ရှိနေတာ မောင်နဲ့ ကလေးပါပဲ၊ တခြား ဘယ်သူတစ်ဦးတစ်ယောက်မှ မဟုတ်ပါဘူး



www.burmeseclassic.com

မောင်၊ အဲဒါကို မောင်လက်ခံပေးရမယ်''

''ငါလက်ခံထားခဲ့ပါတယ်၊ မင်း ခုလိုမျိုး ငါ့ကိုဖုံးကွယ်ထားမှန်း မသိခင်ထိပေါ့''

''မောင့်ကိုဖုံးကွယ်ထားခဲ့တယ်ဆိုတာလည်း မောင် နာကျင် ခံစားရမှာကို မကြည့်ချင်လို့လို့ ကျွန်မ ပြောခဲ့ပြီးပြီပဲ မောင်''

''ဟင်း ဟင်း ငါ ဘယ်လိုယုံကြည်ရမှာတဲ့လဲ''

''မောင် မယုံဘူးဆိုရင် သူနဲ့မျက်နှာချင်းဆိုင် ကျွန်မ ရှင်းရဲ ပါတယ်''

''မလိုပါဘူး၊ မင်းတို့နှစ်ယောက်ကို တွဲလျက်သား အနေအထား မျိုးနဲ့ ငါ့မျက်စိရှေ့မှာ နည်းနည်းမှ မမြင်ချင်ဘူး''

''ဩော် မောင်ရယ် မိန်းမကို မောင်ဘယ်လောက်ချစ်တယ် ဆိုတာ မိန်းမသိပါတယ်၊ မိန်းမကလည်း မောင့်ကို ဘယ်လောက်ချစ် တယ်ဆိုတာ မောင်သိစေချင်တယ်၊ တစ်ယောက်နဲ့တစ်ယောက်သာ ယုံ ကြည်မှုရှိနေခဲ့ရင် ကျွန်မတို့တယ်လောက်တောင် အေးချမ်းလိုက်မလဲနော် ခုတော့ ကျွန်မကို မောင် မယုံကြည်တဲ့အတွက် ကျွန်မတို့ကြားမှာ မီးငြိ ပူလောင်နေတယ်''

ကျွန်မသည် မောင့်နားသို့ ဖြည်းညင်းစွာ တိုးကပ်သွားလျက် မောင့်လက်မောင်းသားကို သာသာနွဲ့နွဲ့လေး ပွတ်သပ်ပေးလျက် လေသံ တိုးဖျော့လေးနှင့် ဆိုလိုက်သည်။ မောင့်အသက်ရှူသံတွေ မြန်ဆန်ပြင်း ထန်နေရာကနေ ပုံမှန်ပြန်ဖြစ်လာသည်ထိ ကျွန်မ ကြိုးစားရပါလိမ့်မည်





''မောင်က မိန်းမကိုမယုံဘူးလားဟင်၊ မောင်နဲ့တူတူ နှစ်ပေါင်း များစွာ ပေါင်းသင်းလာပြီး သမီးလေးတောင် ဘယ်အရွယ်ရောက်နေပြီလဲ မောင့်မိန်းမကိုမှ မယုံရင် မောင့်မှာ လောကကြီးထဲ ယုံရမယ့်လူဆိုတာ ရှိပါဦးမလား''

''မင်းကို မယုံချင်တာ မဟုတ်ပါဘူး''

မောင့်အသက်ရှူသံတွေ ပုံမှန်နည်းပါး ပြန်ဖြစ်လာသည်။ ကျွန်မ မောင့်ပခုံးတွင် ခေါင်းတင်မှီလိုက်၏။

''ငါ မင်းကို ဆုံးရှုံးရမှာကြောက်တာ၊ ငါကမင်းကို သူမရှိတော့မှ ပိုင်ဆိုင်ခွင့်ရခဲ့တဲ့ကောင်လေ''

''အို မဟုတ်ပါဘူး အဲဒီလို မပြောပါနဲ့ မောင်ရဲ့''

မောင့်မျက်နှာကို နာကျင်စွာမော့ကြည့်မိတော့ မောင့်မျက်ဝန်း မှာ ရစ်ဝိုင်းနေသော မျက်ရည်စတို့ကို ကျွန်မ မြင်တွေ့ခွင့်ရလိုက်သည်။

''မောင် စိတ်ချပါနော်၊ မိန်းမကလေ မောင့်နားကလွဲရင် ဘယ် ယောကျ်ားနားမှ မရောက်သွားစေရဘူး၊ မိန်းမက မောင့်အတွက်ပဲ ဖြစ် စေရမယ်''

ကျွန်မ နှုတ်ခမ်းများတွင် တစ်တန်းတည်းရှိနေသော မောင့် သက်မောင်းရင်းလေးကို ညင်သာသော အနမ်းဖွဖွလေးတစ်ချက် ပေး လိုက်သည်။

မောင်က ကျွန်မမျက်နှာလေးကို လက်နှစ်ဖက်ဖြင့် ဆွဲယူမော့ မော့လိုက်ပြီး မျက်လုံးချင်း စူးစိုက်စွာ ငေးကြည့်လျက်

www.burmeseclassic.com



"မိန်းမကို မောင့်အတွက်ကလွဲရင် ဘယ်သူ့အတွက်မှ မဖြစ်စေနိုင်ဘူး၊ ပေးလည်း မပေးနိုင်ဘူး"

မောင့်အသံသည် ခုနက စိတ်တိုပေါက်ကွဲနေသော လေသံများနှင့်ကွဲပြားခြားနားစွာပင် နူးညံ့ညင်သာနွေးထွေးလွန်းနေ၏။

ကျွန်မကလည်း မောင့်အတွက်ကလွဲရင် ဘယ်ယောကျ်ားတစ်ဦးတစ်ယောက်အတွက်မှ ကိုယ့်ကိုကိုယ် အဖြစ်မခံပါဘူး မောင်။

မောင့်ကိုလိမ်လည်ခဲ့မိတဲ့ အတိတ်အဖြစ်တွေအတွက်ကလွဲရင် ကျွန်မ မောင့်အပေါ်မှာ ရိုးသားစွာချစ်ခင်အားကိုးခဲ့ပါတယ်။

■ ■ ■

## အခန်း (၁၀)

"နင် ငါ့ကိုတာဖြစ်လို့ ဒီလောက်ထိ ခါးခါးသီးသီး ဖြစ်နေတယ်ဆိုတာ ငါစဉ်းစားလို့မရဘူး လေပြည်"

အစာအိမ်ပေါက်သွားသည့် လူနာတစ်ယောက်ကို အတူခွဲစိတ်ပြီးလို့ ပြန်ထွက်လာသည့်အချိန်။ လက်ဆေးကန်တွင် သူ့ရှေ့မှအရင်လက်ဆေးနေသော ကျွန်မအား အနားသို့ တိုးကပ်လာပြီး မေးလိုက်ခြင်းဖြစ်သည်။

နှစ်ပေါင်းမြောက်မြားစွာ ကြာမြင့်လာခဲ့တာတောင်မှ သူက ကျွန်မ နာကျည်းမုန်းတီးရသည့်အဖြစ်တွေကို နားမလည်နိုင်သေးပါလား။ ခုချိန်ထိ စဉ်းစားလို့တောင် မရရှာသေးသည့်အဖြစ်။ သူ့ကိုမုန်းတီးစွာမော့ကြည့်လိုက်မိသော ကျွန်မရဲ့မျက်ဝန်းတွေဟာ နာကျည်းမှုများဖြင့်အရောင်တွေလက်နေမှာ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို အကြည့်မျိုးတွေ ငါ တကယ်ကို နားမလည်နိုင်ဘူး ဟာ"

"နင်နဲ့ပြောစရာစကားက သိရေတာထဲမှာတော့ ရှိချင်ရှိလိမ့်မယ်၊ အပြင်မှာတော့ တစ်လုံးတစ်ပါဒမှတောင် မရှိဘူး ရှင်းလား"

လှည့်ထွက်လာခဲ့လိုက်သည့် ကျွန်မနောက်ကနေ သူ့ခြေလှမ်းသွက်သွက်သံကိုလည်း ကြားနေရသေးသည်။ ဒီလူ ဘာဖြစ်ချင်နေတာလဲ။ ကျွန်မရဲ့မနည်းမေ့ဖျောက်ပစ်ထားရတဲ့ အတိတ်ကြီးကို အစပြန်ဖော်ဖို့ ကြိုးစားနေတာလား။

"ဒီမှာ သည်းဦးမောင်"

ခြေလှမ်းကို တုန့်ခနဲ ရပ်ပစ်လိုက်ပြီး ရုတ်တရက် နောက်ပြန်လှည့်ခေါ်လိုက်တာမို့ သူ့ခြေလှမ်းသွက်သွက်တွေ အနည်းငယ်တော့ ဟန်ချက်ပျက်သွား၏။

"နင့်ကိုငါ နောက်ဆုံးစကား ပြောခဲ့မယ်၊ နင်လည်း အိမ်ထောင်ရှင်တစ်ယောက် ငါလည်း ငါ့ကာမပိုင်လင်ယောကျ်ားနဲ့ ငါ့သမီးလေးနဲ့ အတည်တကျ ပျော်ပျော်ရွှင်ရွှင်နေနေတဲ့ အိမ်ထောင်ရှင်မတစ်ယောက်ပြီးတော့ ဒါက ငါတို့နှစ်ယောက်လုံးရဲ့ လုပ်ငန်းခွင်နေရာ၊ နင့်ရာထူး ငါ့ရာထူးနဲ့ ငါတို့စောင့်ထိန်းရမယ့် အပြုအမူတွေ အများကြီးရှိတယ် နောက်ဆို နင်ဆင်ခြင်လို့ရအောင် ငါ သတိပေးတာပါ"

"ငါ့အိမ်ထောင်ဆိုတာက ကွဲသွားခဲ့တာ လေးနှစ်လောက်တောင် ရှိနေပါပြီ"





"ငါ စိတ်မဝင်စားဘူး၊ နင်တစ်ခုလပ်ဖြစ်နေတဲ့အတွက် ငါ့အနေအထိုင်ကို ပိုလို့တောင် ဆင်ခြင်ရဦးမယ်"

"ဆေးရုံထဲမှာမို့ နင်စကားမပြောချင်ဘူးဆိုရင် ငါ့ကိုတစ်ချိန်တော့ အေးဆေးစကားပြောခွင့်ပေးပါ၊ နင့်ကိုမေးချင်တာလေးတွေ ငါ့မှာရှိနေတယ်၊ အဲဒီအကြောင်းအရာတွေကို မသိရမချင်းလည်း ငါ နင့်ကိုခုလိုမျိုး စကားတွေလိုက်ပြောနေမိဦးမှာပဲ"

"နင်က အမြဲတမ်း နင်ဖြစ်ချင်တာကိုပဲ သိခဲ့တဲ့လူလေ၊ ငါ နင့်အကြောင်းကို ကောင်းကောင်းသိပါတယ်"

"နင် ငါ့ကိုမရွဲ့ပါနဲ့ဟာ"

"မရွဲ့ပါဘူး၊ ကဲ ခု စကားရပ်ပြောနေတာပဲ တော်တော်ကြာသွားပြီ၊ ငါ့နောက်ကို ဆက်လိုက်မလာပါနဲ့၊ လူနာတွေရှေ့မှာ သိက္ခာရှိရှိနဲ့ သူတို့ယုံကြည်အားကိုးရလောက်တဲ့ပုံစံမျိုးဖြစ်အောင် နေပါ"

ဒီတစ်ခါတော့ သူ လိုက်မလာတော့ပါ။ ခုမှပင် သက်ပြင်းတစ်ချက်ကို မိုးချရတော့၏။

မောင်သာရှိရင် ပြဿနာတော့တက်မှာ ကျိန်းသေနေသည့် အပြုအမူမျိုးတွေ သူ ဘာလို့များ လုပ်နေရတာပါလိမ့်။ သူက ဘာအဖြေကို သိချင်နေတာလဲ။ သူကိုယ်တိုင် နာကျည်းအောင် လုပ်ဆောင်ခဲ့ပြီးတော့မှ သူကပင် တစ်ဖန်ပြန်ပြီး ကျွန်မရဲ့အပြုအမူတွေကို စဉ်းစားလို့ရသွားဆိုပါလား။

တစ်ခုခုတော့ ထူးခြားနေတာ ကျိန်းသေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်လည်း အခုရက်ပိုင်းတွေ ဖုန်းသိပ်မဆက်။ အင်းလေ မောင်က မဆက်တာတော့ မဖြစ်နိုင်ပါဘူး။ ကျွန်မတို့ ဒီဒေသလေးကိုက သမ်းပန်းဆက်သွယ်ရေးတွေ ညံ့ဖျင်းတာပါ။ ဒီရောက်ပြီး ခုတစ်လပြည့်တော့မည်ထိ သမီးနှင့်တောင် နှစ်ခါသာ စကားပြောခွင့်ရသေးသည်။

ဒါကလည်း ကျွန်မက ဟိုးမြို့တောင်ဘက်က တောင်စွန်းလေးနားထိသွားပြီး တကူးတက ပြောရတာ။ တောင်အောက်ခြေမှာ စီးဆင်းနေသော မြစ်ကိုကြည့်ရင်း သမီးနှင့်စကားပြောရတာ ပျော်ဖို့ကောင်းသလိုလို ဝိုလို့လည်း လွမ်းဆွတ်မိစေသည်။

ရန်ကုန်သို့ ဖုန်းအဆက်အသွယ်ရသည့် ထိုနှစ်ခါလုံး မောင်နှင့်တောင် သိပ်မပြောဖြစ်လိုက်ပါဘဲ သမီးရယ် မေမေရယ်နှင့်သာ အချိန်ကုန်သွားခဲ့သည်။

မနက်ဖြန် ခွဲခန်းဝင်ဖို့ အချိန်ဇယားမရှိသည်မို့ နေလယ်ဘက်ရောက်ရင် လိုင်းမိသည့် ထိုနေရာလေးဆီ ကျွန်မ တစ်ခေါက်သွားပြီး ဖုန်းဆက်ရန် အားခဲထားလိုက်၏။

ပြီးတော့ မောင်ရေ ဒီနေ့ သည်းဦးမောင်က မိန်းမကို စကားလာပြောမှန်းသာ သိသွားရင် ဘယ်လောက်တောင် စိတ်တွေတိုလိုက်ဦးမလဲနော်။

ကျွန်မဘဝကို ကယ်တင်ခဲ့သည့် မောင့်ရဲ့နှလုံးသားတွေကို ကျွန်မကြောင့်နဲ့ မနာကျင်စေချင်ပါ။ မောင် မသိအောင် ဖုံးကွယ်ခဲ့မိသည့် ကျွန်မနောက်ကြောင်းတွေကြောင့်လည်း မောင့်ကို မနာကျင်စေချင်။





ဖြစ်နိုင်ရင် ဘယ်လိုအကြောင်းမျိုးနှင့်မှ မောင့်စိတ်တွေကို မနာကျင်မကြေကွဲရစေလို့။

တစ်ခုခုကြောင့်သာ မောင် နာကျင်ခံစားခဲ့ရတယ်ဆိုရင်လည်း တရားခံအစစ်ဟာ ကျွန်မသာလျှင်မဟုတ်လား။

ဘယ်လိုပဲမေ့ဖျောက်ထားပါတယ်လို့ပြောပြော ကျွန်မ မသိစိတ်တစ်နေရာမှာတော့ ထိုနေ့ထိုအချိန်က တုန်လှုပ်ချောက်ချားစွာ နာကျင်ခဲ့ရသည့်အဖြစ်တွေကို မမေ့နိုင်သေးတာတော့ အမှန်ပါပဲလေ။

သီရေတာထဲမှာ အာရုံစိုက်ကာ အောင်မြင်အောင် စွမ်းဆောင်ခဲ့ရသော ခွဲစိတ်မှုတစ်ခုကြောင့် ကျွန်မတစ်ကိုယ်လုံး ချွေးတွေနစ်နေခဲ့သမျှ ကိုယ်ပိုင်အခန်းလေးထဲရောက်မှပင် အပြင်လောက၏စိမ့်စိမ့်လေးအေးနေသော အရသာကို ခံစားနိုင်တော့သည်။ အနွေးထည်ပါးလေးကို ခုင်စီအကျီနက်ပြာရောင်လေးပေါ်မှ ထပ်ဝတ်လိုက်ပြီး ခဏတဖြုတ်အနားယူရန် ပြင်ရ၏။

ညကလည်း LSCS (ဗိုက်ခွဲကလေးမွေးဖွားခြင်း) case တစ်ခုကြောင့် ကျွန်မကိုယ်တိုင်ပဲ သီရေတာထဲ ဝင်ပေးခဲ့ရသေးတာလေ။ အိပ်ရေးပျက်ထားသောကြောင့် ခေါင်းက မူးနောက်ကာ မျက်ခွံတွေက လေးကျလာသည်။

နာရီဝက်လောက်တော့ ကျွန်မ အေးအေးဆေးဆေး အနားယူနိုင်လိမ့်မယ် ထင်ပါရဲ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဒီကိုယ်ဝန်ကို သည်းဦးမောင်နဲ့ ရခဲ့တာပါ မေမေ"

မေမေ့ကို ကတိပေးထားခဲ့သည့် သုံးရက်မြောက်သောနေ့မှာပင် ကျွန်မသည် အမှန်တရားတစ်ခုကို ဖော်ထုတ်ပေးခဲ့၏။ ဘယ်လိုမှ မထင်မှတ်ထားပုံမျိုးနှင့် မေမေသည် ရင်ဘတ်ကိုလက်နှင့်ဖိလျက် ဆိုဖာပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ကျသွားခဲ့သည်။ ကျွန်မကတော့ ဘာအတွက်နဲ့မှ အခုထက်ပိုပြီး တုန်လှုပ်ဖို့မရှိတော့။

"သည်း ဦးမောင် ဟုတ်လား၊ နင်တို့နှစ်ယောက်က သူငယ်ချင်းတွေ မိလေပြည် ညည်းဘာတွေ ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ ငါ့ကို ပြောစမ်းပါ မြန်မြန်"

"သူနဲ့သမီး ချစ်သူတွေဖြစ်ခဲ့ကြတာ သုံးနှစ်ကျော်ပါပြီ မေမေ





ကျောင်းတက်နေတဲ့အချိန်မို့ မေမေတို့တားမြစ်မယ်ဆိုတာသိလို့ အသိမပေးခဲ့တာပါ"

"အခု သူဘယ်မှာလဲ၊ ဒီကိစ္စကို သူရော သိပြီးပြီလား၊ နင်တို့လက်ထပ်ဖို့ ဘာတွေဆွေးနွေးပြီးပြီလဲ"

"ဟင့်အင်း မေမေ၊ သမီးရဲ့ကိုယ်ဝန်အကြောင်းကို သူ မသိပါဘူး။ သမီးကိုလည်း သူ ချက်ချင်းလက်ထပ်နိုင်မှာမဟုတ်ဘူး"

ကျွန်မရဲ့အေးစက်တည်ငြိမ်စွာ ပြောနေသော စကားလုံးတွေကို မေမေက မျက်လုံးလေးအဝိုင်းသားနှင့်နားထောင်နေခဲ့ပြီးမှ

"လေပြည် ညည်းဘာတွေပြောနေတာလဲ၊ ဒီကိုယ်ဝန်က သည်းဦးမောင်နဲ့ရခဲ့တယ်၊ သည်းဦးမောင်ကလည်း ငါတို့မသိအောင်တောင်းပြီးတွဲခဲ့တဲ့ ညည်းချစ်သူဆို၊ ဘာလို့ လက်မထပ်နိုင်ရမှာလဲ၊ ညည်းတို့နှစ်ယောက်လုံးလည်း အခုဆို ဟောက်စ်ဆင်းနေကြတဲ့သူတွေ ဖြစ်နေပြီပဲ"

ကျွန်မ နှုတ်ခမ်းများထက်မှာ အပြုံးယဲ့ယဲ့လေးတစ်ခု တွဲလဲခိုလာသည်။ ကျွန်မလုပ်ခဲ့သည့်ကိစ္စတွေကို မေမေ့အား မျက်နှာမပျက်ဘဲ ပြောပြနိုင်အောင် အားတင်းလိုက်၏။

"သူက မြန်မာပြည်မှာ မရှိတော့ဘူး မေမေ"

"ဟင် ဒီကောင်လေးက ဟောက်စ်တောင် မပြီးသေးဘူးလေ"

"သမီးမှာ ကိုယ်ဝန်ရှိနေမှန်း မသိခင်တည်းက သူ့မိဘတွေရှိတဲ့ အက်စ်ကို လိုက်သွားဖို့ သူ ပြင်ဆင်နေခဲ့တာ၊ အဲဒီအတောအတွင်းမှာမှ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်အကြောင်းကို သမီး စသိခဲ့တာပါ၊ သမီးသိနေတယ် မေမေ၊ ဒီကလေးကိုမွေးဖွားဖို့ သူ ဘယ်နည်းနဲ့မှ သဘောတူမှာမဟုတ်ဘူး။ အဲဒါ ကြောင့် သူ့ကိုအကြောင်းစုံ မပြောပြခဲ့ဘဲ လမ်းခွဲစကားပဲ သမီး ပြောခဲ့ လိုက်တယ်၊ မနေ့ကပဲ သူထွက်သွားပါပြီ မေမေ''

ကုလားထိုင်ပေါ်မှာ အရုပ်ကြိုးပြတ်လဲကျနေလျက်ကနေ ဘာ စကားတစ်လုံးမှ မပြောနိုင်တော့သလို မေမေ ခေါင်းတခါခါနှင့် အသံ တိတ် ရှိုက်ငိုသည်။ ကျွန်မကိုယ်တိုင်လည်း ကျလုဆဲဆဲ မျက်ရည်များကို မနည်းထိန်းသိမ်းနေရ၏။

''ဒါကြောင့်လည်း သူ့နာမည်ကို ဒီနေ့မှ သမီးထုတ်ပြောခဲ့တာ ပါ၊ မေမေတို့ သူ့ဆီသွားပြီးတစ်ခုခု မပြောနိုင်အောင်ပေါ့''

''လေပြည် သမီး မှားနေပြီ၊ ဒါက သူ့ရင်သွေးလေ၊ အလွယ် တကူနဲ့တော့ သူ တာဝန်မဲ့မှာမဟုတ်ပါဘူး''

''ဟင့်အင်း မေမေ၊ သူ့အကြောင်းကို သမီးသိတယ်၊ သူက ဒီလိုအနေအထားမျိုးနဲ့ ရလာတဲ့ ကလေးတစ်ယောက်ကို မျက်နှာလွှဲပစ်မှာ ပဲ၊ အထူးသဖြင့် ခုလိုမျိုး သူ့တက်လမ်းအတွက် ကြိုးစားနေတဲ့အချိန် မျိုးတွေမှာပေါ့''

''ဒီလိုဆို ဒီကလေးကို ညည်းတစ်ယောက်တည်းနဲ့ မွေးမယ် လို့များ စဉ်းစားနေတာလားဟင် လေပြည်''

''ဟုတ်တယ် ဒီကလေးကို သမီးတစ်ယောက်တည်းပဲ မွေးမှာပါ မေမေ''





''ညည်းရူးနေပြီ လေပြည်၊ သူ့ဘက်က တာဝန်မယူနိုင်ဘူးလို့ ပြောနေတာကလည်း ညည်းအထင်ပဲ၊ တကယ်ပြောခဲ့လုပ်ခဲ့မှုတော့ မဟုတ် ဘူး။ ညည်းဟာ ဆရာဝန်တစ်ယောက်ဖြစ်ပြီး အသိဉာဏ်မဲ့လှချည်လား''

''မေမေ ပြောတာတွေမှန်ပါတယ်၊ သမီး အသိဉာဏ်မဲ့လို့လည်း ယောကျ်ားတစ်ယောက်အလိုကို လိုက်ခဲ့မိတာပါ၊ ဒါပေမဲ့ အဲဒီက ရလာ ခဲ့တဲ့လူသားလေးတစ်ယောက်ကိုတော့ အဓိပ္ပာယ်မဲ့ မစွန့်လွှတ်နိုင်ဘူး၊ သမီးက လူတွေရဲ့အသက်ကို ကယ်မယ့်ဆရာဝန်တစ်ယောက်ဖြစ်နေလို့ပဲ မေမေ၊ ဘယ်သူတွေ ဘယ်လိုကန့်ကွက်ကွက် သမီးကတော့ ဒီကလေးကို မွေးမှာပဲ၊ မေမေပဲ ဖြစ်ဖြစ် ဖေဖေပဲဖြစ်ဖြစ်ပေါ့''

''လောလောဆယ် ညည်းအဖေကို ဒီကိစ္စတွေကို ပြောလို့ မဖြစ်သေးဘူး လေပြည်၊ ငါ့ဘာသာ ကြည့်စီစဉ်ပါ့မယ်''

မေမေက ဖေဖေသိသွားရင် ဖြစ်လာမယ့် အကျိုးဆက်တွေကို ကြိုတွေးမိသူတစ်ယောက်လို လေးလေးနက်နက် ပြော၏။

''မေမေက ဘာတွေစီစဉ်ဦးမလို့လဲ''

''မွေးတာဖြစ်ဖြစ် မမွေးတာဖြစ်ဖြစ် အစီအစဉ်တစ်ခုတော့ ဆွဲကို ဆွဲရတော့မှာလေ၊ အဲဒါတွေအားလုံး မေမေလုပ်ပါ့မယ်''

ငိုကြွေးနေရာကနေ ရုတ်တရက် တည်ငြိမ်သွားလျက် ကျွန်မထံ သို့ပင် မေမေ့အားမာန်တွေ ပြည့်ဝင်လာသလို ခံစားရသည်။

ကျွန်မဘက်ကနေ မေမေတစ်ယောက်တော့ ရပ်ပေးနိုင်လိမ့် မည်လို့လည်း မျှော်လင့်ချက်သေးသေးလေးတစ်ခု ရင်ထဲသို့ ဝင်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ပတ်မျှသာ ရှိသေးသောဗိုက်မို့ ဘာမှထူးခြားတော့ မရှိပါ။ ထို့ကြောင့်လည်း ဖေဖေ့ရှေ့တွင် အထူးတလည် ပုံစံမပျက်ဘဲ ကျွန်မ နေနိုင်ခဲ့၏။ ထိုရက်တွေအတွင်း မေမေကိုယ်တိုင် ကျွန်မကို ဆေးရုံထိ လိုက်ပို့လိုက်ကြို လုပ်တတ်သလို အစာရွေးလာသော ကျွန်မကိုလည်း စားချင်တာလေးတွေချက်ကျွေးတတ်သည်။

"သည်းဦးမောင်ဆီကို မေမေ ဆက်သွယ်ခဲ့တယ် သမီး"

"ရှင်"

ကျွန်မ ထမင်းစားနေရင်းကနေ ကြောင်တောင်တောင် ဖြစ်သွားရသည်။ မေမေက သူ့ကို ဘယ်လိုဆက်သွယ်လိုက်တာပါလိမ့်။ ဘယ် လိုမှမဖြစ်နိုင်။ သူက ဒီနိုင်ငံမှာ ရှိတော့တဲ့ လူတစ်ယောက်မှမဟုတ်တာဘဲ။

"သမီး အံ့သြသွားလား။ မွန်မွန့်ကို လှမ်းဆက်သွယ်ပြီး သူ့ အကြောင်းစုံစမ်းခိုင်းခဲ့တာလေ"

မွန်မွန်။ ကျွန်မရဲ့အချစ်ဆုံးသူငယ်ချင်း မွန်မွန်။ အမေရိကားကိုထွက်ခွာသွားတာ နှစ်အတော်အတန်ကြာသွားပြီမို့ အင်တာနက်ထဲကနေတစ်ဆင့် တွေ့ဖြစ်ပြောဖြစ်ကြတာကလွဲရင် မွန်မွန့်ကိုမတွေ့ရသည်မှာကြာခဲ့ပြီ။

"ဟုတ်တယ် သမီး၊ မေမေ သူ့ကိုအရင်ဆက်သွယ်ပြီးမှ သည်းဦးမောင်ကို ရှာခိုင်းခဲ့တာ၊ သူ့လိပ်စာသိရပြီးနောက်မှာ အွန်လိုင်းကနေတစ်ဆင့် စာပို့ထားခဲ့တယ်၊ ဖုန်းလည်း ပြောဖြစ်ခဲ့တယ်"





"မေမေ ဘာလို့ ဒီလိုတွေလုပ်ခဲ့တာလဲဟင်၊ သမီးက သူ့ကို မပြောပြဖို့ စိတ်ကူးထားခဲ့ပြီးသား။ ပြီးတော့ မွန်မွန် သိသွားပြီလား မေမေ"

"မွန်မွန့်ကို ဘာမှမပြောပြထားပါဘူး သမီး၊ ဒီအတွက် စိတ်မပူပါနဲ့"

"ဒါပေမဲ့ ဒါပေမဲ့ မေမေ"

"မေမေ ပြောတာကို သမီးဆုံးအောင် နားထောင်ပါဦး။ မေမေ ပို့ခဲ့တဲ့ စာတွေ ဖုန်းပြောဖြစ်ခဲ့တယ်ဆိုတာတွေကလည်း သည်းဦးမောင်နဲ့ ထိပ်တိုက်မဟုတ်ပါဘူး သူ့အမေနဲ့ပါ"

"ရှင်"

မေမေ ဘာတွေလုပ်နေသည်လဲ။ မိခင်တစ်ယောက်ရဲ့စိတ်ကို နားမလည်ပေးနိုင်တာ မဟုတ်ပေမယ့် ကျွန်မရဲ့ဆုံးဖြတ်ချက်တစ်ခုကိုတော့ မေမေ နားလည်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ထားခဲ့မိတာလေ။

"သမီးဆုံးဖြတ်ထားတဲ့ ယုတ္တိမရှိတဲ့ အရာတစ်ခုကို မေမေ သဘောမတူနိုင်ဘူး၊ မေမေ့ဘဝတစ်လျှောက်လုံး သမီးကို ဘယ်လိုထိန်းသိမ်းခဲ့သလဲ၊ ဒါပေမဲ့ခုချိန်မှာတော့ အရှက်တရားတွေ သိက္ခာတွေကို စွန့်လွှတ်ပစ်ရမယ့် ကိစ္စမျိုးကို သမီးက ပျော့ပျော့ကြီးလုပ်နေတယ်"

"သမီး ပျော်နေတယ်လို့ မေမေ ထင်လို့လား၊ သမီးပုံစံက ပျော်နေတဲ့ပုံများ ပေါက်နေလို့လား မေမေ"

ကျွန်မ နာကျင်စွာ အော်ဟစ်လျက် ငိုကြွေးမိလျှင် မေမေလည်း



www.burmeseclassic.com

www.burmeseclassic.com



တင်းမာထားသော မျက်နှာကြောများ ပြေလျော့လျက် ကျွန်မကိုယ်လေးကို ရင်ခွင်တွင်း ဆွဲဖက်ထားလိုက်၏။ အေးစက်တောင့်တင်းနေသော ကျွန်မ ကိုယ်လုံးလေး ချက်ချင်းပင် နွေးထွေးလျက် မေမေ့ကိုလည်း တင်းကျပ်နေအောင် ပြန်လည်ဖက်ထားလိုက်မိသည်။

တသိမ့်သိမ့်တုန်ခါနေသော မေမေ့နောက်ကျောပြင်ကို ဖက်တွယ်ထားရင်း လောကမှာ အမေ့ရင်ခွင်လောက် လုံခြုံနွေးထွေးသည့် နေရာဆိုတာ မရှိနိုင်မှန်း ဘယ်တော့မဆို မလွဲမှားသော အမှန်တရားတစ်ခုကို ကျွန်မ လက်တွေ့ခံစားနေမိသည်။

■ ■ ■

## အခန်း (၁၂)

တောင်ထိပ်အစွန်းနားလေးမှာ ရပ်ကွက်လေးတစ်ခုရှိသည်။ ထိုရပ်ကွက်အဝင်ထိပ်နားမှာ ချယ်ရီပင်လေးလေးတွေ စီတန်းပေါက်နေသော လမ်းလေးတစ်ခုရှိသည်။ ထိုနေရာလေးကနေ လှမ်းမျှော်ကြည့်လျှင် ကွေ့ကောက်စွာ စီးဆင်းနေသော မြစ်ငယ်တစ်စင်းကို အောက်ဖက်တွင် မပီဝိုးတဝါး လှမ်းမြင်တွေ့နိုင်၏။

ဒီဒေသလေးမှာ နေရာတိုင်းလိုလို တယ်လီဖုန်းလိုင်း မမိတာကများနေသည်။ လိုင်းကြည်လင်သည့်နေရာဆိုလို့ အခု ကျွန်မရောက်နေသည့် နေရာလေးရယ် တခြားသုံးလေးနေရာလောက်ရယ်ပဲ ရှိသည်။ ဆေးရုံကနေ ဒီနေရာလေးက အနည်းငယ်လှမ်းသာပေမယ့် သာယာသပကာ အေးချမ်းစွာ စကားပြောနိုင်သည့်နေရာလေးမို့ ကျွန်မ နှစ်သက်



www.burmeseclassic.com

www.burmeseclassic.com



နေမိ၏။

"လေပြည်"

ကျွန်မတစ်ယောက်တည်း ရှိနေသည်အထင်နှင့် လွတ်လပ်စွာ ပင် စိတ်ကူးတွေလွှင့်မျောနေမိစဉ်မှာ နောက်ဘက်နားဆီမှ ကျွန်မနာမည် ကို ခပ်တိုးတိုးခေါ်လိုက်သံကြောင့် အထိတ်တလန့် လှည့်ကြည့်လိုက်မိ သည်။

ကျွန်မနောက်ဘက် ခြေလှမ်းငါးလှမ်းအကွာမှာ ရပ်နေသော သူ။ သည်းဦးမောင်။ ဒီလိုလူမထူထပ်သော နေရာလေးသို့ သူ ဘယ်လို ရောက်ရှိနေတာလဲ။

"နင် ဘယ်လိုရောက်လာတာလဲ"

"လွယ်လွယ်လေးပါဟာ နင့်နောက်ကနေ လိုက်လာတာပေါ့"

"ဟင် နင် နင်ဘာရည်ရွယ်ချက်နဲ့ ခုလိုလုပ်တာလဲ"

"နင့်ကိုငါ မေးချင်တာလေးတွေ ရှိနေတယ်၊ အေးအေးဆေး ဆေး စကားပြောခွင့်ပေးပါဆိုတော့လည်း နင် မပေးခဲ့ဘူးလေ"

သူ့မျက်နှာက ကျွန်မကို အသနားခံတောင်းပန်နေသလိုဆိုး မယ့် သူ့စကားသံတွေကတော့ သူ ဖြစ်ချင်တာကိုပဲ ရအောင်လုပ်မည့် လေသံမျိုးနှင့်ပါ။

"ငါ ပြန်မယ်"

"နင် ပြန်ရမှာပေါ့၊ ငါသိချင်တာတွေကို ပြောပြပြီးသွား အခါမှာလေ"





ကျွန်မ သူ့ကိုရူးရူးရဲရဲ တစ်ချက်စိုက်ကြည့်ကာ ရှေ့သို့ ခြေလှမ်း တွေ တိုးလိုက်၏။ သို့သော် ကျွန်မကို သွားခွင့်မပေးပါဘဲ ရှေ့မှပိတ်တား ထားလိုက်သော သူ့ခန္ဓာကိုယ်ကြောင့် ကျွန်မမှာ အရှိန်လွန်ရင်း သူ့ ရင်ခွင်ထဲတောင် တိုးဝင်မိတော့မလို။

"နင် ငါပြောတာကို နားမလည်ဘူးလား"

"နင်ဘာဖြစ်လို့ ငါ့ကို အဲလောက်ထိ စိမ်းကားနေတာလဲ လေ ပြည်၊ တကယ်ဆိုရင် နင်နဲ့ငါက ချစ်လျက်နဲ့ဝေးခဲ့ကြရတာပါ၊ မြန်မာပြည် ကနေ ငါ ထွက်မသွားခင်တည်းက နင် ငါ့အပေါ်မှာ အကြောင်းပြချက် မရှိ လမ်းခွဲစကားပြောခဲ့တယ်"

"အကြောင်းပြချက်မရှိဘူးလို့ နင်က ခုထိ ထင်နေတုံးလား။ ငါ နင့်ကို ပြောပြီးသားပဲလေ၊ တစ်ယောက်နဲ့တစ်ယောက် မမြင်နိုင်တဲ့ တစ်နေရာဆီရောက်သွားကြမှတော့ ဘယ်လိုများ စိတ်ချယုံကြည်နိုင်မှာ တဲ့လဲ၊ ငါလည်း ငါ့ကိုယ်ငါ အာမမခံနိုင်ဘူးလေ"

"ဪ နင်က နင့်ကိုယ်နင် အာမမခံနိုင်ဘူးဆိုတဲ့ အကြောင်း ပြချက်နဲ့ လမ်းခွဲခဲ့တာတဲ့လား၊ ဒါပေမဲ့ ငါကြားခဲ့ရတဲ့ သတင်းတွေနဲ့ တော့ နင်ပြောတာတွေက တလွဲတွေချည်းပဲ"

သူ့စကားကြောင့် ကျွန်မ နှလုံးခုန်သံတွေ အနည်းငယ် ပြောင်း ဆန်သွား၏။ ပျက်ယွင်းသွားသော မျက်နှာကိုလည်း ခပ်မြန်မြန် ပြန်ထိန်း လိုက်ရသည်။ သူက ဘာသတင်းတွေကြားထားခဲ့တာလဲ။ ပြီးဆုံးသွားပြီ ဖြစ်သော အတိတ်ကို ပြန်အစဖော်ရန် ကြိုးစားနေသည့်သူ့အား ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



နားမလည်နိုင်တော့ပါ။

"နင့်အမေက ငါ့အမေဆီဖုန်းဆက်ပြီး ပြောပြခဲ့တဲ့အကြောင်းအရာတွေ အဲဒါတွေနဲ့ပတ်သက်ပြီး နင် ငါ့ကိုတစ်ခုခုတော့ ပြောပြသင့်တယ်မဟုတ်ဘူးလား"

ဒီတစ်ခါတော့ သူ့စကားတွေအရ တစ်ခုခုကို သူ သေသေချာချာ ကြားရှိထားကြောင်း ကျွန်မ လက်ခံလိုက်ပါပြီ။ ကျွန်မသည် သူနှင့်မျက်နှာချင်းမဆိုင်လိုတော့စွာပင် ဆတ်ခနဲ ကျောခိုင်းပစ်လိုက်မိ၏။ သို့သော် ကျွန်မ မျက်နှာမူလိုက်ရာတည့်တည့်သို့ သူ ချက်ချင်းပင်ရောက်လာပြန်သည်။

"ငါ့ကိုအမှန်အတိုင်းပြောပြစမ်းပါ လေပြည်၊ ငါ ငါတို့မှာရင်သွေးလေး ရှိခဲ့ဖူးသလား"

ကျွန်မ သူ့မျက်နှာကို စိမ်းစိမ်းကားကား တစ်ချက်စိုက်ကြည့်လိုက်မိသည်။ ခုချိန်မှာ ဒီစကားကို လာမေးနေလို့ ဘာမှအကြောင်းမထူးတော့ဘူးဆိုတာ သူ သိသင့်ပါသည်။

"ပြောပါ လေပြည် ငါ အရမ်းသိချင်နေမိတယ်"

"ဟင်း ဟင်း နှစ်တွေအများကြီးကြာတော့မှ နင်က အရမ်းသိချင်နေတယ်ဆိုတော့ ဘယ်လိုလုပ်ကြမလဲ၊ ငါက မေ့ထားလိုက်တာကြာပြီ"

"နင် နင်ပြောချင်တာက တကယ် တကယ်ပဲ ငါတို့မှာ ကလေးလေးတစ်ယောက် ရှိနေခဲ့တာလား"





ကျွန်မသည် ခန္ဓာကိုယ်ထဲမှ တုန်ယင်လှုပ်ရှားမှုဒဏ်ကို မခံနိုင်တော့စွာပင် ထိုနေရာလေးမှာပဲ ဆောင့်ကြောင့်ထိုင်ချပစ်လိုက်သည်။

"ကျေးဇူးပြုပြီး ငါ့ကိုသွားခွင့်ပေးပါတော့နော်"

"မရဘူး နင်မသွားရဘူး၊ ငါ သိချင်တာတွေကို ရှင်းရှင်းလင်းလင်း မပြောပြသေး၍ နင် ဘယ်မှမသွားရဘူး လေပြည်"

သူက ကျွန်မရှေ့တည့်တည့်တွင် ထိုင်ချပစ်လိုက်ပြီး ကျွန်မပခုံးနှစ်ဖက်ကို သူ့လက်များဖြင့် ဖျစ်ညှစ်ဆုပ်ကိုင်ကာ ပြောလိုက်သည်။ ရင်ထဲက နာကျင်မှုတွေရော ခန္ဓာကိုယ်မှ နာကျင်မှုတွေရော ပေါင်းစပ်ကာ မျက်ဝန်းမှ မျက်ရည်တို့ စီးကျလာခဲ့၏။

"ဟုတ်တယ် ငါ့မှာ နင်နဲ့ရတဲ့ ကိုယ်ဝန်ရှိခဲ့တယ်၊ ငါက နင့်ကို မပြောပြတော့ဘဲနဲ့ နင်ထွက်သွားမှာကိုလည်း မတားခဲ့ဘူးလေ၊ အဲဒါ ဘာဖြစ်လို့လဲ သိလား၊ အဲဒီ ကလေးကို နင်တာဝန်ယူမှာမဟုတ်ဘူးလို့ ငါသိနေလို့ပဲ၊ ဒါပေမဲ့ ငါ့အမေသိသွားပြီးနောက်မှာ သူကိုယ်တိုင် နင့်အမေကို ပြောပြတောင်းပန်ခဲ့တယ်၊ ဒါတောင်မှ နင်တို့တွေ လျစ်လျူရှုထားခဲ့ကြတာလေ၊ ဒါတွေကို ဘာလို့ ခုမှလာပြီး အစဖော်ချင်နေတာလဲ"

တရစပ်ပြောချပစ်လိုက်သော ကျွန်မစကားတွေအဆုံးမှာ သူ မြက်ခင်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ကျသွားသည်။ ဆံပင်တိုတိုများထဲကို လက်ချောင်းများဖြင့် ထိုးဖွကာ အကြီးအကျယ် စိတ်ဓာတ်ကျဆင်းသွားသူတစ်ယောက်လို။

"နင်တို့ဘက်က တုံ့ပြန်ခဲ့တာက သံတင်းစာတွေပါလာတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာတစ်ခုပဲလေ၊ လက်ထပ်ပြီးစီးကြောင်းဆိုတာပေါ့၊ ဘာမှမကြား ခဲ့ဘူးနော်၊ ငါ့အမေက နင်တို့ဆီကိုဖုန်းနဲ့လှမ်းဆက်သွယ်ပြီး အဖြစ်အပျက် တွေပြောပြခဲ့ပြီးတာရဲ့ နောက်ထပ် ဆယ့်နှစ်ရက်တိတိမှာပေါ့၊ အဟင်း ဒီလိုမျိုး ငါ့အပေါ်မှာ ဆက်ဆံခဲ့တဲ့ယောကျ်ားတစ်ယောက်က ခုမှ ဘာတွေ ကို အမှန်အတိုင်း သိချင်နေသေးတာလဲ''

''မဟုတ်ဘူး လေပြည်၊ ငါ မသိဘူး ငါလုံးဝ မသိခဲ့ဘူး အဲဒီ အချိန်တုန်းက နင့်ရဲ့လမ်းခွဲစကားကို နားမလည်နိုင်စွာနဲ့ စိတ်နာပြီး ဖိုကိုရောက်ကာစပေါ့၊ ကျောင်းလည်း တက်ချင်စိတ်မရှိသေးဘဲ အိမ်ထဲ မှာပဲအောင်းနေခဲ့မိတယ်၊ နင့်မေမေ ဖုန်းဆက်ပြီး ပြောပြခဲ့တာတွေလည်း ငါ ဘာတစ်ခုမှ မသိခဲ့ရဘူး၊ ငါ့မာမီကိုယ်တိုင်ကလည်း ဖုံးကွယ်ထားခဲ့ တယ်၊ သူတို့သဘောတူတဲ့မိန်းမတစ်ယောက်ကို လက်ထပ်ဖို့အတွက်နဲ့ပေါ့ ငါ အချစ်မပါတဲ့အိမ်ထောင်ရေးကို နင့်အပေါ် စိတ်နာနာနဲ့ လက်ခံခဲ့ တယ်၊ ဒါပေမဲ့ နောက်ဆုံးတော့လည်း ငါတို့ ကွဲသွားခဲ့ကြတာပါပဲ''

''ငါ အဲဒါတွေ မသိချင်တော့ဘူး''

မာထန်သော လေသံနှင့်အတူ ကျွန်မ ဆတ်ခနဲ ထရပ်ပစ် လိုက်သည်။ ကိုယ့်ကိုကိုယ် မထိန်းသိမ်းနိုင်စွာ ငိုကြွေးမိသမျှကိုလည်း ရပ်တန့်ပစ်လိုက်၏။ မျက်ရည်များကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်း ပွတ် သုတ်ပစ်လိုက်သည်။

''နင် မသိချင်လို့မရဘူး လေပြည်၊ နင်သိရမယ် နင် ငါ့အပေါ် မှာ နာကျည်းနေတာကို ငါ ဘယ်လိုမှသည်းမခံနိုင်ဘူး၊ အဲဒီအတွက်





ငါ ရှင်းပြတာတွေကို နင်နားထောင်ရမယ်''

ကျွန်မ လက်ကောက်ဝတ်ကို တင်းကျပ်နေအောင် ဖမ်းဆုပ် ထားလျက် သူ လေသံမာမာဖြင့် တုန့်ပြန်၏။

''ငါ့လက်ကို နင်လွှတ်နော်''

''လွှတ်မယ် နင် ဘယ်မှထွက်မသွားပါဘူး၊ ငါပြောတာတွေကို နားထောင်ပေးပါ့မယ်ဆိုတဲ့အခါမှာပေါ့''

''ငါကြောက်တာလည်း နင့်ရဲ့ အဲဒီလို ကိုယ်ဖြစ်ချင်တာပဲသိတဲ့ စိတ်ဓာတ်ကိုပဲ သည်းဦးမောင်''

''ငါတောင်းပန်ပါတယ်ဟာ၊ ငါပြောတာလေးတွေတော့ နင် နားထောင်ပေးပါနော်''

သူ့ယောကျ်ားအားဖြင့် ဆုပ်ညှစ်ထားသော ကျွန်မလက်များ ပြေလျော့သွားသည်။ သူ့မျက်နှာကလည်း ချက်ချင်းပင် ငိုချလိုက်တော့ လို ပြောင်းလဲသွား၏။

သက်ပြင်းတစ်ချက် ခိုးချလိုက်ပြီး သူနှင့်မျက်နှာချင်းဆိုင်မှာ င် မလှုပ်မယှက်နှင့် ကျွန်မ ဆက်ရပ်နေမိသည်။

''လွန်ခဲ့တဲ့ ငါးနှစ်လောက်ကမှ အယ်လ်အေမှာ မွန်မွန်နဲ့ဆုံ ခဲ့တော့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောဖြစ်ရင်း အဲဒီအချိန်တုန်းက င့်အမေ သူ့ဆီဆက်သွယ်လာပြီး အရေးကြီးတယ် ငါ့ဆီဆက်သွယ်လို့ ယ့်တစ်ခုခုပေးပါလို့ တောင်းခဲ့သေးတယ်လို့ ပြောမှ ငါ ဒီကိစ္စတွေကို မှန်အတိုင်း သိချင်လာခဲ့တာ၊ ဒါပေမဲ့ ငါက အဝေးကြီးမှာလေ၊



www.burmeseclassic.com

ချက်ချင်းကြီးလည်း ဘယ်လိုမှ ဆက်သွယ်ဖို့ မဖြစ်နိုင်ဘူး၊ ပြီးတော့ နင်ကလည်း ဓနမင်းနဲ့လက်ထပ်ပြီးသွားခဲ့ပြီလေ၊ နင်တို့သမီးလေးတစ်ယောက် ရတယ်ဆိုတဲ့ သတင်းကိုလည်း ငါဟိုမှာတည်းက ကြားပါတယ်၊ အဲဒီ ကလေးကို နင်တို့လက်ထပ်ပြီး သိပ်မကြာခင်မှာပဲ မွေးခဲ့တယ်ဆိုတာလည်း ငါသိတယ်''

သည်းဦးမောင်ရဲ့ထိုစကားက ကျွန်မ ရင်ဘတ်ကို မီးစတစ်ခုဖြင့် နက်နက်ရှိုင်းရှိုင်း တို့လိုက်သလိုပါပဲ။ သူ့စကားရဲ့အဓိပ္ပာယ်က

''နင် ဘာကိုဆိုလိုပြီး ဒီစကားကို ပြောလိုက်တာလဲ သည်းဦးမောင်''

''ငါ ဘာကိုဆိုလိုတယ်ဆိုတာ နင်သိမှာပါ''

''နင် တော်တော်မိုက်ရိုင်းပါလား''

''ငါမှားလား လေပြည်၊ ခုဆိုရင် ငါထင်နေတာတွေက ပိုတောင်သေချာနေခဲ့ပြီ''

''နင်တော်တော့ နင့်စကားတွေကို ငါ ဆက်နားမထောင်နိုင်တော့ဘူး''

ဒီတစ်ခါတော့ ရှေ့ကနေ ပိတ်ရပ်ထားသော သူ့ခန္ဓာကိုယ်ကို ရှိသမျှ အင်အားများဖြင့် တွန်းတိုက်ပစ်ကာ ကျွန်မ ခြေလှမ်းသွက်သွက် လှမ်းလိုက်သည်။ အပြေးတစ်ပိုင်းပါပဲ။

နောက်ကနေ ကပ်လျက်ပါလာသော သူ့ခြေသံများကိုလည်း ကျွန်မ ကြားနေရ၏။ လက်ကိုဆတ်ခနဲ ဆောင့်ဆွဲခံလိုက်ရပြီးနော





ကျွန်မ အရှိန်မထိန်းနိုင်စွာပင် မြက်ခင်းပြင်ပေါ်သို့ ပစ်လဲကျသွားသည်။

''နင် ငါ့ကို အမှန်အတိုင်းဖြေနော်၊ အခု နင်တို့နဲ့တူတူရှိနေတာ ငါနဲ့ရတဲ့ကလေး မဟုတ်လား''

''နင် ငါ့ကိုလွှတ်နော် လွှတ်စမ်း''

အားကုန်ရုန်းပါသော်လည်း သန်မာသော သူ့လက်များကြားကနေ ကျွန်မမှာ မလွတ်နိုင်ရှာ။

''နင့်ရဲ့အပြုအမူတွေက နင်လုပ်နေတဲ့ အလုပ်တစ်ခုကို ဘယ်လောက်တောင် တန်ဖိုးကျသွားစေသလဲဆိုတာ နင်သိလား သည်းဦးမောင်''

''ဆရာဝန်တစ်ယောက်မှာလည်း စိတ်ခံစားချက်ရှိတယ်ဟ၊ ဒေါသထွက်စရာရှိရင် ထွက်မယ်၊ ပျော်စရာရှိရင် ပျော်မယ်၊ သူ့လုပ်ငန်းခွင်ထဲမှာ မဟုတ်ရင် သူ လွတ်လပ်စွာ နေပိုင်ခွင့်ရှိတာပဲ၊ ဒီမှာ လေပြည် နင် ငါ့ကိုစကားလမ်းကြောင်းတွေ လွှဲမနေဘဲ ငါမေးတာကိုသာ တည့်တည့်ဖြေစမ်းပါ ဟာ အခု မင်း ဘယ်လိုရောက်''

''ဟင် မောင်''

သစ်ပင်ကွယ်တစ်ခုကနေ ရုတ်ခနဲ ထွက်လာကာ ကျွန်မကို အားကုန်သုံးဆုပ်ကိုင်ထားသော သည်းဦးမောင်လက်များအား ဆွဲယူဖြုတ်ပစ်လိုက်သည့် လက်တစ်စုံ။

ဒါ ဘယ်လိုမှ မဖြစ်နိုင်ပါ။

''မင်းက သိပ်တရားလွန်နေပြီ၊ ဒီလိုအနေအထားမျိုးနဲ့ ငါမိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ကို မင်းဆက်ဆံနေတာ ဘာသဘောလဲ''

''ဟော့ကောင် နေမင်း မင်းမသိတာတွေ ငါတို့ကြားမှာ အများကြီးကွ''

မောင်သည် ငယ်စဉ်တည်းက သိပ်ကိုလက်သွက်လွန်းသော လူဆိုးလေးတစ်ယောက်ဆိုတာ သည်းဦးမောင် မေ့လျော့သွားပုံပါပဲ။ လျင်မြန်ပြင်းထန်လွန်းသော လက်သီးတစ်ချက်က သည်းဦးမောင် မျက်နှာဆီ တည့်တည့်မတ်မတ် ဝင်ရောက်သွားချိန်မှာ မြက်ခင်းပြင်ပေါ်သို့ ဘုန်းခနဲ လဲကျသွားတော့၏။

''ငါမသိတာတွေ ရှိခဲ့လိမ့်မယ်၊ ဒါပေမဲ့ ခုတော့ မင်းကျေးဇူးနဲ့ အားလုံးကို ငါကြားခဲ့သိခဲ့ရပြီ၊ ဒီတော့ မင်းသွားတော့ကွာ၊ ငါ့မိန်းမကို ဘယ်တော့မှ ဒီလိုစကားတွေနဲ့ ထပ်မစော်ကားနဲ့ ဟုတ်ပြီလား။ သူ့ဘာသာ ဘာတွေပဲ လိမ်ခဲ့လိမ်ခဲ့ ဖုံးကွယ်ခဲ့ကွယ်ခဲ့ ခုချိန်မှာ သူက ငါ့ရဲ့တရားဝင် ဇနီးတစ်ယောက်ပဲ၊ မင်းမှာစကားလုံးတွေနဲ့ရော ကိုယ်ထိလက်ရောက်ပါ စော်ကားပိုင်ခွင့်မရှိဘူး ဟုတ်ပြီလား''

သည်းဦးမောင်က ထွက်မသွားပါ။ ကျွန်မထံသို့သာ မျက်တောင်မခတ်တမ်း စူးစူးရဲရဲ စိုက်ကြည့်နေဆဲ။

''ငါသိချင်တဲ့အဖြေတစ်ခုကို လေပြည့်ဆီက မကြားရမချင်း ငါ မသွားနိုင်တာ စိတ်မကောင်းပါဘူး နေမင်း''

သည်းဦးမောင်ကို ခုပဲ အသေသတ်ပစ်တော့မတတ် မျက်လုံးများဖြင့် ကြည့်နေရင်းကနေ မောင့်အကြည့်တွေက ကျွန်မထံသို့ ရောက်





လာ၏။ ထိုအကြည့်တွေထဲမှာ အံ့ဩခြင်း၊ မယုံကြည်နိုင်ခြင်း လက်မခံနိုင်ခြင်းတွေ တစ်ကန့်စီ ပျော်ဝင်နေကြသည်။

အဲဒီအကြည့်တွေကို ကျွန်မ သိပ်ကြောက်ပါသည်။

''သမီးကိုစွန့်ပစ်သက်ပြီး နင်တို့မှာ ပြောစရာတွေ တော်တော်လေး ကျန်နေသေးတယ်နဲ့ တူတယ်၊ တကယ်တော့ အဲဒီကိစ္စတွေက ငါနဲ့သက်ဆိုင်ရဲ့လားဆိုတာတောင် ငါ့ဘာသာ သေချာမဝေခွဲနိုင်သေးပါဘူး ဟင်း ဟင်း''

မောင်က ကျွန်မနားသို့ လျှောက်လှမ်းလာကာ မျက်ဝန်းများထဲထိ စူးစိုက်ကြည့်လိုက်ရင်း

''နင့်ကိုသိပ်လွမ်းလို့ အလုပ်တွေကိုပစ်ပြီး ငါလိုက်လာခဲ့တာ၊ နင် အံ့ဩသွားအောင်လို့ ဆပရိုက်စ်လည်းလုပ်ချင်ခဲ့တယ်၊ နင် ဒီဘက်ထွက်သွားတယ်လို့ ဘေးခန်းက ဆရာမလေးပြောတာနဲ့ ငါလိုက်လာခဲ့တာ ငါမြင်ခဲ့ကြားခဲ့ရတာတွေက ဘာတွေလဲ လေပြည်''

ကျွန်မနားနားသို့ကပ်ကာ နှစ်ကိုယ်ကြားပြောလိုက်သော မောင့်အသံတွေ တုန်ခါနေ၏။ မျက်လုံးတွေကလည်း ကျွန်မကို မယုံကြည်နိုင်သလိုမျိုး စိမ်းတောက်နေကြသည်။

''မောင် အခု ဘယ်လိုထင်နေတာလဲ၊ ကျွန်မကို ဘယ်လိုထင်နေတာလဲ မောင်''

''ငါ မသိတော့ဘူးလေ၊ မင်းက ဘယ်လိုမိန်းမဆိုတာကို ငါ မသိတော့ဘူး လေပြည်၊ ငါ ဘယ်လိုမိန်းမမျိုးကို ငါ့ဇနီးမယားတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်အဖြစ် မြတ်နိုးနေခဲ့မိသလဲဆိုတာ ငါ တကယ်မသိတော့ဘူး။ ပြီးတော့ သမီးလေး''

''ဒီမှာ သမီးနဲ့ပတ်သက်ပြီးတော့ မောင် အထင်လွဲတာမျိုးတော့ ကျွန်မ လုံးဝခံမှာမဟုတ်ဘူးနော်''

''ငါ့ကို မင်းက ဘာတွေများ ထပ်လိမ်လည်ချင်သေးလို့လဲ ကွာ''

''မောင် တော်တော့ မောင့်စကားတွေက သိပ်လွန်သွားပြီကွာ၊ သူစိမ်းတစ်ယောက်က ကျွန်မတို့သမီးကို စော်ကားပြောဆိုနေတာတွေကို မောင်က မချေပပေးတဲ့အပြင် မောင်ကိုယ်တိုင်ကပါ ဘာဖြစ်လို့ အဲဒီလို မျိုးတွေ ပြောနေခဲ့တာလဲ''

''ငါ ဘာမှမသိလို့လေ ငါဘာမှမသိတော့လို့ မင်းဖုံးကွယ်ထားခဲ့တာတွေက ဘယ်လောက်တောင် ထပ်ရှိသေးလဲဆိုတာ ငါ မသိတော့လို့ ရှင်းပြီလား''

တိုးတိုးသက်သက် နှစ်ယောက်တည်း ပြောနေရာကနေ မောင့်အသံက တဖြည်းဖြည်း ကျယ်လောင်လာ၏။

''မောင် ကျေးဇူးပြုပြီး ကျွန်မကိုမစော်ကားပါနဲ့''

''ဟိုတစ်ယောက်သိချင်နေတဲ့အဖြေကို မင်းဖြေပေးလိုက်ပါ၊ ဒါက ငါတို့အတွက် အကောင်းဆုံးပဲ ဖြစ်လိမ့်မယ်''

''ကျွန်မ သိပ်ဝမ်းနည်းမိတယ် မောင်၊ မောင့်ကိုဖုံးကွယ်ထားခဲ့တဲ့ကိစ္စတွေ ရှိနေခဲ့တယ်၊ အဲဒီအတွက်လည်း အိမ်ထောင်သက်တစ်





လျှောက်လုံး မောင့်တစ်ယောက်တည်းကိုပဲ ယုံကြည်ချစ်ပေးပြီး အရာရာ ပေးဆပ်ဖို့ဆုံးဖြတ်ထားခဲ့တယ်၊ တခြားလူတစ်ယောက်က စွပ်စွဲတာထက် မောင်ကပါ ကျွန်မကို မယုံကြည်ပေးတာ ကျွန်မ တကယ်နာကျင်ရတယ်''

ကျွန်မ စကားတွေကို မောင် လျစ်လျူရှုကာ ကျောခိုင်းပစ် လိုက်သည်။

''ဒီမှာ မောင် သူစိမ်းတစ်ယောက်လို သမီးနဲ့ပတ်သက်ပြီး ရှင်းပြဖို့ စိတ်မဝင်စားပေမယ့် မောင့်ကိုတော့ ဒီတိုင်း မထားနိုင်ဘူး။ ဟုတ်ပါတယ် ကျွန်မ ဝန်ခံတယ်၊ သူနဲ့ကျွန်မ ချစ်သူဘဝမှာ ကိုယ်ဝန် ရှိခဲ့ဖူးတယ်''

ကျောခိုင်းထားသော မောင့်လက်သီးများ ကျစ်ကျစ်ပါအောင် ဆုပ်လိုက်တာ ကျွန်မ မြင်နေရသည်။ မထူးတော့ပါ။ တစ်သက်လုံး မောင့်အပေါ်မှာ ဖုံးကွယ်ထားမိသည့် အမှားတစ်ခုအတွက် ဒီနေ့တော့ အရာအားလုံးကို အမှန်အတိုင်း ဖွင့်ပြောပစ်ဖို့ ဆုံးဖြတ်လိုက်ပါသည်။

ဒီလိုဆို ကျွန်မတစ်လျှောက်လုံး စိုးရိမ်ထိတ်လန့်နေခဲ့ရသည့် အမှောင်ရိပ်တွေထဲကနေ ကျွန်မ လွတ်မြောက်လာနိုင်ပါသည်။ မောင့်ကို မြင်တွေ့တိုင်း လိပ်ပြာမလုံသော မောင် နာကျင်ခံစားရမှာကို တွေးပူ နေမိသောအဖြစ်ဆိုးတွေကနေလည်း ရုန်းထွက်နိုင်ပါလိမ့်မည်။

''ဒါပေမဲ့ နှစ်လလောက်မှာပဲ ကိုယ်ဝန်ပျက်ကျသွားခဲ့တယ်၊ ကျွန်မမှာ Tension Headache (စိတ်ဖိအားများသောကြောင့်ဖြစ်သော ခေါင်းကိုက်ခြင်း)တွေရပြီး စိတ်ပိုင်းဆိုင်ရာ အများကြီး ထိခိုက်ခဲ့ရတာ



www.burmeseclassic.com

www.burmeseclassic.com



တွေကြောင့်ပေါ့၊ ညအိပ်ရင်တောင် အိပ်ဆေးသောက်အိပ်ခဲ့ရတဲ့နေ့ရက်တွေ သားအိမ်ကလည်း တော်တော်အားနည်းနေခဲ့တယ်တဲ့၊ အဲဒီလိုတွေဖြစ်နေတဲ့အချိန်မှာပဲ မောင့်အိမ်ဘက်ကနေ ကျွန်မတို့နှစ်ယောက်ကို လက်ထပ်ပေးဖို့ စကားကမ်းလှမ်းလာခဲ့တာ''

ကျွန်မ စကားကိုရှေ့မဆက်သေးဘဲ သည်းဦးမောင်ဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်၏။ အကြီးအကျယ် မျက်စိမျက်နှာတွေ ပျက်ယွင်းလျက် ခေါင်းတခါခါဖြစ်ကာ အမှန်တရားကို လက်မခံနိုင်သေးသူ ပုံမျိုးနှင့် နောက်ဘက်သို့ ခြေကိုတစ်လှမ်းချင်း ဆုတ်ခွာသွားသည်။

သွားပါ နင်သွားပါတော့၊ ခုချိန်ကစပြီး နင်နဲ့ပတ်သက်လို့ ငါ့ရင်ထဲမှာ ပေါ့ပါးသွားခဲ့ပါပြီ။

■ ■ ■

## အခန်း (၁၃)

ဖေဖေ့နှုတ်ကနေ ပြောလိုက်သော စကားတစ်ခွန်းကြောင့် ကျွန်မရော မေမေပါတစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြ၏။ နိုင်ငံခြားခရီးတစ်ခုကနေ ပြန်ရောက်တာ မကြာသေးသော ဖေဖေကတော့ ဒီမှာကျွန်မတို့သားအမိနှစ်ယောက်တည်း ရင်ဆိုင်ဖြေရှင်းခဲ့ရသည့်ကိစ္စတွေကို ဘာဆိုဘာမှ မသိရှာပါ။

နေမင်းတို့အိမ်ဘက်မှ ပြောလိုက်သော သတင်းစကားကို ဝမ်းသာပျော်ရွှင်စွာ လာပြန်ပြောနေခြင်း ဖြစ်၏။

''ကောင်းလိုက်တာကွာ ကိုယ်တွေက သမီးရှင်ဖြစ်နေလို့ နှုတ်စဇို့ ခက်နေခဲ့တာ၊ ခုတော့ ကိုအောင်မင်းတို့ဘက်က စပြောလာပြီ၊ ကိုယ်တော့ဖိတ်ချင်းဖိတ် ခုလိုမျိုး ကိုယ့်အိတ်ထဲကိုယ်ဖိတ်တာပဲ ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဟေ့၊ ဘယ်လိုလဲ မေကြီး တို့သမီးလေးကို နေမင်းလေးနဲ့ လက်ထပ်ပေးချင်တယ်လို့ ခုပဲ စကားလမ်းကြောင်းလာတယ်ကွ၊ ကိုယ်တို့ဘက်ကလည်း ဘာမှငြင်းစရာမှ မရှိတာကွာ''

''အင်း ကောင်းတာပေါ့ ဖေကြီးရယ်''

မေမေက ဖေဖေ့ဘေးခုံတွင် ဝင်ထိုင်ရင်း ပျက်ယွင်းနေသော မျက်နှာကို ပြင်ဆင်ကာ ထောက်ခံလိုက်၏။

''ငါ့သမီးလည်း ဘာမှပြောစရာ မရှိဘူး မဟုတ်လား''

ကျွန်မကို တိုက်ရိုက်မေးလာချိန်မှာတော့ ကျွန်မသည် မေမေ့လို မျိုး သိယောင်လိုက် မထောက်ခံနိုင်တော့ပါ။ ချက်ချင်းပင် ခေါင်းကို ခပ်ပြင်းပြင်းခါရမ်းလျက်

''သမီးတော့ သဘောမတူဘူး ဖေဖေ''

''ဘာပြောတယ် သမီး၊ ဘာလို့ သဘောမတူရတာတုန်း၊ ငယ်ငယ်လေးတည်းက မိဘချင်းလည်း ရင်းနှီးခဲ့တယ်၊ သမီးတို့ချင်းလည်း ဆယ်တန်းအောင်ပြီးတည်းက ရင်းနှီးခဲ့ပြီပဲ''

ဖေဖေ့မျက်နှာပေါ်က အပျော်တွေ အငွေ့ပျံပျောက်ကွယ်ကုန်သည်။ မေမေက ကျွန်မကိုတစ်ခုခု ထုတ်ပြောလိုက်မိမှာ စိုးရိမ်စွာနှင့် မျက်နှာရိပ်မျက်နှာကဲ လှမ်းပြသည်။

''သမီး သူ့ကိုမှ မချစ်တာ''

''ဟမ်''

ကျွန်မ အကြောင်းပြချက်ကြောင့် ဖေဖေကတစ်ချက်ကြောင်





သွားပြီးမှ ဟက်ဟက်ပက်ပက် ထရယ်တော့သည်။

''အမယ်လေး သမီးကတော့ ခက်နေပြီ၊ လင်ရယ်မယားရယ်လို့ ဖြစ်လာမှတော့ နောက်ပိုင်း သူ့အလိုလို ချစ်သွားကြတာပါပဲ''

မဟုတ်သေးဘူး ဖေဖေရယ်။

သမီးမှာဖျောက်လို့မရတဲ့ အမည်းစက်တစ်ခု ရှိနေခဲ့ပြီ။ အဲဒီအတွက်ကြောင့်လည်း တခြားယောကျ်ားတစ်ယောက်ကို လက်ထပ်ဖို့ဆိုတာ သမီးအတွက်တော့ သိပ်ကိုခက်ခဲတဲ့ ကိစ္စတစ်ခုပါပဲ။

နှုတ်ကနေ ဖွင့်ပြောပြဖို့ မတတ်နိုင်သော ထိုစကားတွေကို ကျွန်မ ရင်ဘတ်အပြည့် မရပ်မနားပြောနေမိသည်။

''ကဲပါ ဖေဖေ့စကားကို မယုံမရှိနဲ့ သမီး၊ ဖေဖေကတော့ နေမင်းလေးနဲ့မို့လို့ သမီးရဲ့နောင်ရေးကို စိတ်ချသွားပြီ၊ ဒီကလေးက သမီးကို လိုက်ပြီးစနောက်ရန်ဖြစ်နေပေမယ့် တကယ်တမ်းက သမီးကို မမြင်ရင်လည်း တစ်မေးမေးနဲ့နေလာတဲ့ ကလေးပါ၊ ဆိုတော့ ဒီကိစ္စကို အခုကစပြီး သေချာလေးလေးနက်နက် စဉ်းစားစေချင်တယ်၊ ဖေဖေ့သဘောထားကတော့ အတိုင်းထက်အလွန်ပဲ''

ဖေဖေက ယတိပြတ်ပြောလျက် အိပ်ခန်းတွင်း ဝင်သွားသည်။ ကျွန်မမှာ မေမေ့နားသို့သာ ပြေးကပ်ရတော့၏။

''သမီး မလုပ်နိုင်ဘူး မေမေ''

''မေမေ နားလည်ပါတယ်၊ ဒါက နေမင်းအပေါ်ကို မဟားရားရောက်နေမယ်ဆိုတာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"မတရားရောက်နေတာ နေမင်းတစ်ယောက်တည်းအပေါ်မှာ တင်မဟုတ်ပါဘူး။ ယောလေးအပေါ်မှာရောပဲလေ"

"သူတို့နှစ်ယောက်က ပြတ်စဲသွားခဲ့ကြပြီဆို"

"ဟုတ်ပါတယ် ဒါပေမဲ့ သမီး မလုပ်သင့်ဘူးလေ၊ ဟုတ်တယ် မဟုတ်လား မေမေ"

မေမေ ကျွန်မကို ဘာမှပြန်မဖြေခဲ့ပါ။ ဖေဖေသာ ဖွင့်လုပ်မည်ဆိုလျှင် ကျွန်မတို့သားအမိနှစ်ယောက်လုံး မလွန်ဆန်နိုင်ကြမှန်း ကျွန်မတို့ဘာသာလည်း သိနေကြပါသည်။

ဟုတ်ပါရဲ့ အကောင်းဆုံးကတော့ ကာယကံရှင်နဲ့ ထိပ်တိုက်တွေ့ပြီး ပြောကြည့်တာပဲပေါ့။

ချက်ချင်းပင် နေမင်းထံသို့ ဖုန်းဆက်ပြီးချိန်းလိုက်၏။ လမ်းထိပ်က ကော်ဖီဆိုင်လေးမှာ ဆုံကြဖို့။

"နင် မြန်သားပဲ"

"အေး ငါကလည်း လက်ဖက်ရည်ဆိုင်သွားမလို့ လုပ်နေတာလေ၊ နင်ဖုန်းဆက်လိုက်တော့ အတော်ပဲဖြစ်သွားတာ၊ ဒါနဲ့ နင့်ကြည့်ရတာ ဒီရက်ပိုင်း နေမကောင်းသလိုလိုနဲ့ ဘာဖြစ်နေတာလဲ"

ပေါင်ဒါလေးပင် မရိုက်နိုင်လောက်အောင် စိတ်ဖိစီးမှုများနေခဲ့ခြင်းအကြောင်းတွေ နေမင်းကို ဘယ်လိုဖွင့်ပြောပြရပါ့မလဲ။

"အင်း ငါ ခေါင်းတွေကိုက်ကိုက်နေလို့ပါဟာ၊ နင့်ကိုခေါ်လိုက်တာ ငါပြောစရာရှိလို့ဟ"





"အေး ပြောလေ"

စားပွဲပေါ်ရောက်လာသော လစ်ပ်တန်တီးထုပ်လေးကို ရေနွေးထဲသို့ စိမ်ရင်း နေမင်းက အေးအေးလူလူပင် ပြောသည်။

"ငါတို့နှစ်ယောက်ကို လက်ထပ်ပေးမလို့တဲ့"

"အေး ငါသိသားပဲ"

ဟင် သူ့ဖြေပုံနဲ့ မျက်နှာအမူအရာတွေက ထူးထူးခြားခြားလည်း ဖြစ်မသွားပါလား။

"နင်က ဘာမှမဖြစ်ဘူးလား"

"မဖြစ်ပါဘူး ငါက မိဘတွေစီစဉ်တဲ့အတိုင်း နာခံမှာပဲ"

ခပ်ပြုံးပြုံးပြောနေသော နေမင်းကိုကြည့်ပြီး ယောလေးပြောခဲ့သည့်စကားများက နားထဲသို့ ပြန်ဝင်လာခဲ့သည်။ ကျွန်မ သဝန်တိုအောင်လို့ ယောလေးကို တမင်တွဲပြခဲ့တယ်ဆိုတာလေ။

"ငါက လက်မထပ်ချင်ဘူး"

"ဘာဖြစ်လို့လဲ"

ဒီတစ်ခါတော့ မျက်မှောင်ကြီးကျုံ့လျက် သူ ပြန်မေးလာသည်။ မျက်ဝန်းတွေကလည်း စူးရှနက်မှောင်လိုက်တာ။

"ငါ့ကိုလက်ထပ်ရင် နင်စိတ်ညစ်ရမှာ၊ ငါက နင်သဘောကျတဲ့ ပုံစံမျိုးလည်း မဟုတ်ဘူးလေ၊ မယားဝတ္တရားတွေ ဘာတွေလည်း တစ်ခုမှ မသိဘူး"

"မလိုဘူး အဲဒါတွေက နောက်ကျရင် သူ့အလိုလို သိသွား



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်''

လေသံကတော့ အိမ်က ဖေဖေနှင့်တစ်ချိုးတည်း။

''ငါ့မှာရည်းစားရှိခဲ့တာ နင်သိတယ်နော်''

ချက်ချင်းပင် မျက်နှာကြီးတည်လျက် ကျွတ်ခနဲ စုပ်သတ်ကာ တစ်ဖက်သို့ မျက်နှာလွှဲသွား၏။

''အဲဒါ ဘာလုပ်ရမလဲ၊ သည်းဦးမောင်ဆိုတဲ့ကောင်က ၇ လောက်ဆို ဟိုမှာပျော်နေလောက်ပြီ၊ မိန်းမတွေဘာတွေနဲ့လေ''

အမေရိကားကနေ မြန်မာပြည်ရဲ့နေ့စဉ်ထုတ်သတင်းစာထဲကို လက်ထပ်ပြီးစီးကြောင်း သတင်းလှမ်းထည့်ခြင်းသည် ကျွန်မကိုနောက်ဆုတ်သွားအောင် လုပ်လိုက်သော ရည်ရွယ်ချက်နဲ့သာ ဖြစ်ပါလိမ့်မည်။ ခုတော့ ကျွန်မတင်မက ကျန်သူတွေအားလုံးကပါ ရည်းစားက ထားရစ်ခဲ့ရသော မိန်းမတစ်ယောက်အဖြစ် ကျွန်မကိုမြင်နေကြပါပြီ။

''နင် သဝန်မတိုဘူးလား''

အံကိုတင်းခနဲ ကြိတ်ကာ လက်မှအကြောများ ထောင်ထလာသည်ထိ လက်သီးဆုပ်လိုက်ပုံက နေမင်း ပေးတဲ့အဖြေတစ်ခုပဲပေါ့။

''နင်ပြောချင်တာ ဒါပဲမဟုတ်လား၊ ငါ သွားတော့မယ်''

ထိုင်နေရာမှ ချက်ချင်းထရပ်သည်။

''ဩော် မင်္ဂလာကိစ္စကတော့ ဒီတိုင်း ရှေ့ဆက်မှာနော်''

မထီမဲ့မြင်လေသံနှင့် ပုံစံက အသည်းယားချင်စရာ။

''နေဦး နေမင်း၊ နင့်ကိုငါ မေးစရာရှိတယ်''





''ဘာလဲ''

''ငါက နင်လက်ထပ်ဖို့ မတန်တဲ့မိန်းမတစ်ယောက် ဖြစ်နေခဲ့ရင်ရော''

သူနည်းနည်းတော့ တွေဝေသွားသည့်ပုံပါပဲ။ မျက်လုံးတွေကို မှေးစင်းပြီး ကျွန်မကို စိုက်ကြည့်နေပြန်၏။

''ငါ ချစ်နေသေးသ၍တော့ နင့်ကိုငါ လက်ထပ်ဖို့ တန်နေဦးမှာပဲ''

''ဟင်''

ထင်မထားသော အဖြေတစ်ခု။ ကျွန်မဘက်က တစ်ခုခုတုံ့ပြန် မပြောနိုင်သေးခင်မှာပဲ သူက မျက်စိအောက်ကနေ ပျောက်ကွယ်သွားခဲ့ပြီ။

''မေမေတို့ရင်ဆိုင်ခဲ့ရတဲ့ ကံကြမ္မာဆိုးကြီးကို သမီးဖေဖေကစလို့ တစ်လောကလုံးကို ဖုံးကွယ်ထားချင်တယ်ဆိုရင် နေမင်းကို လက်ထပ်ဖို့ မေမေလည်း တိုက်တွန်းရလိမ့်မယ်''

စဉ်းစားခွင့်ပေးထားသော သုံးရက်မြောက်နေ့မှာ မေမေက ကျွန်မအခန်းထဲ ဝင်လာလျက် တိုးညင်းစွာ ဖျောင်းဖျသည်။

ဖေဖေကတော့ နေ့တိုင်းနီးပါး ကျွန်မကို တွေ့လိုက်တာနှင့် မင်္ဂလာကိစ္စကိုသာ စကားစလာမြဲ။ နေမင်းတို့အိမ်ဘက်ကိုလည်း ကျွန်မ မှာ မကူးရဲတော့။ အခန်းလေးထဲမှာပဲ တစ်နေ့တစ်နေ့ အောင်းနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်ကြာအောင် သမီး အချိန်ဆွဲထားနိုင်မှာလဲ၊ သမီးဖေဖေက လုပ်တော့မယ်ဆိုရင် ဖြစ်အောင်လုပ်တတ်တာ သူ့အကျင့်ပဲလေ"

တကယ့်ကို ဘေးကျပ်နံကျပ် အနေအထားတစ်ခုကို ကျွန်မ ရင်ဆိုင်ခဲ့ရတာပါ။

နေမင်းကို လက်ထပ်ပါ့မယ်လို့ ကတိပြုလိုက်ရသည့်နေ့ဟာ ကျွန်မဘဝမှာ အခက်ခဲဆုံး ဆုံးဖြတ်ချက်တစ်ခုကို မျက်စိစုံမှိတ်လုပ်ခဲ့ရတာပါ။ ပျော်ရွှင်နေသည့် မျက်နှာပေးနှင့် အိမ်ဘက်သို့ အပြေးရောက်လာသူ နေမင်းကတော့ ကျွန်မ ရင်ထဲမှာဖြစ်ပေါ်နေတဲ့ နာကျင်ကြေကွဲမှုတွေကို ဘယ်မြင်နိုင်ပါ့မလဲလေ။

"ငါ ယောလေးကို အားနာတယ် နေမင်း"

"ငါ သူ့ကိုမချစ်ခဲ့ဘူး လေပြည်၊ ငါ့ရင်ထဲမှာ အရင်တည်းက ရှိနေခဲ့တာ နင်ပဲ၊ ကလေးစိတ်တစ်ခုနဲ့ နင့်ကိုသဝန်တိုစေချင်လို့ ယောလေးကို အောင်သွယ်ခိုင်းခဲ့မိတာက ငါ့ရဲ့အကြီးမားဆုံး အမှားပါပဲ၊ ငါ မချစ်မနှစ်သက်တဲ့လူတစ်ယောက်ကို နှစ်ပေါင်းများစွာ တွဲလာခဲ့တာဟာ ငါလည်း နစ်နာရသူပဲ မဟုတ်ဘူးလား"

အဲဒီစကားတွေ သူပြောတုန်းက ကျွန်မ ခေါင်းကိုသာ ခါရမ်းနေမိသည်။ ပြောစရာ စကားလုံးတွေ မရှိတော့ဘူးလေ။

အရာရာကို ကံစီမံရာအတိုင်းသာ မျောပါသွားဖို့ ကျွန်မ အားတင်းဆုံးဖြတ်ခဲ့သည်။





လက်ထပ်ပြီးမကြာခင်မှာပဲ နေမင်းတစ်ယောက်တည်းအပေါ်မှာသာ သစ္စာရှိစွာ နေထိုင်ခဲ့သည်။

လက်ထပ်ပြီးမကြာခင်မှာပဲ သမီးလေး ကိုယ်ဝန်ရှိလာခဲ့တော့ ပထမတစ်ခါတုန်းက ဆိုးရွားသည့်ကံတရားကြောင့် ကြုံခဲ့ရသည့် အဖြစ်မျိုး ထပ်မကြုံရအောင် စိတ်ကိုအတတ်နိုင်ဆုံး ပျော်ပျော်ထားသည်။

အလုပ်ရယ် အိမ်ရယ် စာလေ့လာခြင်းတွေရယ် မောင်ရယ်နှင့် စိတ်ချမ်းသာစရာများကိုသာ ရှာဖွေစိတ်နှစ်ထားလိုက်သည်။ အိမ်ထောင်ဝတ္တရားတွေ ကျေပွန်အောင်ကိုသာ အာရုံထားခဲ့သော ကျွန်မသည် မောင့်ကို ဘယ်အချိန်မှာ စတင်ချစ်မိသွားလဲတောင် ကိုယ်တိုင်မသိခဲ့ပါ။

ကိုယ့်ကိုကိုယ် သတိထားမိလိုက်ချိန်မှာတော့ ကျွန်မသည် မောင်နှင့်သမီးလေး ပါဝင်နေသည့် ဒီမိသားစုလေးကို လုံးဝအပြိုကွဲမခံနိုင်လောက်အောင် နင့်နင့်နဲနဲ ပေးဆပ်ချစ်နေမိခဲ့ပြီ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ဒီနေ့ လက်စသတ်ရန် ပြင်ဆင်ထားသည့် ကျွန်မရဲ့ဝတ္ထုလေးကို ပြန်လည်ဖတ်ကြည့်ရင်း ကိုယ့်ကိုကိုယ် ကျေနပ်မိပါသည်။ ကျွန်မရဲ့နှလုံးသားနှင့်ရင်းကာ အချိန်အားတိုင်း ရေးဖွဲ့ဖြစ်ခဲ့သော ဇာတ်လမ်းလေး။ နိုင်ငံခြားမှာ ဘွဲ့လွန်တစ်ခု ထပ်တက်ရန် တစ်ကိုယ်တည်း နေနေရသည့် ကာလတွေတစ်လျှောက်လုံး ဒီစာအုပ်လေးကို အားရင်အားသလို ကျွန်မ ရေးဖြစ်ခဲ့သည်။

ခက်နေတာက ကျွန်မဝတ္ထုရဲ့ဇာတ်သိမ်းပိုင်းပါ။ နာကျင်ကြေကွဲရမှုတွေ ပြည့်နှက်နေသည့် ဇာတ်ကောင်အမျိုးသမီးဟာ သူ့ခင်ပွန်းက သူ့ထံသို့ ပြန်လာမှာကို မျှော်လင့်နေမိဆဲပါပဲ။ သူ ဖုံးကွယ်ထားခဲ့သော အကြောင်းအရာတွေထက် သူ့ခင်ပွန်းဆီက ခွင့်လွှတ်မှုကို တောင့်တနေမိတုန်းပါပဲ။





အဆုံးသတ်ရခက်သော ဇာတ်လမ်းတစ်ပုဒ်အဖြစ် ကျွန်မ တွန့်ဆုတ်နေခဲ့တာ တော်တော်ကြာခဲ့ပြီ။ ဒါပေမဲ့ ဒီနေ့မှာတော့ အဆုံးမသတ်ရသေးသော ဒီဇာတ်လမ်းလေးကို ကျွန်မ ပြီးစီးစေပါတော့မည်။

မနက်ဖြန်လေယာဉ်ဖြင့် မြန်မာပြည်ကို မပြန်ခင်မှာ အပြီးသတ်ရေးလိုက်ချင်သည်။ ကွန်ပျူတာကို ဖွင့်လိုက်ပြီး ကျွန်မ အီးမေးလ်လိပ်စာထဲသို့ ယောလေးပို့ထားသည့်စာအား ပြန်ဖတ်မိ၏။

"လေပြည်

ငါ့ဆီကို သူရောက်လာတယ်၊ တစ်လလောက်တော့ ရှိသွားပါပြီ။ နင့်ကိုခဝ်တန်းတန်း ဆက်ဆံခဲ့မိတဲ့သူဆိုတော့ ဒီစာပို့ဖို့ကိုလည်း ငါအများကြီး စဉ်းစားခဲ့ရတယ်၊ သူက ငါ့ကိုလာတောင်းပန်တာပါတဲ့၊ သူလုပ်ခဲ့တာတွေအတွက်တဲ့။ ငါ့ဆီကခွင့်လွှတ်တယ်ဆိုတဲ့ စိတ်ရင်းအမှန်နဲ့စကားတစ်ခွန်းပဲ သူလိုတာပါတဲ့၊ အချိန်တွေအများကြီး ကြာခဲ့ပြီဆိုပေမယ့် သူ့ကိုငါ ခွင့်လွှတ်မယ်လို့ ထင်ပါတယ်တဲ့။

ဘာဖြစ်လို့လဲဆိုတော့ တကယ်ချစ်မိကြတဲ့သူတိုင်းက သူတို့ချစ်သူအပေါ်ကို ခွင့်လွှတ်ဖို့ ဘယ်တော့မှ ဝန်မလေးတတ်လို့ပါတဲ့။

ပြီးတော့ သူ ပြန်သွားခဲ့တယ်။

ဒီလောက်ဆို ငါပြောချင်တဲ့စကားကို နင်သဘောပေါက်မှာပါနော်လေပြည်

နင့်ရဲ့ထာဝရ သူငယ်ချင်း

သံယောဇဉ်"



www.burmeseclassic.com

www.burmeseclassic.com



ယောလေးထံမှ ရောက်လာခဲ့သော ထိုစာလေးကို အထပ်ထပ်ဖတ်မိရင်း ကျွန်မဇာတ်လမ်း၏အဆုံးသတ်ကိုလည်း စဉ်းစားဆုံးဖြတ်နိုင်ခဲ့သည်။

မြန်မာပြည်ပြန်ရောက်တာနှင့် ကျွန်မ ပထမဆုံးလုပ်မည့် အလုပ်က သမီးနှင့်အတူ မောင့်ကိုရှာပုံတော်ဖွင့်ဖို့ပါပဲ။ ကျွန်မ ခက်ခက်ခဲခဲရှာရလိမ့်မည် မထင်ပါ။ သမီးလေးရှိနေသည့် ပတ်ဝန်းကျင်ကနေ ခပ်ဝေးဝေးကို မောင် သွားမှာမဟုတ်မှန်း ကျွန်မ သိနေတာပဲလေ။

မောင့်ကိုတွေ့တာနှင့် ဒီစာအုပ်လေးကို မောင့်လက်ထဲထည့်ပေးလိုက်မည်။

ကျွန်မသိပါသည်။ ဒီစာအုပ်ကို မောင် ဖတ်မှာပါ။ ဇာတ်သိမ်းခန်းရောက်ရင်လည်း မောင့်မျက်နှာမှာ အပြုံးနုနုလေးတစ်ခုလောက်ဖြစ်ဖြစ် ကျွန်မ မြင်ခွင့်ရဦးမှာပါ။ မောင့်ရင်ငွေ့နွေးနွေးမှာလည်း ကျွန်မ ပြန်လည်ခိုလှုံခွင့်ရဦးမှာပါ။

ဘာဖြစ်လို့လဲဆိုတော့ တကယ်ချစ်မိကြတဲ့သူတိုင်းက သူတို့ချစ်သူအပေါ်ကို ခွင့်လွှတ်ဖို့ ဘယ်တော့မှ ဝန်မလေးတတ်ကြဘူးလေ။

ပရိသတ်အတွက်

အမြဲတမ်း

ပျူး



www.burmeseclassic.com